# အလိမ္မာပျိုးခင်း

ကာပ္ပိယစန်းလွင်



# အလင်္ကာကျိုးခင်း

ကပ္ပိယစန်းလွင်



အမှတ်
ရက်စွဲ
စာကြည့်တိုက်

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း
ပထမအကြိမ် (အုပ်ရေ - ၁၀၀၀)
၂၀၁၀ ဧပြီလ

ထုတ်ဝေသူ
ဦးအောင်သိန်းညွန့်၊ ညွှန်ကြားရေးမှူး
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
မှတ်ပုံတင်အမှတ် - ၀၃၈၄၅

ကွန်ပျူတာစာစီ
သာထွန်းပြန့်ကွန်ပျူတာ
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ရွှေပြည့်စုံပုံနှိပ်တိုက်
၃၄၊ ၁၅၇ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

# ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ (သို့မဟုတ်) အလိမ္မာ ပျိုးခင်းများ

## နိဒါန်း

မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို စုစည်းထားရာ၊ ထိန်းသိမ်းထားရာ၊ ဖြန့်ဖြူးပေးရာဌာနများဟု ခေါ်ဆိုနိုင်သည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ပတ်သက်၍ ယခုအခါ စိတ်ပါဝင်စားသူ နည်းပါးသည်ထက် နည်းပါးလာနေသည်ကို သတိပြုမိကြမည်ထင်ပါသည်။ လွန်လေပြီးသော ကာလများ ခေတ်အဆက်ဆက် ထွန်းတောက်ခဲ့သော ဗုဒ္ဓသာသနာနှင့် လိုက်လျောညီစွာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ အခြေအနေမှာ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းဖြစ်မည်မှာ ဓမ္မတာသဘောပင် ဖြစ်ပါသည်။ သို့ရာတွင် ယနေ့ခေတ် ကာလသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဝယ် ဗုဒ္ဓသာသနာ ညှိုးငယ်နေသော အချိန်မဟုတ်ပါပေ။ ယနေ့ကမ္ဘာတွင် ဗုဒ္ဓသာသနာ

အထွန်းကားဆုံးနိုင်ငံဟုပင် အများကလက်ခံထားကြပြီ ဖြစ်သည်။ ထို့အပြင် ကမ္ဘာအရပ်ရပ်သို့ ထိုးဖောက်ပြန့်နှံ့စေရန် စွမ်းနိုင်သော သာသနာပြုရဟန်းတော်များလည်း အရေ အတွက်အားဖြင့် များလာပြီဟု ဆိုနိုင်ပါသည်။

အလှမ်းကျယ်၍ အလယ်လပ်တတ်ကြောင်း ရှေးပညာရှင် များ ဆိုဆုံးမခဲ့ကြသည်ကို သတိပြုနိုင်ကြမည်ထင်ပါ၏။ ဗုဒ္ဓ သာသနာ ကမ္ဘာဖြန့်ပေးမည့် သံဃာတော်များ အရေအတွက် သည် တဖြည်းဖြည်းချင်း တိုးတက်လာနေပြီး၊ မြန်မာနိုင်ငံတော် တွင်း နယ်စပ်နှင့် တောင်တန်းဒေသများတွင် ဗုဒ္ဓအဆုံးအမနှင့် ဝေးနေကြသေးသူများထံသို့ ကြွမြန်းကြမည့် သံဃာအရေ အတွက်မှာမူ ထင်သလောက်၊ သင့်သလောက် မတိုးတက် သေးသည်ကိုမူ မေ့ထား၍ မရပါပေ။ အသွင်မတူ အိမ်သူ မဖြစ် ဆိုစကားနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော် အတွင်း အသွင်တူသူများချည်းဖြစ်စေချင်ပါ၏။ ရာနှုန်းပြည့် မဖြစ်နိုင်သည့်တိုင် တောင့်တင်းခိုင်မာသော စည်းလုံးညီညွတ် သည့် အုံ့မခန်းသော ပြည်တွင်းအင်အားဖြစ်ရန် လိုအပ် ပါသည်။ အသွင်တူရန်မှာလည်း အယူအဆ တူညီမှုကြရပေ လိမ့်မည်။ အယူအဆ တူညီမှုမှလည်း ခိုင်မြဲသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တာရှည်စွာ

တည်ဆောက်ထားနိုင်မည် ဖြစ်ပေသည်။ သို့ရာတွင် မိမိ၏ လုပ်ပိုင်ခွင့် တည်မြဲရေးအတွက် ဆရာမွေး၊ တပည့်မွေး သွေးစည်းခြင်းမျိုးကား အနာဂတ်နိုင်ငံတော်အတွက် အန္တရာယ်ပင်ဖြစ်ပေလိမ့်မည်။ အယူအဆ တူညီမှုဖို့ရာ တစ်ဦး အပေါ်တစ်ဦး သံသယကင်းရပါမည်။ စာနာစိတ်ထားရပါ မည်။ အေးအတူ ပူအမျှ နေနိုင်ကြရပါမည်။ မေတ္တာတရား၊ ကရုဏာတရားတို့ဖြင့် မုဒိတာတရား ပွားများနိုင်ကြရပေမည်။ ထိုတရားများ ထွန်းကားနေစေရန်အတွက် ကလေးသူငယ် များမှ အစထား၍ လူလတ်၊ လူကြီးသာမက သက်ကြီးရွယ်အို များအပါအဝင် လောဘ၊ ဒေါသ၊ မောဟနှင့် မာန်မာန ကင်းကင်းဖြင့် တရားမျှတသော ကျောသားရင်သားမခွဲခြား အများအပေါ် တူညီသောမေတ္တာ လွှမ်းမိုးစေရပါလိမ့်မည်။

ဤသို့ဆိုလျှင် လောဘ၊ ဒေါသ၊ မောဟနှင့် မာန်မာနများ ကင်းစေကြောင်း ကောင်းမြတ်သော သွန်သင်ဆုံးမ ဩဝါဒ များကို မည်သူတွေက ဖြန့်ဝေကြမည်နည်း။ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအရ ဆိုပါက ရှေးမြန်မာမင်းများလက်ထက်မှ ယနေ့ မျက်မှောက်ကာလအထိ မြတ်စွာဘုရား၏ အဆုံးအမ တော်များဖြစ်သော ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်တည်း ဟူသော ပရိယတ္တိ၊ ပဋိပတ္တိနှင့် ပဋိဝေဓ သာသနာသုံးရပ်တို့ကို

ထိန်းသိမ်း သို့မှီးဖြန့်ချိပေးရာ ဘုန်းတော်ကြီးကျောင်းများသည် ထေရဝါဒနိုင်ငံပီပီ ရှေးအစဉ်အလာမပျက် ဆက်လက်၍ ဝင့်မပျက် ဆုံးမဩဝါဒပေးနေကြဆဲပင်ဖြစ်ပေသည်။ သို့ရာတွင် ခေတ်အခြေအနေ ပြောင်းလဲလာသည်နှင့်အမျှ လုပ်နည်းလုပ်ဟန်များလည်း ရှေးမူမပျက်စေသော်လည်း ခေတ်အမြင် ခေတ်အတွေးများ ရောထွေးပါလာနေသည်ကိုမူ မလွဲမသွေ ကြုံကြရမည်ဖြစ်ပါသည်။ ထိုသို့ ခေတ်အမြင် ခေတ်အတွေးများ ရောထွေးပါလာခြင်းကို တားဆီးပိတ်ပင် လိုက်ပြန်လျှင်လည်း ခေတ်ရေစီးကြောင်းမှာ ပုံမှန်သဘာဝ မဟုတ်တော့ရကား ဖောက်ပြန်ပြောင်းလဲကာ ထိန်းမနိုင် သိမ်းမရ ပဋိပက္ခအသွင်သို့ ရောက်ရှိသွားနိုင်ပေသည်။ ထေရ ဝါဒဗုဒ္ဓသာသနာထွန်းကားရာ မြန်မာနိုင်ငံတွင် ထေရဝါဒ မူမပျက်စေဘဲ ခေတ်အမြင်ခေတ်အတွေးကို ဗုဒ္ဓအဆုံးအမနှင့် အညီ အံဝင်ခွင်ကျဖြစ်စေရန် ပဲ့ပြင်ပေးလိုက်ရမည်သာ ဖြစ်ပါသည်။ ရဟန်းသံဃာတော်များက ဆုံးမပဲ့ပြင်ပေးခြင်း၊ လူကြီး လူရွယ်ပိုင်းပုဂ္ဂိုလ်တို့က နည်းပေးလမ်းပြကောင်း ပီပီ ဦးဆောင်လမ်းထွင် ပဲ့ပြင်ပေးခြင်းကို လိမ္မာစွာ နာယူ ကျင့်ကြံခြင်းဖြင့် နိုင်ငံတော်အတွက် စာရိတ္တကောင်းများ ပိုင်ဆိုင်သူ ကလေးလူငယ် လူရွယ် လူကြီး တာဝန်အသီးသီး

ထမ်းရွက်နေကြသူများအထိ ပြန့်နှံ့လာကာ အိမ်တွင်း အိမ်ပ၊ ခြံတွင်း ခြံပ၊ ရပ်ကွက်တွင်း ရပ်ကွက်ပ၊ မြို့နယ်တွင်း မြို့နယ်ပ စသည်ဖြင့် နိုင်ငံတဝန်းတွင် အကျင့်စာရိတ္တ မြင့်မားကောင်းမွန်သော ပုဂ္ဂိုလ်များ လွှမ်းမိုးလာမည်မှာ မလွဲပါပေ။ ထိုအခါ လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါလိမ့်မည်။ လူသားအချင်းချင်းလည်း စာနာထောက်ထားကြလျက် ပျော်ရွှင်ချမ်းမြေ့လာကြပါလိမ့်မည်။ ဤသို့ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ထောင်ရာတွင် သာသနာဘက်မှ တာဝန်ကျေပွန်စွာ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

အမှိုက်ကစ ပြာသာဒ်မီးလောင် မဖြစ်စေရန် ငယ်စဉ်ကာလ ကလေးဘဝမှစပြီး အရွယ်ရောက်၍ သက်ဆိုင်ရာ အသက်မွေးမှု အတတ်ပညာများ သင်ကြားပြီးမြောက်သည့်တိုင် အရွယ်နှင့်လိုက်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းလိုက်နာနေကြသူများဖြစ်ကြရန် လိုအပ်ပါသည်။ ကြီးမှသင်ရသည်မှာ အပိုးကျိုးမည်မဟုတ်ပါ။ ထို့ကြောင့် ကျောင်းနေအရွယ် ကလေးသူငယ်ဘဝမှ ပညာသင်ကာလ ပြီးမြောက်သည်ထိ မြန်မာ့ယဉ်ကျေးမှု

အခြေခံရာ ဗုဒ္ဓသာသနာ ဖြန့်ဖြူးပေးရာ ဘုန်းတော်ကြီးကျောင်းများနှင့် မကင်းမကွာ ရှိအပ်လှပေသည်။

ယနေ့ခေတ်လူငယ်များကို မဆိုထားဘိ၊ ယခုအသက် ၆၀ ကျော်အရွယ် လူကြီးများသည်ပင်လျှင် ဘုန်းတော်ကြီးများထံတွင် ပညာသင်ကြားခဲ့ကြသူ နည်းပါးပါမည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးစ ၁၉၄၈-၄၉ ခုနှစ်တွင် မွေးဖွားခဲ့ကြသူများသည် ယနေ့တွင် အသက် ၆၀ ရှိကြပြီဖြစ်လေရာ ဘုန်းတော်ကြီးကျောင်းပညာရေးသည် ပြည်တွင်းရောင်စုံသောင်းကျန်းသူများအရေး၏ လောင်းရိပ်ဝယ် သိုသိုသိပ်သိပ်ဖြင့် ကျိုးလန့်စာစား နေခဲ့ကြရသည်မဟုတ်ပါလား။ ထို့အပြင် အင်္ဂလိပ်အုပ်ချုပ်ခဲ့စဉ်ကပုံစံအတိုင်း ဆက်လက်ဆောင်ရွက်ခဲ့သောအုပ်ချုပ်မှုကိစ္စရပ်များတွင် အစိုးရကျောင်းများ၌ ပညာသင်ကြားအောင်မြင်ခဲ့ကြသူများသည် ပိုမို၍ အခွင့်အလမ်းသာလေရာ ဘုန်းတော်ကြီးကျောင်းများ၌ ကျောင်းနေသူနည်းပါးသည်ထက် နည်းပါးသွားခဲ့သဖြင့် ယနေ့ လူကြီးအရာရောက်နေကြသူတိုင်း ဘုန်းတော်ကြီးကျောင်းထွက်များဟု မဆိုသာပါတော့ချေ။ လူငယ်လူရွယ်များကို ဆိုဆုံးမရာ၊ ယဉ်ကျေးမှုအမွေပေးကြရာတွင်လည်း ယောင်ခြောက်ဆယ်

ဖြစ်သွားလေတော့သည်။ ထိုအခါ ယနေ့လူငယ်အများစုမှာ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ရန်ပင် မေ့လျော့နေကြလေပြီ။ အထူးသဖြင့် ကျောင်းသားများထက် ကျောင်းသူများသည် ကန့်သတ်ချက်များကြောင့် ဘုန်းတော်ကြီးကျောင်းများမှ ဗုဒ္ဓအဆုံးအမဩဝါဒများနှင့် ဝေးခဲ့ကြသည်။ ထို့ကြောင့် ယနေ့ မိန်းမပျိုလေးများသည် ရှေးခေတ် မြန်မာအမျိုးသမီးများ ထိန်းသိမ်းခဲ့ကြသည့် ဟိရိဩတ္တပ္ပကို သတိပင်မရကြတော့ပေ။ စစ်စစ်စီစီ ထုတ်လွှင့်နေသော၊ ဖြန့်ဝေနေသော၊ ဒီဇိုင်းပညာရှင်များ လက်စွမ်းပြထားသော ဝတ်စားဆင်ယင်မှုများကို ကြည့်ခြင်းဖြင့် မြန်မာတို့ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းရန် မည်မျှလိုအပ်နေသည်ကို တွက်ဆနိုင်ပါသည်။

ထိုသို့ မြန်မာ့ယဉ်ကျေးမှုကို မြန်မာတို့ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေသည့်အားလျော်စွာ နိုင်ငံတော်အနေဖြင့်လည်း ဘက်ပေါင်းစုံမှ စီမံဆောင်ရွက်လျက်ရှိသည်ကိုကား ထူးထူးထွေထွေဖော်ပြရန် လိုတော့မည်မထင်ပါ။ ဆောင်ရွက်၍ မပြီးပြတ်နိုင်သော မဟာဗျူဟာရည်မှန်းချက်ကြီးပင် ဖြစ်လေသည်။ ထိုမဟာဗျူဟာရည်မှန်းချက်ကြီး

အောင်မြင်စေရန်မှာ ကာလ၊ ဒေသ အခြေအနေအရပ်ရပ်ကို ချိန်ဆလျက် နည်းဗျူဟာအမျိုးမျိုး လိုအပ်သည်ဖြစ်ရာ "ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်" သည်လည်း မလွဲမသွေ ပါရလေတော့သည်။ ၁၉၇၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း အားနည်းခဲ့သော မြန်မာ့ယဉ်ကျေးမှုအခြေခံရာ ဗုဒ္ဓအဆုံးအမများ ဖြန့်ဝေပေးသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှာ ခေတ်စနစ်အပြောင်းအလဲကြောင့် လမ်းစပျောက်လုမတတ် ဖြစ်ခဲ့ရသည်။ အခြေအနေအရပ်ရပ်ကို သုံးသပ်မိကြသော ရဟန်းသံဃာတော်တို့က ကလေးသူငယ်များ ဗုဒ္ဓအဆုံးအမနှင့်ဝေးလျက် မြန်မာ့ယဉ်ကျေးမှုနှင့် ကင်းကွာတော့မည့်အရေးကို တွေးဆကာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အလျဉ်မပြတ်ဆက်လက် သင်ကြားပေးခဲ့ကြသည်လည်း ရှိခဲ့ပေရာ ယင်းသံဃာများက နိုင်ငံတော်တွင် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းခဲ့ကြသည်။ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ ယနေ့ခေတ်တွင် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေးကို ပြန်လည်ရှင်သန်စေလျက် မြန်မာ့ယဉ်ကျေးမှုကို ယနေ့လူငယ်များ ရယူနိုင်ကြရန် စီမံခဲ့ရသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်၏ အာဏာကို ရယူခဲ့ကြသော အစိုးရ၏ မူဝါဒ လမ်းစဉ်များတွင် အသုံးလုံးကျေ လှုပ်ရှားမှုများ၊ သင်တန်း များဖြင့် လူတိုင်းစာတတ်မြောက်ရေးကို စီမံကိန်းဖြင့် အကောင် အထည်ဖော်ခဲ့ကြသည်။ ထိုစာတတ်မြောက်ရေးလှုပ်ရှားမှုတွင် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန် သွန်သင်ဆုံးမမှုများ ပါပင်ပါငြားသော်လည်း နည်းနည်းပါးပါး သာ ဖြစ်ပါသည်။ အောင်မြင်သင့်သလောက် အောင်မြင် ခဲ့သည်ဟုတော့ ဆိုနိုင်ပါသည်။ လူတိုင်း၏ပါးစပ်ဖျားတွင် "ဝ၊ ထ၊ က၊ လ၊ သ" ဟူသော အသံများ တောရောမြို့ပါ နားဝင်ချိုစွာ ကြားခဲ့ကြရပါသည်။ ထိုလှုပ်ရှားမှုတွင် ကျောင်းသားလူငယ်များ အများအပြားပင် ပါဝင်သည့်အပြင် တောရွာငယ်များထိပင် ရောက်ရှိခဲ့ကြသော မှတ်တမ်းများ ရှိခဲ့ ကြသည်။ ကလေးသူငယ်များ စာပေတတ်မြောက်ရေး သာမက သက်ကြီးရွယ်အိုများပင် စာတတ်မြောက်ရေး လှုပ်ရှားမှု၏အကျိုးကြောင့် စကားပြေဖြင့်ရေးသားထားသည့် ဗုဒ္ဓအဆုံးအမများကို လေ့လာခွင့်ရရှိခဲ့ကြ၍ သံသရာ အတွက်ပါ အားတက်ခဲ့ကြလေသည်။ စာတတ်မြောက်ရေး သာ အဓိကထားရကား အခြေခံဗုဒ္ဓဘာသာဝင်များဖြစ်ပါ

လျက် ဗုဒ္ဓအဆုံးအမကို ဆန့်ကျင်ကာ လူအရိုင်းအစိုင်းများ လမ်းပေါ်ရောက်ကာ တိုင်းပြည်ပျက်လုလု ဖြစ်ခဲ့ခြင်းကြောင့် တပ်မတော်က မလွဲမရှောင်သာ ထိန်းသိမ်းစောင့်ရှောက် ခဲ့ရသည့် အခြေအနေဖြစ်ခဲ့ရပေသည်။ ဤအားနည်းချက်ကို သိတော်မူကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော် ကြီးများနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဝင်များက ခါးပြတ်ခဲ့သော "ဘုန်းတော်ကြီးကျောင်းပညာရေး စနစ်" ကို ပြန်လည်ရှင်သန်စေခဲ့လေသည်။

"ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်" ကို ပြန်လည် ရှင်သန်စေခဲ့သည့်တိုင် နိုင်ငံတော်၏ အနာဂတ်ပညာရေး မြှင့်တင်မှုများ၊ မူဝါဒများအရ မြန်မာနိုင်ငံတော်အတွက် မရှိ မဖြစ် အမှန်လိုအပ်ချက် ဟုတ်သည် မဟုတ်သည်ကိုမူ သံသယရှိနေကြဆဲပင် ဖြစ်ပေလိမ့်မည်။ ခေတ်ပညာရေး သက်သက်ဖြင့် ရှုမြင်ပါက မှန်ကောင်းမှန်ပါမည်။

မြန်မာပြည်သူပြည်သားများ အများစုမှာ ဗုဒ္ဓဘာသာ ကိုးကွယ်ယုံကြည်ကြသူများ ဖြစ်ကြသော်လည်း မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များသာ အများစုဖြစ်နေသည်ကို မငြင်းသာပါ။ အရွယ်ရလာသည့်အခါတွင်မူ မိမိတို့၏ ဗုဒ္ဓဘာသာအဆုံးအမ

မှာ မည်၍မည်မျှ နက်ရှိုင်းသိမ်မွေ့ မှန်ကန်သည်ကို စူးစမ်းရင်း သိလာခဲ့ကြသူက များပေသည်။ အချို့မှာမူ လောကီချမ်းသာ နယ်ပယ်၌သာ ကျင်လည်နေကြပြီး လောကုတ္တရာချမ်းသာ ကိုကား မေ့ထားကြဆဲဖြစ်ပါသည်။ ကလေးသူငယ်ဘဝတွင် ဗုဒ္ဓဘာသာအခြေခံ ယဉ်ကျေးမှုများ သင်ကြားနာယူရန် အခွင့် ရရှိခဲ့ကြသူများသည် အသက်အရွယ်ရလာသည်နှင့်အမျှ အန္ဓပုထုဇဉ်ဘဝကို လွန်မြောက်၍ ကလျာဏပုထုဇဉ်ဘဝသို့ ကြိုးကြိုးစားစား ဖြစ်မြောက်နိုင်သလောက်၊ ပါရမီရှိခဲ့ သလောက် အားထုတ်ကြသည်ကိုမူ အများအပြား တွေ့နိုင်ပါ သည်။ ကျောင်း ကန် ဘုရား ဘုန်းတော်ကြီးများနှင့် အနေဝေး ခဲ့သူများမှာမူ သံသရာအတွက် လောကုတ္တရာအကျိုးကို မငဲ့၊ လက်ရှိဘဝ လောကီချမ်းသာ၌ပင် ဝဲသြဃမှ ရုန်းမထွက်နိုင် ဖြစ်နေကြလေသည်။ ဤသို့ဆိုလျှင် ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ်သည် ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်တွင် လိုအပ် နေဆဲပင်ဖြစ်ပေမည်။ ထို့အပြင် မြန်မာနိုင်ငံအတွင်းရှိ ကျေးရွာ တိုင်းတွင် အစိုးရစာသင်ကျောင်းများ မရှိသေးသမျှ ဘုန်းတော် ကြီးများက ကျေးရွာရှိ လူငယ်များအား အခြေခံပညာကို မလွဲ မသွေ သင်ကြားပေးရမည်သာ ဖြစ်ပါသည်။ အချို့ ဝေးလံသော ကျေးရွာများတွင် နိုင်ငံတော်က အခြေခံပညာ

မှုလတန်းကျောင်းများ ဆောက်လုပ်ပေးထားပြီး ကျောင်းဆရာ/ဆရာမများစေလွှတ်၍ ပညာသင်ကြားပေးစေလေသည်။ သို့ရာတွင် လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း၊ ရာသီဥတုဆိုးရွားခြင်း၊ လုံခြုံရေးစိတ်မချရခြင်း စသော အကြောင်းပြချက်တို့ဖြင့် ထိုဆရာ/ဆရာမတို့မှာ စေလွှတ်ရာကျေးရွာသို့ ရောက်ရှိမလာတော့ပေ။ ယခုအခါ ဆရာအရေအတွက်ထက် ဆရာမအရေအတွက်က ပိုမိုများပြားနေပေရာ ထိုထိုသော ဝေးလံခေါင်းပါးဒေသများသို့ တာဝန်ကျသော ဆရာမများလည်း အများစုဖြစ်နေလေတော့သည်။ တာဝန်ကျရာသို့ အကြောင်းအမျိုးမျိုးကြောင့် မရောက်ရှိနိုင်သေးသောကာလဝယ် ကျေးရွာရှိဘုန်းတော်ကြီးကျောင်းများမှာ လိုအပ်ချက်အရ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသဖွယ် ဖြစ်လာရလေသည်။ အချို့တောင်ပေါ်ဒေသရှိ အစိုးရမူလတန်းကျောင်းတို့တွင် ဒေသခံဆရာ၊ ဆရာမများ တာဝန်မကျေလျှင် ခေါင်းလောင်းသံပင် တိတ်ဆိတ်၍ နေတော့သည်။ ဘုန်းတော်ကြီးကျောင်းမရှိသော ကျေးရွာများတွင် ကလေးသူငယ်များ၏ပညာရေးကို အကြောင်းပြ၍ အခြားဘာသာသာသနာပြုများ ရောက်ရှိလာကြလေသည်။ ဒေသခြားဇာရှိ ပုဂ္ဂိုလ်များထံသို့မူ ပြည်သူသူလျှိုတို့ပင် ရောက်ရှိစည်းရုံးကာ

အခြားဘာသာတို့၏ သာသနာပြုလုပ်ငန်းများ တွင်ကျယ် လာစေတော့သည်။ သို့ဖြစ်ရာ ပြည်တွင်း၌ ထိုလိုအပ်ချက်ကို တောင်တန်းသာသနာပြုကိုယ်တော်လေးများက ဘုန်းတော် ကြီးသင်ပညာရေးကျောင်းအဖြစ် တာဝန်ယူကာ ဟာနေသော ကွက်လပ်ကို ဖြည့်ဆည်းသွားကြရလေသည်။ သို့ဖြစ်ရာ ယနေ့ခေတ်ထိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှာ နိုင်ငံတော်အတွက် လိုအပ်ချက်ပင်ဖြစ်နေပေသေးသည်။ အကယ်၍သာ ပညာရေးဝန်ထမ်းများသည် စိတ်အေးချမ်းသာ စွာ မိမိတို့ တာဝန်ကျရာ နယ်စပ်နှင့်တောင်တန်းဒေသများတွင် တာဝန်ယူနိုင်ကြပြီး နိုင်ငံတော်၏ မူဝါဒအတိုင်း ပီပြင်စွာ အကောင်အထည်ဖော်ပေးနိုင်သောအခါ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည် မြန်မာ့ယဉ်ကျေးမှုအခြေခံရာ ဗုဒ္ဓ သာသနာကိုသာ ဖြန့်ဖြူးပေးရာဌာနမျှ ဖြစ်လာပေလိမ့်မည်။ သို့သော် အချိန်တိုအတွင်း ဖြစ်လာနိုင်မည်ဟု မျှော်လင့်၍ မရနိုင်သေးပေ။ ဒေသခံပြည်သူများ၏ လိုအပ်ချက်၊ ဆန္ဒ၊ စောင့်ရှောက်မှု၊ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ သာသနာ့ဝန်ထမ်းရဟန်းများ၊ ကလေးများ၏ ဘဝနောင်ရေး အတွက် အဓိကအကြောင်းရင်းဖြစ်လာပေသည်။ စင်စစ် ပြည်ပတွင် ဗုဒ္ဓအဆုံးအမများဖြင့် လိမ္မာယဉ်ကျေးလာရေး

သည် ယင်းတို့၏ မျိုးနွယ်အလိုက် ယဉ်ကျေးမှုရှိခဲ့ကြသည် ဖြစ်သဖြင့် ကျွန်ုပ်တို့ကလည်း ပြည်တွင်းဝယ် ဗုဒ္ဓအဆုံးအမများ နိုင်ငံနှင့်အဝှန်း ပြန့်နှံ့ခိုင်မာလာရန်ကိုမူ မမေ့မလျော့ သတိကြီးစွာထားရမည့်ကိစ္စ ဖြစ်ပေ၏။

ယခုအခါ ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်သည် အလိမ္မာပျိုးခင်းများဟု ခေါ်ဆိုနိုင်သော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ သီလရှင်သင်(အမျိုးသမီး)ပညာရေးကျောင်းများအနေဖြင့် နိုင်ငံတော်အတွက် ဆက်လက်ရှင်သန်နေစေရန် ခိုင်မာသော အုတ်မြစ်ပင်ဖြစ်ပေတော့သည်။ အခြေအနေအရပ်ရပ်ကြောင့် ပြုပြင်ပြောင်းလဲပေးရသည်များ ရှိကောင်းရှိနိုင်သော်လည်း အုတ်မြစ်ကို ဖြိုဖျက်ခြင်းမခံရစေရန် အထူးစောင့်ထိန်းရမည် ဖြစ်ပါသည်။ အမြော်အမြင်ကြီးမားသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများနှင့် တိုင်းပြည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးကား ကြီးမားလှပေသည်။ စင်စစ် ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်သည် ပြည်တွင်းသာသနာပြုလုပ်ငန်းများအတွက် အရေးပါထိရောက်သောစနစ်ဖြစ်ပေသည်။ သို့ရာတွင် သာသနာပြုလုပ်ငန်းထက် ပိုမိုသိသာထင်ရှား လူသိများလွယ်သော လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်တို့ကို

သာသနာရေးထက် ရှေ့တန်းထားလာလျှင်မူ အန္တရာယ်ကြီးမားလှပါပေသည်။ ယင်းအန္တရာယ်ကြီးများ၏ အခြေခံမှာ ပုထုဇဉ်ပီပီ ဖောက်ပြန်လွဲမှားတတ်ခြင်းနှင့် ငွေကြေးဆိုင်ရာ အရှုပ်အရှင်းဖြစ်တတ်ခြင်းတို့ပင် ဖြစ်၏။ ထို့ကြောင့်လည်း ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်းတွင် လူမှုရေး ဖောက်ပြန်မှုများ ကင်းရှင်းစေရေးအတွက်လည်းကောင်း၊ ဆရာတော်သံဃာတော်များတွင် ငွေကြေးအခက်အခဲများဖြင့် သောကမပွား၊ လောဘမဖက် ကင်းကင်းရှင်းရှင်း ဖြစ်နေစေရေးအတွက်လည်းကောင်း အထူးအလေးပေး ရေးဆွဲထားသည်ကို သတိပြုမိကြပေလိမ့်မည်။ လွတ်လပ်ရေးမဆုံးရှုံးမီက မြန်မာတို့၏ လောကီ လောကုတ္တရာ အကျိုးနှစ်ဖြာအတွက် ရှင်းလင်းထင်ရှားစွာ သွန်သင်ဆုံးမကြရာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည် လွတ်လပ်ရေးဆုံးရှုံးပြီးနောက် မှေးမှိန်ခဲ့ရသည်။ အသားလို၍ အရိုးတောင်းသည့်ပမာ ဗြိတိသျှတို့၏ ပညာရေးအသုံးစရိတ် လျှော့ချနိုင်ရန် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို အားပေးသယောင်ပြုခဲ့ကြ၏။ လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်း အလုံးစုံလွတ်လပ်မှုကို မလိုလားသော အင်္ဂလိပ်တို့က ရဟန်းသံဃာတော်များ၏ ဝိနည်းသိက္ခာကို နားမလည်၊ ကိုယ်လိုရာ

ကိုယ်ဆွဲ၍ လျှောက်ထားကြသဖြင့် ထင်တိုင်းမပေါက်ဖြစ်ရပြန်သည်။ လွတ်လပ်ရေးရပြီးစတွင် ခါးသီးသောအတွေ့အကြုံများမှ သင်ခန်းစာယူပြုပြင်ပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို အားပေးခဲ့သော်လည်း နိုင်ငံ၏ပညာရေးစနစ်သည် ကျွန်ပညာရေးအငွေ့အသက်များဖြစ်နေခြင်းကြောင့်လည်းကောင်း၊ ပြည်တွင်းအာဏာလုပွဲကြီးတည်းဟူသော ပြည်တွင်းစစ်ပွဲသောင်းကျန်းမှုထူပြောသော ကာလဖြစ်ခဲ့ပြန်သဖြင့် စီမံကိန်းများ တစ်ဝက်တစ်ပျက်ဖြင့် ရပ်ခဲ့ကြရပြန်သည်။ လမ်းစဉ်ပါတီကာလဖြစ်သော ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးကာလတစ်လျှောက်တွင် နိုင်ငံတော်၏ မူဝါဒအရ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ထင်ထင်ပေါ်ပေါ်မရှိ ပျောက်ကွယ်လုမတတ် အခြေအနေမှ ယနေ့ခေတ်တွင် ပြန်လည်လန်းဆန်း ရှင်သန်လာခဲ့သည်ကို သတိပြုမိကြပါလိမ့်မည်။

ဤသို့ဆိုလျှင် ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်သည် မည်သို့သောအခါသမယတို့တွင် မှေးမှိန်ပျောက်ကွယ်၍ မည်သို့သောအခါသမယတို့တွင် တိုးတက်စည်ပင်ထွန်းကားနိုင်သည်ကို တွက်ဆနိုင်ပါသည်။ ထို့ကြောင့် ဘုန်းတော်ကြီးကျောင်းပညာရေးစနစ် ဆက်လက်ရှင်သန်စည်ပင်ထွန်းကား

နေစေရန် ဘုန်းတော်ကြီးသင်ကျောင်းများ၌ အမျိုးသမီးများ ရောထွေးယှက်တင် ပါဝင်မနေသင့်ပါချေ။ အလားတူပင် သီလရှင်သင် အမျိုးသမီးကျောင်းများ၌ ယောက်ျားလေးများကို လူမမယ်အရွယ်မှအပ မထားသင့်ပါချေ။ တစ်ကြိမ်အမှားဖြစ်ခဲ့သော် အချိန်တိုကာလအတွင်း ပြန်၍အဖတ်ဆယ်မရတော့။ အများပြည်သူတို့စိတ်ဝယ် ငြိုငြင်ကာ ယုံမှားသံသယများ ဝင်နေတတ်ပေသည်။ ကျောင်းသား၊ ကျောင်းသူအင်အားကို မနိုင်မနင်း တိုးချဲ့လက်ခံပါကလည်း မနိုင်ဝန်ထမ်းမိသဖြင့် ကလေးသူငယ်များအား စောင့်ရှောက်ရာမရောက်၊ ဒုက္ခပေးရာပင် ဆိုက်သွားလေတော့သည်။ အချို့မှာ ဝန်နှင့်အားမမျှတော့ရကား မိမိတို့ ဆရာရင်းတပည့်ရင်းများထံ အလှူဒါနအတွက် စီမံကြရုံမျှဖြင့် မလုံလောက်တော့။ အပြင်ရပ်ကွက် အဝေးရပ်ကွက် ကျေးရွာများတို့သို့ ကြွရောက်အလှူခံကြရပြန်သည်။ အချို့မှာ အမှန်တကယ်လိုအပ်ချက်ဖြင့် အမှန်တကယ်သာသနာအကျိုးငှာ ဆောင်ရွက်ကြသည်မှန်သော်လည်း၊ အခွင့်ကောင်းကိုစောင့်၍ **Loud speaker** တပ်ကားတစ်စီးဖြင့် အဝေးရပ်ကွက်များသို့ အလှူခံဘိသကဲ့သို့ အတုအယောင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအမည်ခံ၍ စီးပွားရှာနေကြသည်ကိုလည်း တွေ့ရပါသည်။ အလျဉ်းသင့်၍

ဖော်ပြရပါလျှင် စာရေးသူတို့၏ ရပ်ကွက်သို့ **Hilax** ကား တစ်စီးဖြင့် ယခုကဲသို့ အလှူခံလာရာ အနီးအနားအိမ်များက ကလေးတစ်ဦးနှုန်းဖြင့်လည်းကောင်း၊ တစ်နေ့တာ ကျွေးမွေး စရိတ်ကိုလည်းကောင်း၊ တစ်နပ်စာ ကျွေးမွေးစရိတ်ကို လည်းကောင်း လှူဒါန်းကြ၏။ စာရေးသူ အိမ်ရှေ့သို့ ရောက်လာသောအခါ စာရေးသူ၌ရှိသော ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ စာရင်းကိုကိုင်၍ ကားအနီးသို့ ကပ်သွားကာ ပါလာသော(ဆရာတော်)နှင့်အဖွဲ့ကို ကျောင်း လိပ်စာနှင့် ကျောင်းထိုင်ဆရာတော်ဘွဲ့ကို မေးလျှောက်၏။ ပြန်မဖြေတော့ဘဲ ရပ်ကွက်အတွင်းမှ **Loud speaker** ပင် မဖွင့်တော့ဘဲ ပြန်သွားကြလေတော့သည်။ ဤကဲ့သို့သော အဖြစ်မျိုး မည်မျှများနေသည်ကိုမူ မသိနိုင်ကြပါပေ။ ထို့ကြောင့် စေတနာအများလေးများသည် တစ်ခါတစ်ရံတွင် သာသနာကို ညှိုးငယ်သွားစေတတ်ကြောင်း သတိပြုကြရပါမည်။ ယခု ပြုစုထုတ်ဝေသောစာအုပ်သည် ပြည်ထောင်စုမြန်မာ နိုင်ငံတော်အတွင်း သာသနာပြုလုပ်ငန်းအများအပြားရှိလေရာ လူငယ်လူရွယ်ကလေးများ၏ နှလုံးသားဝယ် ဘုရားတည်သွား နိုင်စေခြင်းအလို့ငှာ ဘုန်းတော်ကြီးကျောင်းပညာရေးစနစ် ကာလရှည်ကြာ တည်တံ့ထွန်းကားပွားများပြီး နိုင်ငံတော်၏

ပညာရေးဆိုင်ရာ မူဝါဒများကို မဆန့်ကျင်စေဘဲ လူတိုင်း ဗုဒ္ဓဘာသာအခြေခံယဉ်ကျေးမှုကို သိရှိနားလည်သွားကြစေရန် ရည်သန်ခဲ့ပါသည်။ ဗုဒ္ဓသာသနာ အဓွန့်ရှည်စွာတည်ပါစေသတည်းဟုလည်း အကြိမ်ကြိမ်ဆုတောင်းမိပါ၏။

အထူးပြု၍ ဖော်ပြလိုသည်မှာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့်ပတ်သက်၍ လေ့လာနိုင်ရန် လမ်းညွှန်မှုပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးအမှူးရှိသော အဖွဲ့ဝင်ဆရာတော်ကြီးများအားလည်းကောင်း၊ စီမံကိန်းအကောင်အထည်ဖော်ရာတွင် သာသနာရေးရာရှုထောင့်မှ မတိမ်းမစောင်းရလေအောင် ပဲ့ပြင်သွန်သင်ပေးသော ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဆရာတော်ကြီးများအားလည်းကောင်း အထူးကျေးဇူးတင်စွာဖြင့် လက်ဆယ်ဖြာထိပ်မှာမိုးလျက် ရှိခိုးဦးတင်ကန်တော့ပန်းဆင်အပ်ပါသည်။ အမှားအယွင်းပြုခဲ့မိသော် အပြစ်မှခွင့်လွှတ်ပါရန်လည်း တောင်းပန်ဝန်ချကန်တော့ပါ၏။

ထို့အပြင် ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်နှင့် ပတ်သက်၍ လေ့လာနိုင်ရန် ကူညီပေးကြသော ဆရာကြီး

ဦးသန်းထွတ်(ပညာရေးတက္ကသိုလ်)အားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာနမှဝန်ကြီးနှင့် အဆင့်ဆင့်သော ဝန်ထမ်းများအားလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာနမှ ဝန်ကြီးနှင့် အဆင့်ဆင့်သော ဝန်ထမ်းများအားလည်းကောင်း အထူးကျေးဇူးတင်ပါကြောင်း မှတ်တမ်းပြုဖော်ပြအပ်ပါသည်။

စာအုပ်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီအားပေးကြသော လုပ်ဖော်ကိုင်ဖက် "သာထွန်းပြန့်" စာစောင်မှ စာတည်းချုပ်၊ တာဝန်ခံစာတည်းနှင့် အဖွဲ့ဝင်များအားလည်း လှိုက်လှဲစွာ ကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါသတည်း။

အထင်သေးခြင်း၊ အထင်လွဲခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။

လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ။

အနန္တော အနန္တငါးပါးအား ဦးထိပ်ထားလျက်

ကပ္ပိယ-စန်းလွင်

# စာမိတ်ဆက်

ယနေ့ ကမ္ဘာ့ရွာခေတ်တွင် လူငယ်များအဖို့ သင်ယူစရာများလှ၏။ နည်းပညာနှင့် အတတ်ပညာများစွာရှိသည်။ နောက်ကျခဲ့လျှင် မှုန်ဝါးဝါးရပ်တည်ရမည်။ ငေးကြည့်ရုံဖြင့် ကျေနပ်ကြရမည်။ နည်းပညာကမ္ဘာကြီး အရှိန်ကောင်းကောင်းဖြင့် ပြေးနေ၏။ မေ့မေ့လျော့လျော့နေမိလျှင် အဝေးကြီးကျန်ရစ်ခဲ့ကြရမည်။

ဤခေတ်မျိုးတွင် ဘုန်းတော်ကြီးသင်ပညာရေးမှာ ခေတ်နောက်ကျလွန်းသည်ဟု ထင်ကောင်း ထင်ကြမည်။ ကမ္ဘာ့ရွာ၏ ခေတ်ရှေ့ပြေးနည်းပညာများနှင့် ဘုန်းတော်ကြီးသင်ပညာရေးတို့ကို ခွဲခြား၍ သိအပ်လှ၏။

ဘုန်းတော်ကြီးသင်ပညာရေးကား ချို့တဲ့ဘဝ၏ အခြေခံလမ်းစ ဖြစ်သည်။ ချို့တဲ့ဘဝ၏ အခြေခံအုတ်မြစ်ဖြစ်သည်။ အမိမြန်မာနိုင်ငံအတွက် မရှိမဖြစ်လိုအပ်သော ပျိုးခင်းဖြစ်သည်။ သာမန်ပျိုးခင်းမျှမဟုတ် 'အလိမ္မာပညာ' ဖြင့် မွမ်းမံအပ်သော ပျိုးခင်းဖြစ်သည်။ 'အတတ်ပညာ' နှင့် 'အသိပညာ' ကို ကြိုးကိုင်သော "အလိမ္မာပျိုးခင်း" ဖြစ်သည်။ ထိုအလိမ္မာပျိုးခင်းမှ အသိပညာရှင်များ ပေါ်ထွက်မည်။ အတတ်ပညာရှင်များ ပေါ်ထွက်မည်။ အလိမ္မာပညာတွင် ကျွမ်းကျင်အသားကျ ရဲရင့်လျက်ရှိသော ထိုအသိပညာရှင် အတတ်ပညာရှင်များက နိုင်ငံတော်ကို အလုပ်အကျွေးပြုမည်။ အမျိုးဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်ကြမည်။ "အနှောင်း" သေချာရန်အတွက် "အစ" ကောင်းအောင် ကြိုးပမ်းကြရသော "အလိမ္မာပျိုးခင်းများ" ပင်ဖြစ်လေသည်။

* * * * *

"အလိမ္မာပျိုးခင်းများ"၏ နိမ့်မြင့်တက်ကျသမိုင်းစဉ်ကို စာရေးသူက ခေတ်အလိုက် တင်ပြထားပါသည်။ အားနည်းချက်များ အားသာချက်များအလိုက် ထောက်ပြဝေဖန်မှုပြုထားပါသည်။ စာရေးသူသည် ၁၉၉၂ ခုနှစ်နှောင်းပိုင်းမှ ၂၀၀၅ ခုနှစ် နှစ်ဆန်းပိုင်းအထိ သာထွန်းပြန့်ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်တာဝန်ကို ထမ်းရွက်ခဲ့သူဖြစ်သောကြောင့် ကိုယ်တိုင်ပါဝင်လှုပ်ရှားထားသော သမိုင်းဖြစ်စဉ်များတွင် ရက်စွဲအတိအကျဖြင့် မှတ်တမ်းတင်ထားသည်ကို တွေ့ရပါသည်။ ကျမ်းစာပြုစုခြင်းမျိုးမဟုတ်၊ နှောင်းလူတို့အတွက် ကြိုတင်ဆင်ခြင်လုပ်ဆောင်နိုင်ကြရန် မှတ်တမ်းပြုစုတင်ပြခြင်းဖြစ်ပါသည်။ နှောင်းလူများက ဆောင်သင့် ရှောင်သင့်သည်များကို လိုက်နာရင်း "အလိမ္မာပျိုးခင်းများ" ဆက်လက်ရှင်သန်၍ စည်ပင်ဖွံ့ထွားအောင် ဝိုင်းဝန်းကြိုးပမ်း အားထုတ်ကြရန်သာ ဖြစ်ပါသည်။

* * * * *

"သာထွန်းပြန့် ဓမ္မစာစောင်" တွင် ယခု စာမူများကို အပတ်စဉ်ထည့်သွင်းဖော်ပြခဲ့ပါသည်။ စာစောင် တွင် မူလထည့်သွင်းစဉ်ကပင် "အလိမ္မာပျိုးခင်းများ" ခွန်အား မြှင့်တင်ပေးရန်အတွက် စာအုပ်အဖြစ် ထုတ်ဝေရန် မျှော်မှန်း ထားခဲ့ပါသည်။ အစအဆုံး စာတစ်အုပ်ဖြစ်သည်အထိ ပြီးစီးအောင် မှတ်တမ်းပြုစုပေးသော သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးစန်းလွင် (ကလောင်အမည်-ကပ္ပိယစန်းလွင်)အား ကျေးဇူးတင် ပါကြောင်း ဝမ်းမြောက်လှိုက်လှဲစွာ ဖော်ပြအပ်ပါသည်။

(ဒေါက်တာမျိုးမြင့်)
ညွှန်ကြားရေးမှူးချုပ်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးဝန်ကြီးဌာန

ရက်စွဲ။ ၂၀၀၉-ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်

# မြန်မာ့ရိုးရာယဉ်ကျေးမှု၏ ရေသောက်မြစ် ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်

ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်သည် မြန်မာနိုင်ငံတွင် ယခုမှ ဆန်းသစ်တီထွင်လိုက်သော ပညာရေးစနစ်မဟုတ်ပါ။ ပုဂံခေတ်ကာလ ထေရဝါဒသာသနာ စတင်အခြေတည် ကတည်းက ရှင်အရဟံ၏ ကျေးဇူးတော်ဖြင့် ပုဂံသားတို့ ဘုန်းတော်ကြီးသင်ပညာရေးစနစ်အောက်တွင် ကြီးပြင်းဖွံ့ဖြိုး

လာကြသည်ဟု ဆိုရပါမည်။ ထေရဝါဒခေတ်ဦးဖြစ်သည်နှင့်အညီ စစ်မှန်သော ထေရဝါဒအယူအဆများနှင့် ထေရဝါဒဟု မဆိုသာသော အစွန်းနှစ်ပါးမလွတ်သည့် အယူဝါဒများလည်း ရောပြွမ်းနေခဲ့သည်ကို သမိုင်း အထောက်အထားများအရ ကောက်ချက်ချနိုင်ပါမည်။ မည်သို့ပင်ဆိုစေ ပုဂံခေတ်ဗိသုကာလက်ရာများမှာ ယနေ့ ခေတ်ပညာရှင်များ ယခုတိုင်လေ့လာမဆုံး ရှိဆဲဖြစ်ပါ သည်။

ယနေ့ခေတ်ကဲ့သို့ ဆောက်လုပ်ရေး အထောက်အကူပစ္စည်းများ မပေါ်ထွန်းမီက ပုဂံသားများ မည်၍မည်မျှကျွမ်းကျင်စွာ တည်ထားကိုးကွယ်ခဲ့ကြသည်၊ မည်မျှ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ကောင်းမွန်ခဲ့ကြသည်ကို ခန့်မှန်းနိုင်ပါသည်။ မည်သည့်ပါရဂူဘွဲ့ရပညာရှင်များ လာရောက်သင်ကြားပေးပါသနည်း။ မည်သည့် ပါရဂူဘွဲ့ရ ပညာရှင်များဦးစီးဦးဆောင်တည်ထားခဲ့ပါသနည်း။ ပါရဂူ တစ်ဦးတစ်ယောက်၏ အမည်နာမ ထုတ်ဖော်ရေးသား ကမ္ပည်းတင်ထားသည်ကို မတွေ့ရပါ။ ရှင်အရဟံ၏ တပည့် သာဝကများဖြစ်ကြသော ပုဂံပြည့်ရှင်ဘုရင်မင်းမြတ်နှင့် ပြည်သူများသာ တည်ထားခဲ့ကြသည် မဟုတ်ပါလား။

ပုဂံခေတ် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေးမှာ ပါဠိဘာသာဖြင့် ပိဋကတ်စာပေများကို သင်ကြားပေးခြင်းသည် အဓိကရည်မှန်းချက် ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် လည်း ပုဂံသားတို့၏ ယဉ်ကျေးမှုမှာ ဗုဒ္ဓအဆုံးအမ အရိပ်အာဝါသအောက်မှ ကင်းလွတ်နေခြင်းမဟုတ်ဘဲ ဒါနပါရမီ ပြည့်မီအောင် စွမ်းဆောင်ခဲ့ကြသည်ကို လေ့လာနိုင်ကြပါသည်။ ထိုခေတ် ထိုအခါက ပိဋကတ်စာပေမှာ ပါဠိဘာသာဖြင့် ရှိဟန်တူပြီး လောကီစာပေများမှာမူ သသ်ကရိုက်ဘာသာဖြင့် ရေးသားထားကြမည်ဟု သုံးသပ်ရပါသည်။ ဆိုလိုသည်မှာ ပုဂံခေတ်ဘုန်းတော်ကြီးကျောင်းပညာရေးမှာ လောကုတ္တရာနှင့် လောကီနှစ်လီသောပညာရပ်များ သင်ကြားပေးသည်ဟု ကောက်ချက်ရနိုင်ပါသည်။

သင်ကြားသူဆရာများကား မည်သူများဖြစ်ပါမည်နည်း။ ပုဂံခေတ်ပညာရေးတွင် လူဝတ်ကြောင်များက သင်ကြားပေးသော အထောက်အထား မတွေ့မိပါ။ ဆရာများကိုပေးကမ်းထောက်ပံ့ရကြောင်းလည်း မတွေ့ရပါ။ ရဟန်းတော်

များမှာ အခကြေးငွေလက်ခံခြင်းကို ဝိနည်းတော်အရ ခွင့်မပြု။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေး သမိုင်းအစတွင် ဆရာများသည် ရဟန်းတော်များသာ ဖြစ်ချေသည်ဟု အခိုင်အမာ ဆိုနိုင်ပါသည်။ ထို့အပြင် ပုဂံခေတ်ရဟန်းများတွင် သံဃာ၏ ဂုဏ်ရည်အပြင် ဆရာ၏ဂုဏ်ရည်နှင့်လည်း ပြည့်စုံကြသော ရဟန်းပုဂ္ဂိုလ်များ ဖြစ်ကြပေလိမ့်မည်။

ပုဂံခေတ်တွင် ရှင်အရဟံ၊ ရှင်သဒ္ဓမ္မဇောတိပါလ (ရှင်ဆပဒ)၊ ရှင်သာရိပုတ္တရာ (ဓမ္မဝိလာသမထေရ်)၊ ရှင်ဓမ္မဝနာပတိ၊ ရှင်အဂ္ဂဝံသမထေရ်၊ ဦးကျည်ပွေ့ စသော ရဟန်းတော်တို့မှာ ထင်ပေါ်ကျော်ကြားသော ဆရာများ ဖြစ်ကြသည်။ ယင်းတို့မှာ ကြေးစားဆရာများ မဟုတ်သည်မှာ သေချာလှပါသည်။ အခမဲ့ပညာရေးပင်တည်း။

ပုဂံဘုန်းတော်ကြီးကျောင်းပညာရေးမှာ ဗုဒ္ဓစာပေဆိုင်ရာ အထက်တန်းစာပေ(လောကုတ္တရာကျမ်းစာ)များ တတ်ကျွမ်းရေးနှင့် အရေးအဖတ်အတွက် တတ်မြောက်ရန် ရည်ရွယ်ရင်း ရှိလိမ့်မည်ဟု သုံးသပ်ခန့်မှန်းရပါသည်။ မြတ်စွာဘုရား ပညတ်တော်မူထားသည့် ဝိနည်းတော်ကပင် မြန်မာနိုင်ငံ၏

ဘုန်းတော်ကြီးသင်ပညာရေးစနစ်ကို အခမဲ့ပညာရေးစနစ် အဖြစ် ပေါ်လွင်လာစေခဲ့သည်။ ထို့အပြင် ရဟန်းတော်တို့ အသိုင်းအဝန်းအတွင်းတွင် မြတ်စွာဘုရားအဆုံးအမတော် နှင့်အညီ ဆောက်တည်ကျင့်သုံးကြရင်း တစ်ချိန်တည်းမှာပင် ဟောပြောဆုံးမနေကြရခြင်းကြောင့် ပဋိပတ္တိသာသနာနှင့် ပရိယတ္တိသာသနာတို့ကို ဖြန့်ကြက်ရင်း ပဋိဝေဓသာသနာ မပျက်မယွင်း စည်ကားပြန့်ပွားခဲ့သည်ကို တွေ့ရပါသည်။ ဝိပဿနာဓုရကို ကျင့်ကြံအားထုတ်လျက် ဂန္ထဓုရကိုပါ ဆောင်ရွက်လုပ်ကိုင်တော်မူခဲ့ကြသည့် အစဉ်အလာမှာ ယနေ့တိုင်ပင် ရဟန်းတော်တို့ လိုက်နာထိန်းသိမ်းလျက် ရှိကြသည့်အပြင် လောကီဝတ္တရားများလည်း မပျက်မကွက် ဆောင်ရွက်ဆဲပင်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ကြ ရန်လည်း ငွေကြေးပြည့်စုံကုံလုံသူတို့က ရဟန်းသံဃာတော် များ အခက်အခဲမရှိကြစေရန် လှူဒါန်းမှုပြုခဲ့ကြဟန်တူပါ သည်။ ဆရာနှင့် ဒါယကာ ပေါင်းစည်းခြင်းအနှစ်သာရကို ပုဂံခေတ်ကပင် ပေါ်လွင်စေခဲ့လေပြီ။

ပုဂံခေတ်က စတင်စည်ပင်ထွန်းကားခဲ့သော ဗုဒ္ဓဘာသာ ၏ အဆုံးအမအောက်ဝယ် ခိုင်မာရင့်သန်လာခဲ့သော

ဘုန်းတော်ကြီးကျောင်းပညာရေးကို ပင်းယ၊ စစ်ကိုင်း၊ အင်းဝခေတ်များဝယ် ပြည်သူပြည်သားတို့၏အကျိုးကို ဦးစားပေးဆောင်ရွက်လိုကြသော ရဟန်းတော်များ ဖြစ်ကြသည့် (ဂါမဝါသီ)ရဟန်းတော်များက ဦးဆောင်တာဝန်ယူခဲ့ကြပါသည်။ ထိုကာလဝယ် အရေး အဖတ် အတွက်သာမက အခြားလောကီပညာရပ်များဖြစ်သော အသက်မွေးမှု အတတ်ပညာဆိုင်ရာများ၊ လက်မှုပညာများ၊ ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ ယတြာကျမ်း၊ သေနင်္ဂဗျူဟာကျမ်း၊ ကိုယ်ခံပညာဆိုင်ရာ လောကီအတတ်များမှစ၍ ကခုန်တီးမှုတ်ခြင်းအဆုံး အလုံးစုံပြည့်ဝအောင် သင်ကြားပေးခဲ့ကြဟန်တူပါသည်။ ဘာသာရေးဆိုင်ရာပညာ၊ စစ်ရေးဆိုင်ရာပညာ၊ စီးပွားရေးဆိုင်ရာပညာ၊ နိုင်ငံရေးဆိုင်ရာပညာ၊ အုပ်ချုပ်ရေးဆိုင်ရာပညာများ စသည်ဖြင့် ဘက်စုံဖွံ့ဖြိုးကာ အတွေးအခေါ်မှန်ကန်စွာ လုပ်ကိုင်နိုင်ကြစေရန် သွန်သင်ဆုံးမခဲ့သောဘုန်းတော်ကြီးကျောင်းပညာရေးဟု ဆိုရပါမည်။

* * * * *

ဘုရင်များသည်ဘုန်းတော်ကြီးကျောင်းသားဟောင်းများ

စာသင်သားများအနေဖြင့်လည်း ဘုရင့်သားတော်၊ သမီးတော်များ၊ မျူးကြီးမတ်ရာတို့၏ သားသမီးများ၊ သာမန်ပြည်သူပြည်သားတို့၏ သားသမီးများ ပါဝင်ကာ အလွှာပေါင်းစုံမှ သားသမီးများအားထားရာ ဘုန်းတော်ကြီးကျောင်းပညာရေးအဖြစ် ကာလကြာရှည်ခိုင်မာစွာ ရပ်တည် ရှင်သန်လာခဲ့ကြပါသည်။ ရှင်မဟာသီလဝံသ၏ တိလောကဆုံးမစာတွင် "သုံးဆူရတနာ၊ မာတာပီတ၊ ဆရာစသား၊ အရှင်များကို ပြစ်မှားမဆို၊ ရိုသေကြစေ၊ သာမဏေက၊ လူငယ်စသား တပည့်များတို့၊ မှတ်သားကြပ်ကြပ်၊ မပြတ်သို့ပင် ဆုံးမသင်သည်၊ ဝမ်းတွင်အမြဲသွတ်" ဟု အနန္တငါးပါး အားရိုသေကြရန် သာမဏေအစ တပည့်အားလုံးအတွက် ဆုံးမခဲ့ကြောင်း တွေ့ရသည်။

ထို့ပြင် သံဃာတော်များအတွက်လည်း "သက်န်းမှာလည်း ပိန္နဲအပြင် လှစေချင်၍ လွင်လွင်ပပ၊ ပြုကြမသင့်၊ နံ့နွှင်းဆိုးနှင့် တိညက်ဆိုးကိုလည်း မဝတ်နှင့်" ဟု ဆုံးမခဲ့ရာ ရဟန်းရှင်လူတို့ လိမ္မာယဉ်ကျေးစေရန် ရည်သန်ချက်ကြီးများခဲ့ကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ထိုခေတ် ထိုအခါက

ဆုံးမစာများမှာ ယနေ့တိုင် လိုက်နာကျင့်သုံးအပ်သော လောကီလောကုတ္တရာ ဆုံးမစာများဖြစ်နေရာ ယင်းဆုံးမစာများ၏ မူလရေသောက်မြစ်မှာလည်း ဘုန်းတော်ကြီးကျောင်း ပညာရေးပင်ဖြစ်ပါသည်။ ရေသောက်မြစ် ကောင်းစွာ အလုပ်လုပ်နိုင်လေလေ အသီးအပွင့်အရွက်တို့ ဝေဝေဆာဆာဖြင့် လောကကို အလှဆင်နိုင်လေလေဖြစ်ပါသည်။ အင်းဝခေတ် ဘုန်းတော်ကြီးကျောင်းပညာရေးမှာ မြန်မာတို့အတွက် အဆင့်အတန်းမြင့်မားသော လူ့ယဉ်ကျေးမှုနယ်ပယ်ဝယ် ခန့်ခန့်ထည်ထည်ရှိခဲ့ကြောင်းနှင့် ဖော်ကျူးစံထားလောက်သည့်ခေတ်ဟု ဆိုရပါမည်။ အင်းဝခေတ် စာပေမှာ ပဒေသရာဇ်ခေတ်၏ အရိပ်အောက်ပင်ဖြစ်လင့်ကစား ယနေ့ ဒီမိုကရေစီခေတ်ခေါ်ခေါ်၊ အရင်းရှင်ခေတ်ခေါ်ခေါ်၊ အာဏာရှင်ခေတ်ခေါ်ခေါ်၊ ဘာခေတ်ညာခေတ်ဟု အမည်အမျိုးမျိုး၊ စနစ်အမျိုးမျိုး၊ ခေတ်အမျိုးမျိုးဝယ် လူ့လောကအသိုင်းအဝိုင်းအတွက် မှန်မြဲမှန်ကန်လျက်ရှိနေသေးသော ဆုံးမစာများဖြစ်နေပေရာ ယနေ့ ဘုန်းတော်ကြီးသင်ပညာရေးတွင် ရှေ့ဆောင်ရှေ့ရွက် လှုပ်ရှားနေကြသူများအနေဖြင့် မေ့မလျော့ရှိအပ်လှသော စံနမူနာကောင်းများဖြစ်ပါသည်။

သို့ဖြစ်ရာ ရှေးမြန်မာမင်းများလက်ထက်ရှိ တစ်ခုတည်းသော ပညာရေးစနစ်မှာ ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်ဖြစ်ပြီး သင်ကြားပြသသူ ရဟန်းသံဃာတော်များ၏ ရည်ရွယ်ရင်းမှာ ရတနာသုံးပါး၊ မိဘဆရာတို့အား ဦးထိပ်ထားရိုသေလေးစားကြရန်၊ ကိုယ်နှုတ်နှလုံး ယဉ်ကျေးသိမ်မွေ့ရန်၊ အကျင့်စာရိတ္တမြင့်မားကောင်းမွန်၍ လိမ္မာရေးခြားရှိရန်နှင့် လောကီပညာ တတ်ကျွမ်းရန်တို့ဖြစ်ကြောင်း သုံးသပ်ရပါသည်။ တိုင်းရေးပြည်ရာရှုပ်ထွေးခြင်းနှင့် အရည်အချင်းနည်းပါးသည့် မင်းအုပ်ချုပ်သည့် ကာလဖြစ်ခြင်းတို့ကြောင့်သာ နိုင်ငံ၏ ဘာသာရေးရာ၊ စာပေရေးရာ၊ ပညာရေးရာစသည်တို့မှာ အနိမ့်အမြင့်၊ အတက်အကျ ရှိတတ်သော်လည်း ရဟန်းသံဃာတော်တို့၏ ကြိုးပမ်းအားထုတ်မှုမှာကား လျော့နည်းနိမ့်ကျသွားသည်မရှိခဲ့ပါပေ။

မြန်မာနိုင်ငံသမိုင်းတွင် ကုန်းဘောင်ခေတ်မှာ အဖြစ်အပျက်အရှုပ်ထွေး အဆုံးအရှုံး အကြီးမားဆုံးခေတ် ဖြစ်သည့် တိုင်အောင် ၁၈၅၂-ခုနှစ် မတိုင်မီ ကျေးရွာတစ်ရွာ ဘုန်းကြီးကျောင်းတစ်ကျောင်း ရှိခဲ့ပါသေးသည်။ မန္တလေးနေပြည်တော်တွင်မူ တက္ကသိုလ်ကြီးများဟု ဆိုအပ်သော

စာသင်တိုက်ဘုန်းကြီးကျောင်းများစွာ ပေါ်ထွန်းခဲ့သည်။ မြန်မာဘုန်းတော်ကြီးကျောင်းများ ဒယိမ်းဒယိုင်စတင် ဖြစ်ခဲ့သည်ဟု မဆိုသာသော်လည်း ပထမအင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီး ရခိုင်နှင့် တနင်္သာရီတို့၌ လှိုင်းထန်ခဲ့ကြသည်မှာ မငြင်းသာပါ။

သို့ရာတွင် ၁၈၅၂-ခုနှစ် ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲတွင်မူ အောက်မြန်မာနိုင်ငံရှိ ဘုန်းတော်ကြီးကျောင်းများ ယိုင်နဲ့ပျက်စီးလာတော့သည်။ သူ့ကျွန်မခံလိုသော အောက်မြန်မာနိုင်ငံမှ မြန်မာကျောင်းထိုင်ဘုန်းကြီးများ၊ မွန်ကျောင်းထိုင်ဘုန်းကြီးများမှာ မိမိကျောင်း မိမိစွန့်ခွာ ကြလျက် မြန်မာမင်းတို့လက်အောက် အထက်အညာသို့ ပြောင်းရွှေ့ သီတင်းသုံးခဲ့ကြသည်။ ၁၈၈၅-ခုနှစ် သီပေါမင်း ပါတော်မူပြီးနောက်တွင်မူ နယ်ချဲ့အင်္ဂလိပ်တို့လက်အောက် ကျွန်သပေါက်ဖြစ်တော့ရကား ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ကျောင်းများလည်း မှေးမှိန်သွားခဲ့ရကြောင်းကို ရှေးခေတ် သမိုင်းက သက်သေခံခဲ့ပြီ။ မလျော့သော ဇွဲလုံ့လတို့ဖြင့် မူလ ရည်မှန်းချက်မပျက်၊ သာသနာအတွက် ဘုန်းကြီးကျောင်း များက စွမ်းဆောင်ခဲ့ကြသည်လည်း ရှိပါသည်။ သို့ရာတွင်

လူငယ်တို့၏ စားဝတ်နေရေးအတွက် အသုံးဝင်မည့် ပညာရပ်များလည်း တစ်ဖက်တစ်လမ်းက သင်ကြားပေးခဲ့ရ သေးရာ လောကီစာပေများပါ တတ်မြောက်စေခဲ့ကြရသည်။

ထို့ကြောင့် ဘုန်းတော်ကြီးကျောင်းပညာရေးသမိုင်းကြောင်းတလျှောက် အနိမ့်အမြင့် အတက်အကျ ရှိပင်ရှိငြားသော်လည်း ယင်းပညာရေးမှာ ဘာသာရေးသက်သက် ရည်ရွယ်ချက်ထားခြင်း မဟုတ်တော့ဘဲ ခေတ်အခြေအနေ၏ လိုအပ်ချက်အရ လောကီပညာရပ်များလည်း ပူးတွဲပို့ချ ရသော ပညာရေးဖြစ်လာပေသည်။ အခြားဘာသာများ၏ အမြင်တွင် ထူးခြားသည်ထင်ရသော ကိစ္စရပ်မှာ ဘုန်းတော်ကြီး ပညာသင်ရေးကျောင်းများ၌ မိန်းကလေးများကို လက်ခံ သင်ကြားပေးမှု မရှိခဲ့ခြင်းပင် ဖြစ်သည်။ ရဟန်းတော်များ၏ ဝိနည်းသိက္ခာပုဒ်က ဤသို့ဖြစ်ရန် တားမြစ်ထားပေသည်။ သို့ဖြစ်ရကား ရှေးခေတ် မြန်မာနိုင်ငံတွင် စာမတတ်သူဦးရေ အများစုမှာ အမျိုးသမီးများဖြစ်တော့သည်။

ဘုန်းတော်ကြီးကျောင်းထွက်စာဆိုပညာရှင်များ

ဘာသာစာပေအရ ရဟန်းပုဂ္ဂိုလ်များသာမက လူပုဂ္ဂိုလ်များပါ ပေါ်ထွန်းလာသည့်အခါတွင်မူ အမျိုးသမီးစာဆိုရှင်များပါ ပေါ်ထွန်းလာပါတော့သည်။ စာချလူပုဂ္ဂိုလ်များ ပေါ်ပေါက်လာသည်နှင့်အမျှ စာသင်အမျိုးသမီးများလည်း ပေါ်ပေါက်လာခြင်းကြောင့် ဖြစ်တန်ရာသည်။ အမျိုးသမီးစာဆိုရှင်များတွင် မယ်ခွေ၊ မမြလေးနှင့် လှိုင်ထိပ်ခေါင်တင်တို့မှာ ပေါ်လွင်သူများတည်း။

ခေတ်အဆက်ဆက် ဘုန်းတော်ကြီးကျောင်းများ၏ သင်ရိုးညွှန်းတမ်းဟု ဆိုနိုင်သည့် သင်ကြားပုံအဆင့်ဆင့်မှာလည်း အခြေခံမှစ၍ စနစ်တကျ သင်ကြားခဲ့ကြသည်ကို တွေ့ရပါသည်။ "ဘုန်းကြီးတွေသင်တာပဲ၊ ဘယ်မှာ စနစ်ကျနိုင်မလဲ" တွေးကောင်းတွေးမည်။ စင်စစ် ရဟန်းသံဃာတော်များ လေ့လာမှတ်သားလိုက်နာကြသည့် မြတ်စွာဘုရား၏ အဆုံးအမများမှာ စနစ်ကျနလွန်းလှသည်ကို မမေ့အပ်။ မြတ်စွာဘုရား၏ အဆုံးအမနှင့်အညီ လုပ်ကိုင်ဆောင်ရွက် ကျင့်ကြံအားထုတ်သူများမှာ အဘယ်မှာလျှင် စနစ်မကျဘဲ ရှိပါအံ့နည်း။

အတုလဆရာတော်၏ ပုတ္တောဝါဒဆုံးမစာတွင် ကျောင်းသို့ရောက်စ တပည့်ငယ်တို့ကို စာရေးရန် လက်ချောင်းလေးများ အနေအထား၊ နှုတ်ကလည်း ဖြည်းဖြည်းလေးလေး ဆိုပေးရင်း နှိပ်ကာဖွကာ ရေးရပုံကို သွန်သင်ခဲ့ခြင်းအား ထောက်ထားကြည့်လျှင် အသေးအဖွဲကအစ စနစ်ကျခဲ့ကြောင်း သိရပါသည်။ ထို့နောက် အရေးနှင့် အဖတ်ကို နည်းစနစ်မှန်စွာ သင်ကြားပေးသည်။ စာလုံးပေါင်းသတ်ပုံလည်းမှန်စေ၊ အသံထွက်လည်းမှန်စေ၊ ရေးသား

ရာတွင် အဖြတ်အတောက်၊ အထားအသို မှန်ကန်စေသကဲ့သို့ ဖတ်ရာတွင်လည်း အဖြတ်အတောက်မှန်စေရန်၊ ကြားရသူ နားထောင်၍ကောင်းအောင် အသံမမာမတင်း နားတွင်းသို့ လက်ဖြင့်ဆုပ်၍ သွင်းလိုက်သကဲ့သို့ နာကြားမှတ်သား လွယ်ကူစေရန် သင်ပြကြသည်။ အရေးအဖတ် ရလာသည့် အခါ သင်ပုန်းကြီးကို စတင်သင်ကြားသည်။ ထို့နောက် မင်္ဂလသုတ်တော်ကို ဦးစွာသင်ကြားပြီး တပည့်များ လိမ္မာ ယဉ်ကျေးအောင် စွမ်းဆောင်လေတော့သည်။ မင်္ဂလသုတ် သင်ကြားပြီးသည့်အခါ ဇာတ်တော်များကို ဆက်လက် သင်ကြားပေးသည်။ ဇာတ်တော်များသင်ရာတွင်လည်း တေမိဇာတ်မှစ၍ ဝေဿန္တရာအဆုံး ဇာတ်ကြီးဆယ်ဘွဲ့ကို ရည်ရွယ်ချက်ရှိရှိ သင်ကြားပေးသည်။ ထိုအခါ ပါဠိစာ၏ အသွယ်သွယ်သော အနက်အဓိပ္ပာယ်ကို သိနားလည် စေတော့သည်။ ပါဠိစာသား အထားအသိုတို့ကို သိရှိ ပြီးနောက် ဆက်၍ သဒ္ဒါကျမ်းများကို ဆက်လက်လေ့လာ စေသည်။ သဒ္ဒါကျမ်းများ သင်ကြားပြီးသည့်အခါ ပိဋကတ် ကျမ်းများကို လေ့လာကြရတော့သည်။ ထိုသို့ ပိဋကတ်

ကျမ်းများကို လေ့လာသင်ကြားရသည့်အပြင် ပို့၊ အလင်္ကာ ဖွဲ့နွဲ့ပုံနှင့် သတ်ပုံသတ်ညွှန်းကိုလည်း သင်ကြားကြရကြောင်း တွေ့ရပါသည်။

ပါဠိစာပေ၊ မြန်မာစာပေသာမက ဂဏန်းသင်္ချာ တွက်ပုံ တွက်နည်းလည်း မကျန်လပ်စေရန် သင်ကြားရလေသည်။ ယခုခေတ် အတိုင်းအတာ အခေါ်အဝေါ်တို့နှင့်မူ ကွဲပြား ခြားနားလင့်ကစား သူ့ခေတ် သူ့အခါနှင့်မူ မှန်ကန်သော တွက်ချက်တိုင်းတာမှုများ ရှိခဲ့သည်မှာ အမှန်ပင်ဖြစ်လေ သည်။ အထူးအားဖြင့် အလေးချိန် (Weight) ကို ပေါ်လွင် စေသော ချိန်သင်္ချာနှင့် ထုထည်ပမာဏ (Volume) ကို ပေါ်လွင်စေသော ခြင်းသင်္ချာတို့အပြင် တာသင်္ချာဟု ခေါ်သော အရှည်အတိုင်းအတာ (Length) နှင့် ပတ်သက် ၍လည်း သင်ကြားပေးခဲ့ကြောင်း တွေ့ရပါသည်။ လက်မှု ပညာအနေဖြင့် လက်တွေ့လုပ်ငန်းတွင် အသုံးဝင်မည့် လက်လုပ်လုပ်ငန်းများ သင်ပေးကြောင်းလည်း တွေ့ရသည်။

အချုပ်ဆိုရသော် မြန်မာနိုင်ငံတော်၏ ပညာရေးစနစ်မှာ ဘုန်းတော်ကြီး ကျောင်းပညာရေးစနစ်ဖြင့် စတင်ခဲ့ပြီး လောကုတ္တရာ စာပေသင်ကြားမှုက အစပျိုးလျက် အဆင့်ဆင့်

ပြောင်းလဲ လာကာ လောကီစာပေ၊ ယဉ်ကျေးမှုများပါ တဖြည်းဖြည်း ပါဝင်လာသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ဗုဒ္ဓယဉ်ကျေးမှု ရေးရာနှင့် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာ ယဉ်ကျေးမှု ရေးရာတို့မှာ ခွဲခြားမရသော ယဉ်ကျေးမှု အစဉ်အလာ ဖြစ်ထွန်းခဲ့ပေသည်။ ထိုမြတ်ဗုဒ္ဓအဆုံးအမနှင့် ခွဲခြားမရသော ရိုးရာယဉ်ကျေးမှုကို ဘုန်းတော်ကြီးကျောင်းများက ဖြန့်ဝေပေးခဲ့ခြင်းဖြစ်၏။

သို့ဖြစ်ပါ၍ ရှေးမြန်မာမင်းများလက်ထက် ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်မှသည် မျက်မှောက်ခေတ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ သင်ကြားမှု အဆင့်ဆင့်ကို ထောက်ရှုသုံးသပ်လျှင် ဘုန်းတော်ကြီး ကျောင်းပညာရေးသည် သာသနာရေးရာ အခြေခံပေါ်တွင် ရပ်တည်ခဲ့ပြီး ဘုန်းတော်ကြီးများ၏ အုပ်ချုပ်မှုအောက်တွင် ရှိခဲ့သည်သာမက မြန်မာနိုင်ငံပညာရေးသမိုင်းကြောင်း ရှေ့ပြေး ဖြစ်သည့်အပြင် မြန်မာပြည်သူတို့ ကျင့်သုံးလိုက်နာနေသော ရိုးရာယဉ်ကျေးမှု၏ ရေသောက်မြစ်လည်း ဖြစ်ပါသည်ဟု ခိုင်မာစွာ ပြောဆိုနိုင်ပါကြောင်း တင်ပြလိုက်ရပါသတည်း။

* * * * *

# သုကျွန်ဘဝက ဘုန်းတော်ကြီးကျောင်းပညာရေး

ကျွန်တော်တို့ မိဘ၊ ဘိုးဘွားများအပေါ် ကျွန်ပြု အုပ်ချုပ်ခဲ့ကြသူများတွင် ဆာအာသာဖဲရာ (Sir Arthur Fare)သည် တစ်ဦးအပါအဝင်ဖြစ်ခဲ့သော်လည်း သူ့အား ကျွန်တော် လေးစားပါသည်။ အကြောင်းမှာ ဘုန်းတော်ကြီးကျောင်း ပညာရေးနှင့် ပတ်သက်၍ တရားမျှတသောအမြင် ဖြင့် ကြိုးစားဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်ခြင်းကြောင့် ဖြစ်ပါ

သည်။ တစ်နည်းဆိုရသော် ထိုစဉ်ကာလက ဘုန်းတော်ကြီး များ၏ မြန်မာပြည်သူပြည်သားများအပေါ် ဩဇာတိက္ကမ ကြီးမားပုံကို အလေးအနက်ထား၍ အရင်းရှင်တို့ အကျိုးစီးပွား အတွက် ဘုန်းတော်ကြီးများကို ခိုင်းစားချင်သည့်အတွက် ဘုန်းတော်ကြီးကျောင်းပညာရေးကို အားပေးခဲ့ခြင်း ဖြစ်တန်ရာ သည်။

အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းယူခဲ့စဉ်မှစ၍ မြန်မာနိုင်ငံ၏ သမိုင်းအစဉ်အလာ ကောင်းခဲ့သော ဘုန်းတော်ကြီးကျောင်းပညာရေးမှာ မှေးမှိန်စပြုခဲ့သည်ဟု ဆိုရပါမည်။ သို့ရာတွင် ခရစ်နှစ် ၁၈၆၄ ခုနှစ်လွန်မှ စတင် ကာ ဘုန်းတော်ကြီးကျောင်းပညာရေးကို အလေးထား အားပေးသင့်ကြောင်းကို ဆာအာသာဖဲရာအနေဖြင့် ရှုမြင်ခဲ့ သည်။ ထိုခေတ်ထိုအခါက ဘုန်းတော်ကြီးကျောင်းများသည် အိမ်ကြိုအိမ်ကြား၌ မရှိကြ၊ ကျေးရွာ၊ ရပ်ကွက်၏အစွန် အလွန်ကျယ်ဝန်းသော ဥယျာဉ်တစ်ခုအတွင်း တင့်တယ် ကောင်းမွန်သော သာသနိကအဆောက်အဦးတို့ဖြင့် လှပ ကြည်နူးဖွယ် တည်ရှိခဲ့ကြသည်။ ကျောင်းထိုင်ပဓာန နာယက ဆရာတော်ကြီးများကလည်း သံဃာ့ဂုဏ်နှင့် ပြည့်စုံကြသော

ပုဂ္ဂိုလ်များဖြစ်၍ ဩဇာတိက္ကမလည်း ကြီးမားကြသည်။ ကျေးရွာ၊ ရပ်ကွက်ရှိလူထုကလည်း မြန်မာမင်းများ လက်ထက် အစဉ်အလာအရ ဘုန်းတော်ကြီးများ၏ သွန်သင် ဆုံးမမှုဖြင့် လိမ္မာယဉ်ကျေးသည့် ရပ်သူရွာသားများ ဖြစ်ကြ ပေသည်။ သံဃာတော်များမဆို ထားဘိ မိမိထက် အသက် အရွယ်ကြီးသူတို့အပေါ် ဂါရဝတရားဖြင့် ဆက်ဆံခဲ့ကြ သည်။ ဆရာတော်တို့ကလည်း တပည့်များကို လိမ္မာ ယဉ်ကျေးသော သားကောင်း၊ သမီးကောင်းများ ဖြစ်လာ အောင် အကျင့်စာရိတ္တကောင်းမွန်သော တိုင်းသူပြည်သား များဖြစ်လာအောင် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲအောင် နေထိုင်ကြစေရန် မပြတ်သွန်သင်ပဲ့ပြင်ဆုံးမ ခဲ့ကြပေသည်။ အဆိုပါ အားသာချက်များအပေါ် အခွင့် ကောင်းယူရန် ဤသို့ သုံးသပ်ညွှန်ကြားခဲ့လေသည်-

(က) မြန်မာနိုင်ငံတွင် တိုင်းရင်းသားဘာသာ မြန်မာ စာပေပညာ သင်ကြားရေးအတွက် ဘုန်းတော် ကြီးကျောင်းများကိုသာလျှင် အားကိုးအားထား ပြုထိုက်သည်။

(ခ) ဘုန်းတော်ကြီးကျောင်းများတွင် ဘုန်းတော်ကြီးများက သင်ကြားပေးသော ဗုဒ္ဓဘာသာ သင်ခန်းစာများအပြင် လောကီရေးရာ သင်ခန်းစာများကိုပါ သင်ကြားပြသပေးရန် ဆရာဘုန်းတော်ကြီးများအား တောင်းပန်လျှောက်ထားသင့်သည်။

(ဂ) ထိုသို့ တောင်းပန်လျှောက်ထားရာတွင် လိမ္မာပါးနပ်စွာ ဉာဏ်အမြော်အမြင်ဖြင့် လျှောက်ထားသင့်သည်။

(ဃ) လောကီပညာနှင့် ပတ်သက်၍လည်းကောင်း အခြားလိုအပ်သော စာအုပ်များကိုလည်းကောင်း ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းသင့်သည်။

(င) လောကီကျောင်း(သို့မဟုတ်) အိမ်ကျောင်းများ ဖွင့်လှစ်သည့်အခါ ဘုန်းတော်ကြီးကျောင်းများ နှင့် အပြိုင်မဖြစ်စေသင့်၊ ဆန့်ကျင်ဘက် ဖြစ်သည် ဟု ယူဆမသွားသင့်ရကား ဘုန်းတော်ကြီး ကျောင်းများကို အင်အားဖြည့်စွက်သောအားဖြင့် သော်လည်းကောင်း၊ အပြိုင်အဆိုင်သော် လည်းကောင်း မဖွင့်သင့်ပါကြောင်း။

မဟာဝန်ရှင်တော်မင်းကြီး ဆာအာသာဖဲရာ အယူအဆဝါဒနှင့်အညီ သုံးသပ်ညွှန်ကြားမှုများအပေါ် အခြေခံ၍ ၁၈၆၄ မှ ၁၉၅၂ ခုနှစ်များအတွင်း ဘုန်းတော်ကြီးကျောင်းများကို အသိအမှတ်ပြုရန်နှင့် အထောက်အပံ့ပေးရန် အမျိုးမျိုးကြိုးစည်းအားထုတ်ခဲ့ကြသည်။ ထိုသို့ ကြိုးစည်းအားထုတ်ကြိုးပမ်းကြလင့်ကစား ရည်မှန်းချက် ပေါက်ရောက်အောင်မြင်ခြင်းမရှိခဲ့ကြောင်း တွေ့ရပေသည်။

အဓိကအားနည်းချက်မှာ ဘုန်းတော်ကြီးကျောင်းပညာရေးကို ကြိုးစားအကောင်အထည်ဖော်နေသည့်တိုင် အစိုးရအသိအမှတ်ပြု(အိမ်ကျောင်း)များကို အာဏာပိုင် အဖွဲ့အစည်းက အထူးအားပေးဆောင်ရွက်ခြင်းကြောင့် ဖြစ်သည်ဟု ယူဆရသည်။

အောက်မြန်မာပြည်၌ ၁၈၆၇ ခုနှစ် ဘုန်းတော်ကြီးကျောင်းပညာရေးအတွက် အသိအမှတ်ပြုထားသည့် အရေအတွက်မှာ (၃၁)ကျောင်းရှိပြီး၊ အထက်မြန်မာပြည်အားစစ်ပြုသိမ်းပိုက်ပြီးနောက် ၁၈၈၆ ခုနှစ်တွင် ဘုန်းတော်ကြီးစာသင်ကျောင်းပေါင်း (၃၉၇၅)ကျောင်းအထိ အသိအမှတ်ပြုခဲ့ကြသည်။ အထက်မြန်မာပြည်တွင်လည်း ၁၈၉၆ ခုနှစ်တွင်

ဘုန်းတော်ကြီး စာသင်ကျောင်း (၁၈၉၈)ကျောင်းအထိ အသိအမှတ်ပြုခဲ့ကြသည်။ သို့ဖြစ်ရာ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်(၂)ရပ်တွင် ဘုန်းတော်ကြီးစာသင်ကျောင်း(၆၈၇၃)ကျောင်းထိ ရှိခဲ့သည်။ ထိုနှစ်နောက်ပိုင်း တွင်မူ တဖြည်းဖြည်း အားလျော့ခဲ့ရာ ၁၉၁၆ ခုနှစ်တွင် အထက်မြန်မာပြည် နှင့် အောက်မြန်မာပြည်(၂)ရပ်ပေါင်းတွင် ဘုန်းတော်ကြီးစာသင်ကျောင်း (၃၀၉၁)ကျောင်းသာ ရှိတော့သည်။ အိမ်ကျောင်းတိုးတက်မှုအခြေအနေကို ကြည့်ပါက ၁၈၆၈ ခုနှစ်တွင် အိမ်ကျောင်းအလျဉ်းမရှိသေးသော်လည်း ၁၉၁၆ ခုနှစ်ထိ ၄၈ နှစ်တာကာလအတွင်း အိမ်ကျောင်းပေါင်း (၃၆၇၀)ကျောင်းအထိ တိုးတက်လာခဲ့လေတော့သည်။ ထိုနှစ်တွင် ဘုန်းတော်ကြီးစာသင်ကျောင်း (၃၀၁၉)ကျောင်းတွင် ကျောင်းသား ၁၀၈၉၄၄ မျှရှိသော် လည်း အိမ်ကျောင်း (၃၆၇၀)ကျောင်းတွင် ကျောင်းသား ပေါင်း ၂၄၁၂၅၀ မျှရှိနေပြီးဖြစ်ရာ လွန်စွာ ကွာခြားသွားပြီ ဖြစ်ကြောင်း သိသာလှပါသည်။ ဘုန်းကြီးစာသင်ကျောင်း တစ်ကျောင်းလျှင် ပျမ်းမျှကျောင်းသား (၃၅)ဦးရှိချိန်တွင် အိမ်ကျောင်း တစ်ကျောင်းလျှင် ပျှမ်းမျှ(၆၅)ဦး ရှိနေချေပြီ။ မည်သည့်

အကြောင်းများကြောင့် မအောင်မမြင်ဖြစ်ခဲ့ရပါ သနည်း။ အာဏာပိုင်အဖွဲ့အစည်းက အိမ်ကျောင်းကို ဘုန်းကြီးကျောင်း ထက် ပိုမိုတရင်းတနှီး အားပေးခြင်းအပြင် စီမံခန့်ခွဲမှုပိုင်းတွင် ရဟန်းသံဃာတော်များ၏ ဝိနည်း သိက္ခာတော်ကို မသိ နားမလည် အလေးမထား၊ ဝိနည်း ဒေသနာနှင့်မညီ၍ ရဟန်းတော်များက သဘောမတူ။ ရဟန်းသံဃာတော်များက ဝိနည်းဒေသနာတော်နှင့် မလျော်ညီ၍ လိုလားသောဆန္ဒ မရှိရကား စီမံကိန်းမအောင်မမြင် ဖြစ်ခဲ့ရတော့သည်။ စီမံခန့်ခွဲသူတို့မှာ ရဟန်းသံဃာတော် တို့၏ ဝိနည်း ဒေသနာတော်ကို နားမလည်သောလူမျိုးခြား၊ ဘာသာခြား အရာရှိကြီးများ၊ ဘုန်းကြီး ကျောင်းပညာရေးကို ဦးဆောင်ခဲ့ သဖြင့် စီမံကိန်းကာလ နှစ်(၅၀)ဝန်းကျင်တွင် ယုတ်လျော့ လာသည်ကို တွေ့ရပါသည်။ ထို့ကြောင့် မြန်မာပြည်အစိုးရ၊ ပညာရေးဌာနသည် တိုင်းရင်းဘာသာ ဘုန်းကြီးကျောင်း ပညာရေးလုပ်ငန်းကို တစ်ဦးတည်း အုပ်ချုပ်ခြင်းကို ၁၉၁၆ ခုနှစ်တွင် ရပ်စဲခဲ့ပြီး အဖွဲ့ဖြင့် အုပ်ချုပ်ခြင်း စနစ်ပေါ်ထွန်း၍ လာပြန်လေသည်။ ၁၉၂၁ ခုနှစ်တွင် ဒေသန္တရကျောင်းအဖွဲ့များ ဖြစ်ပေါ်လာပြန်သဖြင့် အုပ်ချုပ်ရေး ယန္တရား အပြောင်းအလဲ

အကြားတွင် ဘုန်းတော်ကြီး ကျောင်းပညာရေးမှာ တဖြည်းဖြည်း နိမ့်ကျလာခဲ့တော့ သည်။ တစ်ဖက်မှလည်း အိမ်ကျောင်းအရေအတွက်မှာ တိုးပွားလာလေတော့သည်။ ၁၉၃၂ ခုနှစ်တွင် ဘုန်းတော်ကြီး စာသင်ကျောင်း အရေအတွက်မှာ (၉၂၈)ကျောင်းသာရှိတော့ သည်။ ထိုအချိန်ဝယ် အိမ်ကျောင်းအရေအတွက်မှာ (၄၉၆၇)ကျောင်းအထိ တိုးတက်သွားပြီဖြစ်ပါသည်။

**စုံစမ်းရေးအဖွဲ့အစီရင်ခံစာ**

၁၉၃၂ ခုနှစ် နောက်ပိုင်းတွင်လည်း ဘုန်းတော်ကြီး စာသင်ကျောင်း အရေအတွက်မှာ တိုးတက်လာခြင်းမရှိဘဲ၊ ဆုတ်ယုတ်မြဲ ဆုတ်ယုတ်လျက်ရှိရာ ၁၉၄၁ ခုနှစ် မြန်မာပြည် အစိုးရ၊ ပညာရေးဝန်ကြီး ဦးဘရင်လက်ထက်တွင် ဘုန်းတော်ကြီးကျောင်းများ၌ တိုင်းရင်းသားဘာသာ သင်ကြားမှုစုံစမ်းရေးအဖွဲ့ကို ဖွဲ့စည်းစုံစမ်းစေတော့သည်။ ထိုအဖွဲ့၏ အစီရင်ခံစာတွင် ဘုန်းတော်ကြီးစာသင်ကျောင်း များ ယုတ်လျော့သွားရခြင်းနှင့် ပတ်သက်၍ အောက်ပါ အချက်များမှာ အရေးကြီးသော အကြောင်းအချက်များ ဖြစ်ကြောင်း သိရပေသည်-

ဘုန်းတော်ကြီးစာသင်ကျောင်းများကို အသိအမှတ်ပြုရန် ကြိုးဆောင်ခဲ့ကြသော အစိုးရအရာရှိများမှာ ဗုဒ္ဓဘာသာဝင်များမဟုတ်၊ မြန်မာလူမျိုးများမဟုတ်၊ ရဟန်းတော်တို့၏ ဝိနည်းဒေသနာတော်များကို နားမလည်ကြခြင်းကြောင့် ယင်းတို့၏ စီမံချက်များသည် ရဟန်းတော်များလက်ခံနိုင်လောက်သည့် ဝိနည်းဒေသနာတော်နှင့် လျော်ကန်သင့်မြတ်ခြင်းမရှိပေ။
သို့ဖြစ်ရကား ယင်းအရာရှိများအပေါ် ရဟန်းရှင်လူ ပြည်သူအများတို့က ယုံကြည်အားထားခြင်းမရှိ၊ ဗုဒ္ဓသာသနာတော်၏ ကျေးဇူးများရာကို ဆောင်ရွက်ကြမည့်သူများဟု မယူဆကြပေ။
ယင်းအရာရှိများ၏ စီမံမှုများကို ရဟန်းတော်များက မကျေနပ်ကြသဖြင့် မိမိတို့၏ ကျောင်းများကို အသိအမှတ်ပြုရန် မလိုလားကြပေ။
အစိုးရအသိအမှတ်မပြုရသေးသော ဘုန်းတော်ကြီးစာသင်ကျောင်းပေါင်းများစွာရှိနေပြီး

ကျောင်းအားလုံး အသိအမှတ်ပြုကြအောင် မစွမ်းဆောင်နိုင်ကြပေ။

(င) ဝိနည်းတော်နှင့် မလျော်ညီသော စည်းကမ်း ဥပဒေများကို လိုက်နာစီမံဖန်တီးနေကြသည့် ဒေသန္တရကျောင်းအဖွဲ့ဝင် လူကြီးအချို့နှင့် အရာရှိအချို့တို့က စာသင်ကျောင်းကို အုပ်ချုပ်တော်မူကြသော ဘုန်းတော်ကြီးများအပေါ် အမျိုးသားအကျိုး၊ သာသနာအကျိုး၊ မြန်မာ ရိုးရာယဉ်ကျေးမှုကို ထိန်းကျောင်း သွန်သင် ပဲ့ပြင်ဆုံးမ စောင့်ရှောက်မစတော်မူကြသော ဆရာတော်များဖြစ်သည်ဟု ရိုသေလေးစားမှုမပြု "လောကီအလုပ်၊ လူဆရာတို့၏ အလုပ်ကို လခစားများအဖြစ်ဖြင့် မိမိတို့အဖွဲ့များ၏ လက်အောက်တွင် ဝင်ရောက်လုပ်ကိုင်ကြသော သူများဖြစ်သည်" ဟု အထင်မှား၊ သဘောထား မမှန်၊ ပြုမူဆက်ဆံပုံကလည်း မလျော်မကန် ကြပေ။

(စ) ထိုသဘောထားများကြောင့် စာသင်ကျောင်းများကို အသိအမှတ်ပြုပေးနိုင်ဖို့ဝေးစွ။ အသိအမှတ်ပြုခံရပြီး ဘုန်းတော်ကြီးစာသင်ကျောင်းများကလည်း အသိအမှတ်ပြုခြင်းမှ ရပ်စဲအောင်ကြိုးစားခဲ့ကြခြင်းကို မဟန့်တားနိုင်ခဲ့ကြပေ။

(ဆ) ဒေသန္တရကျောင်းအဖွဲ့များတွင် ရန်ပုံငွေမလုံလောက်၍ ကျောင်းသစ်များကို အသိအမှတ်မပြုနိုင်၊ အသိအမှတ်ပြုပြီးကျောင်းများကိုလည်း ရပ်စဲကြရခြင်းကြောင့် ဘုန်းတော်ကြီးစာသင်ကျောင်းများကို အကျိုးမများ၊ ပို၍သာ ထိခိုက်လာပေသည်။

(ဇ) ဘုန်းတော်ကြီးစာသင်ကျောင်းနှင့် အိမ်ကျောင်းတို့ တန်းတူရည်တူထားရန် အချိန်တန်ပြီဟုယူဆကာ ၁၉၂၃ ခုနှစ်တွင် နှစ်ပေါင်း(၅၀)ခန့်ကြာလိုက်နာကျင့်သုံးခဲ့သည့် လိုက်လျောစွာစီမံဖန်တီးရေးဝါဒကို စွန့်လွှတ်ခဲ့ကြသဖြင့် ဘုန်းတော်ကြီးစာသင်ကျောင်းများကဏ္ဍတိုးတက်မှု မတွေ့ရတော့ပေ။ ဆိုလိုသည်မှာ

ကျွန်သက်ရှည်လာသည်နှင့်အမျှ အမျိုးဘာသာ၊ သာသနာအပေါ် အလေးအနက်ထားမှု နည်းပါးလာခြင်းကြောင့် ဖြစ်ပေသည်။

(ဈ) ၁၉၃၆ ခုနှစ်တွင် တိုင်းရင်းသားဘာသာပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေး ပြုပြင်စီမံမှုကော်မတီကလည်း "ဘုန်းတော်ကြီးစာသင်ကျောင်းများကို အားကိုးအားထားပြု၍ ၎င်းတို့ကို အသိအမှတ်အထူးပြုအောင် ကြံဆောင်မှုများကို ရပ်စဲရန် အကြံပြုချက်" ကို ထောက်ခံခဲ့ခြင်းဖြင့် ဘုန်းတော်ကြီးကျောင်းပညာရေး တိုးတက်ရန်အလားအလာ မှေးမှိန်ခဲ့ရပေသည်။

ဖော်ပြခဲ့ပြီးသော ကာလအတွင်းဝယ် အစိုးရအသိအမှတ်ပြုခြင်းကို မခံယူသော ဘုန်းတော်ကြီးသင်စာသင်ကျောင်းများအနေဖြင့် ရှေးမြန်မာမင်းများ၏ လက်ထက်တော်ဝယ် ကျောင်းများ၌ ကျောင်းသားများ၊ စာသင်သံဃာများနှင့် စည်ကားခဲ့ကြသော်လည်း ဗြိတိသျှအစိုးရလက်ထက်တွင် စာသင်သား ကျောင်းသားလူငယ်တို့၏ အရေအတွက်မှာ

များစွာလျော့ပါး ဆုတ်ယုတ်ခဲ့ကြောင်း တွေ့ရပါသည်။ ဤသို့ဖြစ်ရခြင်းအကြောင်းကား အောက်ပါအကြောင်းများကြောင့်ဖြစ်ပေသည်-

(က) ဗြိတိသျှအစိုးရလက်ထက်တွင် မြန်မာစာသက်သက်ကိုသာ တတ်မြောက်သောသူများသည် ရှေးယခင်ကလို ရာထူးဌာနန္တရနှင့် အလုပ်အကိုင်မရနိုင်ကြခြင်းကြောင့် ငွေကြေးတတ်နိုင်သူများသည် မိမိတို့သားသမီးများကို အင်္ဂလိပ်စာသင်ကျောင်းများတွင်သာ ထားကြခြင်း။

(ခ) မြန်မာပြည်တွင်းသို့ ဝင်ရောက်လာကြသူ လူမျိုးခြား၊ ဘာသာခြားတို့နှင့် ယှဉ်ပြိုင်စီးပွားရှာလာရသည့်အတွက် သူတို့နှင့် ယှဉ်ပြိုင်ဆက်ဆံနိုင်မည့် ပညာများကို ပိုမိုလိုလားကြခြင်း။

(ဂ) ထိုပညာများကို သင်ကြားပေးနိုင်မည့် အိမ်ကျောင်းများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခြင်း။

(ဃ) အစိုးရ၏ အသိအမှတ်ပြုခြင်းမခံရသော ဘုန်းကြီးကျောင်းများကလည်း မိမိတို့ကျောင်း

များတွင် ရှေးရိုးအတိုင်းသာ သင်ကြားစေပြီး ခေတ်အလိုက် လိုအပ်သော ပညာများကို သင်ကြားမပေးကြခြင်းနှင့် သင်ကြားပေးရန် ခွင့်မပြုကြခြင်း။

(င) ထိုသို့ သင်ကြားမပေးသဖြင့် အိမ်ကျောင်းမရှိသည့် ကျေးရွာ၊ ရပ်ကွက်များမှ ကလေးများသာ ဘုန်းတော်ကြီးကျောင်းများတွင် စာသင်ကြခြင်း။

(စ) မိဘများ ဆင်းရဲလွန်းလာသည့်အတွက် မိမိတို့ ကလေးမျာကိုပင် အလုပ်ခိုင်းစားနေကြရသဖြင့် ဘုန်းကြီးကျောင်းများသို့ ပို့လွှတ်မထားနိုင်ကြ တော့ခြင်း။

**အခလွတ်ပညာရေးအတွက်အထောက်အကူ**

ထိုစဉ်ကာလ မြန်မာပြည်၏ နိုင်ငံရေးအခြေအနေ မှာလည်း ရှုပ်ထွေးလျက်ရှိသည်။ ကမ္ဘာအနှံ့အပြား စစ်ရိပ် စစ်ငွေ့များလည်း ပေါ်ထွက်လျက်ရှိနေရာ နိုင်ငံအုပ်ချုပ်ရေး အက်ဥပဒေနှင့် နည်းစနစ်ပြောင်းလွဲရေး အခွင့်အလမ်းများ ပိုမိုလာသော အမျိုးသားအစိုးရအဖွဲ့သည် "မြန်မာနိုင်ငံတော် မူလတန်းပညာမသင်မနေရ၊ အခလွတ်လည်း သင်ရအောင်

ဆောလျှင်နိုင်သမျှ သဘောထားပြီး ဖြစ်ပါကြောင်း။ ဗုဒ္ဓ ဘာသာ ရဟန်းသံဃာတော်တို့မှာ ဦးရေအင်အားရှိခြင်း မရေ တွက်နိုင်လောက်အောင် များပြားလှသော ကျောင်း အဆောက်အဦးများရှိခြင်း၊ ပညာသင်ကျောင်းသားအရွယ် ဆင်းရဲသောကလေးသူငယ်တို့အား ခိုကိုးရာဌာနအဖြစ်ဖြင့် စာရေးသောက်ရေးတို့ကိုလည်း ပေးစွမ်းနိုင်ခြင်းများကြောင့် မြန်မာပြည်တွင် မူလတန်းပညာကို အနှံ့အပြား အခမဲ့မ သင်မနေရဖြစ်အောင် ပြုလုပ်ရေးစီမံချက်၏ အောင်မြင် ကြောင်းအလို့ငှာ၊ အဖိုးအနဂ္ဃထိုက်တန်သော အကူအညီ ဖြစ်နိုင်သည်ဟု အစိုးရမင်းတို့ ယုံကြည်မျှော်ကိုးသဖြင့် မြန်မာ အမျိုးသားစာပေပညာ ပြန့်ပွားထွန်းကားစိမ့်သောငှာ၊ ရဟန်း သံဃာတော်တို့၏စွမ်းအား ဥဿုံပေါင်းဆုံ ဆောင်ရွက်ခြင်း ကို ခံယူရရှိရန်တည်းဟူသော ထပ်ဆင့်ဝါဒအရလည်း မြန်မာပြည်အစိုးရမင်းတို့က ဆောင်ရွက်ကြတော့မည် ဖြစ်ကြောင်းကို ၁၉၄၁ ခုနှစ်အတွင်း ပြဋ္ဌာန်းကြေညာခဲ့သည်။ ထိုကြေညာချက်အရ ဘုန်းတော်ကြီးကျောင်းပညာရေးမှာ အမျိုးဘာသာ၊ သာသနာအတွက် အားတက်ဖွယ်ဖြစ်ရ ပြန်ပေသည်။ သို့ဖြစ်ရာ ၁၉၄၁ ခုနှစ်အတွင်းမှာပင်

ဘုန်းတော်ကြီးကျောင်းပညာရေး အစဉ်အလာကောင်းများ ပြန်လည်ပေါ်ထွန်းစေခြင်းငှာ နည်းလမ်းရှာရန်ရည်ရွယ် လျက် ဩဝါဒါစရိယဆရာတော်များ အဖွဲ့တစ်ဖွဲ့၊ လူပုဂ္ဂိုလ် ကော်မတီတစ်ခု ခန့်ထားစုံစမ်းစေခဲ့ပြန်ပါသည်။ ခဲလေသမျှ သဲရေကျဆိုသည့်အလား ယင်းဩဝါဒါစရိယဆရာတော်များ ၏ ဩဝါဒကထာနှင့် ကော်မတီ၏ အစီရင်ခံစာကို ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလတွင် တင်သွင်းနိုင်ခဲ့သော်လည်း ဒုတိယ ကမ္ဘာစစ်၏ ကြီးမားပြင်းထန်စွာ ရိုက်ခတ်လာသည့်ဒဏ် ကြောင့် ဘုန်းတော်ကြီးကျောင်းပညာရေးစီမံကိန်းကြီးမှာ အကောင်အထည်ဖော်နိုင်ရန် အခွင့်အလမ်း ဆုံးရှုံးခဲ့ရပေ တော့သည်။

အဆိုပါ ဩဝါဒကထာနှင့် အစီရင်ခံစာ၏ လိုရင်း ဖြစ်သော "ကလေးသူငယ်များ၏ အကျင့်စာရိတ္တကောင်းမွန် စေနိုင်ရေးနှင့် အခွင့်အရေးမဲ့ ကလေးသူငယ်ဟူ၍ မရှိစေဘဲ နိုင်ငံတော်အစိုးရတွင် ကုန်ကျစရိတ်နည်းပါးစွာဖြင့် အရွယ် ရောက်သော ကလေးသူငယ်တိုင်း ပညာသင်ကြားနိုင်ခွင့် ရရှိ ရေးအတွက် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေး စနစ်သာ ကြီးစွာသော အထောက်အကူဖြစ်နိုင်ကြောင်း" ကို

အစီရင်ခံထားသည့်တိုင် ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်တွင်မှ ကော်မတီတစ်ရပ် ဖွဲ့စည်းစုံစမ်းစေခဲ့ပြန်ပါသည်။ ထိုကော်မတီက ၁၉၄၆ ခုနှစ်၊ ဇူလိုင်လ (၃၁)ရက်တွင် အစီရင်ခံစာကို အစိုးရထံ တင်သွင်းနိုင်ခဲ့သည်။ ယင်းအစီရင်ခံစာတွင်လည်း အခမဲ့မူလတန်း ပညာမသင်မနေရစနစ်ကို ဆောင်ရွက်ရာတွင် ဘုန်းတော်ကြီးကျောင်းများသည် ကြီးမားသော အထောက်အပံ့ဖြစ်သဖြင့် ထိုဘုန်းတော်ကြီးကျောင်းများကို အားကိုးအားထားပြုလျက် ဆောင်ရွက်သင့်ကြောင်း ထည့်သွင်းဖော်ပြခဲ့ပေသည်။ ထို့ပြင် ဘုန်းတော်ကြီးကျောင်းများကို အမျိုးသားပညာရေးစနစ်အတွင်း ထည့်သွင်းရန်ကြိုးပမ်းမှု များ မအောင်မြင်သေးသော်လည်း မြန်မာပြည်မူလတန်း ပညာရေးသမိုင်းတွင် ဆုံးခန်းတိုင်ရောက်နေသော ကိစ္စတစ်ခုဟု မမှတ်ယူသင့်ကြောင်းလည်း ပါရှိလေသည်။

မည်သို့ပင်ဖြစ်စေ သူ့ကျွန်ဘဝက ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရသည့် ကြမ်းတမ်းသော ခရောင်းတောကို ဖြတ်သန်းခဲ့ပြီး အနိမ့်အမြင့် အတက်အကျ ကွာခြားချက်ကြီးမားလှသော်လည်း မြန်မာလူမျိုးတို့၏

မျိုးချစ်စိတ်ဓာတ်နှင့်အတူ ယဉ်ကျေးမှုအရာတွင် လည်းကောင်း၊ ဓလေ့ထုံးစံတွင်လည်းကောင်း၊ ဗုဒ္ဓဘာသာ ကိုးကွယ်ဆည်းကပ်မှုတွင်လည်းကောင်း၊ ခွဲခြားမရအောင် ရှင်သန်လာခဲ့သဖြင့် မူလတန်းပညာ မသင်မနေရစနစ် ထူထောင်ရာတွင် ထိုဘုန်းတော်ကြီးကျောင်းများကို လျစ်လျူရှု ထား၍မရပေ။ မြန်မာ့ယဉ်ကျေးမှု၏ ရေသောက်မြစ်သဖွယ် ဖြစ်နေရကား မူလတန်းပညာမသင်မနေရစနစ်နှင့် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများ မလွဲမသွေ ဂဟေဆက်နေရဦးမည်သာဖြစ်သည်ကို သမိုင်းမှတ်တမ်း များက မီးအလင်း ပြခဲ့ပါကြောင်း တင်ပြလိုက်ရပါသည်။

* * * * *

# လွတ်လပ်ရေးကြိုးပမ်းမှုကာလက ဘုန်းတော်ကြီးကျောင်းပညာရေး(၁)

ရှေးမြန်မာမင်းများလက်ထက်တွင် ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်မှာ မြန်မာနိုင်ငံ၏ အဓိကပညာရေးဖြစ်ပြီး၊ ယင်းဘုန်းတော်ကြီးကျောင်းပညာရေးကြောင့် ကလေးသူငယ်များ အရေး၊ အဖတ်၊ အတွက် တတ်မြောက်ခဲ့ကြသည့်အပြင် ဘုန်းတော်ကြီးများ၏ ဆုံးမဩဝါဒကြောင့် လိမ္မာယဉ်ကျေးပြီး အကျင့်စာရိတ္တကောင်းမွန်သော နိုင်ငံသားများဖြစ်ခဲ့ကြသည်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက် ပညာရေးကိစ္စတွင် ငွေကုန်မခံလိုသော ဗြိတိသျှတို့သည် ဘုန်းတော်ကြီးကျောင်းများကို အနည်းငယ်မျှ ပံ့ပိုးပေးခြင်းဖြင့်

တိုးတက်ကောင်းမွန်သော ယင်းတို့လိုလားသည့် ပုံစံတကျ ပညာရေးစနစ်ဖြစ်လာရန် ကြိုးပမ်းခဲ့သည်။ သို့ရာတွင် မြန်မာပြည်အကြောင်းနှင့် မြန်မာလူမျိုးများအကြောင်း ကောင်းစွာသိရှိနားလည်သူတို့က ယခုကဲ့သို့ စဉ်းစား အကောင်အထည်ဖော်ခဲ့သော်လည်း၊ ကျွန်သက်ရှည်လာ သည်နှင့်အမျှ ဗြိတိသျှတို့အတွက် မည်သည့်နည်းနှင့် အမြတ် ရရ၊ ရသည့်နည်းဖြင့် အမြတ်ထုတ်သည့် အရင်းရှင်စနစ်မှာ ပီပီပြင်ပြင်ပေါ်လာခဲ့ပြီး မြန်မာပြည်သူတို့အကြောင်း ကောင်းစွာ မသိဘဲ ဘုန်းတော်ကြီးကျောင်းများနှင့်အပြိုင် လောကဓာတ် ကျောင်းများကို အားပေးဖြစ်ထွန်းစေခဲ့သည်။ ထိုအခါ ဘုန်းတော်ကြီးပညာရေးစနစ်မှာ ခေတ်မမီဖြစ်ခဲ့ရသည်။ သို့တိုင်အောင် ဘုန်းတော်ကြီးကျောင်းပညာရေးမှာ လုံးဝ ပျောက်ကွယ်ခြင်းမရှိဘဲ မြန်မာပြည်သူတို့၏ စာပေပညာ လေ့လာဆည်းပူးရာ ပင်မဌာနများ ဖြစ်မြဲဖြစ်လျက် ရှိခဲ့သည် သာတည်း။ ဗြိတိသျှတို့က အရှေ့တိုင်းသားမြန်မာတို့အပေါ် အနောက်အမြင်ဖြင့် ကြည့်ရှုသုံးသပ်သည်။ အရှေ့တိုင်း ယဉ်ကျေးမှုကို အနောက်တိုင်းယဉ်ကျေးမှုနှင့် တိုင်းဆသည်။ သို့ဖြစ်ရာ အရှေ့နှင့် အနောက် အံဝင်ခွင်ကျမဖြစ်ခဲ့ပေ။ ဗြိတိသျှတို့က ဘုန်းတော်ကြီးကျောင်းပညာရေးအရ

တပည့်များ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်စေခြင်း၊ လူလိမ္မာများဖြစ်စေခြင်း၊ ယဉ်ကျေးသိမ်မွေ့သော လူ့ဘောင် အသိုင်းအဝန်းဖြစ်ထွန်းလာအောင် ပညာပေးခြင်း စသော အကျိုးများရရှိသည်မှန်သော်လည်း ပြောင်းလဲတိုးတက်နေသော ကမ္ဘာကြီးနှင့် လိုက်လျောညီထွေရှိစေမည့် ပညာရေးစနစ်သစ် အမှန်ပင်လိုအပ်သည်ဟု မြင်ပေသည်။ လက်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သင်ကြားပေးသော သင်ရိုးမှာ စာပေသက်သက် သဘောဖြစ်နေခြင်းကြောင့် ပြုပြင်ပြောင်းလဲရန် လိုအပ်နေသည်ဟုလည်း ယူဆပြန်သည်။ ထို့ကြောင့် (၁) ဥရောပတိုက်သားများသာ ပညာသင်ယူနေသော ဥရောပကျောင်း၊ (၂) ခရစ်ယာန်သာသနာပြုတို့ ဦးစီးသော အနောက်တိုင်းကျောင်း၊ (၃) တိုင်းရင်းသားဘာသာကို မဏ္ဍိုင်ထား၍ သာသနာပြုရန်နှင့် ပညာသင်ကြားရန် တည်ထောင်သော တိုင်းရင်းသားကျောင်းနှင့် (၄) ဗုဒ္ဓဘာသာကို အခြေခံလျက် ပညာဖြန့်ဖြူးရာ ဒေသခံ ဘုန်းတော်ကြီးကျောင်း ဟူ၍လေးမျိုးလေးစား ကွဲပြားစွာ ဖြစ်ထွန်းလာတော့သည်။

**ဘဝအာမခံချက်ရှိပါစ**

အစောပိုင်းကာလများက အထက်ဖော်ပြပါ ကျောင်းအမျိုးအစား လေးမျိုးခွဲခြား သတ်မှတ်ခဲ့သော်လည်း နောင်

ပေါ်လွင်ထင်ရှားလာသော ကျောင်းအမျိုးအစားများ မှာမူ ပညာရေးသုတေသီများ၏ တင်ပြချက်အရ သုံးမျိုး သုံးစားသာ တင်ပြခဲ့ကြသည်။ ယင်းသုံးမျိုးသုံးစားမှာ ဗြိတိသျှ ပညာရေး စနစ်အရ ပေါ်ထွန်းလာခဲ့သော အင်္ဂလိပ်စာသင် ကျောင်းများ၊ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာသင်ကျောင်း များနှင့် မြန်မာစာ သက်သက်သင်သော ကျောင်းများပင် ဖြစ်တော့သည်။ ထိုသုံးမျိုး အနက် အင်္ဂလိပ်စာသင်ကျောင်းနှင့် အင်္ဂလိပ်=မြန်မာ နှစ် ဘာသာကျောင်းများမှာ ပို၍ ကျော်ကြား လူကြိုက်များလာပြီး မြန်မာစာသက်သက် သင်သော ဘုန်းတော်ကြီးကျောင်းများ မှာ တဖြည်းဖြည်း နည်းပါးလာလေသည်။ အကြောင်းမှာ အင်္ဂလိပ်ကျောင်းထွက်နှင့် အင်္ဂလိပ်-မြန်မာကျောင်းထွက်တို့မှာ ဗြိတိသျှအစိုးရ၏အလုပ်ကို လွယ်လင့်တကူရနိုင်ပြီး၊ ဘုန်းတော်ကြီးကျောင်းထွက်များမှာမူ လွယ်လင့်တကူ အလုပ် မရ၊ ဘဝအာမခံချက်မရှိခြင်းကြောင့်ဖြစ်သည်။ ထို့အပြင် ဗြိတိသျှတို့၏ ပညာရေးမူဝါဒကို လက်တွေ့အကောင် အထည်ဖော်ခဲ့သည့်စနစ်မှာလည်း အစိုးရက လုံးဝတာဝန် မယူသည့် အထောက်အပံ့ပေးရုံမျှသာဖြစ်ရကား ဘုန်းတော် ကြီးစာသင်ကျောင်းများနှင့် အလွတ်ပညာသင်ကျောင်းများမှာ တိုင်းရင်းသားဘာသာ မြန်မာစာသင်ကျောင်းများအဖြစ်သို့

ရောက်ရှိသွားခဲ့ပြီး၊ သာသနာပြုကျောင်းများမှာမူ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာသင်ကျောင်းများ ဖြစ်သွားတော့ သည်။ ထိုအထောက်အပံ့စနစ်သည် အစိုးရက ငွေကုန်ကျမှု နည်းနည်းဖြင့် အကျိုးများများရနိုင်သော နည်းလမ်းဖြစ်သဖြင့် ဗြိတိသျှတို့၏ သဘောထားအမြင်မှာ မြန်မာတို့၏ အလုပ်၊ အစိုးရက ပြည်သူတို့တည်ထောင်သော ကျောင်းများကို ထောက်ပံ့ပေးရုံသာဖြစ်သည်။ နမူနာစံပြ ကျောင်းအနည်း ငယ်မျှ တည်ထောင်ပေးမည်။ အကယ်၍ ပြည်သူတို့ တည်ထောင်သော ကျောင်းမရှိမှသာ ထိုအရပ်ဒေသ၌ အစိုးရက ကျောင်းဖွင့်ပေးမည်ဟူသော သဘောထားပင် ဖြစ်သည်။ ဗြိတိသျှတို့က ဘုန်းတော်ကြီးကျောင်းများကို ယင်းတို့အလိုကျ မှတ်ပုံတင်လာစေရန် နည်းမျိုးစုံသိမ်းသွင်း လုပ်ဆောင်ခဲ့သည့်တိုင် အောင်မြင်မှုမရှိခဲ့ပေ။ ဘုန်းတော်ကြီး ကျောင်းပညာရေးကို ဘာသာ၊ ယဉ်ကျေးမှုအခြေခံသည့် ပညာရေးမှ လူမှုဆက်ဆံရေးအခြေခံသည့် ပညာရေးအဖြစ် သို့ ပြောင်းလဲရန် ကြိုးစားခဲ့ခြင်းဖြစ်သဖြင့် အစဉ်အလာ ကြီးမားခဲ့ပြီးသော ရဟန်းသံဃာတော်တို့၏ အမျိုးဘာသာ၊ သာသနာချစ်စိတ်ကို ဗြိတိသျှတို့ လုံးဝဥဿုံ မလွှမ်းခြုံ မပြောင်းလဲနိုင်ခဲ့ပေ။ ထို့ကြောင့် လောကီပညာသင်

ဘုန်းတော်ကြီးကျောင်းများ တိုးပွားသင့်သလောက် မတိုးပွားခဲ့ချေ။ ဗြိတိသျှအစိုးရက မှတ်ပုံတင်ထားသည့် ဘုန်းတော်ကြီးကျောင်းများကသာ လောကီပညာကို ယေဘုယျအားဖြင့် လက်ခံသင်ကြားပေးလေသည်။ ထိုသို့ လောကီပညာကို သင်သည်ဖြစ်စေ၊ လောကုတ္တရာစာပေကို သင်သည်ဖြစ်စေ ဘုန်းတော်ကြီးကျောင်းများကမူ သာသနာကို ပြည်သူအများကြည်ညိုတတ်ကြစေရန်နှင့် အကျင့်စာရိတ္တကောင်းမွန်ကြစေရန် ရည်ရွယ်ချက် မပျက်မယွင်းရှိခဲ့သည်မှန်သော်လည်း ရဟန်းသံဃာတော်များအား ဘုန်းတော်ကြီးကျောင်းများတွင် လက်ခံသင်ကြားရန်မှာမူ အဟန့်အတားရှိခဲ့ပေသည်။ ထိုအားနည်းချက်ကြောင့်လည်း မိန်းကလေးများ ပညာသင်ကြားခွင့်ရရှိစေရန်အလို့ငှာ လောကီပညာသင် လောကစာတတ်ကျောင်းများ ပေါ်ထွန်းလာရပေသည်။

**ထေရဝါဒမူ**

လောကုတ္တရာစာပေကို ရှေးနှစ်ပေါင်း ၂၅၀၀ ကျော်မှ စ၍ သင်ကြားသော နည်းနာနိသျှမှာ ရဟန်းတော်အနေဖြင့် စွဲမြဲယုံကြည်မှုသဒ္ဓါတရားကြောင့် သွေဖည်ပြောင်းလဲသော နည်းစနစ်ကို လက်ခံရန် ခက်ခဲမည်မှာ ဓမ္မတာဖြစ်ပါသည်။ သို့ရာတွင် လောကီပညာကိုပါ သင်ပေးနေသော ဘုန်းတော်

ကြီးကျောင်းများအတွက် ဆရာဖြစ်သင် သင်တန်းဆင်းပြီး (ဆရာ)များကို အစိုးရလခစားအဖြစ် ခန့်အပ်သင်ကြားစေခဲ့ကြသည်။ အမျိုးသမီးဆရာမများကို ခန့်အပ်ခဲ့သည့် အထောက်အထားမတွေ့ရပေ။ ဆရာအခက်အခဲကို ဖြေရှင်းနိုင်စေရန်အတွက် သင်တန်းဆင်းပြီးဆရာများကို နယ်လှည့်ဆရာများ နယ်လှည့်သင်ကြားစေသည်။ အမျိုးသမီးများကို အစားထိုးခန့်အပ်ခြင်းမရှိခဲ့သည်မှာ သံဃာတော်များ၏ ဝိနည်းတော်ကို လေးစားသောအားဖြင့်သာ ဖြစ်တန်ရာပါသည်။ သာသနာတော်ကို ဆရာနှင့်ဒါယကာ လက်တွဲညီညာစောင့်ရှောက်ခဲ့ကြသည့် သဘောပင်ဖြစ်ပေသည်။

လောကီပညာသင်ကြားပေးရန် ဆရာလိုအပ်သည်ဟူသော အားနည်းချက်ကို ဖြည့်ဆည်းပေးရန်အတွက် ၁၉၂၁ ခုနှစ်တွင် ရဟန်းငယ်များအတွက် ဆရာဖြစ် သင်တန်းများကို မန္တလေးဦးဝိမလကျောင်းနှင့် မော်လမြိုင် ဦးမွန်နိန္ဒိကျောင်းတို့တွင် စတင်ဖွင့်လှစ်ခဲ့ရာ လောကီဘွဲ့ရ ဆရာတစ်ဦး ပါဝင်သင်ကြားပေးခဲ့သည်ဟု သိရပေသည်။ ရေရှည်မတည်မြဲ ခဲ့ပါပေ။

* * * * *

# လွတ်လပ်ရေးကြိုးပမ်းမှုကာလက ဘုန်းတော်ကြီးကျောင်းပညာရေး(၂)

## မြန်မာအမျိုးသားအစိုးရ၏ကြိုးပမ်းမှု

ဤသို့သော အခြေနေအရပ်ရပ်ကြောင့် ဗြိတိသျှအစိုးရလက်ထက် (၁၉၂၄ မှ ၁၉၃၁)တွင် မြန်မာပြည်၌ ပညာရေးတွင် ၄-တန်းကုန်ဆုံးအောင် မနေလိုက်ရဘဲ ကျောင်းသားဘဝ စွန့်လွှတ်ခဲ့ရသည့် ရာနှုန်းမှာ ၈၇% အထိ ရှိနေပေသည်။ ထိုသို့ ပညာရေးအဟောသိကံ ဖြစ်ခဲ့ရသည့် အခြေအနေကြောင့် ၁၉၃၅ ခုနှစ်မှစ၍ မြန်မာပြည်တွင် မူလတန်းပညာ မသင်မနေရစနစ်ကို တည်ထောင်ရန် ကြိုးပမ်းခဲ့လေသည်။

၁၉၄၀ ပြည့်နှစ်တွင်မူ မူလတန်း ဘုန်းတော်ကြီးကျောင်းများ အပြင် အခြားဘုန်းတော်ကြီး ကျောင်းများကိုလည်း အစိုးရ၏ ပညာရေးစနစ်အတွင်း ထည့်သွင်းရေးနှင့် မြို့ရွာအနှံ့ အပြားတွင် ဘုန်းတော်ကြီး ကျောင်းများ ရှိနှင့်ပြီးဖြစ်သည့် အခြေအနေကို အလေးအနက်ထား စဉ်းစားကြရတော့သည်။ အလေးအနက်ထား စဉ်းစားရခြင်း၏ အဓိကအချက်မှာ ပညာသင်စရိတ် သက်သာမည့်ကိစ္စကြောင့်ပင် ဖြစ်သည်။ ထို့ပြင် ဗြိတိသျှတို့၏ စေတနာမမှန်သော သဘောထား၊ ရဟန်းတော်များနှင့် မလျော်ကန်သော နည်းစနစ်၊ ဝိနည်းတော်နှင့်မညီသော လုပ်ရပ်များ၊ ဗုဒ္ဓဘာသာ ရဟန်းတော် များကို အစိုးရနှင့် ဒေသန္တရအဖွဲ့များ၏ အစေခံ၊ အခစားအခြေအနေ ရောက်စေသည့်အမိန့်၊ ညွှန်ကြားချက် များ၊ ရဟန်းတော်များအပေါ် မှန်ကန်သော အမြင်မရှိခြင်း တို့ကြောင့် အောင်မြင်မှုမရှိခဲ့ကြောင်းတို့ကို ဗုဒ္ဓဘာသာ ဘုန်းကြီး ကျောင်းများနှင့် အမျိုးသားပညာရေး စုံစမ်းရေး ကော်မတီက သုံးသပ်တင်ပြခဲ့သည်။ ပညာရေးကဏ္ဍတွင်မူ ဘုန်းတော်ကြီး ကျောင်းများနှင့် လူကျောင်းများသည် သင်ရိုးသင်တန်းနှင့် စာမေးပွဲ တစ်မျိုးတည်းဖြစ်ရမည့်အပြင်

အခြားလုပ်ငန်းဆောင်တာများတွင်လည်း တာဝန်ယူသင့်ကြောင်း၊ ဘုန်းတော်ကြီး ကျောင်းများ၏ သင်ရိုးသင်တန်းများမှာ အသိအမှတ်ပြု တိုင်းရင်းသား ဘာသာကျောင်းများ၏ သင်ရိုးသင်တန်းထက် အောက်ကျနောက်ကျမဖြစ်သင့်ကြောင်း၊ မူလတန်း ပညာ မသင်မနေရစနစ်နှင့်ဘုန်းတော်ကြီးကျောင်းများသည် မလွဲ မသွေ တနည်းနည်းဖြင့်ဂဟေဆက်နေရမည်ဖြစ်ကြောင်း အမျိုးသား ပညာရေးကော်မတီက ဝေဖန်ခဲ့သည်။ မြန်မာ အမျိုးသား အစိုးရကလည်း အခြေအနေအရပ်ရပ်ကိုသိရှိပြီး မြန်မာအမျိုးသားပညာ ကြီးပွားရေးအတွက် သံဃာတော် များ၏ အကူအညီကိုခံယူရမည့်စနစ်ကိုလည်း အတည်ပြုကြောင်း အလေးဂရုပြုဝေဖန်ခဲ့သည်။ သို့ဖြစ်ရာ တိုင်းရင်းသားဘာသာနှင့် အသက်မွေးဝမ်းကျောင်းပညာသစ်ကို ထူထောင်ရေးကော်မတီကအောက်ပါအတိုင်း အကြံပြုခဲ့ကြောင်း သတိပြုဖွယ်တွေ့ရပါသည် -

(က) သင့်တင့်လျော်ကန်သော စိတ်နေစိတ်ထားနှင့်မှန်ကန်သော နည်းစနစ်တို့ကိုအသုံးပြု၍ မူလတန်းပညာတိုးတက်ကြီးပွားရေးတွင် ဗုဒ္ဓဘာသာရဟန်း

တော်များ၏ အကူအညီအများဆုံးရအောင် ကြိုးစားရန်၊

(ခ) ဘုန်းတော်ကြီးကျောင်းများသည် အသိအမှတ်ပြု လူကျောင်းများနှင့် ပညာသင်ကြားရေး အဆင့် အတန်းတူ၍ အမျိုးသားရေးနယ်အတွင်း လွယ်ကူ စွာပါဝင်ဆောင်ရွက်နိုင်ရန် ဘုန်းတော်ကြီးကျောင်း များနှင့် သက်ဆိုင်သော အုပ်ချုပ်ရေးစနစ်နှင့် စည်း ကမ်းချက်များကို သင့်လျော်အောင် ပြင်ဆင်ရန်၊

(ဂ) (မူလတန်းပညာ) မသင်မနေရစနစ် အတည်ပြုထား သော ဒေသများအတွင်းရှိ အစိုးရအသိအမှတ်မပြု သောကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသားများသည် စာရေး၊ စာဖတ်၊ အတွက် တို့တွင် ပညာရေးဌာနက သတ်မှတ်ထားသော အဆင့်အတန်းမီအောင် သင်ကြားခွင့် ရှိနေလျှင် ထိုကျောင်းသားများကို ဆိုင်ရာက အက်ဥပဒေမှ ကင်းလွတ်ချက်ပေးထားရန်၊

သို့ရာတွင် ဘုန်းတော်ကြီးကျောင်းပညာရေးနှင့် ပတ်သက်၍ ဗြိတိသျှတို့ မည်သို့ပင် ကြိုးပမ်းမြှင့်တင်လင့် ကစား ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ(၈)ရက်နေ့တွင် ဝင်ရိုးတန်း

နိုင်ငံတစ်ခုဖြစ်သော ဂျပန်နိုင်ငံက မဟာမိတ်နိုင်ငံများ ဖြစ်သည့် အမေရိကန်၊ ဗြိတိန်တို့ကို စစ်ကြေညာလိုက်သည့် အချိန်မှစ၍ မြန်မာနိုင်ငံ၏ ဘုန်းတော်ကြီးကျောင်းပညာရေး ကဏ္ဍမှာလည်း လကွယ်နေ့ည သန်းခေါင်ယံအချိန်တွင် မိုးမှောင်ကျသွားသည့်အလား အပယ်နှင့်အတား ဖြစ်ခဲ့ရလေသည်။ ဗြိတိသျှခေတ်-မြန်မာအမျိုးသားအစိုးရ၏ မူဝါဒ သဘောထားကြောင့် ညအမှောင်တွင် လျှပ်စီးဝင်းလက် သွားခဲ့သလို တစ်ခဏမျှ အလင်းတန်းသည်လည်း ပျောက်ကွယ်ခဲ့ရပြီ။ ထိုအလင်းတန်းများအစား လက်နက်ကြီး၊ လက်နက်ငယ်၊ အမြောက်ဆံ၊ ဗုံးဆံတို့၏ ပေါက်ကွဲမှုဖြင့် ငရဲပြည်မှ မရဏအပူမီးများသာ အကြီးအကျယ် တောက်လောင်ခဲ့ပေတော့သည်။

## စိတ်တူကိုယ်တူ-ရဟန်းနှင့်ပြည်သူ

အခြေအနေ မည်သို့ပင် ရှုပ်ထွေးလင့်ကစား၊ မြန်မာတို့၏ လွတ်လပ်ရေးအတွက် နိုးကြား၊ လှုပ်ရှားလာသည့် စစ်ကြိုကာလ ဘုန်းတော်ကြီးကျောင်းပညာရေးမှာ ကြိုးစားကြသည့်တိုင် မျှော်မှန်းသလောက် ခရီးမပေါက်သည်မှာ မငြင်းသာ။ မြို့နေ လူတန်းစားများက အစိုးရလခစား လုပ်ကိုင်လိုကြသဖြင့် ခေတ်စာပေများဖြင့် တိုးတက်မှုရှိလာသည်ဟု

ဆိုနိုင်သော်လည်း၊ မြန်မာ ပြည်၏ အများစုဖြစ်သော တောနေလူတန်းစား အလွှာ အသီးသီးနှင့် မြို့နေဆင်းရဲသား အလုပ်သမားများတို့မှာမူ ဘုန်းတော်ကြီးကျောင်းများက သင်ကြားပေးသည့် အရေး၊ အဖတ်၊ အတွက် စသည့် ပညာနှင့် မြတ်ဗုဒ္ဓ၏ အဆုံးအမ အောက်တွင် လိမ္မာယဉ်ကျေးကြသူများ အဖြစ်ဖြင့်သာ ရောင့်ရဲနေခဲ့ကြရပေသည်။ စင်စစ် စစ်ကြို ကာလအတွင်းနှင့် စစ်အတွင်းကာလတွင် အခြေအနေမှာ ရှုပ်ထွေးနေလင့်ကစား မြန်မာများအတွက် ဗုဒ္ဓဘာသာ ရဟန်းသံဃာများက ရိုးရာယဉ်ကျေးမှုအမွေ ထိန်းသိမ်း ပေးနေကြခြင်းကိုမူ မည်သူတစ်ဦး တစ်ယောက်ကမျှ မငြင်း သာပေ။

ခေတ်အခြေအနေကလည်း ဂျပန်တို့၏ ဖိအားပေးမှုဖြင့် ဗြိတိသျှတို့ စစ်ပြေးဘဝရောက်သည့်အခါ မြန်မာနိုင်ငံ၏ ပညာရေးနှင့် ပတ်သက်ပြီး လှည့်၍ပင် မကြည့်နိုင်ပေ။ ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီတွင် ရန်ကုန်တက္ကသိုလ် (Rangoon University) ကို ရပ်ဆိုင်းခဲ့ရသည်အထိ ဖြစ်ခဲ့သည်။ ဂျပန် တို့ကလည်း မြန်မာတို့၏ ဘုန်းတော်ကြီးကျောင်းပညာရေးကို အားပေးရန်မဆိုထားဘိ စစ်ရေးအရ ဂျပန်တို့ကို အထောက်

အကူမပြုသော မည်သည့်လုပ်ငန်းရပ်မဆို အားပေးခြင်း မပြုခဲ့ပေ။ ဂျပန်တို့၏ ပညာရေးအမြင်မှာ "ပညာရေးတွင် အစိုးရအဖွဲ့သည် အင်္ဂလိပ်နှင့် အမေရိကန်ကြောက်သော စိတ်ကို နည်းမျိုးစုံဖြင့်ပယ်ဖျက်၊ အရှေ့အာရှကြီးပွားရေး စိတ်ဓာတ်ကိုသွင်း၊ ဂျပန်စကားကို အများဆုံးအသုံးပြု၊ အင်္ဂလိပ်စာအားမပေး၊ စစ်လက်နက်ပစ္စည်း ထုတ်လုပ်ရာ တွင် အထောက်အကူပြုမည့် စက်မှုလက်မှုအရပ်ရပ်ကို စိတ်ဝင်စားအောင် ဆောင်ရွက်ပေးရန်" ပင် ဖြစ်ပေသည်။

ဂျပန်ခေတ် မြန်မာနိုင်ငံမှာ သဲထိတ်ရင်ဖိုဖြင့်သာ အချိန်ကုန်ခဲ့ကြရသော ခေတ်ဆိုးခေတ်ပျက်ဖြစ်သည်နှင့် အညီ ကျွန်ုပ်တို့၏ ဘုန်းတော်ကြီးကျောင်းပညာရေး မှာလည်း မည်သို့မျှ အောင်မြင်ဖြစ်ထွန်းလာနိုင်ခြင်း မရှိခဲ့သည်မှာ ယုံမှားသံသယဖြစ်ရန် မလိုတော့ပါပေ။ ဘုန်းတော်ကြီးကျောင်းပညာ သင်ကြားရေးကို ပြန်လည် အကောင်အထည်ဖော်ရန်ဝေးစွ၊ အားပေးရန်ပင် ဂျပန်တို့ စဉ်းစားချိန်မရဟု ယူဆရပါသည်။ သို့စေကာမူ မြန်မာဗုဒ္ဓ ဘာသာတို့၏ ဓလေ့နှင့်အညီ ရွာဦးကျောင်းမှ ခေါင်းလောင်း သံကိုမူ အချိန်မှန်မှန် ကြားနေရဆဲဖြစ်ပေရာ ဗုဒ္ဓသာသနာ

အဆုံးအမအောက်မှ မြန်မာတို့အတွက် ဘုန်းတော်ကြီး ကျောင်းပညာရေးမှာ လုံးဝဥဿုံပျက်သုဉ်းခဲ့ပြီဟုကား မဆိုသာ ပါချေ။

ဂျပန်များ စစ်ရှုံး၍ မြန်မာနိုင်ငံမှ ထွက်ခွာသွားသောအခါ အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်မည်ဖြစ်ကြောင်း ၁၉၄၄ ခု၊ ဇန်နဝါရီလ (၁)ရက် နေ့တွင် အရှေ့တောင်အာရှစစ်ဌာနချုပ်က ကြေညာခဲ့သည်။ စစ်ပြေးဗြိတိသျှတို့ အိန္ဒိယ ဆင်းမလားမြို့ စစ်ပြေးအစိုးရ ဘဝမှ မြန်မာနိုင်ငံ၌ စစ်အစိုးရအဖြစ် အုပ်ချုပ်ကြပြန်သည်။ ထိုစဉ် ဗြိတိသျှတို့က ဆင်းမလားစီမံကိန်းရေးဆွဲ၍ မြန်မာ နိုင်ငံ၏ အနာဂတ်အရေးအတွက် ဆောင်ရွက်ရန် (Blue Print for Burma) ဖြင့် မူဝါဒထုတ်ပြန်ခဲ့ရာ "မြန်မာနိုင်ငံ ကိုယ်ပိုင် အုပ်ချုပ်ရေးကိစ္စ" ကို ထည့်သွင်းစဉ်းစားသင့်ကြောင်း ဖော်ပြခဲ့သော်လည်း၊ မြန်မာနိုင်ငံ၏ လွတ်လပ်ရေး အတွက် တိုက်ပွဲဝင်ရန် အသင့်ဖြစ်နေသော မြန်မာတို့၏ နိုးကြား တက်ကြွမှုတို့ကြောင့် Blue Print ခေါ် စက္ကူပြာ စာတမ်းမှာ အသက်ပင်မသွင်းရသေးမီ စက္ကူဖြူစာတမ်းကို ၁၉၄၅ ခုနှစ်၊ မေလ(၁၇)ရက်တွင် ဗြိတိသျှတို့ ထုတ်ပြန် ခဲ့ကြရသည်။ ဇွန်လတွင် ဒေါ်မန်စမစ် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ရာ

မြန်မာခေါင်းဆောင်တို့က စစ်အုပ်ချုပ်ရေးကို ရပ်ဆိုင်းရန်၊ ဂိုဏ်းပေါင်းစုံယာယီအစိုးရဖွဲ့ရန်နှင့် တစ်နှစ်တာ ကာလအတွင်း ရွေးကောက်ပွဲကျင်းပရန် တောင်းဆိုခဲ့ကြ သည်။ ထိုအချိန်မှ စ၍ လွတ်လပ်ရေးတိုက်ပွဲ ပြင်းထန်လာခဲ့ရာ ဘုန်းတော်ကြီး ကျောင်းပညာရေးမှာ အသားပေးရမည့် ကဏ္ဍမဟုတ်တော့ ရကား ကောင်းမွန်တိုးတက်သော ပညာရေးစနစ် မဖြစ်သေး သည်နှင့်အညီ ရေစုံတွင်မျှော၍ လိုက်ခဲ့ရတော့သည်။ အဘယ်ကြောင့်ဆိုသော် ထိုခေတ် ကာလတွင် လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလ လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေး သည် အဓိကဖြစ်၍ ဘုန်းတော်ကြီး ကျောင်းပညာရေးမှာ တိုင်းပြည်ခေါင်းဆောင်တို့ အချိန်ပေး စဉ်းစားခဲ့ကြရမည့် ကိစ္စမဟုတ်ခဲ့သည်မှာ အပြစ်မဆိုသာ ပါချေ။ ထိုကာလ ဘုန်းတော်ကြီးကျောင်းပညာရေး တိုးတက် ဖွံ့ဖြိုးမှု မရှိနိုင်ခဲ့သော်လည်း လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နောက်ပိုင်း လွတ်လပ်ရေး ခေတ်ဦး အတွက်ကိုမူ ကြိုတင်ပြင်ဆင်မှုကာလဖြစ်မည်ဟု သုံးသပ် ရမည်ဖြစ်ပါကြောင်း။

* * * * *

# မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ဘုန်းတော်ကြီးကျောင်းပညာရေး

သူ့ကျွန်ဘဝက ဘုန်းတော်ကြီးကျောင်းပညာရေး ခရီးလမ်းကြမ်းတမ်းခဲ့ပုံ၊ ဖက်ဆစ်တို့အုပ်ချုပ်သော အခိုက် အတန့် မြန်မာတို့၏ ဘုန်းတော်ကြီးကျောင်းပညာရေးမှာ လစ်လျူရှုခံခဲ့ရပုံနှင့် သမိုင်း၏ လိုအပ်ချက်အရ ထီးသုဉ်း၊ နန်းသုဉ်းဖြစ်ခဲ့ရသော မြန်မာတို့အတွက် အချုပ်အခြာ

အာဏာကို ပြန်ရအောင် ကြိုးပမ်းကြရမည်ဖြစ်လေရာ လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ ဦးစားပေးထားကာ ကျားကုတ် ကျားခဲ သဲသဲမဲမဲ စွမ်းစွမ်းတမံ အားထုတ်တိုက်ပွဲဝင်ရသော လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင်လည်း ဘုန်းတော်ကြီး ကျောင်းပညာရေးမှာ အလေးပေးဆွေးနွေးကြဲဆောင်နိုင်ခြင်း မပြုကြရပေ။ သို့ရာတွင် လွတ်လပ်ရေးရပြီးလျှင်ဖြင့် မိမိတို့၏ အမျိုးဘာသာ သာသနာကို အဓွန့်ရှည်စွာ ထိန်းသိမ်း စောင့်ရှောက်ကြရမည့် မူလတာဝန်ကို ထမ်းဆောင်နိုင်ကြ စေရန် ရည်သန်လျက် ဘုန်းတော်ကြီးကျောင်းပညာရေး အတွက် ကြိုတင်မှန်းဆ ပြင်ဆင်ထားရှိခဲ့ကြသည်ဟု ဆိုရမည်ဖြစ်ပါသည်။

မည်မျှပင် မှန်းဆမျှော်လင့်ခဲ့ကြသော်လည်း ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ (၄)ရက်နေ့တွင် လွတ်လပ်ရေးရပြီးသည်နှင့် ဖွားဖက်တော်အဖြစ် ပြည်တွင်းသောင်းကျန်းမှုများက တဖွားဖွားပေါ်ခဲ့ရပြန်သည်။ ပြည်တွင်းဆူပူ သောင်းကျန်းမှု များကို ရင်ဆိုင်နေရသော ဖဆပလအစိုးရအနေဖြင့် လွတ်လပ်ရေးရပြီး ၂-နှစ်ခန့်ကြာမှသာ ပညာရေးမူဝါဒ

ချမှတ်အကောင်အထည်ဖော်နိုင်ခဲ့ပေသည်။ ထိုသို့ အကောင်အထည်ဖော်သည့် ပညာရေးမူဝါဒတွင် အဓိကအားဖြင့် စမ်းသပ်ကာလ ပညာရေးစနစ်ကို ဗဟိုမှ ကွပ်ကဲအုပ်ချုပ်ရန်၊ အထောက်အပံ့စနစ်ကိုဖျက်၍ အစိုးရကျောင်းများသာ ထားရှိရန်၊ မူလတန်းပညာရေးကို မသင်မနေရ မူလတန်းပညာရေးအဖြစ် စမ်းသပ်တီထွင်ရန် ကျောင်းများကို မူလတန်း၊ အလယ်တန်း၊ အထက်တန်း စသည်ဖြင့် အဆင့်ခွဲရန်၊ ကျောင်းများတွင် အသက်မွေးဝမ်းကျောင်း ပညာရေးနှင့် စက်မှုလက်မှုပညာရေးတို့ကို သင်ကြားခွင့်ရကြ စေရန်တို့အပြင် မြန်မာဘာသာကို သင်ကြားမှုကြားခိုင်အဖြစ် သတ်မှတ်ရေးတို့ ပါဝင်ကြောင်း သိရပေသည်။ ထိုမူဝါဒများကို အကောင်အထည် ဖော်ကြရာတွင် ယူနက်စကိုအဖွဲ့က ပညာရေးပါရဂူသုံးဦး ပါဝင်လေ့လာခဲ့ကြသည့်အပြင် ၁၉၅၁ ခုနှစ်၊ မေလတွင် အစီရင်ခံစာတင်သွင်းနိုင်ခဲ့ကြောင်း တွေ့ရပေသည်။ ထိုအစီရင်ခံစာနှင့် ဆက်စပ်လျက် မြန်မာအစိုးရ သည် ၁၉၅၁ ခုနှစ် အင်္ဂလန်၊ အမေရိကန်၊ မက္ကဆီကို၊ ကနေဒါ၊ ပါကစ္စတန်နိုင်ငံများသို့ ပညာမင်းကြီး(ဦးကောင်း) ခေါင်းဆောင်သော ၆-ဦးပါအဖွဲ့ သွားရောက်လေ့လာ စေခဲ့သည့်အပြင် ပြန်လည်

ရောက်ရှိလာသောအခါ ၂၁-ဦးပါ အဖွဲ့ဖြင့် ပညာရေး ပြန်လည်ဖွဲ့စည်းမှု ကော်မတီကိုဖွဲ့၍ ပြည်တော်သာ ပညာရေး စီမံကိန်းတစ်ရပ်ရေးဆွဲရန် တာဝန် ပေးခဲ့ပြန်သည်။

ထိုပြည်တော်သာ ပညာရေးစီမံကိန်းတွင် ဘုန်းတော်ကြီး ကျောင်းပညာရေးစနစ်နှင့် ပတ်သက်ပြီး ဟန်ချက်ညီသော အခြေခံမှုများ ပါဝင်ကြောင်း တွေ့ရပေသည်။ စီမံကိန်း၏ အခြေခံမှုတစ်ခုဖြစ်သော ပြည်ထောင်စုသားမှန်သမျှ အနည်း ဆုံး အရေး၊ အဖတ်နားလည်သူများဖြစ်လာစေရန် ဟူသော အချက်ကပင် ဘုန်းတော်ကြီးကျောင်းပညာရေး၏ အရေး ပါမှုကို ပေါ်လွင်စေသည်။ ထို့အပြင် မြန်မာနိုင်ငံတော်၏ ရှေ့ရေးအတွက် မှန်းဆကာ ပြည်ထောင်စုအတွင်း၌ ဒီမိုကရေစီ ဝါဒ တည်တံ့ခိုင်မြဲစေရန်လည်း မူဝါဒ ထားရှိခဲ့ပေသည်။ ထိုမူဝါဒများကိုအခြေခံလျက် သင်ရိုးများ၊ ကျောင်းသုံး စာအုပ်များ၊ ဆရာဖြစ်သင်ကျောင်းများ၊ မူလတန်း ကျောင်းများ၊ အလယ်တန်းကျောင်းများ၊ အထက်တန်း ကျောင်းများ တိုးချဲ့ ဖွင့်လှစ်ခဲ့ကြောင်း တွေ့ရပေသည်။

**မုန်တိုင်းစဲခဲ့သော်လည်း**

ဗုဒ္ဓသာသနာအဆုံးအမကို အခြေခံကာ ဖြစ်ထွန်း

ပေါ်ပေါက်လာခဲ့သော ဘုန်းတော်ကြီးကျောင်းပညာရေး သည် သံဃာတော်များနှင့် တပည့်ဒါယကာ ဒါယိကာမ များတို့ ဆရာဒါယကာ လက်တွဲညီညီ ဆောင်ရွက်လျှင် အကျိုးများရကား လွတ်လပ်ရေးရပြီးကာလတွင် အားကြိုး မာန်တက် ကြိုးစားခဲ့ကြသည့်အလျောက် တိုးတက်လာသည် ကိုတွေ့ရပေသည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်အစိုးရ ဖြစ်သည်နှင့်အညီ ကျေးလက်တောရွာနှင့် မြို့စွန်ဒေသ များတွင် လူငယ်ကလေးတို့၏ မူလတန်းပညာရေးကို ဘုန်းတော်ကြီးကျောင်းများက ဖြည့်ဆည်းပေးနိုင်ခဲ့ပေသည်။ နိုင်ငံတော်အစိုးရကလည်း စာအုပ်စာတမ်းများ လှူဒါန်းမှု၊ သင်ရိုးသင်နည်းများ ညှိနှိုင်းလျှောက်ထားမှုများကို သံဃာတော်များကလည်း နိုင်ငံအကျိုးအတွက် လိုလား လက်ခံလာကြပေသည်။ ထို့ကြောင့် လွတ်လပ်ရေးရပြီး ခေတ်ဦးအစိုးရ၏ ပညာရေးမူဝါဒလမ်းညွှန်မှုများအား ဘုန်းတော်ကြီးကျောင်းများက လိုက်နာကြကာ လူထု ပညာရေးလှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်လျက် ကုသိုလ် ယူခဲ့ကြတော့သည်။ ထိုအခါ ဘုန်းတော်ကြီးကျောင်းပညာ ရေးမှာလည်း ပိုမိုပီပြင်လာခြင်းကြောင့် သမရိုးကျ

လောကုတ္တရာစာပေသက်သက်သာမက ခေတ်မီ သင်ရိုးမာတိကာအတိုင်း ပညာဖြန့်ဖြူးပေးသည့် နေရာဌာနများအဖြစ် ရပ်တည်လာနိုင်ခဲ့ကြသည်။ သံဃာတော်များလက်ကိုင်ထား၍ သင်ကြားပေးသော မြန်မာစာသတ်ညွှန်းကျမ်း၊ ရတနာ့ဂုဏ်ရည်၊ ကိုယ်ကျင့်အဘိဓမ္မာ၊ ဗုဒ္ဓဝင်၊ ကျောင်းတွင်းဒီမိုကရေစီ၊ ဆရာများ အကြံပေးလက်စွဲ၊ ကစားနည်းညွှန့်ပေါင်း၊ ခေတ်သစ်မြန်မာစာသင်နည်း၊ မြန်မာ့စွယ်စုံကျမ်း၊ ကလေးကဗျာအစရှိသော စာပေဗဟုသုတစုံလင်လှသည့်အပြင် ကမ္ဘာ့ရေးရာအဖြာဖြာစာအုပ်များ၊ အထွေထွေသိပ္ပံ သင်ပြနည်းများပါမကျန် ကမ္ဘာ့အကြောင်းသိကောင်းစရာများ ပထဝီသင်ခန်းစာများလည်းပါရှိရာ ခေတ်မီတိုးတက်သောပညာရေးဟု ဆိုနိုင်ပေတော့သည်။ အမေရိကသတိပြုမိသည်မှာ ပညာသင်စာအုပ်များမှာ အစိုးရမူလတန်းကျောင်းများတွင် ပြဋ္ဌာန်းထားသောစာအုပ်များနှင့် တစ်ထပ်တည်း တူညီနေကြကြောင်း တွေ့ရပါသည်။ ဆရာအတတ်သင် နှီးနှောဖလှယ်ပွဲများလည်း အခါမလပ် ကျင်းပပေးခြင်းကြောင့် ဘုန်းတော်ကြီးကျောင်းပညာရေး၏ သင်ကြားမှုစနစ်မှာ ခေတ်နောက်သို့ မကျန်ခဲ့ဟု ဆိုရမည်

ဖြစ်ပါသည်။ ဘုန်းတော်ကြီးကျောင်းသားများမှာ အစိုးရစစ် စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုရသည့်အားလျော်စွာ ဘုန်းတော်ကြီးကျောင်းနှင့် အစိုးရကျောင်းများ တပြေးညီ ဖြစ်ရန် ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည်ကိုလည်း တွေ့နိုင်ပေသည်။ ပညာရည်အဆင့်အတန်းအားဖြင့်မူ ဘုန်းတော်ကြီးကျောင်း ပညာရေးက မူလတန်းအဆင့်ထိ တာဝန်ယူ သင်ကြားပေးခဲ့ ကြလေသည်။ ထို့ကြောင့် ကျောင်းသားသူငယ်လေးများမှာ အမျိုးဘာသာ သာသနာရေးရာတွင် အခြေခံခိုင်ခိုင်ဖြင့် ဗုဒ္ဓ သာသနာအပေါ် လေးစားလိုက်နာခဲ့ကြသည်။ သို့ရာတွင် ကျောင်းများတွင် သင်ကြားကြရာ၌ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း မဖြစ်စေရန် လွှတ်တော်ချုပ် တရားဝန်ကြီး ဦးဆောင်လျှက် ဆရာတော်ကြီးများပါဝင်သော ဗုဒ္ဓဘာသာသင်ခန်းစာ ပြုစုရေးအဖွဲ့ကို စနစ်တကျဖွဲ့စည်း ဆောင်ရွက်ခဲ့ကြသည်။ သင်ခန်းစာပြုစုရာ၌ အဓိက ပုဂ္ဂိုလ်မှာ အရှင်ဇနကာဘိဝံသဖြစ်ပေသည်။ ဆရာတော်က ကလေးသူငယ်များ နားလည်လွယ်သော မြန်မာစကားပြေ ဖြင့် ရေးသားပြုစုခဲ့ရာ ဖော်ပြလတ္တံ့ပါ ကလေးကဗျာမှာ များစွာထိရောက်ခဲ့ပေသည်-

"သရဏဂုံ လုံခြုံကြလို့၊
ငါးပါးသီလ မြဲပါစေ၊
နံနက်တိုင်းမှာ ဆွမ်းရေပန်းနှင့်
ညချမ်းဆီမီး ကပ်ပါလေ။
မိဘဆရာ ရိုသေကြ၍၊
ဆုံးမသမျှ နားဝင်စေ၊
ချစ်သူ့အဆွေ စိတ်နေကောင်းမှ၊
ပေါင်းကြ သင်းကြ ရင်းကြလေ"

မည်မျှ ထိထိမိမိရှိလှပါသနည်း။ ယနေ့လူငယ်များကိုပင် နားဝင်စေပါလိမ့်မည်။

* * * * *

## လူထုပညာရေးကောင်စီဖွဲ့စည်းပြီး

ထိုလွတ်လပ်ရေးရပြီး ခေတ်ဦးကာလ ဘုန်းတော်ကြီးကျောင်းပညာရေးမှာ လူထုပညာရေးလုပ်ငန်းရပ်များ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထင်ထင်ပေါ်ပေါ် ရပ်တည်လာနိုင်ခဲ့သည်။ လူထုပညာရေးလုပ်ငန်း တွင်ကျယ်ထိရောက်မှုမှာ ဘုန်းတော်ကြီးကျောင်းပညာရေးပေါ်၌ အခြေခံခဲ့သည်ဟု ဆိုနိုင်ပါသည်။ နိုင်ငံတော်အစိုးရ၏ ဆရာ-ဒါယကာညီညာစွာ လက်တွဲအကောင်အထည်ဖော်မှုကမူ အဓိကအရေးပါလှပါသည်။ အစိုးရကလည်း ၁၉၄၉ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီး(ဦးထွန်းဖေ) ဦးဆောင်သည့် လူထုပညာရေး

ကောင်စီကို ပထမဆုံးဖွဲ့စည်းပေးကာ ထိရောက်စွာ ဆောင်ရွက်စေခဲ့သည်။ ထို့နောက် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် လူမှုဝန်ထမ်းဌာန ဝန်ကြီး(ဦးဘစော) ဦးဆောင်သည့် ကော်မတီအဖွဲ့သစ်ဖြင့် ဒုတိယအကြိမ် ပြန်လည်ဖွဲ့စည်းသော လူထုပညာရေးကောင်စီဖြင့် စနစ်တကျ တိုးချဲ့ဆောင်ရွက်စေခဲ့ပြန်သည်။ မူလက ကောင်စီ၏ သက်တမ်းကို ၅-နှစ် သတ်မှတ်ခဲ့သော်လည်း ၁၉၅၃ ခုနှစ်မှစ၍ ကာလအပိုင်းအခြားမရှိ ပြင်ဆင်သတ်မှတ်ခဲ့ကြောင်း တွေ့ရပေသည်။ ဘုန်းတော်ကြီးကျောင်းပညာရေးကို ကြီးကြပ်ပေးနေသည့် လူထုပညာရေးကောင်စီ၏ ရည်ရွယ်ချက်များမှာ ပညာဗဟုသုတကြွယ်ဝရန်၊ ကျန်းမာကြံ့ခိုင်ရန်၊ သက်မွေးမှုအလုပ်အကိုင်များအကြောင်း သိနားလည်ရန်၊ စည်းကမ်းသေဝပ်မှုကို နားလည်ရန်တို့အပြင် စုပေါင်းနေထိုင်ကြရာတွင် “အများ၏ချမ်းသာမှုကို ရှေးရှု၍ ဆောင်ရွက်လိုသောဆန္ဒဖြင့်” ရပ်ရွာကို တိုးတက်စေလိုသော ပရဟိတ ဝန်ထမ်းစိတ်ဓာတ်များ မွေးမြူရန်တို့ပါဝင်ရာ တိုင်းပြည်အတွက် လူကောင်းလူတော်များ မွေးထုတ်ပေးရန် အလားအလာကောင်းများ ဖြစ်ခဲ့ပေသည်။ ထိုလူထုပညာရေး

ကောင်စီ၏ အုပ်ချုပ်ရေးဌာနခွဲများအနက် ဘုန်းတော်ကြီးကျောင်းပညာရေးမှာ ဌာနခွဲတစ်ခုထား၍ အုပ်ချုပ် ခဲ့ကြလေသည်။ မြို့နယ်များ၌လည်း လူထုပညာရေးမှူးများ ပေါ်ပေါက်လာအောင် ၁၉၄၉ ခုနှစ်၊ အောက်တိုဘာလတွင် ကျေးလက်လူမှုဝန်ထမ်း လုပ်ငန်းအတတ်သင် သင်တန်းကို စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ ထိုသင်တန်းတွင် လူထုပညာရေး သဘောတရား၊ ဝန်ထမ်းလုပ်ငန်း၊ သက်ကြီးပညာရေး၊ ကျန်းမာရေးနှင့် ကျေးရွာသန့်ရှင်းရေး၊ ကျေးရွာထူထောင်ရေး၊ ကမ္ဘာ့သမိုင်းနှင့် ကမ္ဘာ့ရေးရာ၊ မြန်မာမှု၊ ဒီမိုကရေစီ၊ အစိုးရ ဌာနများအကြောင်း စသည်ဖြင့် နိုင်ငံအကျိုးပြု ဘာသာရပ်များ ပါဝင်ကြောင်း သိရပေသည်။

လွတ်လပ်ရေးကြီးရပြီးစ မြန်မာနိုင်ငံ၏ ဖဆပလအစိုးရလက်ထက် ၁၉၅၂-၅၆ ခုနှစ်၊ ပထမပညာရေး လေးနှစ်စီမံကိန်းတွင် ပညာရေးမူ(၅)ချက်အနက် ပထမဖြစ်သော "ပြည်ထောင်စုသားမှန်သမျှ အရေးအဖတ်အတွက် နားလည်သူများ ဖြစ်လာစေရန်" ဟူသောမူကို အကောင်အထည်ဖော်ရာ၌ မသင်မနေရ မူလတန်းပညာရေးကို အခြေခံထားကြောင်း သိသာပေသည်။ ထိုသို့ မသင်မနေရ မူလတန်း

ပညာရေးကို အခြေခံထားသည့်အပြင် ဘုန်းတော်ကြီး ကျောင်းပညာရေးနှင့်ပါ ဆက်စပ်ထင်ဟပ်ဆောင်ရွက်ရန် အတွက် မြန်မာထုံးတမ်းစဉ်လာ၊ မြန်မာ့ယဉ်ကျေးမှု တိုးတက် တည်မြဲ ခိုင်ခံ့စေရန် တိုးချဲ့မှုလမ်းစဉ်အရ ပြည်ထောင်စု မူလတန်းပညာရေးစနစ်ကို ဖြစ်နိုင်သမျှ ဘုန်းတော်ကြီး ကျောင်းများနှင့်ဟပ်ပြီး အခြေခံတည်ဆောက်ရန် ရည်ရွယ် ပါကြောင်းကို ဖဆပလအဖွဲ့ချုပ်တွင် ဆွေးနွေးခဲ့ကြကြောင်း သိရပေသည်။ ထိုဆွေးနွေးစီစဉ်မှုများအရ ၁၉၅၂ ခုနှစ် ပြည်တော်သာညီလာခံကြီးတွင် ဘုန်းတော်ကြီးကျောင်းပညာရေး စီမံကိန်းအရ ထိုနှစ်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၅၀၀၀ ဖွင့်ရန် စီစဉ်ခဲ့ကြောင်း သိရသည့်အပြင် ထိုစဉ်က ပညာရေးဝန်ကြီးဖြစ်သူကလည်း အောက်တိုဘာ ၁၀ ရက်နေ့ တွင် နိုင်ငံတစ်ဝန်းရှိ သံဃာတော်အရှင်သူမြတ်များအား သတင်းစာများမှလည်းကောင်း၊ ရေဒီယိုမှလည်းကောင်း၊ ခြေတော်ဦးခိုက်လျှောက်ထားခြင်း၊ ရပ်မိရပ်ဖများအား မေတ္တာ ရပ်ခံခြင်း၊ သံဃာ့အဖွဲ့ချုပ်ကြီးမှတဆင့် လူထု ပညာရေးမှူး များက ဘုန်းတော်ကြီးသင်ပညာရေးကျောင်း စာရင်း ကောက်ယူခြင်းများ စတင်ခဲ့ပေသည်။ ဝန်ကြီး၏ လျှောက်

ထားချက်တွင် တစ်နှစ်တာကာလအတွင်း အရေး အဖတ် အတွက် သင်ကြားပေးမည့် ဘုန်းတော်ကြီးကျောင်း ပေါင်း ၅၀၀၀ မျှ ရရှိအောင် ပန်ကြားအသနားခံပါကြောင်း၊ တစ်ကျောင်းလျှင် ကျောင်းသား ၄၀ သင်ကြားခွင့်ရပါက၊ တစ်နှစ်တာကာလတွင် ကျောင်းပေါင်း ၅၀၀၀ တွင် ကျောင်းသားပေါင်း ၂၀၀၀၀ မျှ စာသင်ကြားခွင့် ရမည်ဖြစ်ပါ ကြောင်း၊ အနည်းဆုံး ကျောင်းသား ၂၀ မျှစီ လက်ခံသင်ကြား ပေးနေသော ကျောင်းများသို့ စာရေးကိရိယာများ ထောက်ပံ့ လှူဒါန်းသွားမည်ဖြစ်ပါကြောင်း၊ အသက် ၁၁-နှစ်ပြည့်ပြီး ကျောင်းသားများကို အရေးအဖတ်အတွက် စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး အောင်မြင်ပါက နိုင်ငံတော် စက်မှုလက်မှုကျောင်းနှင့် လယ်ယာစိုက်ပျိုးရေးအတတ်သင် ကျောင်းများသို့ ဆက်လက်ပညာသင်ကြားခွင့်ရရှိမည် ဖြစ်ပါ ကြောင်း၊ ဤနည်းဖြင့် ကျေးရွာတိုင်းရှိ စာသင်အရွယ်ကလေး သူငယ်များ အနည်းဆုံး အရေးအဖတ်အတွက်ကို တတ်ကြ ပြီး လောကကြောင်း၊ ဓမ္မကြောင်းနှင့် အသက်အားလျော်စွာ အသိဉာဏ်အလျောက်ဆည်းပူးခွင့် ပေးတော်မူကြစေလိုပါ ကြောင်းများ ပါရှိခဲ့သည်။

ရှေးမြန်မာမင်းများ လက်ထက်တွင် ဘုန်းတော်ကြီးကျောင်းပညာရေး ထွန်းကားခဲ့သည်မှာ ကိုယ့်မင်းကိုယ်ချင်း၊ ကိုယ့်ဘာသာ ကိုယ့်သာသနာဖြစ်ခဲ့ခြင်းမှာ အဓိက အကြောင်းရင်းဖြစ်သော်လည်း သူ့ကျွန်ဘဝတွင် ဆန့်ကျင်ဘက် သဘောများ ဖြစ်ထွန်းခဲ့ရလေသည်။

အုပ်စိုးသူက ဗြိတိသျှ၊ အုပ်ချုပ်ခံပြည်သူမှာ မြန်မာများ၊ အုပ်ချုပ်သူက အခြားဘာသာ၊ အုပ်ချုပ်ခံပြည်သူက ဗုဒ္ဓဘာသာကိုးကွယ်ကြသူများ ခြားနားလှပေရာ ဘုန်းတော်ကြီးကျောင်းပညာရေးမှာ မှေးမှိန်ခဲ့လေသည်။ ထိုအဖြစ်ကို သင်ခန်းစာယူ၍ ကိုယ့်နိုင်ငံ၊ ကိုယ့်အစိုးရ ဖြစ်ချိန်တွင် ကိုယ့်ဘာသာ သာသနာအတွက် ဘုန်းတော်ကြီးကျောင်း ပညာရေးစီမံကိန်းကို စနစ်တကျ မူချလျက် ဆောင်ရွက်ခဲ့ပေသည်။ ထိုသို့ဆောင်ရွက်ရာတွင် အဓိက ဆောင်ရွက်ခဲ့သည့် အချက် ၃-ချက် တွေ့ရပေသည်။ ယင်းတို့မှာ-

(၁) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတစ်ကျောင်းသည် သာမန်အားဖြင့် အစိုးရကျောင်းမရှိသော ကျေးရွာတွင်ရှိပြီး၊ ကျောင်းသားကျောင်းသူ ၂၀ ထက်မနည်း လက်ခံသင်ကြားလျက်ရှိသည့် ကျောင်းများကို

ကျောင်းအုပ် ဘုန်းတော်ကြီး၏ ဆန္ဒနှင့်အညီ လူထု ပညာရေးကောင်စီ၏ မှတ်ပုံတင် စာရင်းဝင်ကျောင်း အဖြစ် မှတ်ပုံတင်ရန်။

(၂) ကျောင်းအုပ်ဘုန်းတော်ကြီးအတွက် ဆရာကိုင် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများ၊ ပရိဘောဂများကို လည်းကောင်း၊ ကျောင်းသား ကျောင်းသူများအတွက် အတန်းအသီးသီးအလိုက် စာအုပ်များနှင့် စာရေးကိရိယာများကို အခမဲ့ကပ် လှူခြင်း၊ ဝေငှခြင်းများပြုလုပ်ရန်။

(၃)မှတ်ပုံတင်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ မှတပည့်များသည် နိုင်ငံတော်အစိုးရပညာရေးဌာန၏ စာစစ်ဘုတ်အဖွဲ့များမှ ဒေသအလိုက် ကျင်းပသည့် စတုတ္ထတန်း စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုခွင့်ရ အောင် စီစဉ်ထားရှိရန်တို့ ဖြစ်ပေသည်။

ထို့ကြောင့် လူထုပညာရေးကောင်စီသည် ဘုန်းတော်ကြီး သင်ပညာရေးကျောင်းစာရင်း ကောက်ယူမှတ်ပုံတင်ခြင်း၊ ပညာရေးဆိုင်ရာ ပစ္စည်းပရိဘောဂများ၊ စာအုပ်များ ထောက်ပံ့လှူဒါန်းခြင်းနှင့် ကလေးသူငယ်တပည့်များ၏ ပညာသင်ကြားတတ်မြောက်ရေး အခြေအနေအရပ်ရပ်ကို

အဖက်ဖက်မှ ကူညီခြင်းတို့ကို အဆင့်ဆင့် ဆောင်ရွက်ခဲ့ကြလေသည်။ လက်တွေ့စာရင်းကောက်ယူရာတွင် အစိုးရကျောင်းမရှိသော ဒေသရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို လူထုပညာရေးကောင်စီ၏ (၁)စာရင်းဝင် မှတ်ပုံတင်ကျောင်းဟု မှတ်ပုံတင်ပြီး၊ အခြေအနေအရ အစိုးရကျောင်းရှိပြီး ဒေသတွင်ရှိသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို လူထုပညာရေးကောင်စီ၏ (၃)စာရင်းဝင် မှတ်ပုံတင်ကျောင်းဟုခွဲခြားကာ မှတ်ပုံတင်ခဲ့ကြလေသည်။ ထို့အပြင် ပရဟိတသံဃာ့အဖွဲ့ဝင်ကျောင်းများကိုလည်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနည်းတူ စာအုပ် များ၊ စာရေး ကိရိယာများ ကပ်လှူကာ အသိအမှတ်ပြု ဆောင်ရွက်ပေးခဲ့ကြောင်း တွေ့ရပေသည်။ သို့ရာတွင် မူလလျာထားချက်ဖြစ်သော ၁၉၅၂-၅၃ ခုနှစ်တွင် ကျောင်းပေါင်း ၅၀၀၀ သတ်မှတ်ပြီးနောက် ၅-နှစ်မြောက် ဖြစ်သော ၁၉၅၆-၅၇ ခုနှစ်အထိ စုစုပေါင်း ၄၂၃၉ ကျောင်းထိသာ မှတ်ပုံတင်နိုင်ခဲ့ ပေသည်။ ထိုသို့ဖြစ်ရခြင်းမှာ ပြည်တွင်းသောင်းကျန်းမှုဒဏ်ကြောင့်ဖြစ်ကြောင်း သုံးသပ်ရပေသည်။

* * * * *

## ပြည်တွင်းငြိမ်းချမ်းရေးသည်အဓိက

လူထုပညာရေးကောင်စီ၏ လုပ်ငန်းစဉ်အဆင့်ဆင့် အတိုင်း လိုက်နာဆောင်ရွက် အကောင်အထည်ဖော်ကြ ရာတွင် ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်သည်ဟုကား မဆိုသာပါချေ။ အဓိကအားဖြင့် လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံတွင် ပြည်တွင်းသောင်းကျန်းမှုများ၊ ပြည်တွင်းရေး မငြိမ်မသက်မှုများက လမ်းပန်းဆက်သွယ်မှုတွင် အကန့် အသတ် အချုပ်အချယ် ဖြစ်ခဲ့ပါသည်။ အစိုးရအနေဖြင့် လည်း ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေးအတွက် စိတ်သွားတိုင်းကိုယ်မပါ ဖြစ်ခဲ့ရချေသည်။ မည်သို့ပင်ဆိုစေ ဘုန်းတော်ကြီးများသည် မိမိတို့ကျောင်းတွင် ရောက်ရှိလာကြ

သော ကလေးသူငယ်တို့အား မိမိတို့ ကျွမ်းကျင်လိမ္မာသော အရေး၊ အဖတ်၊ အတွက်တို့ကို မိမိတို့နည်း၊ မိမိတို့ဟန်ဖြင့် အရှိန်အဟုန်မပျက် ဆက်လက်သင်ကြားခဲ့ကြပေသည်။ အထူးအားဖြင့် ဘာသာရေးရာဗဟုသုတများ၊ ဗုဒ္ဓအဆုံးအမများ၊ စာရိတ္တရေးရာဆုံးမစာများကိုမူ လူငယ်တို့၏ ရှေ့ရေးအတွက် မပျက်မကွက် သင်ကြားပေးခဲ့ကြသည်။ သို့ဖြစ်လင့်ကစား အစိုးရစာမေးပွဲများကို ဝင်ရောက်ဖြေဆိုကြရသော အခါ အခက်အခဲများရှိလာနိုင်သဖြင့် ကလေးသူငယ် တို့၏ ရှေ့ရေးကို တွေးဆကာ မူလတန်းသင်ရိုး၊ သင်နည်း၊ သင်ခန်းစာများကို ခေတ်စနစ်နှင့်အညီဖြစ်စေရန် လိုအပ်သည့်အလျောက် နိုင်ငံတော်ပညာရေးဌာနနှင့် ပူပေါင်းကာ ပညာရေးမှူးများက ရက်တိုဆွေးနွေးပွဲများ ဒေသအလိုက် စုပေါင်းပြုလုပ်လျက် ညှိနှိုင်းတိုင်ပင်ဆွေးနွေးကာ နည်းစနစ်များ ဖလှယ်နိုင်ခဲ့ကြသည်။ နွေရာသီကျောင်းပိတ်ရက်ကာလများတွင်မူ ရက်တိုဆွေးနွေးညှိနှိုင်းပွဲများအစား ရက်ရှည်ပညာရေး စုပေါင်းဆွေးနွေးပွဲများ ကျင်းပလျက် ဘုန်းတော်ကြီးကျောင်းများ၏ သင်ကြားပုံနည်းစနစ်ကို မြှင့်တင်နိုင်ခဲ့ကြပေသည်။

လွတ်လပ်ရေးရပြီးစ ခေတ်ဦး၏ ပထမလေးနှစ်စီမံကိန်းကာလ ၁၉၅၂-၅၆ ခုနှစ်အတွင်း ဘုန်းတော်ကြီးကျောင်းပညာရေးမှာ တိုးတက်အောင်မြင်မှုရရှိခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ စင်စစ်မှာမူ လူထုပညာရေးနှင့် ဘုန်းတော်ကြီးကျောင်း ပညာရေးတို့မှာ ဒွန်တွဲကာ ခွဲခြားမရလောက်အောင် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဆောင်ရွက်ခဲ့ရသော လုပ်ငန်းရပ်များဖြစ်ခဲ့သည့်အပြင် ဘုန်းတော်ကြီးကျောင်းပညာရေးသည် လူထုပညာရေးလှုပ်ရှားမှု၏ အစိတ်အပိုင်းတစ်ခုဖြစ်ပေရာ လူထုပညာရေးဌာနများရှိသည့် အရပ်ဒေသတိုင်းတွင် ဘုန်းတော်ကြီးကျောင်းပညာရေးသည်လည်း အလိုအလျောက် သက်ဝင်လှုပ်ရှားလာတော့သည်။ ပထမလေးနှစ်စီမံကိန်း၏ တိုးတက်မှုအခြေအနေများကို သုံးသပ်လျက်ဒုတိယလေးနှစ်စီမံကိန်း ဘုန်းတော်ကြီးကျောင်းပညာရေးကိုဆက်လက်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရက လုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ခဲ့ပေသည်။ ထိုဒုတိယလေးနှစ်စီမံကိန်းတွင် ဘုန်းတော်ကြီးကျောင်းပညာရေး၏ အရေးပါပုံကိုထိုစဉ်က ဝန်ကြီးချုပ်(ဦးဗဆွေ)သည် အလေးအနက်ထားဆွေးနွေးခဲ့ကြောင်း သိရပေသည်။ ဝန်ကြီးချုပ်က နိုင်ငံတော်

အစိုးရအနေဖြင့် မသင်မနေရ ပညာရေးစနစ်ဥပဒေကို နိုင်ငံတစ်ဝန်းလုံး၌ ပြဋ္ဌာန်းရန် ရည်ရွယ်ရင်းရှိသော်လည်း နိုင်ငံတော်အတွင်း မူလတန်းကျောင်းများ ပြည့်စုံအောင် တည်ထောင်နိုင်ခြင်း မရှိသေးကြောင်း၊ ဤသို့ ပြည့်စုံစွာ တည်ထောင်ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော ကာလဝယ် မူလတန်းကျောင်းမရှိသေးသော ကျေးလက်ဒေသများမှ စာသင်ရန် အရွယ်ရောက်သူကလေးများသည် သာသနာ့ အရိပ်အာဝါသအောက်တွင် ပညာရည်နို့ သောက်စို့ခိုလှုံခွင့် ရရှိစေရန်လည်းကောင်း၊ အစိုးရ မူလတန်းကျောင်းများ ပေါ်ထွန်းလာစေရန်လည်းကောင်း ရည်ရွယ်ပြီး ဘုန်းတော်ကြီးကျောင်းပညာရေးစီမံကိန်းကို ပြည်တော်သာစီမံကိန်း၌ ကဏ္ဍတစ်ခုအနေဖြင့် ထည့်သွင်းကာ လူထုပညာရေး ကောင်စီ အကောင်အထည်ဖော်ခဲ့ရကြောင်း၊ ဤမျှ အရေးကြီးသော စီမံကိန်းတစ်ခု ပိုမိုထမြောက် အောင်မြင်ရေးအတွက် လူထုပညာရေးကောင်စီ၊ ပညာရေးမှူးများ သီးသန့်ရွေးချယ် ခန့်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြသွားခဲ့လေသည်။ ဒုတိယလေးနှစ်စီမံကိန်းကို ပထမအဆင့်၊ ဒုတိယအဆင့်ဟူ၍ ၂-ဆင့်ခွဲခြား ရေးဆွဲ

ခဲ့လေသည်။ ဒုတိယလေးနှစ်စီမံကိန်း၏ ပထမအဆင့်ကို ၁၉၅၆ ခုနှစ်၊ ဩဂုတ်လတွင် စတင်နိုင်ခဲ့ကြသည်။ ပထမဆင့်ကို ၁၉၅၆-၅၇ နှင့် ၁၉၅၇-၅၈ ပညာသင်နှစ်ကို သတ်မှတ်ပြီး ဒုတိယအဆင့်ကို ၁၉၅၈-၅၉ နှင့် ၁၉၅၉-၆၀ တို့ကို သတ်မှတ်ခဲ့ရာ လေးနှစ်စီမံကိန်းမှာ ၁၉၅၆-၅၇ မှ ၁၉၅၉-၆၀ ထိ ဖြစ်တော့သည်။

**မပြီးဆုံးသောလေးနှစ်စီမံကိန်း**

ဒုတိယလေးနှစ်စီမံကိန်း၏ ပထမအဆင့် ၂-နှစ်အတွင်း ဘုန်းတော်ကြီးကျောင်းပညာရေးလုပ်ငန်းကို ထိရောက်တွင်ကျယ်စေရန် ပညာရေးမှူး ၆၂-ဦးကို ရွေးချယ်ရန် လူထုပညာရေးသင်တန်းစခန်းတွင် ရက်သတ္တသုံးပတ်မျှကြာ သင်တန်းတက်ရောက်စေခဲ့ပြီး သင်တန်းတွင် လူထုပညာရေးကောင်စီနှင့် ပညာရေးမှူးတို့၏ ဝတ္တရားများ၊ အုပ်ချုပ်ရေးနည်းစနစ်များ၊ စည်းကမ်းများ၊ ရုံးလုပ်ငန်းများကို သင်ကြားပေးနိုင်ခဲ့သည်ထိ အလေးထားခဲ့ကြပေသည်။ ဒုတိယအဆင့် ၂-နှစ်တွင်မူ ဘုန်းတော်ကြီးကျောင်း ပညာရေးမှူးများအား သီးသီးသန့်သန့် ခွဲခြားတာဝန်ပေးလျက် ဆောင်ရွက်စေခဲ့ရာ

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းစာရင်း ကောက်ယူနိုင်သည့် ကျေးရွာပေါင်း ၃၂၀၇ ရွာရှိပြီး ကျောင်းပေါင်း ၅၅၄၅ ကျောင်း စာရင်းကောက်ယူ မှတ်ပုံတင်နိုင်ခဲ့ကြောင်း တွေ့ရပေသည်။ မူလစာရင်းဝင်ပြီး ကျောင်းများနှင့် အသစ်စာရင်းဝင်သော ကျောင်းများအားလုံးသို့ ပစ္စည်းများ မပျက်မကွက် ကပ်လှူနိုင်ခဲ့ကြောင်း တွေ့ရပေသည်။ ထို့အပြင် အောက်ပါလုပ်ငန်းရပ်များကိုလည်း ထူးခြားစွာ ဆောင်ရွက်နိုင်ခဲ့ကြလေသည်-

(၁) ပညာဗဟုသုတနှီးနှောဖလှယ်ပွဲများ ပြုလုပ်နိုင်ခဲ့ပါသည်။

(၂) ပစ္စည်းကပ်လှူပွဲ အခမ်းအနားများကို မှတ်တမ်းတင်ရုပ်ရှင်ရိုက်ကူးနိုင်ခဲ့ပါသည်။

(၃) ဘုန်းတော်ကြီးကျောင်းပညာရေးအကြောင်း ဇာတ်လမ်းမှတ်တမ်းတင် ဆေးရောင်စုံ ရုပ်ရှင်ကားများ ရိုက်ကူးခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

(၄) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအနက် (၇၆၈)ကျောင်းကို အစိုးရမူလတန်းကျောင်းများအဖြစ် ပြောင်းလဲပေးနိုင်ခဲ့ကြသည်။

(၅) ၁၉၅၃-၅၄ ပညာသင်နှစ်တွင် အစိုးရ စတုတ္ထတန်း စာမေးပွဲသို့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း များမှ ဝင်ရောက်ဖြေဆိုအောင်မြင်သူ ၂၉၄-ဦးရှိပြီး နောက်နှစ်များတွင် တိုးတက်အောင်မြင်လာခဲ့ကြရာ ၁၉၅၇-၅၈ ပညာသင်နှစ်တွင် ၉၄၈-ဦး အောင်မြင်ခဲ့ ခြင်းကို ထောက်ရှုခြင်းအားဖြင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ ပညာရပ်မြင့်မားတိုးတက် လာသည်ဟု သုံးသပ်နိုင်ပါသည်။

သို့ဖြစ်ရာ လွတ်လပ်ရေးရပြီးနောက် ကိုယ့်နိုင်ငံ၊ ကိုယ့်အစိုးရနှင့် အုပ်ချုပ်စီမံနိုင်သောအချိန်တွင် ဘုန်းတော် ကြီးကျောင်းပညာရေးစီမံကိန်းမှာ မြန်မာနိုင်ငံ တော်အတွက် များစွာအကျိုးသက်ရောက်မှုရှိခဲ့ကြောင်း တွေ့နိုင်ပါသည်။ ကျေးရွာတိုင်းတွင် အစိုးရမူလတန်း ကျောင်းများ မဖွင့်နိုင်မီ ကာလအတွင်း ပညာသင်အရွယ် ကလေးငယ်တို့မှာ စရိတ် စကနည်းနည်းဖြင့် ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများ တွင် စာသင်နိုင်ခဲ့ကြသည်။ စာသင်ဆရာတော်များနှင့် တပည့် အချိုးအစားမျှတပြီး စာသင်ခန်းနေရာ အခက်အခဲများလည်း ပြေလည်ခဲ့ကြသည်။ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်

များ၊ ရဟန်းပျိုများ၊ ကိုရင်ကြီးများက ပညာသင်ကြားပေးသဖြင့် သံဃာ့ဂုဏ်သာမက ဆရာ့ဂုဏ်ကိုပါ ပြည်သူတို့ လေးစားကြည်ညိုခဲ့ကြသည်။ လောကီရေးရာ၊ ကမ္ဘာ့ရေးရာ၊ မြန်မာ့ ရေးရာ၊ လောကနီတိ၊ ကျောင်းတွင်း ဒီမိုကရေစီစသော လူ့ကျင့်ဝတ်များကိုပါ တပည့်များ တတ်သိနားလည်လာကြသည့်အလျောက် နိုင်ငံတော်က အားထားရသော ယနေ့တိုင်းပြည်အကြီးအကဲတို့ကို မွေးထုတ် ပေးနိုင်ခဲ့ကြသည်။ သို့ရာတွင် ၁၉၅၈ ခုနှစ်တွင် လူထုပညာရေးကောင်စီကို လူမှုဝန်ထမ်းဌာနနှင့် ပူးပေါင်းပေးခဲ့ပြီး၊ လူထုပညာရေးမှူးများကိုလည်း ပညာရေးဌာနသို့ လွှဲပြောင်းပေးခဲ့ကြောင်း တွေ့ရပါတော့သည်။

* * * * *

# ဆိုရှယ်လစ်ခေတ်ပြောင်း တော်လှန်ရေးကာလ ဘုန်းတော်ကြီးကျောင်းပညာရေး

နိုင်ငံခေါင်းဆောင်ကြီးများ ကြိုးပမ်းခဲ့မှုကြောင့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် ကိုယ့်နိုင်ငံ၊ ကိုယ့်အစိုးရ အုပ်ချုပ်နိုင်ခဲ့ပြီ ဖြစ်သည်။ သူ့ကျွန်ဘဝရောက်ခဲ့ပြီးသည်မှ လွတ်လပ်ရေးရပြီးသည်အထိ နယ်ချဲ့

အင်္ဂလိပ်ကိုလည်းကောင်း၊ ဖက်ဆစ်ဂျပန်ကိုလည်းကောင်း နည်းမျိုးစုံဖြင့် တော်လှန်ရင်း အသက်စွန့်လှူခဲ့ကြသော ခေါင်းဆောင်ကြီးငယ် အသွယ်သွယ်နှင့် ရဲဘော်အပေါင်းအား ထာဝရအလေးပြုပါ၏။

## ကောင်းမြတ်သောလုပ်ရပ်များဆက်လက်ရှင်သန်စေ

ကိုယ့်နိုင်ငံ ကိုယ့်အစိုးရနှင့် ကိုယ်အုပ်ချုပ်ခွင့်ရသောအခါ နိုင်ငံတကာအလယ်တွင် တင့်တင့်တယ်တယ်ဖြင့် ပြည်တော်သာခေတ်ကို ရောက်ကြရတော့မည်ဟု ထိုခေတ် ထိုအခါက ပြည်သူများ မျှော်လင့်ခဲ့ကြသည်။ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ သာသနာအတွက် တစိုက်မတ်မတ်ဆောင်ရွက်ကာ ပြည်ထောင်စုကြီး စည်ပင်ဝပြောလျက် အမျိုးဂုဏ်ကို မြှင့်တင်နိုင်ပြီး သာသနာအရောင် ထွန်းလင်းတောက်ပတော့မည်ဟုလည်း တောင့်တခဲ့ကြမည်ဖြစ်သည်။ ထို့ကြောင့် လွတ်လပ်ရေးမရမီ၊ လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးစားခဲ့ကြသည့်ကာလအတွင်းမှာပင် လွတ်လပ်ရေး ရပြီးသျှင် ဘာသာသာသနာအကျိုးအတွက် ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြရာ ဘုန်းတော်ကြီးကျောင်းပညာရေးမှာလည်း

အရေးကြီးသော ကဏ္ဍတစ်ခုအနေဖြင့် ပါဝင်ခဲ့ရသည်။

ဤမျှ အစပျိုးဖော်ပြနေသည်မှာ အခြားအကြောင်းကြောင့်မဟုတ်ပါ။ လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်တွင် မွေးဖွားခဲ့ကြသော လူငယ်ဆိုသည်မှာ ယနေ့ဆိုလျှင် အသက် ၆၀ ပြည့်ရန် ရက်ပိုင်းမျှသာလိုပါတော့မည်။ နိုင်ငံ့တာဝန်မှ အငြိမ်းစားယူကြရတော့မည့် အရွယ်များပင်တည်း။ ယနေ့ နိုင်ငံ့တာဝန်ကို အားသွန်ခွန်စိုက် လုပ်ကိုင်ကြရမည့် အရွယ်ကောင်းဆဲပုဂ္ဂိုလ်များမှာ နယ်ချဲ့လက်အောက်မှာ မနေခဲ့ကြရသူများ၊ လွတ်လပ်ရေးရပြီးစတွင် ကလေးသူငယ်အရွယ်မျှပင် အနိုင်နိုင်ဖြစ်သဖြင့် သမိုင်းကြောင်းကို မျက်ဝါးထင်ထင် မြင်ကြရသူများ မဟုတ်တန်ရာပေ။ မိမိနိုင်ငံ၊ မိမိအစိုးရဖြင့် အုပ်ချုပ်နေသော လွတ်လပ်ရေးခေတ်ဦး ကာလ ဖဆပလအစိုးရလက်ထက်တွင်မှ စတင်မွေးဖွားကြ သူများဖြစ်ပေလိမ့်မည်။ လွတ်လပ်ရေးရပြီး လွတ်လပ်ရေး အခွန့်ရှည်ကြာ ခိုင်မြဲစွာတည်တံ့ရေးအတွက် ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေးကာလအတွင်း မွေးဖွားခဲ့ကြသူများ အများစုဖြစ်နိုင်ချေရှိသည်။ လွတ်လပ်ရေးအတွက် ဖဆပလ မည်မျှကြိုးစားခဲ့ပါသလဲ။ လွတ်လပ်ရေးရပြီး

နောက် ဖဆပလမည်သို့ ကွဲကြ၊ ပြဲကြဖြစ်ခဲ့ရပါသလဲ။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝါးအစည်းပြေတော့မတတ် ဖြစ်ရပ်မှန်များကား တွေ့ကြုံခံစား၊ စာနာနိုင်ကြသူများ တဖြည်းဖြည်းရှားပါးလာပြီ ဖြစ်ပါသည်။ ယနေ့ ပြည်သူတို့နှင့် လက်ပွန်းတတီး နီးနီးကပ်ကပ် ဆက်စပ်ဆောင်ရွက်နေကြ ရသော နိုင်ငံ့ဝန်ထမ်းများ၊ ခေတ်ပြိုင်ပြည်သူများသည် အများ အားဖြင့် အသက် ၄၀ ကျော် ၅၀ ပတ်ဝန်းကျင်အရွယ်များ ဖြစ်နိုင်သည်။ ထိုအရွယ်များမှာ ၁၉၆၀ ပြည့်နှစ်၊ ၁၉၇၀ ပြည့်နှစ်အကြား မွေးဖွားသူများ ဖြစ်နိုင်ပေရာ ဖဆပလကြီး ပြိုကွဲပြီး တိုင်းပြည်အစိတ်စိတ်အမြွာမြွာ ဖြစ်တော့မည့်ကာလ လွန်ခဲ့ပြီးဖြစ်သဖြင့် "ဆိုရှယ်လစ်ခေတ်ပြောင်း တော်လှန် ရေးကာလ" အတွင်း ကြီးပြင်းလာကြသူများ ဖြစ်တော့သည်။ ဆိုရှယ်လစ်ခေတ်ပြောင်း တော်လှန်ရေးအစ ၁၉၆၂ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ မွေးဖွားသူသည် ယနေ့ အသက် ၄၅ နှစ်ကျော်အရွယ် ရောက်နေပေပြီ။ ထိုနှစ်တွင် စတင် ကျောင်းနေအရွယ်သည် ယနေ့ဆိုလျှင် အသက် ၅၀ နှစ် ကျော်အရွယ်ရောက်၍ တိုင်းပြည်က အားထားနေကြရမည့် အရွယ်တည်း။ ထို့အပြင် ထိုနှစ်က တက္ကသိုလ်အသီးသီးတွင်

စတင်ရောက်ရှိ ခေတ်ပညာများ ဆည်းပူးခဲ့ကြသူများပင် ယနေ့နိုင်ငံ့တာဝန်မှ အငြိမ်းစားယူခဲ့ကြပြီးအရွယ် ရှိကြ လေပြီ။

ဤသို့ ကာလအပိုင်းအခြား၊ အသက်အရွယ်၊ ခေတ်ကာလတို့ကို ချိန်ဆကြည့်ပါလျှင် ယနေ့ အသက် (၄၅/၅၀)ဝန်းကျင်နှင့်အောက် ပုဂ္ဂိုလ်တို့သည် အများ အားဖြင့် ဘုန်းတော်ကြီးကျောင်းပညာရေးနှင့် အတော် အတန်ကင်းကွာခဲ့ကြသူများ ဖြစ်နိုင်ပါသည်။ ထိုထိုသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ မနေခဲ့ကြရသူများသည် ဘုန်းတော်ကြီးကျောင်းပညာရေးအပေါ် စိတ်ဝင်စားမှုနည်းပါးနိုင်သကဲ့သို့ သာသနာရေးရာ၌လည်း အားနည်းနိုင်သည်ဟု ယူဆရပေမည်။ အဘယ်ကြောင့် ဆိုသော် ၁၉၇၂ ခုနှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ် မြန်မာနိုင်ငံတော်ဝယ် ဘုန်းတော်ကြီးကျောင်းပညာရေးကို ကိုင်တွယ်မည့် ဘုန်းတော်ကြီးကျောင်းပညာရေးဌာနစိတ်ကို ဖျက်သိမ်းခဲ့ခြင်း၏ အကျိုးဆက်ကြောင့်ဟု ယူဆရ၏။

မည်သို့ပင်ဆိုစေ ဆိုရှယ်လစ်ခေတ်ပြောင်း တော်လှန်ရေးခေတ်ဦးကာလ၊ တစ်နည်းအားဖြင့် အသွင်ကူးပြောင်းရေး ကာလအတွင်း ယခင် ဖဆပလ အစိုးရလက်ထက်က

ဘုန်းတော်ကြီးကျောင်းပညာရေးစီမံကိန်းကို ဆက်လက်ထိန်းကျောင်း အကောင်အထည်ဖော်ခဲ့ပေသည်။ ဖဆပလ မပြိုကွဲမီ ၁၉၅၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် တင်သွင်းသော လူထုပညာရေးကောင်စီ၊ ဘုန်းတော်ကြီးကျောင်းပညာရေး စီမံကိန်းသစ်အရ ဘုန်းတော်ကြီးကျောင်းပညာရေးလုပ်ငန်းအနေဖြင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းပေါင်း ၄၂၂၂ ကျောင်း မှတ်ပုံတင်နိုင်ပြီး ပစ္စည်းဆက်ကပ်လှူဒါန်းပြီး ကျောင်းပေါင်း ၃၈၃၉ ကျောင်းရှိကြောင်းဖော်ပြခဲ့သည်။ ဤ ၄-နှစ်စီမံကိန်း မှာ (၁၉၅၆-၅၇)မှ (၁၉၅၉-၆၀)ထိဖြစ်ရာ တိုင်းပြည်တွင် အထွေထွေ မငြိမ် သက်မှုများပေါ်ပေါက်လာနေသောကာလဖြစ်၍ အရှိန်မြှင့် ရန်ကြိုးပမ်းစဉ် အရာမထင်ခဲ့ဟန်တူသည်။ မည်သို့ပင်ဆိုစေ ဘုန်းတော်ကြီးသင်ပညာရေးအတွက် ဤစီမံကိန်းကာလအတွင်း ၄၂၂၂ ကျောင်းမှ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၆၀၀၀ ထိ တိုးတက်ဖွင့်လှစ်ရန် ရည်မှန်းခဲ့ရာတွင် ၅၅၄၅ ကျောင်းအထိ စာရင်းကောက်ယူ မှတ်ပုံတင်နိုင်ခဲ့သည်။ ကျောင်းသားကျောင်းသူပေါင်း ၂၆၃၀၉၅ ဦးတို့ ယင်းကျောင်းများ၌ ပညာသင်ကြားခဲ့ကြရသည်။ စာသင်ရန်

နေရာထိုင်ခင်း၊ သင်ပေးမည့်ဆရာ စသည့် ပြဿနာများ လည်း ပြေလည်ခဲ့ကြောင်းတွေ့ရသည်။ ထိုစဉ်က စာသင် ပေးနေသော သံဃာတော်ပေါင်း ၇၄၄၁ ပါး ပေါ်ထွက်ခဲ့ ကြောင်း သိရပေသည်။ နိုင်ငံတော်ပညာရေးဌာနမှ မြို့နယ် အလိုက်ကျင်းပသော စတုတ္ထတန်းစာမေးပွဲတွင် ဝင်ရောက် ဖြေဆိုကြရာ ခရိုင်ပညာရည်ချွန်ဆုရ ကျောင်းသားများပင် ပေါ်ထွန်းခဲ့ကြောင်း တွေ့ရပေသည်။ ထိုစဉ်ကာလဝယ် နိုင်ငံတော်တစ်ဝန်းလုံး၌ မသင်မနေရ မူလတန်းပညာရေး စနစ်ဥပဒေကို ပြဋ္ဌာန်းခြင်းမပြုနိုင်သေးသော်လည်း ကျေးရွာတိုင်း၊ ကျေးရွာတိုင်း၌ ဘုန်းတော်ကြီးကျောင်းများ ရှိနေသဖြင့် နိုင်ငံတော်မူလတန်းကျောင်းများ ကျေးရွာအနှံ့ မဖွင့်လှစ်နိုင်သေးသည့်တိုင် ကလေးသူငယ်တိုင်းလိုလို ဘုန်းတော်ကြီးကျောင်းများက မူလတန်းပညာသင်ကြားခွင့် ရခဲ့ကြသည်။ နိုင်ငံတော်အတွက်လည်း စရိတ်စက အကုန် အကျမများတော့ပေ။ သို့ရာတွင် တိုင်းပြည်၏ အခြေအနေ အရပ်ရပ်ကြောင့် ၁၉၅၈ ခုနှစ်၊ အောက်တိုဘာ ၁ ရက်နေ့မှ အစပြုကာ ရုပ်သိမ်းပြီးဖြစ်သည့် လူထုပညာရေးကောင်စီကို လူမှုဝန်ထမ်းဌာနနှင့် ပူးပေါင်းခဲ့သည့်အပြင် လူထုပညာ

ရေးမှုများကိုလည်း ပညာရေးဌာနသို့ လွှဲပြောင်းပေးခဲ့ပေသည်။

**ဖဆပလ အကွဲအပြဲ၏အစွန်းထွက်ဆိုးကျိုး**

ဘာကြောင့် ပြောင်းလွှဲမှုကို ပြုလိုက်ရပါသနည်း။ နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ ပညာရေး၊ စီးပွားရေးတို့သည် ယင်းနိုင်ငံ၏ နိုင်ငံရေးနှင့် စစ်ရေးတို့အပေါ်တွင် မူတည်နေသည်။ နိုင်ငံရေးတည်ငြိမ်လျှင် စစ်ရေးလည်း တည်ငြိမ်ပါလိမ့်မည်။ အလားတူပင် ပြည်သူလူထု၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးတို့မှာလည်း နိုင်ငံရေးတည်ငြိမ်လာသည်နှင့်အမျှ တိုးတက် ကောင်းမွန် စည်ပင်ဝပြောလာမည်သာဖြစ်သည်။ လွတ်လပ်ရေးရပြီး (၁၀)နှစ်ကြာ ၁၉၅၈ ခုနှစ်တွင် အာဏာလုပွဲကြီးက ပြည်တွင်းနိုင်ငံရေး အခြေအနေကို မတည်မငြိမ်ဖြစ်စေရာ တည်ငြိမ်စ ဘုန်းတော်ကြီးကျောင်းပညာရေးမှာလည်း လက်လွှဲလက်ပြောင်းဖြင့် လှိုင်းလေအကြားရောက်ခဲ့ရပြန်သည်။

* * * * *

၁၉၅၈ ခုနှစ်၊ ဖဆပလအကွဲအပြဲကြောင့် တပ်မတော်သည် ပြည်တွင်းသွေးချောင်းစီးတိုက်ပွဲများ ဖြစ်ပေါ်လာမည့် အရေးကို အဟန့်အတားဖြစ်စေရန် အိမ်စောင့်အစိုးရ အနေဖြင့် တာဝန်ယူထိန်းသိမ်းခဲ့ရသည်။ ရွေးကောက်ပွဲများ ပြန်လည်ကျင်းပကာ ဒီမိုကရေစီ၏ အနှစ်သာရကို ဖော်ထုတ်ပေးခဲ့သည်။ သို့ရာတွင် ၁၉၆၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၅)ရက်နေ့တွင် ကချင်သောင်းကျန်းသူလူအင်အား (၂၇) ယောက်ဖြင့် လားရှိုးမြို့ ငွေတိုက်သို့ ဝင်ရောက်လုယက်ရာမှ စတင်ခဲ့သော ပြည်တွင်းသောင်းကျန်းသူတို့၏ သောင်းကျန်းမှုသည် အာဏာရ ပြည်ထောင်စုအစိုးရက ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ကြေညာလိုက်သောအခါ ရုတ်တရက် နေ့ချင်းညချင်း အင်အားကြီးထွားလာသော ကေအိုင်အေ ကချင်သောင်းကျန်းသူအဖွဲ့အစည်း ဖြစ်သွားတော့သည်။ မိမိတို့ အာဏာရရှိရေးအတွက် ဗုဒ္ဓဘာသာ သာသနာတော်ကြီးကို အသုံးချခဲ့လေရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဂုဏ်ယူဖွယ်ရာ ကချင်ပြည်နယ်၏ အလှအပများလည်း ပျက်စီးခဲ့ရလေသည်။ တိုင်းရင်းသားအချင်းချင်း ကိုးကွယ်ရာ ဘာသာအယူအဆ မတူလျှင်ပင် ရန်သူသဖွယ် ဖြစ်ခဲ့ရသည်။ စင်စစ် မြန်မာနိုင်ငံတွင် ဒေသအနှံ့၌

တိုင်းရင်းသားအဖုံဖုံတို့သည် မိမိတို့ယုံကြည်ရာအစုံစုံကို ကိုးကွယ်ရင်း ဥမကွဲ သိုက်မပျက် နေလာခဲ့ကြသူများ ဖြစ်ပေသည်။ ရိုးရာယဉ်ကျေးမှုကို ဒေသတိုင်း၌ ထိန်းသိမ်းကာကွယ်ခဲ့ကြသည်။ ကိုးကွယ်ရာ ဘာသာအယူအဆ ကွဲပြားခြင်းက မြန်မာပြည်သူတို့၏ ရိုးရာယဉ်ကျေးမှုများကို အလွှမ်းအမိုး အဖျက်အဆီးမခံဘဲ တိုင်းရင်းသားပေါင်းစုံက ထိန်းသိမ်းခဲ့ကြသည်မှာ ရှေးမြန်မာမင်းများလက်ထက်မှ ယနေ့တိုင်ပင် ဖြစ်လေသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ကာကွယ်ထိန်းသိမ်းရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိလေသည်။

တော်လှန်ရေးကောင်စီက အာဏာရယူပြီ

၁၉၆၀-၆၁ ခုနှစ်တွင် အာဏာရ ပြည်ထောင်စုအစိုးရအတွင်း အာဏာလုပွဲကြီးများကြောင့် ဝါးအစည်းပြေသလို ဖြစ်နေလေရာ ပြည်ထောင်စုအတွင်းမှ ခွဲထွက်ရေးဝါဒီများအား အခွင့်အခါကောင်းများ ရရှိစေခြင်းကို တပ်မတော်က တားဆီးကာ တိုင်းပြည်ပျက်စီးမည့်အရေးမှ ကယ်တင်ရန် တာဝန်ဖြစ်လာပြန်သည်။ ထို့ကြောင့် ၁၉၆၂ ခု၊ မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီအစိုးရ တက်လာသောအခါ ဖက်ဒရယ်မူကို ဝိုင်းဝန်း အကြပ်ကိုင်တောင်းဆိုမှုများကြောင့် တိုင်းပြည်ပြိုကွဲမည့်အရေးကို ဟန့်တားနိုင်ခဲ့

သည်။ ထို့နောက် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီက ခေတ်ပြောင်းတော်လှန်ရေးကို ဆက်လက်ဆင်နွှဲသည်။ ဘုန်းတော်ကြီးကျောင်းပညာ သင်ကြားရေးလုပ်ငန်းတို့မှာလည်း အစိုးရအပြောင်းအလဲနှင့်အတူ ပြောင်းလဲခဲ့ရာ ၁၉၆၂ ခု၊ နိုဝင်ဘာလ (၁)ရက်နေ့မှစ၍ ပညာရေးဌာန လက်အောက်သို့ရောက်ရှိခဲ့ပေသည်။ အခြေခံပညာရေး ဦးစီးဌာန လက်အောက်ဝယ် ဘုန်းတော်ကြီးကျောင်းပညာရေးဌာနစိတ်တစ်ခု ဖွင့်လှစ်ခဲ့သည်။ ယခင်လျာထားပြီးသော ဘုန်းတော်ကြီးကျောင်းပညာရေးမှူး (၅၀)တို့ကို မြို့နယ်ဘုန်းတော်ကြီးကျောင်း ပညာရေးမှူးများအဖြစ် ခန့်ထားကာ ဘုန်းတော်ကြီးကျောင်းပညာရေးဌာနစိတ်ကို ဖျက်သိမ်းလိုက်သည့်တိုင် သံဃာတော်များအနေဖြင့် ဘုန်းတော်ကြီးကျောင်းပညာရေးကို သမိုင်းပေးတာဝန်အရ မပျက်မယွင်း ဆက်လက်သင်ကြားပေးနေခဲ့ကြသည်။

၁၉၆၂ ခုနှစ်မှ ၁၉၇၂ ခုနှစ်အတွင်း တော်လှန်ရေးကောင်စီသည် ဘုန်းတော်ကြီးကျောင်းပညာရေးနှင့်ပတ်သက်၍ ယခင်ဖဆပလအစိုးရ လက်ထက်က ပြဋ္ဌာန်းခဲ့သော လူထုပညာရေးကောင်စီ၏ လုပ်ငန်းစဉ်များအတိုင်း

အောက်ပါကိစ္စရပ်တို့တွင် ဆက်လက်အကောင်အထည် ဖော်နိုင်ခဲ့သည်-

(၁) ဘုန်းတော်ကြီးကျောင်း ပညာရေးမှူးများအား အစိုးရမှုလတန်းကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ သင်ရိုးတပြေးညီဖြစ်စေရန်၊ သင်ကြားပုံစနစ်တူစေရန်နှင့် အုပ်ချုပ်ပုံများ စနစ် တကျဖြစ်စေရန် သင်တန်းများ ပေးနိုင်ခဲ့သည်။

(၂) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဆက်လက် မှတ်ပုံတင် ဆောင်ရွက်နိုင်ရန်နှင့် စာရင်းဇယားများ မှန်ကန်စေရန် ပြန်လည်မှတ်ပုံတင်ခြင်းများ ဆောင် ရွက်နိုင်ခဲ့ကြသည်။

(၃) ဘုန်းတော်ကြီးကျောင်း ပညာရေးအတွက် ပံ့ပိုး လှူဒါန်းရမည့် လက်ကျန်စာအုပ်များကို ဝတ္တရား မပျက် ဆက်လက်လှူဒါန်းနိုင်ခဲ့ကြသည်။

(၄) ဘုန်းတော်ကြီးကျောင်းပညာရေး တိုးတက် အောင် မြင်စေဖို့ရန် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း များမှ ဆရာတော်များ၏ နှီးနှောဖလှယ်ပွဲများကို နှစ်စဉ် ကျင်းပနိုင်ခဲ့သည်။

(၅) ခရိုင်တိုင်းမှ ပညာရေးဆိုင်ရာအရာရှိများသည် ဘုန်းတော်ကြီးကျောင်းပညာရေးနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေး သုံးသပ်မှုများ ပြုလုပ်နိုင်ခဲ့ကြသည်။

(၆) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ရှေးရိုးသင်ကြားနည်းသာမက ခေတ်မီနည်းများဖြင့်ပါ ပေါင်းစပ်လျက် အစိုးရကျောင်းများ၏ သင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားပို့ချစေရန် အားကြိုးမာန်တက်ဆောင်ရွက်ပေးခဲ့သည်။

(၇) ဘုန်းတော်ကြီးသင်ပညာရေးဌာနစိတ်၏ ဦးဆောင်မှုဖြင့် စာပြဆရာတော်များကိုယ်တိုင် ဘုန်းတော်ကြီးကျောင်းပညာရေး စတုတ္ထစာစစ်ဘုတ်အဖွဲ့များကို ဖွဲ့စည်းစေပြီး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်စေခဲ့သည်။

ထိုသို့ အားကြိုးမာန်တက် ဆောင်ရွက်နိုင်ခဲ့ကြသော်လည်း ၁၉၇၂ ခုနှစ်တွင် ဘုန်းတော်ကြီးကျောင်းပညာရေးဌာနစိတ်ကို ဖျက်သိမ်းခဲ့လေသည်။ ဤသို့ဖြင့် ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်မှာ သူ့ကျွန်ဘဝရောက်ခဲ့ပြီး နောက်ပိုင်း လှိုင်းလေထန်သော ခရီးလမ်းတွင် ကိုယ့်ရွက်ကိုယ့်တက်ဖြင့် ရေစီးကြောင်းအတိုင်းသာ မျောပါ

ခဲ့ရပေတော့သည်။ နိုင်ငံရေးပဋိပက္ခအကြားတွင် ဘာသာရေးကိစ္စများမှာ သတိကြီးစွာဖြင့် သိမ်သိမ်မွေ့မွေ့ နက်နက်နဲနဲ ဆောင်ရွက်ခဲ့ကြရသည်။ အစွန်းတရားနှစ်ပါးကို ရှောင်၍ သတိကြီးစွာ စခန်းသွားခဲ့ကြရသည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဖြန့်ဖြူးရာ၊ ထိန်းသိမ်းရာ၊ စောင့်ရှောက်သိုမှီးရာ ဘုန်းတော်ကြီးကျောင်းများဖြစ်ပေရာ အစဉ်အလာကြီးမားသော ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်ကို မတိမ်ကောမပျောက်ပျက်လိုကြသည့် အမျိုးဘာသာ သာသနာကို စောင့်ရှောက်လိုကြသူများ၏ ပံ့ပိုးမှုဖြင့် ဘုန်းတော်ကြီးကျောင်းများ၏ အစဉ်အလာအတိုင်း ဘာသာရေး၊ သာသနာရေး၊ စာရိတ္တကောင်းမွန်ရေးနှင့် ကျေးလက်နေ ကလေးသူငယ်များ၊ တိုင်းတစ်ပါးယဉ်ကျေးမှုထက် မြန်မာ့ယဉ်ကျေးမှုကို တန်ဖိုး ထားသော မိသားစုများ၏ ကလေးသူငယ်များ အရေး၊ အဖတ်၊ အတွက်တို့တွင် လူရာဝင်အောင် ဆက်လက်သင်ကြား ပေးခဲ့ကြသည်ကိုမူ ကြည်ညိုဖွယ်ရာ တွေ့ရှိရပါကြောင်း တင်ပြအပ်ပါသတည်း။

* * * * *

# ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးကာလ ဘုန်းတော်ကြီးကျောင်းပညာရေး(၂)

ကျွန်ုပ်တို့၏ ဘုန်းတော်ကြီးကျောင်းပညာရေးကဏ္ဍမှာ တိုင်းပြည်၏ နိုင်ငံရေးမတည်မငြိမ်ဖြစ်ခဲ့မှုအပေါ် မူတည်၍ ကမောက်ကမ မတည်မငြိမ်ဖြစ်ခဲ့ရကား ဦးစီးဦးဆောင် အကောင်အထည်ဖော်ရမည့် ဌာနတစ်ခုအောက်မှ အခြား ဌာနတစ်ခုအောက်သို့ အဖန်ဖန်လွှဲပြောင်းပေးခြင်းဖြင့် အရှိန်

အဟုန်ကို တုန့်နှေးစေခဲ့သည်။ လွတ်လပ်ရေးရပြီးလျှင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်အစိုးရ၊ ကိုယ့်ဘာသာ သာသနာအတွက် လုပ်ကြရန် မည်မျှပင်မောင်းတင်ခဲ့သော် လည်း လက်တွေ့တွင် နိုင်ငံရေးအာဏာလုပွဲအတွင်း ရေတိမ် နစ်ခဲ့ရပြန်သည်။

ပညာရေးနိုးနှောဖလှယ်ပွဲကြီး

ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးကာလ၊ အသွင် ကူးပြောင်းရေး လုပ်ငန်းစဉ်များအနက် ပညာရေးမျှော်မှန်း ချက်ကိုလည်း မလွဲမသွေ ချမှတ်ဆောင်ရွက်ခဲ့ပါ၏။ ယင်း ပညာရေးရည်မှန်းချက်နှင့် ပတ်သက်၍ "ကျွန်ုပ်တို့၏ ပညာရေးရည်မှန်းချက်ပန်းတိုင်မှာ အခြေခံပညာကို လူတိုင်း သင်ယူနိုင်ခွင့် ရရှိစေရန်ပင်ဖြစ်သည်။ အထက်တန်း ပညာကိုလည်း ဉာဏ်ပညာထက်မြက်ခြင်းရှိသူများသာ အထူးအားပေး၍ သင်ကြားခွင့်ပြုစေမည်" ဟု ညွှန်ပြခဲ့ သည်။ ထို့ကြောင့်လည်း ဆိုရှယ်လစ်ခေတ်ပြောင်း တော်လှန်ရေးနှင့် အံဝင်ဂွင်ကျမဖြစ်သည့် တက္ကသိုလ်ပညာ ရေးစနစ်ကို ပယ်ရှားကာ ဉာဏ်ပညာထက်မြက်၍ ကြိုးစားမှု ရှိသူများ တက္ကသိုလ်ပညာဆည်းပူးနိုင်ရန် လမ်းဖွင့်ပေးခဲ့ သည်။ သင်ယူကြသည့် ဘာသာရပ်အပေါ် ကျွမ်းကျင်ရန်နှင့်

လက်တွေ့သဘောပေါက်ကာ အသုံးချတတ်ရန် ရည်ရွယ်ရင်း ရှိခဲ့ပေသည်။ ထိုရည်ရွယ်ရင်း စေတနာအမှန်ကို အကောင် အထည်ဖော်ရာ၌ အခြေခံပညာရေးအပေါ်တွင် လုံးဝအမှီ သဟဲပြုထားရသည်ဖြစ်ရာ အခြေခံခိုင်မာသော ပညာရေး အုတ်မြစ်ချမှတ်နိုင်ရေးအတွက် ကြိုးပမ်းခဲ့ကြပြန်သည်။ ပညာရေးနှီးနှောဖလှယ်ပွဲကြီးကို ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပလျက် အဖြေရှာခဲ့ကြသည်။ ထိုနှီးနှောဖလှယ်ပွဲမှရရှိသော ထောက်ခံချက်များအနက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ဆီလျော်မည့် ပညာရေးဆိုင်ရာ ရည်မှန်းချက်များမှာ-

(၁) လူတိုင်း အခြေခံပညာကို တတ်မြောက်ရန်၊

(၂) အကြောင်းကြောင်းကြောင့် တက္ကသိုလ်နှင့် အထက်တန်းပညာများကို မသင်နိုင်သူများအား မူလတန်းအဆင့်မှလည်းကောင်း၊ မူလတန်းလွန် အောက်ပိုင်းအဆင့်မှလည်းကောင်း၊ မူလတန်း လွန် အထက်ပိုင်းအဆင့်မှလည်းကောင်း ဆိုရှယ်လစ် စနစ်တည်ဆောက်ရာတွင် အံဝင်ခွင်ကျဖြစ်စေမည့် အတတ်ပညာရှင်များအဖြစ်သို့ ရောက်ရှိစေမည့် အသက်မွေးဝမ်းကျောင်းမှု ပညာသင်ပေးရန်၊

(၃) ပြည်ထောင်စုနိုင်ငံချစ်စိတ်၊ လွတ်လပ်ရေး မြတ်နိုး သောစိတ်၊ လူသားတို့ကို မြတ်နိုးသောစိတ်များ မွေးမြူပေးရန်တို့ ပါဝင်လေသည်။

အထက်ဖော်ပြပါ ရည်မှန်းချက်များ အောင်မြင်စေရန် အတွက် မူလတန်းသင်ရိုးညွှန်းတမ်းတွင်လည်း စာရိတ္တ၊ လူ့ကျင့်ဝတ်၊ မြန်မာဘာသာ/ တိုင်းရင်းသားဘာသာ၊ အခြေခံ သင်္ချာ၊ လူမှုရေးနှင့် သိပ္ပံ၊ ကာယပညာနှင့် ကျန်းမာရေးတို့ အပြင် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများ ပါဝင်ပေသည်။ နောင်သောအခါ မူလတန်း အောက်တန်းတွင် အင်္ဂလိပ် ဘာသာကို ထည့်သွင်းသင်ကြားစေခဲ့သည်။ မူလတန်းလွန် အထက်တန်းတွင်မူ စိတ်ကြိုက်ဘာသာတွဲ အုပ်စုတွင် ပါဠိဘာသာကို ထည့်သွင်းပေးထားကြောင်း တွေ့ရပေသည်။ ဝိဇ္ဇာဘာသာတွဲတွင် ပါဠိ၊ အထူးပြု မြန်မာစာတို့ကို ထည့်သွင်းထားခြင်းဖြစ်သည်။ သိပ္ပံဘာသာတွဲတွင် သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ပါဏဗေဒ၊ ဘူမိဗေဒနှင့် စိုက်ပျိုးရေးတို့ ထည့်သွင်းထားသည်။ လူငယ်လေးများ လိမ္မာရေး၊ အမျိုး ဘာသာ သာသနာအဆုံးအမနှင့် ရင်းနှီးကျွမ်းဝင်ရေးအတွက် မှာမူ အားနည်းနေကြောင်း သိသာနိုင်ပေသည်။ ကျန်

ကွက်လပ်ကို မည်သူတွေ ဖြည့်ခဲ့ပါသနည်း။ ထိုခေတ်ကာလ ၁၉၆၄ ခုနှစ် စာရင်းအရ ကြည့်ပါလျှင် ကလေးသူငယ် (၈)သန်းခန့်မျှရှိရာ ထိုကလေးသူငယ်တို့၏ ဘဝနောင်ရေး ယဉ်ကျေးလိမ္မာ ဘာသာသာသနာ၏ အဆုံးအမနှင့် ဝေးခဲ့ကြသည်ကို သတိပြုနိုင်ကြမည်ဖြစ်ပါသည်။ ထိုနှစ်တွင် ကျောင်းသားအရွယ် ကလေးငယ်များမှာ=

အသက် ၅ နှစ် မှ ၉ နှစ် အထိ ကလေးပေါင်း ၃. ၁၀၈ သန်း၊

အသက် ၁၀ နှစ် မှ ၁၄ နှစ် အထိ ကလေးပေါင်း ၂. ၇၁၀ သန်း၊

အသက် ၁၅ နှစ်မှ ၁၉ နှစ်အထိ ကလေးပေါင်း ၂. ၁၃၉ သန်း၊

စုစုပေါင်း ၇. ၉၅၇ သန်းရှိသည်ဟု သိရပါသည်။

ထိုကလေးများတွင် ကျောင်းစာသင်ခန်းတွင် ပညာသင်နေသောကလေးများ၊ စီးပွားချို့တဲ့၍ ကျောင်းမနေနိုင်သောကလေးများနှင့် စီးပွားရေး၏ သားကောင်ငယ်များ စသည်ဖြင့် ပါဝင်နေကြပေလိမ့်မည်။ စီးပွားရေးချောင်လည်သူများ၊ အရာရှိကြီးများ၏ သားသမီးများ အပါအဝင် လူငယ် အချို့မှာ နိုင်ငံခြားယဉ်ကျေးမှုကို အထင်ကြီးကာ မြန်မာ

ယဉ်ကျေးမှုနှင့် ဆန့်ကျင်သော ဝတ်စားဆင်ယင်မှု နေထိုင်သွားလာမှု မိဘအရိုန်အဝါနှင့် ဓနအင်အားဖြင့် ဗိုလ်ကျလွှမ်းမိုးကာ လူရမ်းကားများလည်း ရှိခဲ့ကြသည်။ ဤမျှယဉ်ကျေးမှု ခေါင်းပါးနေကြသော ကလေးသူငယ်သူရွယ်တို့ကို မည်ကဲ့သို့ သွန်သင်ပဲ့ပြင်ရန် စီစဉ်ခဲ့ပါသနည်း။ တိုင်းပြည်က အားထား ရမည့် လူငယ်ကလေးများအား ဆုံးပါးမသွားစေရန် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ လူမှု ဝန်ထမ်းဌာနနှင့် ပညာရေးဌာနလူငယ်ရေးရာဌာနခွဲတို့အား တာဝန်ပေးလျက် သားကောင်းရတနာများဖြစ်လာရန် စီမံခဲ့ကြသည်။ ရှေးမြန်မာမင်းများလက်ထက်မှ ယနေ့ခေတ်ထိ ဗုဒ္ဓအဆုံးအမအောက်တွင် လိမ္မာယဉ်ကျေးသော လူငယ်လူရွယ်များ မွေးထုတ်ပေးရာ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများနှင့် မူကား ကင်းကွာလာခဲ့လေပြီ။ အနုပညာနှင့် စာပေတို့တွင် ဘာသာရေးရောပြွမ်းကာ ဖွဲ့နွဲ့ခြင်း၊ အတွေးအခေါ် အယူအဆတို့တွင် ဗုဒ္ဓအဘိဓမ္မာ အဆုံးအမများနှင့် မကင်းမကွာခဲ့သော မြန်မာတို့၏ ထူးခြားသောစရိုက် လက္ခဏာများမှာ တဖြည်းဖြည်း လျော့နည်းလာခဲ့ပြီး ထိုခေတ်လူငယ် အတော်များများပင် ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ကြရမည်ကို မသိကြတော့ပေ။ ဘုန်းတော်ကြီးများ

လက်ဆင့်ကမ်းသယ်ပိုးလာခဲ့သော သာသနာသုံးရပ်ပင် အနိုင်နိုင်ထိန်းသိမ်းခဲ့ကြရတော့သည်။ လူသေလူဖြစ်ဝါဒကို ဆရာတော်ကြီးများ ခက်ခဲပင်ပန်းစွာဖြင့် အစမ့်ဝါဒဖြစ်ကြောင်း ဖော်ထုတ်လျက် ထေရဝါဒဗုဒ္ဓ သာသနာကို ကာကွယ်စောင့်ရှောက်ခဲ့ရသည်ကို သတိပြုမိကြလိမ့်မည်။

ဘုန်းတော်ကြီးကျောင်းပညာရေးဌာနစိတ်ဖျက်သိမ်း

၁၉၆၃ ခုနှစ်တွင် ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်ဥပဒေကို ပြန်ဌာန်းပြီး၊ ၁၉၆၆ ခုနှစ်တွင် ကိုယ်ပိုင်ကျောင်း ၈၁၄-ကျောင်းကို ပြည်သူပိုင်ပြုလုပ်ခဲ့ရာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည်လည်း နိုင်ငံတော်ကို စိုးမိုးအုပ်ချုပ်နေသည့် အစိုးရတို့၏ မူဝါဒနှင့်လျော်ညီစွာ လှုပ်ရှားရန်းကန်ခဲ့ကြရ၏။ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးကာလ ဆိုရှယ်လစ် လူ့ဘောင်အဖွဲ့အစည်းကြီး ဖြစ်ထွန်းပေါ်ပေါက်လာစေရန်အတွက် ခေတ်နှင့်လျော်ညီခြင်း မရှိတော့သော အတွေးအခေါ်၊ အယူအဆမှစ၍ ဥပဒေများကိုပင် ပယ်ဖျက်ခြင်း၊ ရုတ်သိမ်းခြင်း၊ ပြင်ဆင်သင့်သည်များကို ပြင်ဆင်ခြင်းများ ပြုလုပ်ခဲ့ကြရသည်။ ထို့ကြောင့် “ဘုန်းတော်ကြီးကျောင်းပညာရေးဌာနစိတ်”သည်လည်း ဆိုရှယ်လစ်ပညာရေး ရည်မှန်းချက်များနှင့် အံဝင်ဂွင်ကျ မဖြစ်တော့သဖြင့်

၁၉၇၂ ခုနှစ်တွင် ဖျက်သိမ်းခဲ့လေတော့သည်။ နိုင်ငံတော်၏ ၉၀ ရာခိုင်နှုန်းမျှသောလူဦးရေမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြသူများ ဖြစ်ကြသည်။ မိရိုးဖလာကိုးကွယ်ခြင်းပင်ဖြစ်လင့်ကစား ဗုဒ္ဓဘာသာဝင် များဟု ခေါ်ဆိုနိုင်ကြသည်။ ဤဗုဒ္ဓဘာသာဝင်များအတွက် လွတ်လပ်ရေးဆုံးပါးခြင်းမရှိမီကာလတွင် စဉ်းစား ဆောင်ရွက်ခဲ့ကြပုံ၊ လွတ်လပ်ရေးဆုံးရှုံးပြီး၊ သူ့ကျွန်ဘဝတွင် စဉ်းစားဆောင်ရွက်ခဲ့ကြပုံ၊ ဆုံးရှုံးခဲ့ရသောလွတ်လပ်ရေးကို ပြန်လည်ရယူရန် ကြိုးပမ်းစဉ်ကာလတွင် စဉ်းစား ဆောင်ရွက်ခဲ့ကြပုံနှင့် လွတ်လပ်ရေးရပြီးနောက် စီမံဆောင်ရွက်ခဲ့ကြပုံကို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယခု ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးကာလတွင် ဗုဒ္ဓ ဘာသာရေးရာနှင့် ပတ်သက်၍ မည်ကဲ့သို့ စဉ်းစား ဆောင်ရွက်ခဲ့ကြသည်ကို သင်ခန်းစာဖော်ထုတ်ကာ ဗုဒ္ဓ အဆုံးအမနှင့်အညီ အစွန်းတရားနှစ်ပါးကို ရှောင်ရှားလျက် သာသနာတော်ထွန်းကားပြန့်ပွားရေး ဆောင်ရွက်ရာတွင် သတိပြုဆင်ခြင်နိုင်ကြစေရန် အကျဉ်းမျှ တင်ပြလိုပါ၏။ ယင်းကိစ္စကား ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် အသိအမှတ်ပြုရေးကိစ္စပင်ဖြစ်သည်။

* * * * *

## နိုင်ငံတော်ဘာသာကိစ္စ

၁၉၄၇ ခုနှစ်၊ မေလ၌ မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် ဖဆပလပဏာမ ပြင်ဆင်မှုညီလာခံကျင်းပစဉ်က ဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာအဖြစ် အသိအမှတ်ပြုရေးကိစ္စ စတင် ဆွေးနွေး ခဲ့ဖူးကြသည်။ ထိုညီလာခံတွင် ဆရာတော်၊ သံဃာတော် များက ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ လွတ်လပ်ရေး ရတော့မည့်အချိန်ဖြစ်၍ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာ အဖြစ် ကြေညာရန် စာအုပ်စာတမ်းများ၊ ကြော်ငြာစာများ ဝေငှလေရာ၊ ဗိုလ်ချုပ်အောင်ဆန်းက ပြင်းထန်စွာ ဆန့်ကျင် ခဲ့သည်။ တစ်ဖန် ဒီးဒုတ်ဦးဘချိုက လွတ်လပ်ရေးရချိန်တွင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာပြဋ္ဌာန်းရန် အဆိုတင်သွင်း ရာ "တိုင်းပြည်ကို တိုင်းပြည်ရေးလို တွေးစမ်းပါ။ ကျွန်တော် တို့ဟာ တိုင်းပြည်တစ်ခုလုံး စည်းလုံးကြဖို့လိုတယ်။ ပြည်ထောင်စုထဲမှာ ရှိနေကြတဲ့ လူမျိုးအားလုံး၊ ဘာသာ အားလုံး ဘယ်တော့မှ မပြိုကွဲဘဲ၊ ခွဲထွက်သွားမဲ့သူတွေ ပေါ်မလာစေဘဲ နိုင်ငံရေးစိတ်ဓါတ်တစ်ခုတည်းရှိအောင် သွင်းပြီး စည်းလုံးဖို့လိုတယ်" ဟုဆိုကာ ဗိုလ်ချုပ်အောင်ဆန်း

က ကန့်ကွက်ခဲ့ပေသည်။ ထို့ကြောင့် ယင်းညီလာခံတွင် ဖဆပလကပြုစုသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါ ဘာသာရေးဆိုင်ရာ ပြဋ္ဌာန်းချက် ၁၄ တွင် -

(၁) နိုင်ငံရေးအလို့ငှာ ကိုးကွယ်သော ဘာသာနှင့်တကွ၊ ဘာသာနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းတို့ကို မလျော်သောသဘောဖြင့် သုံးစွဲခြင်းမပြုရ၊

(၂) ကိုးကွယ်သော ဘာသာရေးကိစ္စများတွင် နိုင်ငံတော်သည် ကြားနေအဖြစ် ပြုမူရမည်" ဟု ပါရှိလေသည်။

တစ်ဖန် ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁(၁) တွင်လည်း-

(၁) ဗုဒ္ဓသာသနာတော်သည် နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသည့် ဘာသာကြီးဟု ပြည်ထောင်စုနိုင်ငံတော်က အသိအမှတ်ပြုသည်။

(၂) နိုင်ငံတော်သည် အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ နတ်ကိုးကွယ်သောဘာသာစသည့် ဘာသာတို့ကို ဤနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအတည်ပြုသောအချိန်၌ နိုင်ငံတော်

တွင် ရှိနေကြသော ဘာသာအချို့ဟူ၍ အသိ
အမှတ်ပြုသည်ဟူ၍ ပြဋ္ဌာန်းထားခဲ့သည်ကို တွေ့ခဲ့
ကြပြီးဖြစ်သည်။

ဤသို့ ပြဋ္ဌာန်းထားပါလျက် ၁၉၅၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့(ကြည့်မြင်တိုင်) အမတ် ဒေါ်ခင်လှက ပြည်သူ့လွှတ်တော်၌ ဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာအဖြစ် ကြေညာပေးရန် အဆိုတင်သွင်းပြန်ရာ ဦးဝင်း (ထိုစဉ်က ပြည်ထဲရေးနှင့်သာသနာရေးဌာန၊ ဝန်ကြီး)က ကန့်ကွက်ခဲ့သည်။ ၁၉၅၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ဦးနု ကိုယ်တိုင်ကပင် ဘာသာပြု၍ စည်းရုံးသော အဖွဲ့အစည်းများ ပေါ်ပေါက်လာပါက တိုင်းပြည်ထိခိုက်နိုင်သဖြင့် ဖဆပလ လက်အောက်ခံ ဘာသာရေးအဖွဲ့တစ်ဖွဲ့ကို ဖျက်သိမ်းစေခဲ့ လေသည်။ ၁၉၅၄ ခုနှစ်တွင် စတင်ကျင်းပသည့် ဆဋ္ဌသံဂါ ယနာတင်ပွဲ နောက်ပိုင်းတွင် ဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာအဖြစ် ပြဋ္ဌာန်းပေးရန် တောင်းဆိုမှုများ ပိုမိုပြင်းထန် လာခဲ့သည်။ ထိုသို့ ပြင်းပြင်းထန်ထန် တောင်းဆိုသော အဖွဲ့ များအနက် ရန်ကုန်မဟာသောတုဇနအဖွဲ့၊ မန္တလေးရဟန်းပျို အဖွဲ့နှင့် ရခိုင်သောတုဇနသံဃာ့အဖွဲ့ချုပ်တို့မှာ ထင်ရှား

လှသည်။ နိုင်ငံရေးနှင့် အကျွမ်းတဝင်မရှိလှသော ဆဋ္ဌသံဂါယနာတင် ဩဝါဒါစရိယဆရာတော်များကလည်း နိုင်ငံတော်အစိုးရအား ဖိအားပေးခဲ့ကြပြန်တူသည်။ ၁၉၅၆ ခုနှစ်၊ မေလ ၂၇ရက်နေ့တွင် (ထိုစဉ်က ဝန်ကြီးချုပ်)ဦးနုသည် ဆရာတော်ကြီးများထံ နိုင်ငံတော်၏ ဘာသာရေးရာ မူဝါဒသဘောထားကို လျှောက်ထားတင်ပြရာဝယ် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာပြုလုပ်ပါက အမျိုးသားစည်းလုံးညီညွတ်ရေး ပျက်ပြယ်နိုင်၍ တိုင်းပြည်အတွက် အန္တရာယ်ကြီးပါကြောင်း၊ ပြည်ပနိုင်ငံများ၏ သူလျှိုများလည်း ဖြစ်ပေါ်လာနိုင်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ အချင်းချင်းစိတ်ဝမ်းကွဲပြားလာနိုင်ပါကြောင်း လျှောက်တင်သော်လည်း ဗုဒ္ဓဘာသာဝင်မဟုတ်သော တိုင်းရင်းသားများအတွက် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာပြဋ္ဌာန်းခြင်းဖြင့် နစ်နာဆုံးရှုံးမှုများ ရှိလာမည်မဟုတ်ကြောင်းကို ပညာပေး ဖျောင်းဖျဆွေးနွေးရန်လိုပါကြောင်း၊ စိုးရိမ်ဖွယ်ရာမရှိတော့သည့် အခြေအနေတွင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာပြဋ္ဌာန်းနိုင်ရန် ကြိုးစားပေးမည်ဖြစ်ပါကြောင်း" ကိုပါ ထည့်သွင်းလျှောက်ထားခဲ့ခြင်းဖြင့် ဦးနုသည် နိုင်ငံရေးတွင် ဘာသာရေး

ကို ရောထွေးအသုံးပြုရန် ကြိုးပမ်းခဲ့တော့သည်၊ ၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဦးနုသည် ကမ္ဘာအေး ကုန်းမြေ၌ သန့်ရှင်းဖဆပလ ပြည်လုံးကျွတ်ညီလာခံကျင်းပ ပြီး ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာ ပြဋ္ဌာန်းပေးမည်ဟု ကြေညာခဲ့ပြန်သည်။ ဦးနုသည် ယင်းအာဏာရပြီးချိန် ၁၉၆၀ ပြည့်နှစ်၊ ဧပြီလတွင် နိုင်ငံတော်ဘာသာ ပြဋ္ဌာန်းသတ်မှတ် ရေးဆိုင်ရာ အကြံပေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ရာ ဦးနု၏ အလိုကျပုဂ္ဂိုလ်များသာ ပါဝင်ခဲ့ဟန်တူပေသည်။ ၁၉၆၁ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ (တတိယပြင်ဆင်ချက်)အက်ဥပဒေကြမ်းကို တင်သွင်း လျက် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်း ခဲ့တော့သည်။ ပထစအစိုးရဝန်ကြီး ဦးရာရှစ်အပါအဝင် ဗုဒ္ဓဘာသာဝင်မဟုတ်သော တိုင်းရင်းသားများအပြင် အတိုက်အခံခေါင်းဆောင် သခင်သာခင် စသည့် ပုဂ္ဂိုလ် များက ဝိုင်းဝန်းကန့်ကွက်ခဲ့ကြသည်။ ဗုဒ္ဓဘာသာဝင်များ အပါအဝင် ကန့်ကွက်နေသည့်ကြားမှ ဦးနုသည် အခြေခံ ဥပဒေ(တတိယပြင်ဆင်ချက်) အက်ဥပဒေဖြင့် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းပြီးချိန် ဘာသာရေး

လူနည်းစု၏ ယုံကြည်မှုကို ပြန်လည်ရယူရန်အလို့ငှာ ယင်းလူနည်းစုအား အကာအကွယ်ပေးသည့် အခြေခံဥပဒေ (စတုတ္ထပြင်ဆင်ချက်) တင်သွင်းရန် ကြိုးပမ်းပြန်သေးသည်။ ယင်းစတုတ္ထပြင်ဆင်ချက်သည် ဘာသာအားလုံးကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းပေးလိုက်သကဲ့သို့ဖြစ်သဖြင့် သံဃာတော်များက ပြင်းထန်စွာ ကန့်ကွက်ကြပြန်သည်။ သို့ကန့်ကွက်ခဲ့ကြသော်လည်း ၁၉၆၁ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်နေ့တွင် စတုတ္ထပြင်ဆင်ချက်ကို လွှတ်တော်တွင် တင်သွင်းပြဋ္ဌာန်းပြီး အောက်တိုဘာ ၂၉ ရက်နေ့တွင် နိုင်ငံတော်အစိုးရက မြောက်ဥက္ကလာပ၌ ဗလီတည်ဆောက်ခွင့်ပြုခဲ့ပြန်သည်။ ထိုခွင့်ပြုချက်ကြောင့် သံဃာတော်များ ကန့်ကွက်ဆန္ဒပြခဲ့ကြပြီး ဆောက်လုပ်ဆဲဗလီကို ဝင်ရောက်သိမ်းပိုက်လိုက်ကြသည်အထိဖြစ်ရာ ပုဒ်မ ၁၄၄ ထုတ်ပြန်လျက် ရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်နှိမ်နင်းရှင်းလင်းကြရသည်ထိပင် ဖြစ်ခဲ့တော့သည်။ ထိုသို့ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာပြဋ္ဌာန်းသည့် အရေးကိစ္စတွင် တပ်မတော်က လိုလားနှစ်သက်ခြင်း အလျဉ်းမရှိခဲ့ပါပေ။ အကြောင်းမှာ တပ်မတော်သည် တိုင်းရင်းသားပေါင်းစုံ၊ ဘာသာဝင်ပေါင်းစုံ

တို့ဖြင့် ဖွဲ့စည်းထားရာတွင် စည်းလုံးညီညွတ်မှုကြီး ပြိုကွဲရန် အကြောင်းဖန်လာနိုင်ခြင်းကြောင့် ဖြစ်ပေသည်။ ဦးနု၏ နိုင်ငံရေးအကြပ်အတည်းကို ဘာသာရေးဗန်းပြ စည်းလုံး ဖြေရှင်းခဲ့ခြင်းကြောင့် နိုင်ငံရေးအယူအဆ ကွဲပြားသွားခြင်း၊ ဆူပူအုံကြွဆန္ဒပြမှုများ ဖြစ်ပေါ်လာခြင်းတို့ထက် ပိုမို ဝမ်းနည်းဖွယ်ကောင်းသော အကျိုးဆက်မှာ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ကချင်လွတ်မြောက် ရေးတပ်မတော် K.I.A (Kachin Independence Army) တည်းဟူသော ပြည်တွင်းသောင်းကျန်းသူ လက်နက်ကိုင် အဖွဲ့အစည်းတစ်ရပ် ရုတ်တရက် ကျယ်ပြန့်များပြားလာခဲ့ ခြင်းပင် ဖြစ်ပေသည်။ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကို ရယူ လိုက်ရသည့်အချိန်တွင် K.I.A အင်အား ၆၀၀ကျော်ရှိပြီး ၁၉၆၃ ခုနှစ်စပိုင်းတွင် ၂၁၀၀ ခန့်ထိ တိုးတက်လာခဲ့ကာ ကချင် ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ခြမ်းတို့၌ ခိုင်မြဲစွာ အမြစ်တွယ် ကျယ်ပြန့်စွာ လှုပ်ရှားစည်းရုံးနိုင်ပြီးဖြစ်သည်။ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဌာန်းလိုက်ခြင်း ၏ ဆိုးကျိုးများအား ယနေ့မျက်မှောက်ခေတ် ရဟန်းရှင်လူတို့

သတိပြုဆင်ခြင်ဖွယ် တင်ပြရခြင်းဖြစ်ပါသည်။ ဤကဲ့သို့သော ဆိုးကျိုးများကို သင်ခန်းစာယူကာ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးကာလဝယ် နိုင်ငံတော်အတွက် ဆိုးကျိုးများ မဖြစ်ပေါ်အောင် ချင့်ချိန်စဉ်းစားသုံးသပ် ဆောင်ရွက်ခဲ့ကြသည်ဟု ယူဆရပေသည်။ အဘယ်ကြောင့်ပါနည်း။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲရာတွင် ဘာသာရေးနှင့် ပတ်သက်၍ အထူးသတိထား သုံးသပ်ကာ ပထစအစိုးရ လက်ထက်က အမှားမျိုး ထပ်မံမဖြစ်ပေါ်စေရန် ဆောင်ရွက်ခဲ့ကြသည်။ ၁၉၇၁ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်နေ့တွင် ဗိုလ်မှူးချုပ်စန်းယု ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် အဖွဲ့ဝင် ၉၇ဦးပါ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်စေသည်။ ကော်မရှင်အဖွဲ့ခွဲ ၁၅ ဖွဲ့ခွဲ၍ နိုင်ငံတစ်ဝှန်းသို့ သွားရောက်ကာ ပြည်သူ့ဆန္ဒသဘောထားများရယူခြင်း၊ အကြံဉာဏ်များ ဖိတ်ခေါ်၍ အချက်အလက်များ စုဆောင်းခြင်းများ ပြုခဲ့ကြသည်။ ရရှိသော ဆန္ဒသဘောထားများကို စုစည်းလျက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ထပ်ဆင့်

ရှင်းလင်းရေးအဖွဲ့များဖြင့် ၁၉၇၂ ခုနှစ်၊ မေလနှင့် ဇွန်လ တို့တွင် ပြည်သူလူထုထံ ချပြသုံးသပ်ပြုပြင်ခဲ့ကြပြန်သည်။ ပြည်သူများ၏ ဆန္ဒသဘောထားနှင့်အညီ ပြင်ဆင်ဖြည့်စွက်လျက် (ဒုတိယမူကြမ်း)ကို ရေးဆွဲကာ ထပ်ဆင့်ရှင်းလင်းရေးအဖွဲ့များဖြင့် ပြည်သူလူထုထံ ထပ်ဆင့် ရှင်းလင်းချပြ ဆွေးနွေးကြပြန်သည်။ မူကြမ်းရေးဆွဲရေးကော်မရှင်သည် ပြည်သူတို့၏ ဆန္ဒသဘောထားနှင့်အညီ (တတိယမူကြမ်း) ကိုရေးဆွဲကာ ဒုတိယအကြိမ်ပါတီညီလာခံသို့ တင်ပြ အတည်ပြုချက် ရယူခဲ့သည်။ ပြည်သူ့ဆန္ဒခံယူရန် တော်လှန်ရေးကောင်စီသို့ တာဝန်ပေးသဖြင့် ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်မှ ၃၁ ရက်နေ့အထိ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ပြုလုပ်ခဲ့သည်။

* * * * *

### လွှတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်

ယင်း ၁၉၇၃-ခုနှစ်၊ ပြည်လုံးကျွတ်ဆန္ဒ ခံယူပွဲတွင် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ ၉၀. ၁၀ ရာနှုန်းက ထောက်ခံခဲ့သဖြင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီ ၃ရက်

နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ရာ ဘာသာသာသနာရေးနှင့် ပတ်သက်၍ ပုဒ်မ ၁၅၈တွင် -

(၁) × × × × × × × × × × × × ×

(၂) နိုင်ငံသားတိုင်းသည် မိမိတို့ ချစ်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာနှင့် စောင့်ထိန်းအပ်သော ဓလေ့ထုံးတမ်းများကို သီးခြားလွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။ ယင်းသို့ ဆောင်ရွက်ခြင်းသည် ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ဆိုရှယ်လစ်လူနေမှုစနစ်တို့ကို ထိပါးရာရောက်ပါက လုံးဝရှောင်ကြဉ်ရမည်။ မိမိတို့၏ သီးခြားဆောင်ရွက်မှုသည် အခြားတိုင်းရင်းသားလူမျိုးတစ်မျိုးမျိုး သို့မဟုတ် အများအား ထိခိုက်နစ်နာစေလျှင် ပြည်လည်ညှိနှိုင်း၍ ပြေလည်မှုရရှိပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်။

(၃)အထက်ပုဒ်မခွဲ ၁နှင့် ၂အရ ဆောင်ရွက်ခွင့်ရှိသော်လည်း တိုင်းရင်းသားလူမျိုးများ၏ သွေးစည်းညီညွတ်ရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ဆိုရှယ်လစ်လူနေမှုစနစ်တို့အား ထိခိုက်စေမည့်လုပ်ရပ်များကို တားမြစ်သည်။ ယင်းတားမြစ်

ချက်ကို ကျူးလွန်သူအား ဥပဒေအရ အပြစ်ပေးအရေးယူရမည်” ဟူ၍လည်းကောင်း၊

ပုဒ်မ ၁၆၁ တွင်လည်း-

“(၁) နိုင်ငံသားတိုင်းသည် လွတ်လပ်စွာ တွေးတောကြံဆခွင့်၊ လွတ်လပ်စွာယုံကြည်ခွင့်၊ မည်သည့်ဘာသာကိုမဆို လွတ်လပ်စွာ ကိုးကွယ်ပိုင်ခွင့်ရှိသည်။

(၂) အထက်ပုဒ်မခွဲ(၁)ပါ လွတ်လပ်မှုအခွင့်အရေးများရှိသော်လည်း လုပ်သားပြည်သူများ၏ အကျိုးစီးပွားအတွက်သော်လည်းကောင်း၊ စည်းကမ်း သေဝပ်တည်ငြိမ်ရေးအတွက်သော်လည်းကောင်း နိုင်ငံတော်က ဥပဒေပြုနိုင် သည်။

(၃) ဘာသာသာသနာရေးသည် ပုဂ္ဂိုလ်ရေးဖြစ်သည်။ ဘာသာရေးအဖွဲ့အစည်းများနှင့် ဘာသာရေးကို နိုင်ငံရေးကိစ္စအလို့ငှာ အသုံးမပြုရ။ ယင်းကိစ္စနှင့်ပတ်သက်၍ ဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းထားရမည်” ဟူ၍ ပြဋ္ဌာန်းခဲ့လေ သည်။

အထက်တွင် ဖော်ပြခဲ့ပြီးသော ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော ဘာသာရေးရာကိစ္စနှင့် ပတ်သက်သည့် ပြဋ္ဌာန်းချက်သည် “လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်”

ပေးထားသည်ကား မှန်ပေသည်။ သို့ရာတွင် ထိုလွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်သည် အများပြည်သူများ၏ အကျိုးစီးပွားကို မထိခိုက်မနစ်နာစေရန်၊ နိုင်ငံတော်အတွင်း ဒေသအတွင်း စည်းကမ်းသေဝပ် တည်ငြိမ်ရေး မပျက်ပြားစေရန်၊ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာရေးနှင့် ဘာသာရေးအသင်းအဖွဲ့တို့ကို အသုံးမချစေရန်၊ နိုင်ငံတော်က အခြေခံဥပဒေအပေါ် မူတည်ထားရှိ၍ ဥပဒေများ ထပ်ဆင့်ထုတ်ပြန် တားဆီးကြရမည်သာ ဖြစ်ပေ သည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေတွင် ယခင်က တွေ့ကြုံခဲ့ရ သော ခါးသီးလွန်းလှသည့် နိုင်ငံရေးအတွေ့အကြုံ၊ ဘာသာရေးတွေ့အကြုံများကို အခြေခံလျက် နောင် မမှားတန်သည်ကို မမှားစေရန် ကြိုတင်စဉ်းစားရေးဆွဲခဲ့သည် မှန်သော်လည်း လက်တွေ့တွင်မူ ပြည်တွင်းဆူပူသောင်းကျန်းမှုနှင့် နိုင်ငံတော် အစိုးရ၏ အာဏာစက်ဩဇာ မသက်ရောက်သည့် ဒေသတို့တွင် နိုင်ငံတော်နှင့် ပြည်သူကို ထိခိုက်နစ်နာစေသော ဘာသာရေးလွတ်လပ်မှုများ ဆောင်ရွက်ခဲ့ကြသည်ကို တွေ့နိုင်ကြပေလိမ့်မည်။

· လွတ်လပ်စွာကိုးကွယ်ခွင့်ဆိုသည်မှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းပေး အခြေ

အနေအရ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးကာလ တွင် အစိုးရသည် ပြည်တွင်း၌ ဗုဒ္ဓဘုရားရှင်၏ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော်သုံးရပ် တိုးတက်စည်ပင် ရေး ဆောင်ရွက်ရာတွင် သတိကြီးစွာဖြင့် ဆောင်ရွက်ခဲ့ရပြီး ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ၊ နတ်ကိုးကွယ်သည့်ဘာသာကို သက်ဝင် ယုံကြည်သူများအနေဖြင့် တစ်ဘာသာနှင့် တစ်ဘာသာ ညီညွတ်စွာဆက်ဆံနိုင်ရေး၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ် နိုင်ရေးတို့အတွက် ရည်မှန်းပြဋ္ဌာန်းကာ ကြိုးပမ်းအကောင် အထည်ဖော်ခဲ့ကြသည်။ ထိုသို့ ပြဋ္ဌာန်းဆောင်ရွက်သည့်တိုင် အစွန်းရောက်ပုဂ္ဂိုလ်များ ပေါ်ပေါက်များပြားလာခြင်း "လွတ်လပ်စွာကိုးကွယ်ခွင့်" ကို မသိနားမလည်သော တောသူတောင်သားများအပေါ် ဝယ် အပေါ်ယံအဓိပ္ပာယ် ဖွင့်ဆိုလျက် နိုင်ငံရေးအရ အမြတ်ထုတ်ရန် ကြိုးပမ်းခြင်း၊ ပြည်ပအထောက်အပံ့ အကူအညီဖြင့် နိုင်ငံတော်လုံခြုံရေးကို ထိပါးလာသည့် ဘာသာရေးလုပ်ငန်း၊ ဘာသာရေးအသင်း အဖွဲ့ ဖွဲ့စည်းမှုများ ရှိလာလေသည်။ ဥပမာအားဖြင့် လူမှုရေး ဖောက်ပြန်နေကြသော ဘိုးတော်တု ဘိုးတော်ယောင်များ၊

သက်န်းဝတ်ဖြင့် ဗုဒ္ဓသာသနာညှိုးငယ်စေသော ဂိုဏ်းဆရာကြီးများ၊ ဆေးဆရာကြီးများ၊ သက်န်းဝတ်ဖြင့် အစမ္မဝါဒ ဆုပ်ကိုင်ဟောပြောသူများ၊ ပြည်နယ်အကြီးအကဲများ ဦးဆောင်ဖွဲ့စည်းသော(C.C.O.C)ကဲ့သို့ အဖွဲ့အစည်းများ ဖြစ်ကြသည်။ (C.C.O.C)ဘာသာရေးအဖွဲ့ဆိုလျှင် ယနေ့ နယ်စပ်နှင့် တောင်တန်းဒေသ ဗုဒ္ဓသာသနာပြုရဟန်းများ သတိကြီးစွာထားနေရသော အစွန်းရောက်အဖွဲ့ပင် ဖြစ်နေသေးသည်။ ထို့အပြင် ပြည်ပ၏ အထောက်အပံ့ဖြင့် လှုပ်ရှားလိုကြသော အခြားဘာသာဝင်အဖွဲ့အစည်းတို့ကလည်း နိုင်ငံတော်၏အာဏာစက် လက်လှမ်းတမှီ အပြင်သို့သွားကာ သောင်းကျန်းသူနှင့် ဆက်သွယ်ကြပြန်ရာ ၁၉၈၃-ခုနှစ်တွင် KNU ဗိုလ်မြ၏ ဩဇာခံ အာဇင်(ခေါ်) မောင်မောင်လွင် ဦးစီးလျက် ကျော်လှ၊ တင်မောင်၊ အာလီနှင့် ဆန်းနုတို့ အပါအဝင် အင်အား ၅၀ခန့်ရှိ သောင်းကျန်းသူတစ်မျိုး ပေါ်ခဲ့ရပြန်သည်။ ထိုနှစ်နောက်ပိုင်း ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်း သောင်းကျန်းသူများ ဩဇာကြီးမားရာ ရွာတို့တွင် ကိုးကွယ်ရာဘာသာဝင် အမျိုးအစားများ သိသာထင်ရှားစွာ ပြောင်းလဲလာတော့သည်။ ၁၉၆၅-ခုနှစ်

စာရေးသူရောက်ရှိခဲ့သော (ကတိုင်တိ) ရွာကလေးတွင် အိမ်ခြေ (၁၀၀) ကျော်ရှိရာ အခြားဘာသာဝင် (၅) အိမ်မျှသာ ကိုင်းတောစုတွင်ရှိ၏။ ၁၉၈၄ ခုနှစ်တွင် စာရေးသူရောက်ရှိစဉ် အခြားဘာသာဝင် အိမ်ခြေနှင့် ဗုဒ္ဓဘာသာဝင် အိမ်ခြေ ဆတူဖြစ်ချေပြီ။ ၁၉၉၂ ခုနှစ်တွင် ထိုရွာသို့ စာရေးသူ ရောက်ရှိသောအခါ ပရိတ်အသင်းတစ်သင်းဖွဲ့ရန်ပင် မဖြစ်နိုင် တော့ပေ။ ဗုဒ္ဓဘာသာဝင် အိမ်ခြေ ၁၀ အိမ်ခန့်သာ ရှိတော့ သည်။ ယခင် ခန့်ညားလှသော ရှေးဗုဒ္ဓဘာသာ ဘုန်းကြီး ကျောင်းတွင် သံဃာမရှိ သိတင်းမသုံးနိုင်တော့။ ကျောင်းပျက် ကြီးဖြစ်လေပြီ။ ကပ်လျက်မြေကွက်တွင် အခြား ဘာသာ အဆောက်အဦးမှာ ဝင့်ထည်နေလေပြီ။ ဤဖြစ်စဉ် ဖြစ်ရပ်မျိုး မည်မျှဖြစ်နေသည်၊ များပြားနေသည်ကိုမူ စာရေးသူမသိနိုင်ပါ။ ခန့်မှန်းကြည့်ယုံမျှသာ။ ၁၉၆၅-ခုနှစ် ခန့်က ကျောင်းသားငယ် များ၏ စာအံသံ၊ ကျောင်းထိုင် ဘုန်းတော်ကြီး၏ တုံးခေါက်သံများသည် ၁၉၉၂-ခုနှစ် နီးပါးလောက်တွင် ပျောက်ကွယ်ခဲ့ပြီ။ ၁၉၇၂-ခုနှစ်ဝန်းကျင် ကျောင်းနေ အရွယ်ကလေးငယ်တို့သည် ၁၉၈၈-ခုနှစ်တွင် အသက် ၂၁နှစ်အရွယ်၊ တိုင်းပြည်တာဝန်ကို ထမ်းဆောင် နေကြသည့်

လူငယ်များရှိသလို အစိုးရစာသင်ကျောင်းနှင့် ဝေးသော ကျေးလက်နေလူငယ်တို့မှာ အားထားရာ ဘုန်းတော်ကြီး ကျောင်းနှင့် ဝေးခဲ့ပြန်သည်။ အသုံးလုံးကျေ လှုပ်ရှားမှုများနှင့် အစားထိုးသည့်တိုင် လိမ္မာယဉ်ကျေးသော ဗုဒ္ဓအဆုံးအမနှင့် ဝေးခဲ့ရကား ၁၉၈၈-ခုနှစ်တွင် နိုင်ငံတကာ အလယ်တွင် ရှက်ဖွယ်ကောင်းသော၊ ရက်စက် ကြမ်းကြုတ် သော အရိုင်း စိတ်များ လွှမ်းခြုံထားသော လူငယ်များသည် ပြည်သူ လူထုရှေ့မှောက် လမ်းမများပေါ်သို့ ရောက်ခဲ့တော့ သည် တကား။

* * * * *

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် ဘုန်းတော်ကြီးကျောင်းပညာရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေးကာလအတွင်း ဘုန်းတော်ကြီး ကျောင်းပညာရေးမှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုကို ခံယူလျက် အစစအရာရာ ပါတီဦးဆောင်မှု ဖြင့်သာ ဦးတည်ဆောင်ရွက်ခဲ့ကြရသည့်အားလျော်စွာ ထူးခြားစွာ ကြီးကြပ်ကွပ်ကဲသော အဖွဲ့အစည်းတစ်ရပ်မျှ မရှိဘဲ သံဃာတော်များက ကိုယ့်ကျောင်း ကိုယ့်နည်းဖြင့် မပျက်မယွင်းအောင် ထိန်းသိမ်းသွားခဲ့ကြရပေသည်။ ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်မှာ ဘာသာအယူဝါဒ ရေး သက်သက်ဖြစ်သည်ဟု ယူဆသူများရှိသကဲ့သို့ ကလေး

သူငယ်တို့၏ ပညာရေးအတွက် မရှိမဖြစ်သော ပညာရေးကျောင်းများဟု ယူဆသူများကလည်း ရှိနေကြသည်။ ထို့အပြင် မြန်မာ့လူနေမှုဘဝကို မြှင့်တင်ရာတွင် မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် ဆောင်ရွက်နေကြသည့် ကာလဝယ် ပြည်ပအကူအညီကို လက်သိပ်ထိုးရယူကာ ပြည်ပသြဇာခံ Mission ကျောင်းများကို ပြန်လည်အသက်သွင်းလိုကြသူများလည်း ရှိနေကြပေသေးသည်။ နိုင်ငံရေးနှင့် ဘာသာရေးကို ရောထွေးသွားခြင်းမရှိရလေအောင် သတိကြီးကြီးထား၍ ပြဋ္ဌာန်းထားသော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရလည်း တစ်ဖက်စွန်းမရောက်သွားစေရန် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ကြရသည်။ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှု၏ ရေသောက်မြစ်ဖြစ်သော ဘုန်းတော်ကြီးကျောင်းပညာရေးမှာ ဦးစီးကြိုးကိုင်သူမရှိတော့ဘဲ "အမိမဲ့သား ရေနည်းငါး" ပမာ မှေးမှိန် ပျောက်ကွယ်လုနီးနီး ဖြစ်ခဲ့ရတော့သည်။ ဘုန်းတော်ကြီးကျောင်းပညာရေးကို သာသနာရေးဘက်က လူပုဂ္ဂိုလ်ကြီးများကလည်းကောင်း၊ ပညာရေးဘက်က လူပုဂ္ဂိုလ်ကြီးများကလည်းကောင်း အစဖော်ထုတ်ကြိုးပမ်းမှုအလျဉ်းမရှိ၊ ရေငုံနှုတ်ပိတ်လျက် ဆိုရှယ်လစ်

လမ်းကြောင်းအတိုင်း သွားနေသည့်အချိန်ဝယ် ဘုန်းတော်ကြီး ကျောင်းများမှာ တအုံနွေးနွေးဖြင့် မြန်မာတို့၏ ဘာသာ၊ သာသနာ ယဉ်ကျေးမှုပျောက်ပျက်မည့်အရေးကို ရင် တဒိတ်ဒိတ် တုန်လျက် စောင့်ကြည့်နေကြရသည့် အချိန် ပင်ဖြစ်ပေသည်။ အချို့ဘုန်းတော်ကြီးကျောင်းများမှာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကိုယ့်ရွာမှာ လူငယ်လေးများ၏ ရှေ့ရေးကို မျှော်တွေးလျက် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများကို သိုသိပ်စွာဖြင့် ဆောင်ရွက်ကာ ကြေးစည်သံ အုံးမောင်းသံ ခပ်ကျဲကျဲဖြင့် ဆက်လက်အားပေးခဲ့ကြသည့် ကိုယ့်လမ်းကိုယ်ထွင် ကိုယ့်ခရီး ကိုယ်နှင်ခဲ့ကြသော သံဃာတော်များ ရှိနေကြဆဲပင်ဖြစ်သည်။ ကျေးလက် တောရွာများရှိ တပည့်ဒါယကာ ဒါယိကာမများ၏ ကလေး သူငယ်များ ရှေ့ရေးအတွက် ရင်မအေးဖွယ်ရာ အခြေအနေကို သိရှိကြသော သံဃာတော်များ၏ဆန္ဒကို သိရှိတော်မူကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ဥပေက္ခာပြုခြင်းလော၊ လျစ်လျူရှုခြင်းလော ဝေဖန်သုံးသပ်ရန် ခက်ခဲခြင်းကို မြိုသိပ်ထားရန် မသင့်လျော်တော့သဖြင့်

"ဘုန်းတော်ကြီးကျောင်းပညာရေး" အတွက် နိုင်ငံတော် အစိုးရတာဝန်ရှိပုဂ္ဂိုလ်ကြီးများထံ မေတ္တာရပ်ခံသြဝါဒ ပေးတော် မူကြရတော့သည်။

## ၈၈ ခုနှစ်အရေးအခင်းလိုနောင်မကြုံရအောင်

၁၉၈၈ ခုနှစ်တွင် တွေ့မြင်ခဲ့ရသော ဗုဒ္ဓဘာသာဝင်များ မလုပ်သင့် မလုပ်အပ်၊ မဖြစ်သင့် မဖြစ်အပ်သော လမ်းပေါ်မှ ဖြစ်ရပ်ဆိုးများကို နောင်လာနောက်သားများ ထပ်မံမပြုလုပ် စေရန် ယနေ့နိုင်ငံသားတိုင်းတွင် တာဝန်ရှိပါ၏။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကလည်း အလွန်ခါးသီး လှသော ၁၉၈၈ ခုနှစ် အရေးအခင်းမျိုးကို နောက်ထပ် မည်သည့်အခါမျှ မဖြစ်ပေါ်စေရန် ရည်သန်ကာ ခေတ် လူငယ်တို့၏ လူကြီးသူမများကို ရိုသေကိုင်းရှိုင်းမှု ဂါရဝ နိဝါတတရား နည်းပါးနေခြင်း၊ အရှက် တရားကင်းနေခြင်း၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းလိုသည့် စိတ်ဓါတ်လျော့ပါး ပျောက်ကွယ်လုလုဖြစ်နေခြင်းနှင့် အမျိုးဘာသာ သာသနာစိတ် ခေါင်းပါးလာနေခြင်းတို့ကို တွေ့မြင်သုံးသပ် နည်းလမ်းရှာကြတော့သည်။

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများကလည်း အခြေအနေအရပ်ရပ်ကို သုံးသပ်ဆင်ခြင်မိသည့်အားလျော်စွာ ၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၄-၅ ရက် (၁၃၅၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃-၄ ရက်) နေ့များတွင် ကျင်းပပြုလုပ်သော တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေး၌ အောက်ပါအတိုင်း ဆုံးဖြတ်တော်မူခဲ့ကြပါသည်-

"ဆုံးဖြတ်ရန် အချက်(၁၈)

ဒုတိယဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တသောဘိတ(အဘိဓဇမဟာရဋ္ဌဂုရု)က ဘုန်းတော်ကြီးကျောင်းများမှ ကလေးများအား ယဉ်ကျေးမှုဆယ်စောင်တွဲနှင့်တကွ သက်ဆိုင်ရာဘာသာများကို ပို့ချပြီးပါက စတုတ္ထတန်းစာမေးပွဲကို ဘုန်းတော်ကြီးကျောင်းများမှ ဝင်ခွင့်ရရှိရေးအတွက် မေတ္တာရပ်ခံခြင်းကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး(ဒုတိယ ဗိုလ်ချုပ်ကြီး ဘုန်းမြင့်)က ဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း လျှောက်ထားသည့်စာကို မှတ်တမ်းတင်ရန်"

အထက်ပါ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်

ကြီးများ၏ ဖြူစင်သန့်ရှင်းမွန်မြတ်လှသော သာသနာ့စိတ်ကို သတိပြုကြရန် လိုမည်ထင်ပါ သည်။ ဆရာတော်ကြီးများ၏ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးထံ မေတ္တာရပ်ခံစာတွင် "တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါး စုံညီ တတိယအစည်းအဝေးက ဆုံးဖြတ်ချက်ကို အကောင် အထည်ဖော်သောအားဖြင့် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန (ဝန်ကြီးရုံး)၏ ၂၀-၁၂-၁၉၉၁ ရက်စွဲပါ စာအမှတ် ၅၃၂/၅၇/သသန ၅(ည၁)ဖြင့် ပညာရေးဝန်ကြီး ဌာန၊ ဝန်ကြီးထံ မေတ္တာရပ်ခံခဲ့ပါသည်။ မေတ္တာရပ်ခံစာ၏ လိုရင်းမှာ "ဘုန်းတော်ကြီးကျောင်းများမှ ကလေးသူငယ်များ အား ယဉ်ကျေးမှုဘာသာရပ်များ ပို့ချပြီးပါက စတုတ္ထတန်း စာမေးပွဲကို ဘုန်းတော်ကြီးကျောင်းများမှ ဝင်ခွင့်ရရှိရေး အတွက် ဆောင်ရွက်ပေးရန်" ပင် ဖြစ်ပေသည်။

ဘုန်းတော်ကြီးကျောင်းပညာရေးပြန်လည်ရှင်သန်လာပြီ

ဆရာတော်ကြီးများ၏ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီးထံ မေတ္တာရပ်ခံစာတွင် "တတိယအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ၄၇ ပါး စုံညီ တတိယ

အစည်းအဝေးတွင် မြန်မာနိုင်ငံအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ ကလေးသူငယ်များသည် အမျိုးသားရေးစိတ်ဓာတ်မြင့်မားကြ၍ အကျင့်စာရိတ္တကောင်းမွန်ပြီး ခေတ်နှင့်လျော်ညီသော စာပေများကို တတ်မြောက် သင်ကြားရန် လိုအပ်နေကြောင်း ဝေဖန်ဆွေးနွေးကြ၍ ဘုန်းတော်ကြီးကျောင်းများမှ ကလေးများအား ယဉ်ကျေးမှု၊ ဆယ်စောင်တွဲနှင့်တကွ သက်ဆိုင်ရာဘာသာရပ်များကို ပို့ချပြီးပါက စတုတ္ထတန်းစာမေးပွဲကို ဘုန်းတော်ကြီးကျောင်း များမှ ဝင်ခွင့်ရရှိရေးအတွက် မေတ္တာရပ်ခံရန် ဆုံးဖြတ်တော်မူကြပါသည်" ဟု တိကျရိုးရှင်းစွာ ဖော်ပြခဲ့ကြောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဗဟိုဌာနချုပ်၏ ၁၇-၁၂-၁၉၉၁ ရက်စွဲပါ စာအမှတ် ၁၁၇/၂/ပညာ-မဟန(ထွေ) ၉၁၊ တဖန်ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ကလည်း ၂-၁-၁၉၉၂ ရက်စွဲပါစာအမှတ် ၄-ပညာ-၂(င) ၉၁ (၁၃၅၇)ဖြင့် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ စာကိုညွှန်းလျှက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေး မှူးချုပ်ထံ မြန်မာနိုင်ငံစာမေးပွဲ ဝင်ရောက်ဖြေဆိုလိုပါက ခွင့်ပြုရေးအတွက် စီစဉ်ဆောင်ရွက်ပါရန် အကြောင်းကြား လိုက်လေ

သည်။ ပြည်နယ်/တိုင်း ပညာရေးမှူးများအားလုံး သို့လည်း သိရှိဆောင်ရွက်နိုင်ရန် ဖြန့်ဝေပေးပို့လိုက်လေ သည်။ အခြေခံပညာဦးစီးဌာနကလည်း ၂၇-၁-၁၉၉၂ ရက်စွဲပါ စာအမှတ်၊ ဌာနစု (၁၉)/၁၄၇၃/ ၂-ဆ/(၂-သ) ၉၂ ဖြင့် ပြည်နယ်/တိုင်း ပညာရေးမှူးများအားလုံးသို့ ညွှန်ကြားချက် ထုတ်ပြန်ပေးခဲ့လေသည်။ ထိုညွှန်ကြားချက် တွင်-

(က) ဘုန်းတော်ကြီးကျောင်းများမှ စတုတ္ထတန်း စာမေးပွဲဝင်ရောက်ဖြေဆိုခွင့် တောင်းခံခြင်း ကိစ္စများကို တောင်းခံသည့် ဘုန်းတော်ကြီးကျောင်း အလိုက် လက်ခံဆောင်ရွက်ရန်။

(ခ) စတုတ္ထတန်းစာမေးပွဲကို ဘုန်းတော်ကြီးကျောင်း များနှင့် ပြင်ပမှ ဖြေဆိုလိုသူများသည် သက်ဆိုင် ရာ စာသင်နှစ်အစ ဇွန်လ (၁)ရက်နေ့တွင် အသက် (၁၀) နှစ် ပြည့်ပြီးဖြစ်သူများဖြစ်စေရန်။

(ဂ) ပြည်နယ်/တိုင်း ပညာရေးမှူးများသည် မိမိတို့ ပြည်နယ်/တိုင်းအတွင်းရှိ မြို့နယ်ပညာရေးမှူး များအားလုံးသို့လည်းကောင်း၊ မြို့နယ် ပညာရေး မှူးများသည် မိမိတို့မြို့နယ်အတွင်းရှိ သက်ဆိုင်ရာ

အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများသို့လည်းကောင်း လိုအပ်သလို ဆက်လက်ညွှန်ကြား ဆောင်ရွက်နိုင်ရန် အကြောင်းကြားပေးပို့ပါကြောင်း ဖော်ပြပါရှိပေသည်။

ဤသည်မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ တပ်မတော်အစိုးရလက်ထက် ဘုန်းတော်ကြီးကျောင်းပညာရေးလုပ်ငန်း ပြန်လည်စတင် ဖွားသန့်စင်ခြင်းဟုပင် ဆိုရမည်ဖြစ်ပါသည်။ သို့ရာတွင် ဘုန်းတော်ကြီးကျောင်းပညာရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် "နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဘုန်းတော်ကြီးကျောင်းပညာရေး လုပ်ငန်းညှိနှိုင်းရှင်းလင်းပွဲ" ပြုလုပ်ရန် လိုအပ်သည်နှင့်အညီ ၁၃၅၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်၊ ၆ ရက် (၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ (၁-၂)ရက်နေ့များတွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမ၌ ဘုန်းတော်ကြီးကျောင်းပညာရေး ညှိနှိုင်းရှင်းလင်းပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ထိုရှင်းလင်းပွဲတွင် အောက်ပါပုဂ္ဂိုလ်တို့ တက်ရောက်ဆွေးနွေး အဖြေထုတ်ခဲ့ကြပါသည်-

(က) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ) ဝင် ဆရာတော်ကြီး ၁၅ ပါး၊

(ခ) ရန်ကုန်တိုင်းအတွင်းရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊

(ဂ) အလှည့်ကျ နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော် ၁၅ ပါး၊

(ဃ) ပြည်နယ်တိုင်း အသီးသီးတို့မှ ဂိုဏ်းပေါင်းစုံ တိုင်းသံဃနာယက အဖွဲ့ ဥက္ကဋ္ဌဆရာတော် ၄၉ ပါး၊

(င) သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊

(စ) ပညာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊

(ဆ) ပြည်နယ်/တိုင်း အသီးသီးတို့မှ သာသနာရေးမှူးများ၊

ညှိနှိုင်းရှင်းလင်းပွဲတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့

ဒုတိယဥက္ကဋ္ဌ မြင်းခြံဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘိတမထေရ်မြတ်က အခမ်းအနား သဘာပတိ အဖြစ် ဆောင်ရွက်၍ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မကွေးဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တကုမာရ(ယခု ဥက္ကဋ္ဌဆရာတော်ကြီး)က အခမ်း အနားမှူးအဖြစ် ဆောင်ရွက်တော်မူခဲ့ကြသည်။ မြင်းခြံ ဆရာတော်ကြီး၏ အစည်းအဝေးဖွင့် ဩဝါဒကထာတွင် ဘုန်းတော်ကြီးကျောင်းပညာရေး အဓိကပန်းတိုင်ကို အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့ပါသည်။

"ဘုန်းတော်ကြီးကျောင်းများ၌ ကလေးသူငယ်များအား ပညာသင်ကြားပေးမှုသည် မြန်မာနိုင်ငံအတွင်း မှီတင်း နေထိုင်ကြသော ကလေးသူငယ်များ ယဉ်ကျေးမှုအဆင့် အတန်း တိုးတက်မြင့်မားစေပြီး ထေရဝါဒဗုဒ္ဓသာသနာ တော်မြတ်ကြီး ထွန်းလင်းတောက်ပ၍ အရှည်တည်တံ့ ခိုင်ခံ့ရေးလုပ်ငန်းကြီး ဖြစ်ပါသည်။" အဆိုပါ မိန့်ကြားချက်ကို ထောက်ရှုခြင်းဖြင့် ဘုန်းတော်ကြီးကျောင်းပညာရေး အဓိက ရည်မှန်းချက်မှာ ခေတ်အတန်းပညာ မြင့်မြင့်မားမား သင်ကြားတတ်မြောက်လာစေရန် ဦးစားပေးခြင်းမဟုတ်ဘဲ

ကလေးသူငယ်များ ယဉ်ကျေးမှုအဆင့်အတန်း တိုးတက်မြင့်မားစေပြီး ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး ထွန်းလင်းတောက်ပ၍ အရှည်တည်တံ့ ခိုင်ခံ့ရေးပင်ဖြစ်ကြောင်း မီးမောင်းထိုးပြပေးထားကြောင်း တွေ့ရမည်ဖြစ်ပေသည်။ ထို့ပြင် မြင်းခြံဆရာတော်ကြီးက "ယခုအခါ စာတတ်သူခေါင်းပါး၍ မြန်မာ့ယဉ်ကျေးမှု ပျက်ပြားခဲ့ရခြင်းမှာလည်း ကလေးသူငယ်များသည် ကျောင်းကန်ရိပ်တည်းဟူသော ဘုန်းတော်ကြီးကျောင်းများ၏ အရိပ်အာဝါသမှ ကင်းလွတ်နေခဲ့ကြသောကြောင့် ဖြစ်ရသည်ဟု ဆိုရပါမည်ဘုရား။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ယနေ့တွေ့ကြုံနေရသော မြန်မာရိုးရာယဉ်ကျေးမှု ကွယ်ပျောက်လုလု အန္တရာယ်ကို ကာကွယ်စောင့်ရှောက်နိုင်ရန် ဤဘုန်းတော်ကြီးကျောင်းပညာရေး စီမံချက်များကို အောင်မြင်အောင် စနစ်တကျ ကြိုးပမ်းဆောင်ရွက်တော်မူကြရန် တိုက်တွန်းပါကြောင်း" မိန့်ကြားတော်မူခဲ့ပေသည်။

* * * * *

## နိုင်ငံတော်၏စေတနာနှင့် ဆရာတော်များအမြင်

အဆိုပါ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေး ရှင်းလင်းပွဲအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး(ဗိုလ်ချုပ်မျိုးညွန့်)က ရှင်းလင်းလျှောက်ထားရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း အရပ်ဒေသမရွေး တောင်ပေါ်ဒေသ တောကြိုအုံကြားပါမကျန် ရဟန်းတော်များကသာ စာပေသင်ကြားပေးနိုင်ကြပါကြောင်း။ တစ်တိုင်းပြည်လုံးအတိုင်းအတာဖြင့် ဆင်းရဲ ချမ်းသာမရွေး စေ့စေ့ငငံ၊ နှံ့နှံ့စပ်စပ် ပညာတတ်စေလိုပါက ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ်ကို ပြန်လည်ဖော်ထုတ် အားပေးချီးမြှောက်ရမည်သာဖြစ်ပါကြောင်း၊ ဘုန်းတော်ကြီးကျောင်းပညာရေး နှင့် ကင်းဝေးသွားသဖြင့် ဗြဟ္မစိုရ်တရား ခေါင်းပါးလာခြင်း၊ တစ်ယောက်အပေါ်တစ်ယောက်၊ တစ်ဦးအပေါ် တစ်ဦး သည်းခံခွင့်လွှတ်တတ်သော ခန္တီတရားခေါင်းပါးခြင်း၊ မိဘအား ပြုစုလုပ်ကျွေးမှု မာတာပိတုဥပဋ္ဌာနမင်္ဂလာ၊ သားမယားတို့အား တရားနှင့်လျော်သော လုပ်ကျွေးပြုစုမှု ပုတ္တဒါရဿသင်္ဂဟ မင်္ဂလာ၊ မိမိထက်အသက် ဂုဏ်ဝါကြီးသူတို့အား ရိုသေမှု ဂါရဝမင်္ဂလာ၊ မိမိကိုယ်ကို မာန်မာနနှိမ်ချမှု နိဝါတမင်္ဂလာ

စသော မင်္ဂလာတရားများ မှေးမှိန်ဆိတ်သုဉ်း လာခဲ့ပါကြောင်း၊ ထိုတရားတော်များ ပြန်လည်ထွန်းကားလာအောင် လောကပါလတရားများဖြစ်သည့် ဟိရီ၊ ဩတ္တပ္ပဟူသော အရှက်၊ အကြောက်တရားနှစ်ပါးကို ထိန်းသိမ်းလာအောင် ပြုပြင်စိုရိ တရားများ ထွန်းကားလာအောင် ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ်ကို ပြန်လည်ဖော်ထုတ် ကြရမည်ဖြစ်ပါကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်၍ ကိုယ်ကျင့်တရား မြင့်မားလာစေခြင်းစသော အကျိုးကျေးဇူးများ ရရှိခံစားနိုင်ကြမည်ဖြစ်၍ ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ်ကို ဆရာ၊ ဒကာ လက်တွဲညီညာ ဆောင်ရွက်တော်မူကြရန် အချိန်တန်ပြီဖြစ်ပါကြောင်း လျှောက်ထားသွားခဲ့ပေသည်။

တစ်ဖန် ပညာရေးဝန်ကြီးဌာန ဝန်ကြီး (ဗိုလ်မှူးကြီး ဖေသိန်း)ကလည်း "ယနေ့ မျက်မှောက်ခေတ်တွင် စာမတတ်သူဦးရေ တိုးပွားလျက် ရှိနေပါကြောင်း၊ အထူးသဖြင့် ရှေးယခင်ယဉ်ကျေးမှုများ ထွန်းကားခဲ့သော အာရှနှင့် ပစိဖိတ်ဒေသများသည် စာမတတ်သူ အပေါ်များဆုံးဒေသ ဖြစ်လာခဲ့ပါကြောင်း၊ ဤအခြေအနေကို ကုစားရန်အတွက် အာရှနှင့် ပစိဖိတ်ဒေသရှိ နိုင်ငံများအားလုံးမှ ပညာရေး

ဆိုင်ရာပုဂ္ဂိုလ်များသည် သက္ကရာဇ် ၂၀၀၀ မှာ စာမတတ်သူ ပပျောက်ရမည်ဟူသော ရည်ရွယ်ချက်ဖြင့် စာမတတ်သူများ အား စာပေသင်ကြားပို့ချပေးနိုင်ရန် ကျယ်ပြန့်သော အစီ အစဉ်များဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ တွင်လည်း ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့က အားလုံးအတွက် ပညာရေးဆိုင်ရာ ညှိနှိုင်းမှုကော်မတီကို ဖွဲ့စည်းပြီး လူတိုင်းပညာတတ်မြောက်အောင် ဆောင်ရွက် လျက်ရှိပါကြောင်း၊ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြရန် တာဝန်ဝတ္တရားများ သတ်မှတ် လျာထားရာတွင် လူတိုင်းအခြေခံ ပညာသင်ယူခွင့်ရရှိရေး အတွက် ညီမျှသောအခွင့်အလမ်းများရရှိအောင် ဆောင်ရွက် ရန်၊ တိုးတက်မှုတိုင်းတာရာတွင်လည်း စာမေးပွဲအောင် ဦးရေအပေါ်မှာသာမဟုတ်ဘဲ အမှန်သင်ယူမှုနှင့် သင်ယူမှု ကြောင့် ဖြစ်ပေါ်လာသည့် ရလဒ်အကျိုးတရား(ဥပမာ- အကျိုးရှိသော အသိဉာဏ်၊ ဗဟုသုတ၊ တွေးခေါ် ဆင်ခြင် တတ်သည့်ဉာဏ်၊ ကျွမ်းကျင်မှုကို အသုံးချတတ်မှု၊ တန်ဖိုး ထားတတ်မှု)အပေါ် အလေးထားဆောင်ရွက်ရန်၊ အခြေခံ ပညာရေးနယ်ပယ်သည် မူလတန်းကျောင်းရှိ ကျောင်းသား

များသာမက မူလတန်းကျောင်း မနေနိုင်သောကလေးများ၊ စာမတတ်သော လူရွယ်နှင့် လူကြီးများအတွက်လည်းဖြစ်ပါကြောင်း၊ သင်ယူမည့် လူတန်းစားအပေါ်မှီ၍ ပညာပေးနည်းလမ်းများ တိုးချဲ့ဆောင်ရွက်ရန်အပြင် သင်ယူသူနှင့် ထိတွေ့နေသော ပတ်ဝန်းကျင်သည် သင်ယူမှုအတွက် အထောက်အကူဖြစ်အောင် ဆောင်ရွက်ရန်၊ ပညာရေးကိစ္စကို ပညာရေးဝန်ကြီးဌာနနှင့် အခြားဌာနများ၊ အစိုးရအဖွဲ့မဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု၊ မိဘဆရာတို့၏ ညှိနှိုင်းဆောင်ရွက်မှုတို့ကို အလေးထားဆောင်ရွက်ရန်နှင့် နိုင်ငံတော်ကလည်း စာမတတ်သူပပျောက်ရေးအဖွဲ့၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့် ဆက်လက်ပညာသင်ကြားရေးအဖွဲ့နှင့် လူတိုင်းအခြေခံပညာတတ်မြောက်ရေးအဖွဲ့တို့ကို ဖွဲ့စည်းပေးထားပါကြောင်း၊ ဘုန်းတော်ကြီးကျောင်းများ အနေဖြင့် မြန်မာနိုင်ငံရှိ ကလေးများ အရေးအဖတ်အတွက် သာမက မိမိတို့ဘဝရပ်တည်ရေးအတွက် အထောက်အကူပြုနိုင်မည့် ပညာရပ်များကို သင်ကြားပေးနိုင်မည်ဆိုပါက ပညာရေးဝန်ကြီးဌာန၏ ရည်ရွယ်ချက်များ ထမြောက်

အောင်မြင်မှုအတွက် များစွာ အထောက်အကူဖြစ်နိုင်ပါကြောင်း၊ အခြေခံပညာ စတုတ္ထတန်း စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ပြုပေးရေး အခြေခံပညာကျောင်းများအားလုံးသို့ ညွှန်ကြားပေးပြီးပါကြောင်း၊ ဘုန်းတော်ကြီးကျောင်းများတွင် တပည့်ကျောင်းသားသူငယ်များ အဆင်ပြေစွာ ပညာသင်ယူနိုင်ရေးအတွက် သင်ထောက်ကူစာအုပ်၊ စာရေးကိရိယာများ ကူညီပေးရန်လည်း ညွှန်ကြားထားပြီးပါကြောင်း ဆွေးနွေးလျှောက်ထားခဲ့ပါသည်။ အထူးအလေးအနက်ထား လျှောက်ထားဆွေးနွေးခဲ့သည်မှာ (Education for All) ကို အကောင်အထည်ဖော်နေပါကြောင်းနှင့် ဘုန်းတော်ကြီးကျောင်းများ၏ အခြေခံပညာသင်ကြားမှုကို အတတ်နိုင်ဆုံး ပံ့ပိုးကူညီ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ တာဝန်ရှိသူတို့ ညှိနှိုင်းဆွေးနွေး ရရှိချက်များအပေါ် "တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များနှင့်အညီ" အတတ်နိုင်ဆုံး အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း ဆွေးနွေးလျှောက်ထားခဲ့သည်ကို တွေ့ကြရပါသည်။ ထို့ကြောင့် တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းပြင်ပမှ တောင်းဆိုမှုများမှ နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေပါသည်။

ထိုစဉ်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ဆရာတော်တစ်ပါးဖြစ်သော ဘဒ္ဒန္တ စန္ဒိမာ(အဂ္ဂမဟာပဏ္ဍိတ)မိတ္ထီလာဆရာတော်ကလည်း ယင်းညှိနှိုင်းရှင်းလင်းပွဲတွင် "ယခုအချိန်တွင် မိမိတို့ သာသနာတော်ကို ဝိနည်းတော်နှင့်လည်းညီ၊ ခေတ်နှင့်လည်း လျော်ညီသောနည်းများဖြင့် ပြုပြင်ထိန်းသိမ်းနိုင်ကြလျှင် လောကသံသရာ နှစ်ဖြာသောအကျိုးစီးပွားတို့ တိုးပွားမည် သာမက သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းများလည်း အင်အားကောင်းလာမည်ဖြစ်ပါသည် ဘုရား။ ထို့ကြောင့် ယနေ့ပြည်ထောင်စုမြန်မာ နိုင်ငံတော် တွင်(အားလုံးအတွက်ပညာရေး)စီမံကိန်းကို အကောင် အထည်ဖော်နေချိန်တွင် ယခုလို အခါကောင်း အခွင့် ကောင်းများကို လက်မလွှတ်စေကြဘဲ မိမိတို့၏ သာသနာ တော်အတွက်၊ တိုင်းပြည်အတွက်၊ လူမျိုးအတွက် စည်ပင် ပြန့်ပွားတိုးတက်ရေးကို ရှေးရှုကာ ဘုန်းတော်ကြီးကျောင်း ပညာရေးလုပ်ငန်းကို စိတ်ဖွဲ့သန်သန်ဖြင့် အားထုတ်သင့်ပါ ကြောင်း" ဖြင့် လျှောက်ထားခဲ့ပါသည်။

ထို့အပြင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

တွဲဖက်အကျိုးတော်ဆောင်တစ်ပါးဖြစ်သော ဘဒ္ဒန္တ ဝဏ္ဏသိရိ(အဂ္ဂမဟာပဏ္ဍိတ) သံလျင်ဆရာတော်ကလည်း ဗုဒ္ဓတရားတော်များတွင် မည်သည့်တရားတော်က လောကီကြီးပွားရေးကို တားမြစ်နေပါသနည်း။ မင်္ဂလာ တရားတော်များကိုကြည့်ပါ။ ယခုဘဝ နောက်ဘဝ နှစ်ဌာနစလုံး၌ပင် ကြီးပွားချမ်းသာကြောင်း တရားတော်များဖြစ်တာကို တွေ့မြင်နိုင်ပါသည်ဟူ၍လည်းကောင်း၊ ယနေ့ခေတ်သည် ၂၀ ရာစုပင်တိုင်ခဲ့ပါပြီ။ ဗုဒ္ဓဘာသာ သာသနာပြုကျောင်းဟူ၍ မည်မည်ရရ မရှိသေးဘူးဆိုတာ အားလုံးဝန်ခံကြရမှာ ဖြစ်ပါတယ်။ သို့ဖြစ်၍ ဗုဒ္ဓဘာသာ သာသနာပြုကျောင်းတွေ ဖြစ်အောင် အဖွဲ့အစည်းအဆင့်ဆင့်မှာပါဝင်တဲ့ ဆရာတော်များရော နိုင်ငံတော်အစိုးရရော လက်တွဲပြီး ဘုန်းတော်ကြီးကျောင်းပညာရေးကို ပြန်လည် အစပျိုးစတင်ရခြင်းဖြစ်ပါတယ်။ ယခုလိုမှ တာဝန်လည်းမသိ၊ သတိလည်းမရဘဲနေကြမည်ဆိုပါက ဗုဒ္ဓဘာသာ သားသမီးရတနာတွေဟာ ငွေအား၊ လူအားဖြင့် ဝါးမြိုခြင်းခံရပြီး အရှင်လတ်လတ် ဘာသာပျက်လူငယ်တွေ ဖြစ်ကြရမှာ မလွဲဘူးဆိုတာ သတိပြုဖို့ လျှောက်ထားရပါသည် ဘုရားဟုလည်းကောင်း တွဲဖက်

အကျိုးတော်ဆောင် သံလျင်ဆရာတော်ကပင် "နိုင်ငံတော်အစိုးရနှင့် တက်ညီလက်ညီ လက်တွဲဆောင်ရွက်ကြမည်ဆိုပါက ရရှိနိုင်သည့် သီးပွင့်များ-

(၁) ဘာသာရေးဘက်၌ ပြည့်ပြည့်ဝဝ နားလည်နိုင်ခြင်း၊

(၂) မြန်မာ့ယဉ်ကျေးမှုကို တန်ဖိုးထားတတ်၊ ထိန်းသိမ်းတတ်ခြင်း၊

(၃) ဘုန်းတော်ကြီးကျောင်းများက အခြေခံပညာများကို တိုးတက်သောနည်းဖြင့် သင်ကြားမှုကြောင့် တတ်သိနားလည်လာကြခြင်း၊

(၄) တိုင်းပြည်မှာ အနာဂတ်ခေတ်၌ လူကောင်းလူတော်လေးများ ပေါ်ထွက်လာနိုင်ခြင်း၊

(၅) သာသနာ့ဘောင်မှာ သာမဏေကောင်း၊ ရဟန်းကောင်းများ ပေါများနိုင်ခြင်း၊

(၆) ဘုန်းတော်ကြီးကျောင်းများ၌ ရှားပါးနေသည့် ကျောင်းသားပြဿနာ အခက်အခဲကို ဖြေရှင်းပြီးသားဖြစ်ခြင်း၊

(၇) (မိဘပြည်သူ)တပည့်၊ ဒါယကာများက အားကိုးရာ ပညာသင်ကြားရာဌာနဟု မြင်လာနိုင်ခြင်း၊

စသည့် သီးပွင့်အကျိုးတရားများကို ခံစားနိုင်မည် ဖြစ်ကြောင်း” ဖြင့် ဘုန်းတော်ကြီး ကျောင်းပညာရေး၏ ဦးတည်ချက်ဖြစ်သော ဘာသာရေး၊ မြန်မာ့ယဉ်ကျေးမှု ထိန်းသိမ်းရေး သာသနာ့ဘောင်ဝယ် ရဟန်းကောင်းများ ပေါ်ထွက်လာရေးစသဖြင့် အတန်းပညာထက် အသိပညာကို ပိုမိုလိုလားကြောင်း တွေ့ရပါသည်။

* * * * *

**အမျိုးသားယဉ်ကျေးမှုသည်အဓိက**

ဘုန်းတော်ကြီးကျောင်းများ၌ ပညာသင်ကြားရေး လုပ်ငန်းညှိနှိုင်းရှင်းလင်းပွဲ အစည်းအဝေး ဒုတိယနေ့ကို ၁၃၅၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက် (၂-၁၀-၉၂) သောကြာနေ့တွင် ဆက်လက်ကျင်းပခဲ့ရာ ပြည်နယ်/တိုင်း အသီးသီးမှ တက်ရောက်တော်မူလာကြသော ဆရာတော် များက မရှင်းလင်းသည်များကို မေးမြန်းခြင်း၊ အကြံပြု လျှောက်ထားခြင်း၊ နိုင်ငံတော်သံဃမဟာနာယက ဆရာ တော်ကြီးများက ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း၊

ဖြေကြားခြင်းနှင့် ပညာရေးဝန်ကြီး ဌာနမှ တာဝန်ရှိ ညွှန်ကြားရေးမှူးချုပ်က အသေးစိတ်ဆွေးနွေးခြင်း၊ ဖြေကြား ရှင်းလင်းလျှောက်ထားခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

သာသနာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် (သာသနာရေးဦးစီးဌာန)ဖြစ်သော ဦးအုံ့မောင်က "ဘုန်းကြီး ကျောင်းသားဟာ လို့လဝီရိယအရာမှာ အလွန်ကောင်း ပါတယ်။ လို့လဝီရိယကောင်းလျှင် ဘာမဆိုအောင်မြင် နိုင်ပါတယ်။ ကျောင်းသားကိုရင်များ လို့လဝီရိယကောင်း အောင် ဘုန်းတော်ကြီးကျောင်းများက လေ့ကျင့်သင်ကြား ပေးခဲ့ခြင်း ဖြစ်ပါတယ်" ဟူ၍လည်းကောင်း၊ "ဘုန်းတော် ကြီးကျောင်းပညာသင်ကြားရေးနှင့် ပတ်သက်၍ အငယ်တန်း အဆင့်မှာ သင်ရိုးညွှန်းတမ်းမလိုပါဘူး။ ဘုန်းတော်ကြီး ကျောင်းမှာသင်ကြားတဲ့ ထုံးစံအတိုင်း ပထမ သင်ပုန်းကြီး သင်၊ နောက်ဆယ်စောင်တွဲမှာပါတဲ့ အကျိုးကျေးဇူးများမဲ့ ဆုံးမစာတွေကို သင်ကြားပေးရမှာဖြစ်ပါတယ်ဘုရား။ ယင်းဆုံးမစာများမှာ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးအားလုံး ပါဝင်ပါသည်ဘုရား။ အဓိကအားဖြင့် မြန်မာစာနှင့် အတွက်အချက်များကို သင်ပေးဖို့လိုပါသည်

ဘုရား။ တပည့်တော်များအနေဖြင့် ဆယ်စောင်တွဲ စာအုပ်များကို ဖြန့်ချိပေးမည်ဖြစ်ပြီး လိုအပ်ပါက သင်ပုန်းကြီး စာအုပ်များကိုပါ ဖြန့်ချိပေးမည် ဖြစ်ပါသည်ဘုရား” ဟု အတန်းပညာထက် အသိဉာဏ်ပညာ တိုးပွားပီပြင်လာ အောင် သင်ကြားပေးသည့် ဘုန်းတော်ကြီး ကျောင်းသား ဘဝ အတွေ့အကြုံများကို အကျယ်တဝင့် ဆွေးနွေး လျှောက်ထားသွားခဲ့ပါသည်။

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ဦးတင်ဖေ)ကလည်း” ယခုအခါ ကမ္ဘာနှင့်အဝှမ်း သက္ကရာဇ် ၂၀၀၀ ပြည့်ချိန်တွင် လူတိုင်း ပညာတတ်မြောက်စေရေးအတွက် ရှေးရှုပြီး “အားလုံး အတွက်ပညာရေး (Education for All) ဟူသည့် ဆောင်ပုဒ်ဖြင့် ပညာရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်နေကြပါသည်ဘုရား။ တပည့်တော်တို့ မြန်မာနိုင်ငံတော်တွင်လည်း အဆိုပါ ဆောင်ပုဒ်နှင့်အညီ အားလုံးအတွက် ပညာရေးလုပ်ငန်းများ ချမှတ်ဆောင်ရွက် ရာတွင် လူတိုင်းမှုလတန်းအဆင့် ပညာတတ်မြောက်စေရေး အတွက် ကြိုးပမ်းရာ၌ ကျောင်းနေအရွယ်ကလေးများ အနက်

တပည့်တော်တို့၏ စာသင်ကျောင်းများတွင် တက်ရောက်သင်ကြားနေသူများကိုမူ မူလတန်းအဆင့် ပညာတတ်မြောက်သွားအောင် တပည့်တော်တို့က အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်နေကြပါသည်ဘုရား။ လူတိုင်း မူလတန်းပညာတတ်မြောက်ရေးအတွက် ဆောင်ရွက်မည် ဆိုပါလျှင် ကျောင်းနေအရွယ် ရောက်ရှိနေပါလျက် အကြောင်းကြောင်းကြောင့် ကျောင်းမနေနိုင်သော ကလေးများ၊ စာမသင်ခဲ့ရသော လူရွယ်များလည်း မူလတန်းပညာ တတ်မြောက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်နိုင်ရန် အထူးလိုအပ်ပါသည် ဘုရား။ လက်ရှိအခြေအနေအရ အဆိုပါကလေးများအနေဖြင့် ဘုန်းကြီးကျောင်းအချို့တွင် ဆရာတော်ဘုရားများ၏ ကြပ်မတ်သင်ပြမှုဖြင့် အခြေခံ မူလတန်းအဆင့်ပညာရရှိနေပါသဖြင့် တပည့်တော်တို့ မျှော်မှန်းထားသော လူတိုင်းမူလတန်းအဆင့် ပညာတတ်မြောက်ရေး ရည်မှန်းချက်ကြီး ပေါက်မြောက်အောင်မြင် ရေးအတွက် အထောက်အပံ့ပြုနေသည်ဟု ဆိုနိုင်ပါသည် ဘုရား" ဟု နိုင်ငံတော်၏ ပညာရေးမူဝါဒကို ဘုန်းတော်ကြီး ကျောင်းပညာရေးက အထောက်အကူပြုနေကြောင်းဖြင့် ဖော်ထုတ်လျှောက်ထားသွားခဲ့ပါသည်။

ထို့အပြင် အခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အခြေခံပညာမူလတန်းအဆင့် ပညာသင်ကြားခြင်းနှင့် ပတ်သက်၍ ချမှတ်ထားသော ရည်မှန်းချက်များကို အောက်ပါအတိုင်း အကျဉ်းမျှ လျှောက်ထား သွားခဲ့ပေသေးသည်။

"မူလတန်းအဆင့် ပညာတတ်မြောက်သွားပါက တစ်သက်တာစွဲမြဲသွားသည်အထိ မြန်မာစာအရေးအဖတ် တတ်ကျွမ်းသွားစေရန် ရည်မှန်းထားပါသည်ဘုရား။ သင်္ချာပိုင်းနှင့်ပတ်သက်၍လည်း တစ်သက်တာ လုပ်ကိုင်စားသောက်ရာတွင် အထောက်အကူပြုသည်အထိ အတွက်အချက် စွဲမြဲပိုင်နိုင်သွားစေရန် လိုပါသည်ဘုရား။ ထို့ပြင် ကိုယ်ကျင့်ကောင်းပြီး အများအကျိုး၊ နိုင်ငံအကျိုး သယ်ပိုးလိုသော စိတ်ထားကောင်းများရှိသည့် နိုင်ငံ့သားကောင်း သမီးကောင်းများ ဖြစ်လာစေရန် မျှော်မှန်းပါသည်ဘုရား။ ရရှိသွားသော မူလတန်းပညာသည် ဆက်လက်ပညာသင်ယူမည့် ကလေးတို့အတွက်လည်း လိုအပ်သော အခြေခံအသိများ၊ ကျွမ်းကျင်မှုများ စိတ်သဘောထားများ ဖြစ်ထွန်းရရှိလာစေရန်လည်း ရည်မှန်းထားပါ သည်ဘုရား။

အဆိုပါ မူလတန်းအဆင့် ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်အောင် အကောင်အထည်ဖော်ရာတွင် သူငယ်တန်း၊ ပထမတန်းနှင့် ဒုတိယတန်းတို့ပါဝင်သော မူလတန်းအောက်ဆင့်တွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် သင်္ချာတို့ကို သင်ကြားပေးပြီး ပညာရေး လက်တွေ့ဖွံ့ဖြိုးမှု လုပ်ငန်းများကိုပါ လက်တွေ့ဆောင်ရွက်စေပါသည်။ မူလတန်း အထက်အဆင့်တွင် တတိယတန်းနှင့် စတုတ္ထ တန်းပါရှိပြီး ဘာသာရပ်များအနေဖြင့် မြန်မာစာ၊ အင်္ဂလိပ် စာ၊ သင်္ချာ၊ သမိုင်းနှင့် ပထဝီဝင်တို့ကို သင်ယူလေ့လာရပြီး ပညာရေး လက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်ရပါသည်ဘုရား။

မူလတန်းပညာရေးကို တစ်ဖက်တစ်လမ်းမှ အကောင်အထည်ဖော်ပေးနေတဲ့ ဘုန်းတော်ကြီးကျောင်းပညာရေး တိုးတက်ရာ တိုးတက်ကြောင်းအတွက်လည်း လိုအပ်သလို ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း” ခြေတော်စုံကို ဦးခိုက်၍ လေးမြတ်ရိုသေစွာ တင်ပြလျှောက်ထားခဲ့ပါသည်ဘုရား။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဘုန်းတော်ကြီးကျောင်း ပညာရေး လုပ်ငန်းညှိနှိုင်းရှင်းလင်းပွဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီး အမျိုး

ထားကာ ဩဝါဒခံယူခြင်း၊ ဆွေးနွေးလျှောက်ထားခြင်း၊ ရှေ့ဆက်လုပ်ရမည့် မူဝါဒများ ချမှတ်ခြင်းများအတွက် ပွင့်လင်းစွာ တင်ပြလျှောက်ထားကြရာတွင် အဓိက ရည်မှန်းချက်များ ပီပြင်ပေါ်လွင်လှပေသည်။ ယင်းတို့မှာ-

(၁) ဘုန်းတော်ကြီးကျောင်းပညာရေး မူလရည်ရွယ်ချက်သည် ယနေ့ကြုံတွေ့နေကြရသော မြန်မာ့ရိုးရာယဉ်ကျေးမှု ကွယ်ပျောက်မည့် အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ရန်။

(၂) "မူလတန်းပညာရေး" ကို တစ်ဖက်တစ်လမ်းမှ အကောင်အထည်ဖော်ပေးနေသော ဘုန်းတော်ကြီးကျောင်းပညာရေး တိုးတက်ရာ တိုးတက်ကြောင်းအတွက် တည်ဆဲစည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များနှင့်အညီ ပညာရေး ဝန်ကြီးဌာနက အတတ်နိုင်ဆုံး ပံ့ပိုးကူညီမှုများပေးသွား ရန်တို့ဖြစ်သည်။

သို့ပါ၍ ဆရာတော်ကြီးများ၏ ဩဝါဒများ၊ ဆွေးနွေးချက်များကို ထောက်ရှုသုံးသပ်ခြင်းဖြင့် ဘုန်းတော်ကြီးကျောင်းပညာရေးသည် နိုင်ငံတော်၏ ဘာသာ၊ သာသနာ၊ မြန်မာ့ယဉ်ကျေးမှုတို့ကို ထိန်းသိမ်းစောင့်ရှောက်ပေးကြမည့်

အမျိုးကောင်းသား၊ အမျိုးကောင်းသမီးငယ်များ ဖြစ်ထွန်းပေါ်ပေါက်အောင် ဆောင်ရွက်ရမည်ဖြစ်ရာ ပညာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်နေသော ပညာရေးမူဝါဒနှင့် မျဉ်းပြိုင်သွားကာ ယှဉ်ပြိုင်လျှောက်လှမ်းရန် မသင့်လျော်၊ အတန်းများအောင်သွားဖို့ကိုသာ အဓိကထား သင်ကြားနေခြင်းမပြုကြဘဲ "အမျိုးပျောက်မှာ စိုးကြောက်လှပါသည်" ဆိုသော မျိုးချစ်ပုဂ္ဂိုလ်များနှင့် သံဃာတော် အရှင်သူမြတ်တို့အနေဖြင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ ယဉ်ကျေးမှုဘာသာရပ်ကို ပထမဦးစားပေး သင်ကြားတတ်မြောက်စေသင့်ပါကြောင်း မီးမောင်းထိုးပြခဲ့ပေသည်။

* * * * *

# ဘုန်းတော်ကြီးကျောင်းပညာရေး
# လုပ်ငန်းညှိနှိုင်းရှင်းလင်းပွဲမှ ပညာသင်ကြားမှုစည်းမျဉ်းသို့

“သာသနာတော်မြတ်ကြီး၏ အကျိုးစီးပွား ဆောင်ရွက်တော်မူကြရာ၌ အဟံ န စိရဋ္ဌိတိကော၊ မယှံ ပန သာသနံ ဘိက္ခုသံဃေ ပတိဋ္ဌဟိဿတိ။ ငါဘုရားသည် ကြာမြင့်စွာ တည်သည်မဟုတ်၊ ငါဘုရား၏ သာသနာတော်မြတ်သည်ကား တပည့်သား ရဟန်းသံဃာတော်များအပေါ်၌ ကြာမြင့်စွာ တည်လတ္တံ့ဟူသော မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသ ဒက္ခိဏ

ဝိဘင်္ဂသုတ် အဋ္ဌကထာ စာမျက်နှာ ၂၂၁ လာ မိန့်မှာ
တော်မူချက်အရ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်က
သာသနာတော် အရှည်တည်တံ့ရန်အတွက် သံဃာတော်ကို
သာ အားထားတော်မူခဲ့သည်ကို ထောက်ရှု၍ တစ်ဦးကောင်း
တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍မရနိုင်ကြောင်း၊
သံဃာတော်များ စုပေါင်းညီညာ ဆောင်ရွက်တော်မူကြရန်
လိုအပ်ပါကြောင်း" ကို ၁၃၅၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း
၅-၆ ရက် (၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၁-၂ ရက်)တို့
တွင် ကျင်းပသော ဘုန်းတော်ကြီးကျောင်းပညာရေးလုပ်ငန်း
ညှိနှိုင်းရှင်းလင်းပွဲ၏ အစည်းအဝေးဖွင့် ဩဝါဒကထာဝယ်
အဘိဓဇမဟာရဋ္ဌဂုရု မြင်းခြံဆရာတော်ကြီး ဘဒ္ဒန္တ
သောဘိတမဟာထေရ်က ထည့်သွင်းဖော်ပြဩဝါဒပေးခဲ့
ပါသည်။

ဆရာတော်ကြီး၏ ဩဝါဒနှင့်အညီ သံဃာတော်များ
ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းကြရာတွင် ပြည်နယ်/တိုင်း သံဃ
နာယကအဖွဲ့များကိုယ်စား မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊
ပရိယတ္တိပညာရာမကျောင်းမှ ဆရာတော်ဘဒ္ဒန္တရာဇိန္ဒက
"ရဟန်းတော်များထံမှ ဗုဒ္ဓဘာသာယဉ်ကျေးမှုများကို သင်ယူ
လေ့ကျက်ခဲ့ကြရသဖြင့် ယဉ်ကျေးမှုအဆင့်အတန်းမြင့်၍
စာရိတ္တကောင်းမွန်သဖြင့် ယခုအခါ ထိုပညာရေးစနစ်အား

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် နိုင်ငံတော်အာဏာပိုင် အဖွဲ့အစည်းတို့မှ နောင် အစဉ်အလာကောင်းစားရေးကို ရည်ရွယ်၍ ဘုန်းတော်ကြီးကျောင်းများမှပညာကို သင်ကြား ပေး၍ ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေအနှစ် ဘာသာရပ်များကို တွဲဖက်သင်ကြားရန်အတွက် ယခုအခါ စတင် အကောင် အထည်ဖော်နေပြီဖြစ်ပါကြောင်း" ဆွေးနွေးလျှောက်ထား လျက် မရှင်းလင်းသော အောက်ပါအချက်အလက်များကို ဆွေးနွေးခဲ့ပေသည်။

(က) ပညာသင်ကြားပေးမည့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ မှတ်ပုံတင်အသိအမှတ် ပြုခြင်းကိစ္စ။

(ခ) မှတ်ပုံမတင်ရသေးသော ကျောင်းများတွင် ကျောင်းသားများအတွက် ပညာရေးဝန်ကြီးဌာနမှ ထုတ်သော စာအုပ်စာတမ်းများ ရနိုင်ရေးကိစ္စနှင့် အရည်အချင်း မီသောကျောင်းသားများ အစိုးရ မူလတန်း(စတုတ္ထတန်း)သို့ ဝင်ရောက်ဖြေဆိုခြင်း ကိစ္စ။

(ဂ) ဘုန်းတော်ကြီးကျောင်းပညာသင်ကြားပေးမည့် ရဟန်းတော်များ၏ ပညာအရည်အချင်းကိစ္စတို့ကို အကျယ်တဝင့် ဆွေးနွေးခဲ့ပါသည်။

မန္တလေးမြို့၊ မဟာဝိဇိတာရုံကျောင်း ဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသကလည်း အထက်ပိုင်း ဂိုဏ်းပေါင်းစုံ တိုင်းသံဃနာယကများကိုယ်စား ဆွေးနွေးလျှောက်ထားပါသည်။ ဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ အလေးထား ဆွေးနွေးခဲ့ရာတွင် -

(က) ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်း စနစ်တကျ ရေးဆွဲပေးရေးကိစ္စ။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာအတွက် မူတစ်ခုကို စံထား၍ သင်ကြားပေးရေးကိစ္စ။

(ဂ) ပညာသင်ကြားပေးကြမည့် ဘုန်းတော်ကြီးများကို ကျောင်းထိုင်ဘုန်းတော်ကြီးသင်တန်းကျောင်းများက မွမ်းမံသင်တန်းများပေးရေးကိစ္စ။

(ဃ) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာတော်နှင့် နီးစပ်ရာ အစိုးရမူလတန်းကျောင်းအုပ်တို့ ညှိနှိုင်းအဆင်ပြေရေးကိစ္စ။

(င) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ အသက်မွေးဝမ်းကျောင်းပညာ လက်တွေ့သင်ကြားပေးနိုင်ရေးကိစ္စ။

(စ) ဗုဒ္ဓဘာသာယဉ်ကျေးမှု ဘာသာရပ်၊ ဆုံးမစာတို့ကို

ထိရောက်စွာ သင်ကြားပေးနိုင်ရေးကိစ္စတို့ကို
ဆွေးနွေးလျက်၊

"ယခုလို နိုင်ငံတော်အစိုးရက အမျိုး၊ ဘာသာ၊ သာသနာ ပြန့်ပွားထွန်းကားရေးကို အထူးအားပေးနေသည့်အချိန်တွင် (လသာတုန်းဗိုင်းငင်)ဆိုသလို ယခုကြွရောက်တော်မူလာကြသည့် ဂိုဏ်းပေါင်းစုံ တိုင်းသံဃနာယကဥက္ကဋ္ဌ အကျိုးတော်ဆောင်အဖွဲ့ဝင်ဆရာတော် ညီတော်နောင်တော်များအား ကြိုးပမ်းတော်မူကြပါရန်" လေးလေးနက်နက် တိုက်တွန်းသွားခဲ့ပေသည်။ ဆရာတော်၏ ဆွေးနွေးညှိနှိုင်းချက်များတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း တစ်ကျောင်း၌ ရှိရမည့် အနည်းဆုံးကျောင်းသားအင်အား၊ တစ်ရပ်ကွက်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအရေအတွက်၊ အစိုးရမူလတန်းကျောင်းနှင့် နီးကပ်နေသော ကျောင်းများကိစ္စတို့ကိုလည်း လက်တွေ့အခြေအနေနှင့်ယှဉ်၍ ဆွေးနွေးသွားခဲ့ပါသည်။

အောက်မြန်မာပြည် သုဓမ္မာဝင် ဆရာတော်များ၏ ကိုယ်စား ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ စမ်းချောင်းမြို့နယ်၊ သီရိဝေလာကျောင်းဆရာတော် ဘဒ္ဒန္တကောသလ္လကလည်း ဘုန်းတော်ကြီးကျောင်း ပညာရေးအောင်မြင်ရေး

အတွက် တက်ကြွစွာ ဆွေးနွေးအကြံပေးမှုများပြုလုပ်ခဲ့သည်။ ဆရာတော်ဘဒ္ဒန္တကောသလ္လ၏ ဆွေးနွေးလျှောက်ထားချက်တွင် အပိုင်းသုံးပိုင်းပါရှိပြီး ပထမပိုင်းတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိ ဆရာနှင့် ကျောင်းသားအချိုးညီရရှိနိုင်ရေးကိစ္စ၊ ဆရာလုံလောက်စွာရရှိရေးကိစ္စ၊ ဒုတိယပိုင်းတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ယင်းတို့၏ ဒါယကာများအကြား အဆင်ပြေချောမွေ့ရေး၊ နှစ်သက်လိုလားကြရေးကိစ္စတို့ ပါဝင်ပေသည်။ တတိယပိုင်းမှာမူ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့၏ ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ မရှင်းလင်းသည် များကိုလျှောက်ထားခြင်းတို့ ပါဝင်ကြောင်းတွေ့ရပါသည်။

စစ်ကိုင်းတိုင်း သံဃနာယကအဖွဲ့အကျိုးတော်ဆောင် ဘဒ္ဒန္တစန္ဒဝံသကလည်း မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့ကို ကိုယ်စားပြု၍ လျှောက်ထားဆွေးနွေးတင်ပြရာတွင် "ဘုရားတပည့်တော်များ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာထွန်းကားရေးအတွက် လောကီအတန်းပညာမူလတန်းကစ၍ တက္ကသိုလ်ကောလိပ်အထိ ဗုဒ္ဓဘာသာကျမ်းစာများ၊ အတန်းအလိုက် သင့်လျော်သလို မဖြစ်မနေ

ပြဋ္ဌာန်းမှသာလျှင် သာသနာရေးစိတ်ဝင်စားပြီး ဗုဒ္ဓဘာသာ ထွန်းကားဖွယ်ရှိပါသည်ဘုရား။ တန်းကျောင်း မသင်ကြားတဲ့ အချိန် ဗုဒ္ဓဘာသာသင်ကြားရေး ပြုလုပ်ရမည် ဆိုပါက ကျောင်းသား ကျောင်းသူတိုင်း ကျောင်းမတက်ခင်နှင့် ကျောင်းတက်အပြီးမှာ ကျူရှင်တက်ဖို့ အပြေးအလွှား အချိန်ပြည့်သွားနေရသောခေတ် ဖြစ်နေပါသည်ဘုရား။ သို့ပါ၍ ပညာရေးဝန်ကြီးဌာနက နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဆရာတော်များနှင့် ညှိနှိုင်းပြီး အတန်းအလိုက် ဗုဒ္ဓဘာသာကျမ်းစာများကို (ဘုရားတပည့်တော်များငယ်စဉ် အင်္ဂလိပ်ကိုလိုနီခေတ်ကကဲ့သို့ မင်္ဂလသုတ်ကစပြီး ပြဋ္ဌာန်း ခဲ့သလို) ပြဋ္ဌာန်းပေးပါရန် အကြံပြုတင်ပြအပ်ပါသည် ဘုရား" ဟု ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာနှင့် ပတ်သက်၍ အထူးအလေးအနက်ထား လျှောက်ထားသွားပေသည်။ ထို့အပြင် အရည်အချင်းပြည့်ဝသော ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းထိုင်၊ စာပြဆရာတော်များ ရရှိရေး အတွက်လည်း "ကျေးရွာအုပ်စုများ၌ ကျောင်းထိုင်ဆဲ ပုဂ္ဂိုလ်များနှင့် ကျောင်းထိုင်လိုသည့်ပုဂ္ဂိုလ်များအား တပည့် ကျောင်းသားမွေးမြူရာ၌ အရည်အချင်းပြည့်ဝအောင် သင်ပြ

နိုင်ရေးအတွက် ကျောင်းထိုင်သင်တန်းများ၊ မွမ်းမံသင်တန်း အချိန်အခါအလိုက် အသက်သိက္ခာ ဝါများသတ်မှတ်၍ သင်တန်းမတက်မနေရသတ်မှတ်ပေးရန် အကြံပြုအပ်ပါသည်ဘုရား" ဟု လက်တွေ့ကျကျနှင့် မျက်မြင်ကလေး သူငယ်တို့၏ဘဝကို ထင်ဟပ်လျှောက်ထားသွားခဲ့ပေသည်။ ထို့အပြင် လက်တွေ့ရပ်ကွက်၊ ကျေးရွာများ၌ဖြစ်ပေါ် နေသော ကျောင်းသစ်ထူထောင်ရေး ပြဿနာတစ်ခုကို လည်း ရှင်းလင်းသွားစေရန် "ဘုန်းတော်ကြီးကျောင်း လုံးဝ မရှိသေးသော ကျေးရွာများ၌ ကိုးကွယ်မည့်ဒါယကာပြည့်စုံ၍ ကျောင်းသစ်ဆောက်လုပ်ရာတွင် ရပ်/ကျေး သံဃနာယက များ ပဝါရဏာဂိုဏ်းများက ကန့်ကွက်နေခဲ့သော ဘုန်းတော်ကြီးကျောင်းပညာရေးပြန့်ပွားရန် မည်သို့ဆောင်ရွက်ရမည် ဟု ညွှန်ကြားပေးပါရန် အကြံပြုတင်ပြအပ်ပါသည်ဘုရား" ဟု ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး လျှောက်ထားသွားခဲ့သည့် အပြင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာ အမှတ်(၇၇) အပိုဒ်(၅)အရ မလိုက်နာဘဲ ကန့်ကွက်ခဲ့သော ဖြေရှင်းရန် နည်းလမ်းများကိုလည်း မေးမြန်းလျှောက်ထား ခဲ့ကြောင်းတွေ့ရပါသည်။

* * * * *

# ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်း (၁၉၉၄)နှင့် လက်တွေ့ခရီးကြမ်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ တပ်မတော်အစိုးရလက်ထက်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုအောက်မှ နိုင်ငံတော်အစိုးရအုပ်စိုးစဉ် ကာလဝယ် မှေးမှိန်နေခဲ့သော ကိုယ့်လမ်းကိုယ်ထွင် ကိုယ့်ခရီး

ကိုယ်နှင့်ခဲ့ကြရသည့် ဘုန်းတော်ကြီးကျောင်းပညာရေးကို ပြန်လည်ဖော်ထုတ် ဆန်းစစ်ကာ သစ်လွင်စေခဲ့လေသည်။

၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၁-၂ ရက်များတွင် ကျင်းပပြီးစီးခဲ့သော ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေး လုပ်ငန်းညှိနှိုင်းရှင်းလင်းပွဲမှ ဆွေးနွေးဆုံးဖြတ်ချက်များကို မှတ်တမ်းအဖြစ် ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် စာအုပ်ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့သည်။ ထိုညှိနှိုင်းရှင်းလင်းပွဲမှ ဆွေးနွေးရရှိသော အခြေခံမူများနှင့်အညီ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် သင်ကြားပေးနေကြသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအနေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရာဝယ် တူညီသောရည်မှန်းချက်ပန်းတိုင်သို့ တူညီသောလမ်းကြောင်းမှ လျှောက်လှမ်းနိုင်ကြစေရန် တူညီသည့် ပညာရေးအဆင့်အတန်းနှင့် စည်းမျဉ်းစည်းကမ်းများကို ၁၉၉၄ ခုနှစ်၊ မတ်လ ၁၈-၁၉ ရက်နေ့များ၌ ကျင်းပသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါး စုံညီအစည်းအဝေးက အတည်ပြုပြဋ္ဌာန်းပေးခဲ့ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ထိုပြဋ္ဌာန်းပေးခဲ့သောစည်းမျဉ်းကို ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့

တွင် စတင်ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်ကို ထောက်ရှုခြင်းဖြင့် ယနေ့ ဘုန်းတော်ကြီးကျောင်းပညာရေးခရီးလမ်းသည် သဲဖြူဖွေးဖွေးတွင် စိတ်အေးသက်သာစွာ လျှောက်လှမ်းလိုက်ကြရသည်ဟု မှတ်ယူမရနိုင်ကြောင်း သုံးသပ်နိုင်ပါသည်။

အောက်ခြေတင်းမှအမှန်ရ

ဘုန်းတော်ကြီးကျောင်းပညာရေး ပြန်လည်ရှင်သန်စေရန်အတွက် ပြုလုပ်ခဲ့သော လုပ်ငန်းညှိနှိုင်းရှင်းလင်းပွဲအပြီး ၁၉၉၂ ခုနှစ်အကုန်ပိုင်းမှစ၍ စည်းမျဉ်း ရိုက်နှိပ်ထုတ်ဝေမှုမပြီးမီကာလကပင် သာသနာရေးဝန်ကြီးဌာနဝန်ကြီး(ဒုတိယ ဗိုလ်ချုပ်ကြီးမျိုးညွန့်)အမှူးရှိသော ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ (မြင်းခြံဆရာတော်) အကျိုးတော်ဆောင် (သံလျှင်မင်းကျောင်းဆရာတော်) တွဲဘက်အကျိုးတော်ဆောင်များဖြစ်ကြသော မကွေးဆရာတော်(ယခုဥက္ကဋ္ဌ)နှင့် မိတ္ထီလာ ဆရာတော်တို့၏ ဦးဆောင်မှုဖြင့် သံဃမဟာနာယကအဖွဲ့ဆရာတော်များ၏ ဩဝါဒနှင့်အညီ နိုင်ငံတစ်ဝန်းလုံးသို့ ခရီးစဉ်လမ်းကြောင်းများဖြန့်ခွဲကာ

ရှင်းလင်းဆွေးနွေး စည်းရုံးကြပြီး သဘောထားအမျိုးမျိုး ဖြစ်စဉ်ဖြစ်ရပ်အမျိုးမျိုးတို့ကို လက်တွေ့ကျကျလေ့လာ နိုင်ခဲ့ကြသည်။ ထို့ကြောင့်လည်း ကွင်းဆင်းလေ့လာနိုင်သမျှ လေ့လာကြလျှက် ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်သုံးသပ်ပြုပြင် ဆင်ခြင်နိုင်ခဲ့ကြသည်။ အထက်နှင့်အောက် ပွင့်လင်းစွာ လက်တွေ့ကျကျ လျှောက်ထား ဖြေကြားနိုင်၍ အဖြေမှန် ရခဲ့ကြသည်။ နိုင်ငံတစ်ဝန်း ကွင်းဆင်းရှင်းလင်းကြရာတွင် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် မိမိတို့၏ သက်တော်ရွယ်တော်ကို မငဲ့၊ ပင်ပန်းဆင်းရဲစွာ ကြွရောက်ခဲ့ကြရာ နယ်စပ်နှင့်တောင်တန်းဒေသ အစွန် အဖျားနေရာများသို့ပါ သာသနာရေးဝန်ကြီး ကိုယ်တိုင် လိုက်ပါလျှက် ခရီးပြင်းနှင်ခဲ့ကြသည်။ အချို့ဒေသများမှ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်၊ ဒါယကာ၊ ဒါယိကာမတို့မှာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများကို မျက်ဝါးထင်ထင် ဖူးမြင်ခွင့်ရကြ၍ ဝမ်းမြောက်ပီတိဖြစ်ကြ ရသည့်အပြင်၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အတွက် ထုတ်ပြန်ထားသော ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများ အနက် မသိရှိကြသေးသော မရှင်းလင်းကြသေးသော

စည်းမျဉ်းလုပ်ထုံးတို့ကို သိရှိခွင့် နားလည်ခွင့်ရကြလေရာ မြန်မာနိုင်ငံ၏ သာသနာရေးရာအဖြာဖြာအတွက် များစွာ အကျိုးပွားတိုးစေသည့် သာသနာပြုခရီးများလည်း ဖြစ်ကြပေသည်။

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု စည်းမျဉ်းပြုစုနေစဉ်ကာလ ၁၉၉၃ ခုနှစ်အတွင်း၀ယ် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ သာသနာရေး ၀န်ကြီးဌာန ၀န်ကြီးနှင့် တာ၀န်ရှိပုဂ္ဂိုလ်ညွှန်ကြားရေးမှူးချုပ်များသည် မိမိတို့နှင့်လျော်ညီသောခရီးစဉ်များ ရေးဆွဲကာ ဖြန့်ခွဲလှုပ်ရှားစည်းရုံးဆောင်ရွက်ခဲ့ကြရာ အောက်ဖော်ပြပါ လုပ်ငန်းရပ်များကို အလေးအနက်ထား ဆွေးနွေးဩ၀ါဒပေးခဲ့ကြလေသည်။

(၁) မြို့နယ်တစ်မြို့နယ်လျှင် "ဘုန်းတော်ကြီးသင်ပညာရေးကျောင်း" အနည်းဆုံး(၅)ကျောင်း ဖွင့်လှစ်ကြရန်။

(၂) "ဘုန်းတော်ကြီးသင်ပညာရေး ကျောင်း" တိုင်း ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်ခန်းစာများ မသင်မနေရသင်ကြားပေးရန်။

(၃) ကျောင်းသားအရေအတွက် ကန့်သတ်ခြင်းမရှိသော်လည်း မိမိတို့ကျောင်းနှင့် သင့်တင့်သောအင်အားဖြင့်သာ ဖွင့်ကြရန်။

(၄) ကလေးသူငယ်အားလုံး "မင်္ဂလာ တရားတော်" ကို သိရှိလိုက်နာနိုင်သည်ထိ သင်ကြားပေးကြရန်။

(၅) ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းများမှ ကျောင်းဆင်းသံဃာတော်များက "ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများ၏ သင်ကြားမှုပိုင်းတွင် ဒေသနှင့်လျော်စွာ အကူအညီပေးကြရန်။

(၆) "ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများ" ၏ အခက်အခဲများကို ဆရာ/ဒါယကာလက်တွဲညီညီ ဖြေရှင်းပေးကြရန်။

(၇) ကျောင်းသားအင်အား အရေအတွက်အရ အုပ်ချုပ်ထောက်ပံ့မှုပိုင်းတွင် အနည်းနှင့်အများ လိုအပ်လာမည်ဖြစ်ရာ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်အလိုက် "တစ်ဇွန်းဆံ၊ တစ်ဆုပ်ဆံ" အလှူပြုသည့်စနစ် ကျင့်သုံးလှူဒါန်းကြရန်။

(၈) "တစ်ဇွန်းဆံ၊ တစ်ဆုပ်ဆံ" လျှပုံ လှူနည်းနှင့် စေတနာသုံးတန် ပီပီပြင်ပြင်ဖြင့် လှူဒါန်းပုံကို နားလည်သဘောပေါက်ကြစေရန်။

(၉) သာသနာပြုကျောင်းများတွင် အခြားဘာသာဝင် ကလေးသူငယ်များကိုလည်း စာသင်ပေးကြရန်။ အကယ်၍ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်လာပါကလည်း "ဘာသာကူးပြောင်းလာတယ်" ဟု လုံးဝမသုံးကြရန်။ "ဗုဒ္ဓသာသနာအဆုံးအမခံယူတယ်" လို့သာ သုံးစွဲပြောဆိုကြရန်။

**မှတ်ချက်။** ၁၉၉၃ ခုနှစ်၊ ဇွန်လတွင် မလွဲမရှောင်သာ၍ သတင်းရေးသားထုတ်ပြန်ရပါလျှင် သတိပြုဆင်ခြင်နိုင်စေရန် အလို့ငှာ သာသနာရေးဝန်ကြီးဌာနက ပြန်ကြားရေးဝန်ကြီးဌာနသို့ "ဗုဒ္ဓသာသနာအဆုံးအမခံယူခြင်း" ဟုသာ သုံးစွဲ ပါရန် မေတ္တာရပ်ခံပြီး "နဝတ" ရုံးသို့ အစီရင်ခံတင်ပြ ခဲ့ကြောင်း သိရပါသည်။)

(၁၀) "ဘုန်းတော်ကြီးသင်ပညာရေး ကျောင်း" များတွင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်ခန်းစာများ အချိန်မီ သင်ကြားနိုင်စေရန် မေလမကုန်မီ ဖြန့်ဝေပေးရန်။

အလားတူပင် စာအုပ်များ၊ စာရေးကိရိယာများလည်း အချိန်မီရအောင် စီစဉ်ပေးရန်။

(၁၁) ကျေးလက်တောရွာသာမက၊ မြို့ကြီးများ၏ ဆင်ခြေဖုံးရပ်ကွက်များတွင် ဆင်းရဲခြင်းကြောင့် ကျောင်းမနေနိုင်၍ စာမတတ်မဖြစ်ရလေအောင် "ဘုန်းတော်ကြီးသင်ပညာရေးကျောင်း" များက အစာကျွေး၍ ပညာပေးကာ ကုသိုလ်ပြုကြရန်။

(၁၂) အချို့ "ဘုန်းတော်ကြီးသင်ပညာရေးကျောင်း" များ၌ ၁၂-နှစ်ပြည့် အရွယ်ရောက်ပြီး မိန်းကလေးများလည်း သင်ကြားနေကြသည်ဖြစ်ရာ မလိုလားအပ်သော လူမှုရေးရှုပ်ထွေးမှုများ ကင်းဝေးစေရန် စီစဉ်ဆောင်ရွက်တားဆီးကြရန်။

(၁၃) "မဝတ" များကလည်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အောင်မြင်ရေးအတွက် ဆရာတော်များအား ကူညီကြရန်တို့ကို အလေးထား ဆွေးနွေးမှာကြားခဲ့ကြသည်။

ထို့သို့ ဒေသအသီးသီးတွင် တွေ့ကြုံရသော လက်တွေ့အခြေအနေအရ သာသနာရေးဝန်ကြီးဌာနက ပညာရေးဝန်ကြီး

ဌာနသို့ အကြံပြုကြံပြု ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရသည်များ လည်းရှိခဲ့ပေသည်။ အချို့မြို့နယ်များရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည် ၁၉၉၂ ခုနှစ် ရှင်းလင်းပွဲ ပြီးသည်နှင့် စည်းမျဉ်းမထွက်ပေါ်မီဖွင့်ခဲ့ကြရာ ၁၉၉၃-၉၄ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းကျောင်း စာမေးပွဲ များ၌ စတုတ္ထတန်းအောင်မြင်သူများ ပေါ်ထွန်းလာခဲ့သည်။ ထိုစတုတ္ထတန်းအောင် ကျောင်းသား၊ ကျောင်းသူများ ပညာ ဆက်လက်သင်ကြားနိုင်ရန် အခြေခံပညာအလယ်တန်း ကျောင်းများနှင့် အခြေခံပညာအထက်တန်းကျောင်းများသို့ ကျောင်းအပ်ရာတွင် အဆင်မပြေဖြစ်ကြသဖြင့် စတုတ္ထတန်း အောင်နှင့် ကျောင်းပြောင်းလက်မှတ်များ ညှိနှိုင်းစီစဉ်ခဲ့ကြ ရသည်။ အချို့မူလတန်းကျောင်းများနှင့် ဝေးကွာသော ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများတွင် စတုတ္ထတန်း စာမေးပွဲကို ဘုန်းတော်ကြီးကျောင်းများ၌ စစ်ဆေးပေးရေး ကိစ္စကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြရသည်။

ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ အောက်ခြေထိ ကွင်းဆင်းစစ်ဆေးလေ့လာကြသည့်အခါ အချို့ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌

ကျောင်းသားအရေအတွက်နည်းပြီး အချို့မှာ အလွန်များနေကြောင်းတွေ့ရသဖြင့် အုပ်ချုပ်ထောက်ပံ့ရေးတွင် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းကာ "ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း" များအဖြစ် အသိအမှတ်ပြု ထောက်ပံ့ပေးနိုင်ရန် စီစဉ်ပေးကြရသည်။ နယ်စပ်နှင့်တောင်တန်းဒေသများတွင် သာသနာပြုကျောင်းများရှိ သာသနာပြုရဟန်းတော်များနှင့် လူပုဂ္ဂိုလ်သာသနာပြုများက ဦးဆောင်လျက်ရှိကြောင်း တွေ့ကြရသည်။ ဥပမာအားဖြင့် အောက်ခြေထိ လှည့်လည်စစ်ဆေးရင်း ဆောင်ရွက်ပေးရာ၌ နာဂတောင်တန်းဒေသတွင် ၁၉၉၄ ခုနှစ်အတွင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (၃)ကျောင်းကို ကျောင်းသားအရအတွက် များပြားလာခြင်းနှင့်စာသင်ကြားနေသည့် ကလေးများမှာ ကျောင်းနှင့်ဝေးကွာသော ရွာများမှ လာကြရခြင်းကြောင့် သာသနာရေးနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန ၂-ခုညှိနှိုင်းကာ ပရဟိတကျောင်းအဖြစ် အသိအမှတ်ပြုထောက်ပံ့ပေးနိုင်ခဲ့သည်။ ထိုဘုန်းတော်ကြီးသင် ပရဟိတပညာရေးကျောင်း စုစုပေါင်း (၅)ကျောင်းတွင် ကျောင်းသား

အင်အား ၄၉၅ ယောက်ပင်ရှိခဲ့ကြောင်းတွေ့ခဲ့ကြရသည်။ ထို့ကြောင့် နယ်စပ်နှင့်တောင်တန်းဒေသများရှိ သာသနာပြု ကျောင်းများသည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း များလည်းဖြစ်နေပေရာ၊ သာသနာပြုရဟန်းပုဂ္ဂိုလ်များ၊ သာသနာပြုလူပုဂ္ဂိုလ်များနှင့် ဘုန်းတော်ကြီးကျောင်း ပညာရေးတို့ မကင်းမကွာ ဆက်စပ်ဆောင်ရွက်နေကြ သည်မှာ ထင်ရှားစွာတွေ့နိုင်ပေသည်။

* * * * *

**နယ်မြေအနှံ့ခရီးဆန့်**

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်း ထွက်ပေါ်မလာသေးမီတွင် ဘုန်းတော်ကြီးကျောင်းပညာ သင်ကြားရေး လုပ်ငန်းညှိနှိုင်းရှင်းလင်းပွဲမှတ်တမ်းကို အခြေခံ ၍ တာဝန်ရှိပုဂ္ဂိုလ်များသည် ၁၉၉၃ ခုနှစ် တစ်နှစ်သာမက ၁၉၉၄ ခုနှစ်အတွင်း၌ပင် လှည့်လည်စစ်ဆေးစည်းရုံးကာ ဘုန်းတော်ကြီးကျောင်းပညာရေး ဖွံ့ဖြိုးလာစေရေး ကြိုးပမ်း လှုပ်ရှားခဲ့ကြသည်။ ၁၉၉၄ ခုနှစ်၊ မတ်လ အတွင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ အစည်း

အဝေးက အတည်ပြု ပြဋ္ဌာန်းခဲ့သော "စည်းမျဉ်း" သည် ဇူလိုင်လ ၄ ရက်နေ့ထိ ပုံနှိပ်မပြီးသေးရကား အေးအတူ ပူအမျှ ခံစားကြရသည့် ဌာနများဖြစ်သဖြင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ အရာရှိတစ်ဦးကို သာသနာရေးဦးစီးဌာန (ပုံနှိပ်တိုက်)သို့ တွဲဖက်ပူးပေါင်း ဆောင်ရွက်စေခဲ့သည်။ အသင့်ဖြစ်နေသော "စည်းမျဉ်း" မှာ ဇူလိုင် ၅ ရက်နေ့တွင် စတင်ပုံနှိပ်ခဲ့ပြီး ရက်မဆိုင်း ဖြန့်ဝေကြ တော့သည်။

အထက်ပါ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့လက်ထက်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ ပေါ်ထွက်လာသော "ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်း" (၁၉၉၄ ခုနှစ်) သည် ဘုန်းတော်ကြီးကျောင်းပညာရေးအတွက် ထူးခြားစွာပေါ်ထွန်းလာသည့် မီးရှူးတန်ဆောင်ပင် ဖြစ်တော့ သည်။ ထို "စည်းမျဉ်း" တွင် အခန်း(၇)ခန်းပါရှိပြီး၊ စာမျက်နှာ (၁၁) မျက်နှာပါရှိလေသည်။ အခန်း (၇)ခန်းတွင် အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ ရည်ရွယ်ချက်များ၊ ကြီးကြပ်ရေးအဖွဲ့၊ ကျောင်းအုပ်ဆရာတော်၏ တာဝန်ဝတ္တရားများ၊ ပညာသင်

ဆရာ၏ တာဝန်နှင့်ဝတ္တရားများ၊ ကျောင်းဝင်ခွင့်လျှောက်ထားခြင်း၊ ကျောင်းသား ကျောင်းသူများ၏ တာဝန်နှင့်ဝတ္တရားများဟူ၍ ဖော်ပြပါရှိပြီး နောက်ဆက်တွဲပုံစံများပြည့်ပြည့်စုံစုံ ပူးတွဲဖော်ပြထားလေသည်။ အောက်ဖော်ပြပါဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေး လုပ်ငန်း၏ရည်ရွယ်ချက်များကို ထောက်ရှုခြင်းဖြင့် အမျိုးဘာသာ၊ သာသနာအတွက် များစွာမျှော်မှန်းထားကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ယင်းရည်ရွယ်ချက်များမှာ-

(က) ဆင်းရဲချမ်းသာမရွေး လူတိုင်း အရေး အဖတ်အတွက် အခြေခံပညာနှင့် ခေတ်ပညာတတ်မြောက်စေရန်၊

(ခ) ပညာသင်ကြားရေး၌ စရိတ်သက်သာပြီး လွယ်ကူမှုရှိစေရန်၊

(ဂ) ကိုယ်ကျင့်တရားကောင်းမွန်ပြီး အများအကျိုး၊ နိုင်ငံတော်အကျိုး သယ်ပိုးလိုသည့် သားကောင်း၊ သမီးကောင်းများ ဖြစ်လာစေရန်၊

(ဃ) မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို သိရှိနားလည်၍ မြတ်နိုးစွာ လိုက်နာခံယူတတ်ကြစေရန်၊

(င) ဗုဒ္ဓဘာသာ သာသနာတော်ဆိုင်ရာ အဆုံးအမများကို ကြားနာမှတ်သား သိရှိလိုက်နာပြီး အနာဂတ်သာသနာကို တာဝန်ယူကြမည့် ဗုဒ္ဓဘာသာဝင်ကောင်းများ ဖြစ်ကြစေရန်နှင့်

(စ) အမျိုးဘာသာသာသနာကို ထိန်းသိမ်း စောင့်ရှောက်နိုင်စေရန် တို့ဖြစ်ကြသည်။

* * * * *

လက်တွေ့နယ်မှာ အဖြေရှာခဲ့

၁၉၉၄ ခုနှစ်၊ ဇူလိုင်လတွင် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုစည်းမျဉ်း ပီပီပြင်ပြင် ထင်ထင်ရှားရှား ပေါ်ထွက်ခဲ့ခြင်းကြောင့် မြို့နယ်အသီးသီးတွင် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ ဖွင့်လှစ်သင်ကြားနေသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ပဓာနနာယက၊ ကျောင်းအုပ်ဆရာတော်များအနေဖြင့် ယခင်က ဝိုးတဝါးအမြင်သည် ကြည်ကြည် လင်လင် ကွက်ကွက်ကွင်းကွင်း မြင်ကြရပြီဖြစ်သဖြင့် ခွန်အား များပင် တိုးပွားလာစေတော့သည်။ မြို့နယ်တစ်မြို့နယ် အတွင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၅-ကျောင်း ပြည့်အောင် ကြိုးပမ်းတော်မူကြပြီး၊ ၅-ကျောင်းပြည့်ပြီး မြို့နယ်များ၌လည်း

ဒေသလိုအပ်ချက်အရ၊ ကျေးရွာ၊ ရပ်ကွက်၊ ဒါယကာ ဒါယိကာမတို့၏ တောင်းပန် လျှောက်ထားချက်အရ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ အရေအတွက် တိုးတက်ဖွင့်လှစ်ကြလေတော့သည်။ ထိုသို့ တိုးတက်ဖွင့်လှစ် လာသည်နှင့်အမျှ အတွေ့အကြုံများ၊ ဗဟုသုတများ၊ လုပ်ငန်းခွင် အခက်အခဲများ၊ အတားအဆီး၊ အဟန့်အတား၊ အပိတ်အဆို့၊ အတိုက်အခိုက်များ၊ အားပေး ချီးမြှောက် ထောက်ပံ့မှုများ စသည်ဖြင့် အမျိုးမျိုးသော ရှုဒေါင့်များမှ ဝေဖန်အကြံပေးမှုများ ရရှိလာလေတော့သည်။ ထိုဝေဖန် အကြံပေးမှုများ၊ တင်ပြချက်များ၊ တောင်းဆိုချက်များနှင့် အခက်အခဲများကို မည်သို့ဆက်သွယ်ဆောင်ရွက်ကြရ မည်ကိုမူ အချို့ကျောင်းများအနေဖြင့် ယောင်ဝါးဝါးဖြစ်နေကြ ပေသေးသည်။ ထိုယောင်ဝါးဝါးဖြစ်နေသော လုပ်ငန်းရပ် အချို့မှာ သာသနာရေးဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရ၊ ပညာရေးဝန်ကြီးဌာနနှင့် ပတ်သက် ဆက်စပ်မှုရှိနိုင်သကဲ့သို့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်လည်း ဆက်စပ်မှု ရှိနိုင်ပေသည်။ ထို့အပြင် ပြည်ထဲရေး ဝန်ကြီးဌာနနှင့် သော်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့

အင်အားဝန်ကြီးဌာနနှင့်သော်လည်းကောင်း မလွှဲမသွေ ဆက်စပ်မှုရှိနေနိုင်ပေသေးသည်။ ဝန်ကြီးဌာနအချင်းချင်း ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးသည့်တိုင် အောက်ခြေ မြို့နယ်များတွင် ဝန်ကြီးဌာန၏ လမ်းညွှန်ကြားချက်များသည် မူလညှိနှိုင်းထားသည့်အတိုင်းမဖြစ်၊ မသိမသာ ကွဲလွဲမှုများ လည်း ရှိတတ်ပေသေးသည်။ အချို့မြို့နယ်များတွင် ကျောင်းအုပ်ဆရာတော်၏ လိုလားချက်သည် ဝန်ကြီးဌာန များ၏ လုပ်ပိုင်ခွင့်ကိုကျော်လွန်၍ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဆရာတော်ကြီးများ၏ ဩဝါဒနှင့် ဆန့်ကျင်ကာ တင်းတင်းမာမာ တောင်းဆိုမှုများ ပင် တွေ့ကြရပေသည်။ မည်သို့ပင်ဆိုစေ အပြုသဘော ဝေဖန် ဆွေးနွေးမှုများသည် ကောင်းကျိုးကို ပြုစေ သော်လည်း ရန်ဘက်အသွင် ဆန့်ကျင်ဝေဖန် ဆွေးနွေးမှု များသည် အပျက်သဘောဆောင်၍ ကောင်းကျိုးထက် ဆိုးကျိုးကို ဖြစ်ပေါ်စေပြီး ရန်ပွားလာစေသည်ကို သတိမူကြ ရမည် ဖြစ်ပါသည်။ မဆွေးနွေး မညှိနှိုင်းမီကပင် "ငါတို့ မူဝါဒ သဘောထားသာလျှင်မှန်တယ်" ဟု တရားသေ စွဲမှတ် ထားသမျှ မည်သည့်ဆွေးနွေးမှုမျှ ကောင်းကျိုးဆောင် အောင်မြင်မည်မဟုတ်ပေ။ အတ္တများ၍ လောဘအား

ကောင်းကောင်းနှင့် တောင်းဆိုသမျှ တစ်ချိန်တွင် ဒုက္ခ တွင်းသို့ တွန်းပို့မိလျက်သား ဖြစ်နိုင်ပါ၏။ ထို့ကြောင့်လည်း နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ဘုန်းတော်ကြီးကျောင်းပညာရေး၏ သမိုင်းစဉ်လာကို ဝေဖန်ထောက်ရှု သုံးသပ်ဆင်ခြင်တော်မူပြီး မြို့နယ်များရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကျောင်းအုပ်အချို့၏ တောင်းဆိုမှုများကို လိုက်လျောခြင်းမပြုမူ၍ အရှည်ကို မျှော်တွေးချိန်ဆလျက် ဖျောင်းဖျနှစ်သိမ့် တားမြစ်တော်မူခဲ့ သည်များလည်း ရှိခဲ့ပေသေးသည်။

ထိုသို့သော အခြေအနေမျိုးကို ကြိုတင်မှန်းဆထား သည်ဖြစ်ရကား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင်ဆရာတော်ကြီးများကိုယ်တိုင် ဦးဆောင်လျက် အဖွဲ့ငယ်များခွဲကာ "ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုစည်းမျဉ်း ရှင်းလင်းရေးစီမံချက်" ရေးဆွဲပြီး တိုင်းနှင့်ပြည်နယ်အသီးသီးသို့ ကြွရောက်တော်မူကြရ ပြန်သည်။ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ် များအပါအဝင် ၁၉၉၄ ခု၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် စီမံချက်ရေးဆွဲပြီး မြို့နယ်များသို့ သွားရောက်ရှင်းလင်း ဆွေးနွေးခဲ့ကြရာ စုစုပေါင်း ၄၂ မြို့နယ်တွင် ကျောင်းပေါင်း

၂၈၀ ခန့်ကို တွေ့ဆုံရှင်းလင်းနိုင်ခဲ့သည်ထိ ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတို့ဖြင့် ခရီးနှင်ခဲ့ကြလေသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဩဝါဒ၊ သာသနာရေး ဝန်ကြီးဌာန၏ လမ်းညွှန်မှုများကြောင့် အားလုံးပင် တက်တက်ကြွကြွ ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ကြ ရာတွင် လွယ်ကူချောမွေ့သည်တော့ မဟုတ်ပါပေ။ ပြည်နယ်/တိုင်းနှင့် မြို့နယ်တို့တွင် ရှင်းလင်းပွဲများ ပြုလုပ်တိုင်း ပြည်နယ်/တိုင်း အဆင့်တွင် တိုင်း/ပြည်နယ် ပညာရေးမှူးများနှင့် တိုင်း/ပြည်နယ်သာသနာရေးမှူးများကို တက်ရောက်နိုင်ရန် ကြိုတင်ဆောင်ရွက်ရသကဲ့သို့ မြို့နယ်များတွင်လည်း မြို့နယ်သာသနာရေးမှူး (လူဝင်မှု မြို့နယ်ဦးစီး)နှင့် မြို့နယ်ပညာရေးမှူးများကို မဖြစ်မနေ တက်ရောက်စေ၍ မျက်နှာစုံညီ ဆွေးနွေးရှင်းလင်း ရသည်ဖြစ်ရာ အထက်နှင့်အောက် နားလည်မှုလွဲမှားခြင်း၊ အဆက်အစပ်မရှိခြင်းများ မကြာခဏ တွေ့ကြုံခဲ့ကြရသည်။ ပြည်နယ်/တိုင်း/မြို့နယ် ပညာရေးမှူးများ၊ သာသနာရေးမှူး များမှာ ဗုဒ္ဓဘာသာဝင်များ အများစုတာဝန်ထမ်းဆောင် နေကြသော ပြည်နယ်/တိုင်း၊ မြို့နယ်များ၌ အခက်အခဲ တစ်စုံတစ်ရာ မရှိလှသော်လည်း အချို့မြို့နယ် အဆင့်၊

တိုင်း/ပြည်နယ်အဆင့် ပညာရေးမှူးများ၊ မြို့နယ် လ. ဝ. ကမှူးများမှာ အခြားဘာသာဝင်များ ဖြစ်နေသောကြောင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် ဆွေးနွေးဆောင်ရွက်ကြရာတွင် သတိနှင့်ယှဉ်၍ ဆင်ဆင်ခြင်ခြင် ဆွေးနွေးကြရသည်။ သို့ရာတွင် အချို့သော မြို့နယ်များ၌ အခြားဘာသာဝင် ပညာရေးမှူး၊ လ. ဝ. က ဦးစီးတို့က ဗုဒ္ဓဘာသာဝင်အရာရှိများထက်ပင် အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော်ပေးကြသည် ကိုလည်း တွေ့ရပေသေးသည်။

ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုစည်းမျဉ်းတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် အခြေခံပညာမူလတန်းကျောင်းများ ဆက်စပ်ဆောင်ရွက်ကြရာတွင် အဆင်ပြေချောမွေ့မှုရှိစေရန် ကျောင်းအပ်ပုံစံ (ကျောင်းသားသစ်)၊ ကျောင်းအပ်ပုံစံ(ကျောင်း သားဟောင်း)ကျောင်းသား, ကျောင်းသူများ အရေအတွက်စာရင်း၊ ကျောင်းခေါ်ကြိမ်စာရင်း၊ ကျောင်းထွက်လက်မှတ်၊ ယာယီကျောင်းပြောင်းလက်မှတ်၊ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရည်စစ်ဆေး အကဲဖြတ်မှတ်တမ်း၊ စာမေးပွဲအမှတ်စာရင်း ပေါင်းချုပ် စသည်ဖြင့် ပုံစံအသီးသီးကို အခြေခံပညာဦးစီး ဌာန

ညွန်ကြားရေးမှူးချုပ်၊ ညွန်ကြားရေးမှူးများက ပူးပေါင်းကူညီပြုစုပေးခဲ့သဖြင့် စနစ်တကျ၊ ပုံစံတကျ ဖြစ်လာသည်ကို တွေ့ရပေသည်။ ပညာရေးဝန်ကြီးဌာနနှင့် အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းကာ ပုံစံတကျ ဆောင်ရွက်ခဲ့ကြသည့်တိုင် အချို့သောမြို့နယ်များ၌ မရှင်းမလင်း၊ မပြတ်မသား ကိစ္စရပ်အချို့ ရှိနေကြ သေးပေရာ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်း ရှင်းလင်းရေးအဖွဲ့များ ရောက်ရှိ ရှင်းလင်းခြင်းဖြင့် ပြေလည်ချောမွေ့မှုများရရှိခဲ့သည်။ ဥပမာအားဖြင့် အစိုးရမူလတန်း/အလယ်တန်းကျောင်းများ ရှိနေပြီးသော ကျေးရွာ/ရပ်ကွက်တို့တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း များ ဖွင့်လှစ်သင်ကြားရာတွင် အစိုးရမူလတန်းကျောင်းမှ ကလေးသူငယ်များသည် ဘုန်းတော်ကြီးကျောင်းများသို့ တဖြည်းဖြည်း ရွှေ့ပြောင်းရောက်ရှိလာသဖြင့် အမှန်တကယ်ဆင်းရဲပြီး မိဘက မကျွေးမွေး မထောက်ပံ့နိုင်သောကလေးများကိုသာ ဘုန်းတော်ကြီးသင်ကျောင်းများက လက်ခံသင်ကြားပေးရန်နှင့် အစိုးရမူလတန်း/အလယ်တန်းကျောင်းများက ကျောင်းသား၊ ကျောင်းသူများ လက်ခံစာရင်းသွင်းရန် သတ်မှတ်ကာလ ကျော်လွန်ပြီးမှသာ ဘုန်းတော်ကြီးသင်ကျောင်းများက လက်ခံစာရင်းသွင်းပြီး

သင်ကြားပေးရန် ညှိနှိုင်းခဲ့ရသည်။ အချို့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည် ရှေးယခင် လူထုပညာ ရေးမှုများ ကြီးကြပ်ခဲ့သည့်ကာလမှစ၍ ဆရာတော်များ ကိုယ်တိုင် ဦးဆောင်ဖွင့်လှစ်ပြီး အကြားအလပ်မရှိ ယနေ့တိုင် သင်ကြားပေးနေသော ကျောင်းများလည်းရှိနေရာ ဆရာတော်တို့၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် တို့ကြောင့် ကျေးရွာ/ရပ်ကွက်ရှိ ဒါယကာ ဒါယိကာမတို့၏ အားထားယုံကြည်မှု ပြင်းထန်နေကြသောကြောင့် အနီးရှိ အစိုးရမူလတန်းကျောင်းများအနေဖြင့် အခက်အခဲနှင့် တွေ့ကြုံခဲ့ကြသည်များလည်း ရှိကြပေသေးသည်။ အချို့ ရပ်ကွက်၊ ကျေးရွာတို့တွင်မူ အစိုးရမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဘုန်းတော်ကြီးသင်ကျောင်းမှ ဆရာတော်တို့ နှစ်ကိုယ့်တစ်စိတ် ညှိနှိုင်းဆောင်ရွက် သင်ကြားပေးနေကြသည်ကိုလည်း တွေ့ကြရသည်။ အတန်း ပညာသင်ကြားမှုအတွက် ဘုန်းတော်ကြီးသင်ကျောင်းများကို အစိုးရမူလတန်းကျောင်း ဆရာ၊ ဆရာမများက အကူအညီ ပေးသည့်နည်းတူ ကျောင်းပိတ်ရက် ယဉ်ကျေးမှုသင်ခန်းစာ များ၊ မင်္ဂလာစာမေးပွဲများအတွက် ဆရာတော်များက အစိုးရ

မူလတန်းကျောင်းမှ ကလေးများကို သင်ကြားပေးခြင်းဖြင့် အပြန်အလှန် အကူအညီပေးနေ ကြသည်ကိုလည်း အားတက်ဖွယ် တွေ့ကြရသည်။

* * * * *

အောက်ခြေဆင်းနိုင်လေ အောင်မြင်လေ

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အနယ်နယ်အရပ်ရပ်တွင် တိုးတက်ဖွင့်လှစ်နိုင်သည့်နည်းတူ ရန်ကုန်မြို့ရှိ အချို့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် နယ်စပ်နှင့် တောင်တန်းဒေသမှ ကလေးသူငယ်များကို အစားကျွေး၍ ပညာပေးနေကြသည်မှာလည်း အမြောက်အမြားပင်ဖြစ်သည်။ ထိုအခါ တပည့်ဒါယကာ၊ ဒါယိကာ အလှူရှင်များ အထူးလိုအပ်လာပေတော့သည်။ သာသနာရေးဝန်ကြီးဌာနသည် ပြည်နယ်တိုင်း ဒေသအသီးသီးသို့ အနည်းဆုံး (၃)လလျှင် တစ်ကြိမ် အလှည့်ကျရောက်ရှိအောင် ခရီးစဉ်များစီမံလျက် တာဝန်ရှိသူများကို စေလွှတ်ပေးခဲ့သည်။ တိုင်း/ပြည်နယ် သာသနာရေးမှူးများကိုလည်း

အနည်းဆုံး (၃)လလျှင်တစ်ကြိမ်၊ တစ်နှစ်အတွင်း (၄)ကြိမ် မြို့နယ်တိုင်းသို့ အရောက် သွားကာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ တိုးတက်မှုကို အားပေးလျက် လိုအပ်ချက်များ ဖြည့်ဆည်းပေးကာ အစီရင်ခံစာများ ပေးပို့ကြရန် အလေးထားညွှန်ကြားခဲ့သည်။

ထိုစဉ်က အချို့သောမြို့နယ်များတွင် သာသနာရေး ဝန်ကြီးဌာနမှ မြို့နယ်ဦးစီးအရာရှိ မရှိပေ။ နယ်စပ်နှင့် တောင်တန်းဒေသများတွင် မြို့နယ်သာသနာရေးဦးစီး အရာရှိများ သီးသီးသန့်သန့် ခန့်အပ်တာဝန်ပေးနိုင်သဖြင့် ညွှန်ကြားခြင်း၊ အကောင်အထည်ဖော်ခြင်း၊ အစီရင်ခံခြင်း၊ သုံးသပ်ညွှန်ကြားခြင်း၊ ညှိနှိုင်း ခြင်းစသည်များ အဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ကြသော်လည်း မြေပြန့်ဒေသ မြို့ကြီးပြကြီးများတွင်မူ သာသနာရေးဝန်ကြီးဌာနမှ မြို့နယ် သာသနာရေးဦးစီးအရာရှိများ မရှိကြသေးရကား သွက်လက် မြန်ဆန်မှုတွင် အတိုင်းအတာတစ်ခုထိသာ ကျေနပ်ဖွယ်ရာ ရှိပေတော့သည်။ ယင်းအားနည်းချက်များကိုမူ မြို့နယ် အဆင့် အာဏာပိုင်အဖွဲ့အစည်းတို့က ကူညီဖြေရှင်းပေးရ လေတော့သည်။ ထိုအခါ အစီရင်ခံစာပေးပို့ရာတွင်

သာသနာရေးဝန်ကြီးဌာနက နောက်ကျရရှိပြီး အထက်အာဏာပိုင်အဖွဲ့အစည်းတို့က စောစွာရရှိကြလေတော့ သည်။ ဤသည်ကို ထောက်ရှုခြင်းဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အုပ်စိုးစဉ်ကာလအတွင်းဝယ် ဘုန်းတော်ကြီးကျောင်းပညာရေးမှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းများနှင့် အလှူရှင်ပြည်သူများတို့သည် ခိုင်မာသော သုံးချောင်းထောက် ဖိုခနောက်ဆိုင် ညီညီညွတ်ညွတ် လက်တွဲအကောင်အထည်ဖော်ခဲ့ကြသဖြင့် အရှိန်အဟုန်ဖြင့် တိုးတက်လာသည်ဟု ဆိုရမည်ဖြစ်ပါသည်။

ထိုသို့ အရှိန်အဟုန်ဖြင့် တိုးတက်လာနေသော ဘုန်းတော်ကြီးကျောင်းပညာရေးကို ပြည်သူများကအားထားလာသည့်အလျောက် ငွေကြေးမပြည့်စုံ၍ အချိန်မတန်မီ စာသင်ကျောင်းကို စွန့်ခွာခဲ့ကြရသော ကလေးသူငယ်များ လျော့ပါးသွားကာ “လူတိုင်းအတွက်ပညာရေးလှုပ်ရှားမှု” တွင် ဘုန်းတော်ကြီးများ တာဝန်ကျေခဲ့ကြလေပြီ။ စင်စစ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် ကလေးသူငယ်များကို ပညာသာပေးသည်မဟုတ် အစားပါ

ကျေးကြသော နွမ်းပါးသူတို့ မှီခိုရာဖြစ်ကြပေသည်။ ထို့ကြောင့် အုပ်ချုပ်ထောက်ပံ့မှု ကိစ္စရပ်များအတွက် လုံးပမ်းကြရပြန်တော့သည်။ အချို့ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် ကျေးရွာ/ရပ်ကွက်နှင့် တိုင်ပင်ညှိနှိုင်းကာ တစ်ဇွန်းဆန်၊ တစ်ဆုပ်ဆန် လှူပ်ရှားမှုဖြင့် ကုသိုလ်လည်းရ ဝမ်းလည်းဝ ဖြစ်ခဲ့ကြသော်လည်း အချို့ ဝန်နှင့်အား၊ လေးနှင့်မြှား မမျှမတဖြစ်ကြသည့်ကျောင်းများလည်း ရှိကြပေသည်။ ဟိရိဩတ္တပ္ပ တဖြည်း ဖြည်းကင်းမဲ့လာသော ယနေ့ခေတ်ဝယ် အရွယ်ရောက်စပြုပြီးဖြစ်သော အသက် (၁၂)နှစ်အထက် မိန်းကလေးများ၏ အရေးကိစ္စများလည်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ရန့်ဆိုးများ ပို့လွှတ်လေတော့သည်။ ဤသို့ဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ လိုလားချက်များကို ဆရာ၊ ဒါယကာ လက်တွဲဆောင်ရွက်ကြရင်း တိုးတက်လာသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအရေး၊ ကျောင်းသား, ကျောင်းသူ များပြားလာသည့်အရေး၊ အရွယ်ရောက်စ အမျိုးသမီးများ၊ လုပ်အားပေး ဆရာမလေးများနှင့် ရဟန်းသံဃာတော်များ ဆက်ဆံရေး၊ အုပ်ချုပ်ထောက်ပံ့ရေးတို့အတွက် နိုင်ငံတော်

သံဃမဟာနာယကအဖွဲ့က မူလရည်ရွယ်ထားရှိခဲ့သော မြို့နယ်ကြီးကြပ်ရေးအဖွဲ့များဖြင့်သာဆိုလျှင် ကွပ်ကဲမှုတွင် လုံလောက်နိုင်မည်မဟုတ်။ ဗဟိုကြီးကြပ်ရေးအဖွဲ့လည်း လိုအပ်လာပေသည်။ ပန်ကြီးဌာနအချင်းချင်း ညှိနှိုင်း ဆောင်ရွက်ဖွယ်ရာများ၊ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့် တို့နှင့် ဆက်စပ်တင်ပြ ညှိနှိုင်းဆောင်ရွက်ဖွယ်ရာများ အတွက်လည်း "ပညာရေးဌာနတွင် ဌာနစုတစ်ခု ဖွင့်လှစ် ထားရန်" မူလအစီအစဉ်မှာ လုံလောက်တော့မည်မဟုတ်။ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနတို့က ကျရာတာဝန်ယူကြရသည့်တိုင် တာဝန်ခံရန် ဦးစီးဌာနတစ်ခုခုကို သတ်မှတ်ပေးရန်အတွက် ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်နေ့ တွင် ညှိနှိုင်းသုံးသပ် ကြကာ "သူလိုလို၊ ကိုယ်လိုလို ကြားချောင်ပြီး တိုးတက်သင့် သလောက် မတိုးတက်ဖြစ်မည်ကိုတွက်ဆ၍" သာသနာ တော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနကို "ဘုန်းတော်ကြီး ကျောင်းပညာရေး" ကိစ္စအား ကိုင်တွယ်စေရန် စီစဉ် ဆောင်ရွက်ကြ ရလေတော့သည်။

* * * * *

# ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်း သုံးသပ်ပြင်ဆင်ပြည့်စွက်ခြင်း(၁)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးရှိသော သံဃမဟာနာယကဆရာတော်ကြီးများ ဦးစီးလျက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်တို့သည် နယ်မြေအလိုက် ခရီးစဉ်များရေးဆွဲပြီး အဖွဲ့များခွဲကာ ဘုန်းတော်ကြီးကျောင်းပညာရေး တိုးတက်ထွန်းကားလာစေရန် ကွင်းဆင်းစည်းရုံးခဲ့ကြရာ ၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်ကုန်ပိုင်းသို့တိုင် ရောက်ရှိခဲ့ပေသည်။

ထို့ကြောင့်ပင် မြို့နယ်အသီးသီးရှိ မြို့နယ်သံဃနာယကဆရာတော်များသည် မိမိတို့မြို့နယ်အတွင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၅-ကျောင်း ဖွင့်လှစ်သင်ကြားနိုင်ကြစေရန် စွမ်းအားပြည့် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ နယ်စပ်နှင့်တောင်တန်းဒေသ သာသနာပြုရဟန်းတော်များ လည်းသာသနာပြုဌာနတိုင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအဖြစ် ဖွင့်လှစ်သင်ကြားကြရာ ကျောင်းသားအရေအတွက် နည်းပင် နည်းငြားသော်လည်း လူမျိုးစုံ၊ ဘာသာစုံ ကလေးသူငယ်များကို သင်ကြားပေးကာ မြန်မာ့ယဉ်ကျေးမှု အမြစ်တွယ်စေရန် ဖန်တီးကြရတော့သည်။ မြတ်စွာဘုရား၏ အဆုံးအမနှင့်အညီ မြန်မာ့ယဉ်ကျေးမှုများမပျောက်မပျက်စေရန် မြို့ကြီး၊ မြို့ငယ်အသွယ်သွယ်တွင်သာမက တောင်တန်းမြေပြန့် နှံ့စပ်များမြောင်း အကြားအလပ်မရှိရလေအောင် ကြိုးပမ်းခဲ့ကြရာ အတော်အတန်အရှိန်မြှင့်နိုင်ခဲ့လေသည်။ ထိုသို့ဆောင်ရွက်ကြရာတွင် သာသနာရေးဝန်ကြီးဌာနအနေဖြင့် သာသနာတော်၏ အရေးကိစ္စ၊ နိုင်ငံတော်၏အရေးကိစ္စဟု နှလုံးသွင်းကာ သူ့တာကိုယ့်တာ မခွဲခြား၊ သူ့အလုပ်၊ ကိုယ့်အလုပ်မခွဲခြား

တစ်စိတ်တစ်ဝမ်းတည်း ဝိုင်းဝန်းအကောင်အထည်ဖော်ခဲ့ကြသည်။ အရှိန်အဟုန် မြှင့်လာသည်နှင့်အမျှ ကျောင်းသားအရေအတွက်၊ စာသင်ကျောင်းအရေအတွက်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာရကား စနစ်တကျ ကွပ်ကဲထိန်းသိမ်းတာဝန်ယူဆောင်ရွက်ရန် သီးသီးသန့်သန့်သတ်သတ်မှတ်မှတ် တာဝန်ပေး ဆောင်ရွက်ကြရလေတော့သည်။

## နိုင်ငံတော်၏ ပညာရေးမူဝါဒနှင့်အညီ

သာသနာရေးဝန်ကြီးဌာနအနေဖြင့်လည်း ဘုန်းတော်ကြီးကျောင်းပညာရေးအတွက် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မပြတ်ထိတွေ့ကြကာ သာသနာအဝ္ဝက်ဆောင်ရွက်ကြရာတွင် နိုင်ငံတော်၏ ပညာရေးမူဝါဒများနှင့်ဟန်ချက်ညီစေရန်ကို ဆွေးနွေးကြရသည်။ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် (ဦးမျိုးညွှန့်)၊ ဆရာဦးတင်ညိုနှင့်ဆရာဦးသန်းထွတ်တို့မှာ ဘုန်းတော်ကြီးကျောင်းပညာရေးကိုအထူးစိတ်ဝင်စားစွာ အတွေ့အကြုံဗဟုသုတကြွယ်ဝစွာဖြင့်ဖြည့်ဆည်းပေးခဲ့ကြသည်။ ထိုစဉ်က လုပ်ငန်းဝင်စစ်မေး

ချက်များ၊ လူတွေ့စစ်မေးချက်များတွင် မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးကို ပြည့်စုံအောင်ဖြေဆိုနိုင်သူ ရှားပါးသွားပါကြောင်း၊ မိဘများက သားသမီးများအတွက် အချိန်ပေးနိုင်မှုနည်းပါးကြခြင်းကြောင့် ကလေးများမှာလည်း ဘာသာရေးအသိအမြင် နည်းပါးသွားပါကြောင်း၊ ထို့ကြောင့် တစ်ဖက်မှ ပညာရည်တိုးတက်လာစေသကဲ့သို့ တစ်ဖက်မှလည်း ဘာသာရေးအသိအမြင် တိုးတက်လာစေရန်လိုအပ်ပါကြောင်း၊ ဤလိုအပ်ချက်ကို ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများက ဖြည့်ဆည်းပေးနေခြင်းကို အထူးဝမ်းမြောက်ပါကြောင်း ဆွေးနွေးကြပြီး၊ မူလတန်းပြဋ္ဌာန်းစာအုပ်များကို အများအပြား လှူဒါန်းခဲ့ကြသေးသည်။

ထို့အပြင် နီးစပ်ရာ မူလတန်းကျောင်းသားဟောင်းများထံမှ စာအုပ်ဟောင်းများကို စုစည်းအလှူခံကာ ဖြန့်ဝေပေးခြင်းဖြင့် ဝိုင်းဝန်းပံ့ပိုးခဲ့ကြသည်။ သင်ရိုးနှင့် သင်နည်းစနစ်ကိစ္စများတွင် ဆရာဦးမြင့်သိန်း၏အကူအညီကို များစွာရရှိခဲ့သည်။ မူလတန်းအောင်ပြီး ရည်မှန်းချက်ပျောက်လုကျောင်းသားငယ်များအတွက်မူ "ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ မူလတန်းအောင်ပြီး ကျောင်းသား

များသည် နီးစပ်ရာ အစိုးရ အလယ်တန်းကျောင်း တစ်ကျောင်း၏ တန်းခွဲအဖြစ် သတ်မှတ်၍ သင်ကြားပေးခြင်း" ဖြင့် ပြုန်းတည်းတော့မည်လူငယ်များကို ဆယ်တင်နိုင်အောင် ပညာရေးဝန်ကြီးဌာနက ဆောင်ကျဉ်း ပေးနိုင်ခဲ့သည်။ သာသနာရေးဝန်ကြီးဌာနမှလည်း နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့က အတည်ပြုပြဋ္ဌာန်းခဲ့သော "ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲသင်ခန်းစာ" စာအုပ်ကို ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ကျေးရွာ/ရပ်ကွက် အသီးသီးရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူး နိုင်စေရန် အကြိမ်ကြိမ် ရိုက်နှိပ်ထုတ်ဝေကြသည်။ အချို့ တိုင်းသံဃ နာယကဆရာတော်များက မိမိတို့ တိုင်းအစီအစဉ်ဖြင့် မိတ္တူ ကူးဖြန့်ဖြူးပေးခဲ့သည်ကိုလည်း တွေ့ရသည်။ ဘုန်းတော် ကြီးသင်ပညာရေးကျောင်းများ၌ ၃၈-ဖြာမင်္ဂလာ တရား တော်ကို ဘုန်းတော်ကြီးများကိုယ်တိုင် သင်ကြား ပေးရန်ဖြစ် သော်လည်း အချို့ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ သည် လုပ်အားပေး ဆရာ/ဆရာမများအား အလှည့်ကျ သင်ကြားစေရာ၌ အဆင်မပြေဖြစ်တော့သည်။ ထိုအခက်အခဲ များကို နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏

ဩဝါဒနှင့်အညီ ဘုန်းတော်ကြီးများ ကိုယ်တိုင် သင်ကြားစေရန်နှင့် မူလတန်း၊ အလယ်တန်း ဆရာဖြစ်သင်ကျောင်း/သိပ္ပံတို့တွင် မြန်မာ့ယဉ်ကျေးမှု အနှစ်သာရဖြစ်သော ၃၈-ဖြာမင်္ဂလာတရားတော်ကို ဆရာလောင်း၊ ဆရာမလောင်းများအား သင်ကြားပေးရန် လိုအပ်ပါက သာသနာရေးဝန်ကြီးဌာနမှ တိုင်းနှင့်ပြည်နယ်များတွင် သွားရောက်သင်ကြားပေးရန် ညှိနှိုင်းဆောင်ရွက် ကြရတော့သည်။ ထို့ကြောင့်လည်း သာသနာရေးဝန်ကြီးဌာနမှ နည်းပြဆရာများသည် တိုင်းနှင့် ပြည်နယ်များသို့ သွားရောက်ကြကာ "ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ များ" ကို အခြေခံထား၍ သင်ကြားပေးခဲ့ကြသည်။ နောင်နှစ်များတွင်မူ ဗုဒ္ဓဘာသာတရားတော် (အခြေခံအဆင့်)မှစ၍ (အဆင့်မြင့်)အထိ တိုးမြှင့်သင်ကြားပေးခြင်းဖြင့် လူငယ်လူရွယ်များ ဘာသာရေးနှင့်နီးစပ်လာကာ ဘုန်းတော်ကြီး ကျောင်းပညာရေးအတွက် အင်အားဖြည့်လာစေလေသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်း ပေါ်ထွက်ရိုက်နှိပ်ဖြန့်ဝေပြီး (၁)နှစ်ခန့်အချိန်အတွင်း အနယ်နယ်အရပ်ရပ်

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာလေရာ မြို့နယ်သံဃနာယကအဖွဲ့အသီးသီးကလည်း မိမိတို့သက်ဆိုင်ရာမြို့နယ်များ၌ စည်းမျဉ်းနှင့်အညီ "ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု မြို့နယ်ကြီးကြပ်ရေးအဖွဲ့" များ ဖွဲ့စည်းပေးခဲ့ကြသည်။ မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု မြို့နယ်ကြီးကြပ်ရေးအဖွဲ့အနေဖြင့်လည်း ယင်းတို့တွေ့ကြုံလာရသည့် အခက်အခဲများ၊ ဖြစ်ပေါ်လာသည့် အခြေအနေများ စသည်တို့ကို မြို့နယ်သံဃနာယကအဖွဲ့သို့ တင်ပြကြရပြီး၊ ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့သို့ မိတ္တူပေးပို့ရလေသည်။ ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့များကလည်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တိုက်ရိုက်ပေးပို့လျှောက်ထားကြလေသည်။ ထုတ်ဝေသည့်စည်းမျဉ်းတွင် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၏ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေးနှင့် ပတ်သက်သော လုပ်ပိုင်ခွင့်များ ပါရှိမလာသေးပေ။ ထို့အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအားလုံးအတွက် တူညီသော ပညာရေးအဆင့်အတန်းနှင့် စည်းမျဉ်းစည်းကမ်းအတိုင်း ဖြစ်ပေါ်လာစေရန်

ဤစည်းမျဉ်းကို ပြဋ္ဌာန်းနိုင်ခဲ့သော်လည်း နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့၏ မူဝါဒအတိုင်း လိုက်နာအကောင် အထည်ဖော်ပေးမည့် ဘုန်းတော်ကြီးကျောင်းပညာသင်ကြား မှု ဗဟိုကြီးကြပ်ရေးအဖွဲ့ကိုလည်း ဖွဲ့စည်းရန် လိုအပ်လာ လေသည်။

ဦးခေါင်းနှင့်ကိုယ်မပါ၊ ခြေလက်များသာရှိခဲ့

မူလပထမ ၁၉၉၄ ခုနှစ်တွင် အတည်ပြု ပြဋ္ဌာန်း လိုက်သော "ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု စည်းမျဉ်း" ၏ အခန်း(၃) ကြီးကြပ်ရေးအဖွဲ့ဟူသော ခေါင်းစဉ်အောက်တွင် မြို့နယ်သံဃနာယကအဖွဲ့သည် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု မြို့နယ်ကြီးကြပ်ရေး အဖွဲ့ကို ဖွဲ့စည်းပေးရမည်ဖြစ်ကြောင်း ပါရှိသည်။ မြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုကို ကြီးကြပ်ရေး အဖွဲ့က စီမံအုပ်ချုပ်ရမည်ဟုလည်း တာဝန်အပ်နှင်းထား လေသည်။ ဗဟိုနှင့်တိုင်းအဆင့် ကြီးကြပ်မှုမပါရှိပေ။ ထိုအားနည်းချက်ကို သိရှိတော်မူကြသော နိုင်ငံတော်

သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၅၆ ခုနှစ်၊ ဝါဆိုလဆန်း ၇-၈ ရက် (၁၉၉၄ ခုနှစ်၊ ဩဂုတ်လ ၁၄-၁၅ ရက်)များတွင် ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမကြီး၌ ကျင်းပပြုလုပ်ခဲ့သော တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ စုဒ္ဒသမအစည်းအဝေးမှ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရန် ဆုံးဖြတ်တော်မူခဲ့ကြလေသည်။ ထိုသို့ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရန် ဆုံးဖြတ်တော်မူခဲ့ကြသော်လည်း မူလစည်းမျဉ်းတွင် ပြင်ဆင်ဖြည့်စွက် ဖော်ပြရိုက်နှိပ်ပေးနိုင်ခြင်း မရှိသေးပေ။ သို့ရာတွင် ဘုန်းတော်ကြီးကျောင်းပညာရေးကဏ္ဍကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင် အဟန့်အတားမဖြစ်စေရေးအတွက် သာသနာရေးဝန်ကြီးဌာနက ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ ကျရာအခန်းကဏ္ဍမှ ကြိုးစားပမ်းစား ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်စဉ် လိုအပ်ချက်အရ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက နယ်စပ်နှင့် တောင်တန်းဒေသများရှိ သာသနာပြုကျောင်းများဖြစ်သည့် ပရဟိတဘုန်းတော်ကြီးသင်

ပညာရေးကျောင်းများ၏ အရေးကိစ္စအပြင် နိုင်ငံတစ်ဝန်းရှိ ဘုန်းတော်ကြီးကျောင်းပညာရေးကို ဆက်လက် အကောင်အထည်ဖော်ရန် ဖြစ်လာလေတော့သည်။ တပြိုင်တည်းမှာပင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ စုဒ္ဒသမ အစည်းအဝေးဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်သောအားဖြင့် ၁၉၉၅ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ "ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့" ဖွဲ့စည်းနိုင်ရေးအတွက် ပဏာမညှိနှိုင်းဆွေးနွေးကြလေသည်။ ထိုအစည်းအဝေးသည် မြင်းခြံဆရာတော်ဘုရားကြီးကိုယ်တိုင် စိတ်ဝင်တစား တက်ရောက်ဩဝါဒပေးပြီး ဝန်ကြီးနှင့်တကွ တာဝန်ရှိပုဂ္ဂိုလ်အသီးသီးကလည်း အလေးအနက် ဆွေးနွေးလျှောက်ထားခဲ့ကြသည်။ အဓိကအားဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသော "ဘုန်းတော်ကြီးကျောင်းပညာရေး"ကို နိုင်ငံတော်တွင် မည်သည့်အစိုးရလက်ထက်တွင်မဆို ပျက်ပြယ်သွားခြင်းမရှိ၊ ခိုင်ခိုင်မြဲမြဲဆက်လက်ဆောင်ရွက်သွားနိုင်အောင် "ဘုန်းတော်ကြီး

ကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့” ဖွဲ့စည်းပေးရန်လိုအပ်ကြောင်းပင် ဖြစ်လေသည်။ ထိုအစည်းအဝေးကြီးက “ဘုန်းတော်ကြီးကျောင်းပညာ သင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့”တွင် ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဘက်အကျိုးတော်ဆောင် (မိတ္ထီလာဆရာတော်ဘဒ္ဒန္တစန္ဒိမာ)ကို တာဝန် အပ်နှင်းလေသည်။ အတွင်းရေးမှူးအဖြစ် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (ဦးစန်းလွင်)ကို တာဝန်ပေးလေသည်။ တဆက်တည်းပင် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များလည်း ညှိနှိုင်းရေးဆွဲခဲ့ကြသည်။ တစ်ဖန် မြို့နယ်ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့နှင့်ဆက်လက်ဆောင်ရွက်ကြရာတွင် ပြည်နယ်/ တိုင်းအဆင့်မှကြီးကြပ်မှု မလစ်ဟင်းစေရန် အလို့ငှာ ပြည်နယ်/တိုင်းဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းရေးနှင့် လုပ်ငန်းတာဝန်များကို စည်းမျဉ်းတွင်ထည့်သွင်းပြဋ္ဌာန်းနိုင်အောင် ဆွေးနွေးဆုံးဖြတ်ခဲ့ကြလေသည်။

* * * * *

ဘာပဲလုပ်လုပ်စည်းမျဉ်းနှင့်ညီစေလို

ဤကဲ့သို့ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ၁၉၉၅ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် စတင်ဖွဲ့စည်းပြီးသည်နှင့် တပြိုင်တည်းပင် ဖြန့်ဝေခဲ့ပြီးသည့် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်းတွင် မပါရှိသေးသော ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ၊ ပြည်နယ်/တိုင်း ကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်များကို ဗဟိုနှင့် မြို့နယ်အဆင့်အကြား လစ်ဟာမှုမရှိရလေအောင် ဖြည့်စွက်ပြဋ္ဌာန်းနိုင်ရန် ဆွေးနွေးဆုံးဖြတ်နိုင်ခဲ့ကြပေသည်။ ထိုဆုံးဖြတ်ချက်နှင့်အညီ "ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်း (ပြင်ဆင်ဖြည့်စွက်ချက်) ကို ပြုစု၍ ၁၃၅၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက် (၁၄-၆-၁၉၉၅) နေ့တွင် ကျင်းပသော စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ၁၅ ပါးစုံညီ ပထမအကြိမ် ဒွါဒသမအစည်းအဝေးမှတဆင့် ၁၃၅၇ ခုနှစ်၊ ဝါဆိုလဆန်း ၇-၈ ရက် (၃-၄၊ ၇၊ ၁၉၉၅) နေ့များတွင် ကျင်းပသော စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေးသို့ တင်ပြ

လျှောက်ထားခဲ့ရာ အစည်းအဝေးက ပြင်ဆင်ချက်ဖြင့် အတည်ပြု ပြဋ္ဌာန်းပေးတော်မူခဲ့ကြသည်။ ၁၄-၆-၁၉၉၅ နေ့တွင်ပြုလုပ်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ၁၅ ပါးစုံညီ အစည်းအဝေးအပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ မကျင်းပမီတွင် နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ (မြင်းခြံကိုးဆောင်တိုက်ဆရာတော်ကြီး) ဘဒ္ဒန္တသောဘိတသည် ၂၀-၆-၁၉၉၅ နေ့တွင် ဘုန်းတော်ကြီးကျောင်းပညာရေးနှင့် ပတ်သက်၍ လမ်းကြောင်းလွဲမှားမသွားစေရန်အတွက် တာဝန်ရှိသူများကို ခေါ်ယူမိန့်ကြားရာ၌ "ဘုန်းတော်ကြီးကျောင်းပညာရေးဆိုရာမှာ အမျိုးဘာသာ၊ သာသနာအတွက် ဘုန်းတော်ကြီးကျောင်းပညာရေး၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုဆုံးမစာတွေကို ဦးစားပေးပြီး သင်ရမယ်။ အတန်းပညာကို ဦးစားမပေးပါနဲ့၊ ဘုန်းတော်ကြီးသင်ကျောင်းကထွက်လာတဲ့ ကလေးများဟာ ဘာသာရေးရာမှာ လိမ္မာကျွမ်းကျင်သူတွေ ဖြစ်စေလိုတယ်" ဟု ဩဝါဒစကား မိန့်ကြားတော်မူခဲ့ပေသေးသည်။

ထို့အပြင် (၄-၇-၁၉၉၅)နေ့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီအစည်း အဝေးအပြီး နောက်နေ့

ဖြစ်သော (၅-၇-၁၉၉၅) နေ့တွင် ဝိဇယမင်္ဂလာဓမ္မသဘင်၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီးတို့သည် "ဘုန်းတော်ကြီးကျောင်းပညာရေးကိစ္စ" ကို သီးသန့်ဆွေးနွေး ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြပေသေးသည်။ ထိုဆွေးနွေးပွဲတွင် အဓိကအားဖြင့် အောက်ပါကိစ္စရပ်များကို လျှောက်ထားတင်ပြခဲ့ကြသည်-

(က) စာသင်ကျောင်းများတွင် နွေရာသီအတွင်း ဗုဒ္ဓဘာသာတရားတော် (အခြေခံအဆင့်)ကို သင်ကြားပေးရေးကိစ္စ။

(ခ) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ စာချဆရာတော်များကို ဆရာဖြစ် ရက်တိုမွမ်းမံသင်တန်းပေးရေးကိစ္စ။

(ဂ) စဉ်ဆက်မပြတ် အကဲဖြတ်၍ အတန်းတင်စနစ် CAPS (Continuous Assessment Progressive System) ဟူသော ပညာရေးဝန်ကြီးဌာန၏ ပညာသင်ကြားပုံစနစ်နှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏

သင်ကြားပုံစနစ်တို့ လိုက်လျောညီထွေ ဖြစ်ရေး ကိစ္စ။

(ဃ) တွဲဘက်မူလတန်းကျောင်း၊ တွဲဘက်အလယ်တန်းကျောင်းများထားရှိခြင်းမှာ ကျောင်းသားမိဘ၊ ကျေးရွာလူထုအတွက် ဆရာငှားရမ်း နေကြရသဖြင့် ဝန်ထုပ်ဝန်ပိုး ဖြစ်နေခြင်းကိစ္စ။

(င) "အလယ်တန်းပြဆရာ" ဆိုသည်မှာ ပညာရေးဝန်ကြီးဌာနက စနစ်တကျ ဖြင့် ဆရာဖြစ်သင်တန်းတက်ရောက်စေပြီး အောင်မြင်သူများသာ သင်ကြားခွင့်ရရှိခြင်းနှင့် ဆရာဖြစ် သင်တန်းဆင်းမဟုတ်သူများ အလယ်တန်းသင်ကြားခွင့်မရှိခြင်း ကိစ္စ။

(စ) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ အလယ်တန်းပညာ သင်ကြားခွင့်မရသေးသည့်တိုင် အရည်အချင်းမီသူ လူငယ်များ စာမေးပွဲဝင်ရောက်ဖြေဆိုခွင့် ရရှိရေးကိစ္စ။

(ဆ) ကျောင်းသားအင်အားများသော ဘုန်းတော်ကြီး

သင်ပညာရေးကျောင်းများကို လူမှုဝန်ထမ်း ပရဟိတကျောင်းအဖြစ် ထောက်ပံ့နိုင်ရေးကိစ္စ။

(ဇ) ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်ခန်းစာများကို ကျောင်းများ၌ များများထည့် သွင်းသင်ကြားရေး ကိစ္စတို့ ပါဝင်ပေသည်။

ထိုသို့သော အခြေအနေအရပ်ရပ်ကြောင့် ပြည်တွင်း သာသနာပြုဌာနခွဲတွင် လက်ရှိအင်အားဖြင့် မလုံမလောက် ဖြစ်လာသောအခါ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လအတွင်း၌ပင် ပြည်တွင်းသာသနာပြုဌာနခွဲ၏ ဖွဲ့စည်းပုံအင်အားကို မူလ ၈၄ ယောက်မှ ၁၀၆ ယောက်ထိ တိုးချဲ့ဖွဲ့စည်းရန် အဆိုပြု ဆောင်ရွက်ကြရတော့သည်။ ထိုကာလအတွင်းဝယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ စာရင်းတိကျ မှန်ကန်စွာ ပြုစုနိုင်ရေးအတွက် တိုင်း/ပြည်နယ် သံဃ နာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့တို့ကလည်း ဝိုင်းဝန်းကူညီ ကြသည်။ တစ်ချိန်တည်းမှာပင် ပြည်နယ်တိုင်း အားလုံးသို့ အောက်ပါအတိုင်း ဖြန့်ခွဲ၍ သုံးလလျှင်တစ်ကြိမ်၊ တစ်နှစ်တာကာလအတွင်း အနည်းဆုံးလေးကြိမ် သွား ရောက်စစ်ဆေးကြည့်ရှုကာ လိုအပ်ချက်များ ညှိနှိုင်းဖြည့် ဆည်းပေးခဲ့ကြသည်-

(က) ဝန်ကြီးဦးစီးသောအဖွဲ့သည် ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်း။

(ခ) ဒုတိယဝန်ကြီးဦးစီးသောအဖွဲ့သည် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်။

(ဂ) သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစီးသောအဖွဲ့သည် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ကရင်ပြည်နယ်။

(ဃ) သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစီးသောအဖွဲ့သည် မကွေးတိုင်း၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့သို့ အသီးသီး သွားရောက်ကြကာ လုပ်ငန်းဆိုင်ရာကိစ္စများ ဖြေရှင်းပေးခြင်းနှင့် မူဝါဒများကို အောက်ခြေအထိ ရှင်းလင်းပြခြင်းများ ဆောင်ရွက်ပေးခဲ့ကြလေသည်။

ထိုစဉ်က ဘုရားဖူးများ မြောက်များစွာ လာရောက်ဖူးမြော် ကြည်ညိုကြသော ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင် စသော စေတီတော်များ၌ "ဘုန်းတော်ကြီးကျောင်းပညာရေး ရံပုံငွေ

အလှူခံပုံးများ" ထားရှိ၍ ဂေါပကအဖွဲ့များက တာဝန်ယူစောင့်ရှောက်အလှူခံပြီး သာသနာရေးဝန်ကြီးဌာနသို့ အခါအားလျော်စွာ အပ်နှံပေးပါရန် မေတ္တာရပ်ခံခဲ့ခြင်းဖြင့် လူအများသို့ ထောက်ပံ့လှူဒါန်းနိုင်ရန် စည်းရုံးခဲ့ကြသေးသည်။ ထို့အပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ရောက်ရှိတိုင်းလည်း "တစ်ဇွန်းဆန်၊ တစ်ဆုပ်ဆန်" နိစ္စဒူဝ ကုသိုလ်ရမည့်အလှူဒါနကို အသေးစိတ် ဆွေးနွေးဟောပြောခဲ့ကြသည်။

၂၇-၇-၁၉၉၅ နေ့တွင် တိုင်းနှင့် ပြည်နယ်အသီးသီးရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို မိမိတို့ တိုင်းနှင့် ပြည်နယ်အလိုက် ပံ့ပိုးစောင့်ရှောက်ခြင်း၊ မြို့နယ်များသို့ ကြီးကြပ်လမ်းညွှန်ခြင်းများ ပြုလုပ်ပေးနိုင်ရန်အတွက် "ဘုန်းတော်ကြီးကျောင်းပညာရေးကိစ္စ သိကောင်းစရာများ" ကို ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူးများ၊ ပြည်နယ်/တိုင်း သာသနာရေးမှူးများ တို့အား ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်သို့

ဖိတ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် ဝန်ကြီးတို့က ဩဝါဒပေး ရှင်းလင်းဆွေးနွေးကြရာ အောက်ပါကိစ္စရပ်များကို အလေးအနက်ထား မှာကြားခဲ့ကြလေသည်။

(က) ဘုန်းတော်ကြီးကျောင်းပညာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ပညာသင်ကြားပေးနေသော ဆရာတော်များ၊ ဆရာများကို အခြေခံပညာဦးစီးဌာန၏ ကူညီမှုဖြင့် မွမ်းမံသင်တန်းများ ပေးကြရန်။

(ခ) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို စာသင်ကျောင်းသား အရေအတွက်အလိုက် ပရဟိတကျောင်းအဖြစ် ပေါင်းစပ်ကာ လူမှုဝန်ထမ်းဦးစီးဌာန၏ ပံ့ပိုးမှုရရှိရေး ညှိနှိုင်းဆောင်ရွက်ကြရန်။

(ဂ) ပြည်နယ်နှင့်တိုင်းအသီးသီးရှိ "ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း" များတွင် မွမ်းမံသင်တန်းများ အဆက်မပြတ် ဖွင့်လှစ်ပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ

ဆရာတော်များ အရည်အသွေး ကောင်းမွန်သည်ထက် ကောင်းမွန်အောင် ဆောင်ရွက်ပေးကြရန်တို့ ပါဝင်ပေသည်။

* * * * *

**အစာလည်းစား၊ လေးသံလည်းနားထောင်**

သာသနာရေးဝန်ကြီးဌာနအနေဖြင့် ၂၇-၇-၁၉၉၅ နေ့တွင် ပြည်နယ်/တိုင်း အသီးသီးမှ တာဝန်ရှိ ကိုယ်စားလှယ်များကို ခေါ်ယူစုစည်း၍ နိုင်ငံတော်သံဃမဟာ နာယကဆရာတော်များနှင့် ဝန်ကြီးတို့က လမ်းညွှန်ဩဝါဒ ပေးခြင်းဖြင့် လူပုဂ္ဂိုလ်ပိုင်းက လုပ်ဆောင်ရမည့် လုပ်ငန်းများကို သိနိုင်ကြပြီ ဖြစ်ပါသည်။ သို့ရာတွင် သံဃာတော် များအနေဖြင့် မရှင်းမလင်းသည်များ ရှိနိုင်သေးသည်ဟု သုံးသပ်တော်မူသော နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ဆရာတော်ကြီးက ဘုန်းတော်ကြီးကျောင်းပညာရေးကဏ္ဍသာမက သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ အဖွဲ့ အစည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုပါ တစ်ပါတည်း ရှင်းလင်းဩဝါဒပေးနိုင်စေရန် "နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့နှင့် ပြည်နယ်/တိုင်း ဂိုဏ်းပေါင်းစုံ

သံဃနာယကအဖွဲ့များ လုပ်ငန်းလမ်းညွှန်ရှင်းလင်း ညှိနှိုင်းပွဲ အခမ်းအနား" တစ်ရပ် ကျင်းပရန် ဩဝါဒပေးမိန့်ကြားတော်မူလေသည်။ ထိုညှိနှိုင်းရှင်းလင်းပွဲကို ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၂၅-၂၆ ရက်တို့၌ ကျင်းပရန်နှင့် ထိုရှင်းလင်းပွဲအမီ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်းကို ပြင်ဆင်ချက်များဖြင့် အချိန်မီရိုက်နှိပ်ပြီးဖြစ်ရန်လည်း စီစဉ်ကြလေသည်။ ထို့အပြင် ဥက္ကဋ္ဌဆရာတော်ကြီးက ဝါတွင်းကာလတွင် ရန်ကုန်တိုင်းအတွင်း ဆရာတော်ကြီးကိုယ်တိုင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ကြွရောက်စစ်ဆေး ကြည့်ရှုမည်ဖြစ်ကြောင်း၊ ဝါပကာလတွင် ပြည်နယ်/တိုင်းများသို့ ကြွရောက်မည်ဖြစ်ကြောင်းနှင့် ဗုဒ္ဓဘာသာတရားတော်(အခြေခံအဆင့်)စာအုပ်ကို ဘုန်းတော်ကြီးကျောင်းတိုင်း ကျောင်းတိုင်းသို့ လှူဒါန်းလိုပါကြောင်း ၁၃-၈-၁၉၉၅ တွင် တာဝန်ရှိသူများအား ခေါ်ယူမိန့်ကြားတော်မူခဲ့လေသည်။ ဤကာလအတွင်း အချို့သောနိုင်ငံရေးပါတီတို့က ရဟန်းတော်များအတွင်း စိမ့်ဝင်စည်းရုံးလျက် သွေးထိုးလှုံ့ဆော်မှုများရှိနေပေရာ မိမိတို့ ရဟန်းတော်များအနေဖြင့် နိုင်ငံရေးပါတီအဖွဲ့အစည်းတို့၏

အသုံးချမှုကို မခံကြရစေရေးအတွက် ဘုန်းတော်ကြီး ကျောင်းများသို့ သွားရောက်လျှောက်ထားလျက် ဆရာနှင့် ဒါယကာ စည်းလုံးမှုအားကို တည်ဆောက်ခဲ့ကြရသည်။ အချို့သော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် မိမိတို့ဆန္ဒဖြင့် အလယ်တန်းပညာသင်နေခြင်းကို အားရ တင်းတိမ်နိုင်ခြင်းမရှိ။ ဘုန်းတော်ကြီးသင်ပညာရေး အလယ် တန်းကျောင်းများအဖြစ် ဖွင့်လှစ်လိုသောဆန္ဒ ပြင်းပြနေလေ ရာ ပညာရေးဝန်ကြီးဌာနနှင့် အကြိမ်ကြိမ် ညှိနှိုင်းနေကြ ရသော အချိန်ဖြစ်ပေသည်။ အခက်အခဲကို သိရှိတော်မူသော ဉက္ကဋ္ဌဆရာတော်ကြီးက "အလယ်တန်းကျောင်းဖွင့်လျှင် ကျွန်ုပ်တို့ဘုန်းကြီးတွေ သင်ပေးနိုင်ရန် လွယ်ကူမည်မဟုတ် ကြောင်း၊ သင်နိုင်မည့် ဆရာ၊ ဆရာမ ငှားရလျှင်လည်း ငွေကြေးထောက်ပံ့မှုကိစ္စ ပါလာမည်ဖြစ်ကြောင်း၊ ဆရာမ လေးတွေ ကျောင်းမှာရောက်လာမှာဖြစ်သလို အချို့အရွယ် ရောက်စ မိန်းကလေးတွေလည်း ဘုန်းတော်ကြီးသင်ကျောင်း များ၌ ဆက်လက်စာသင်နေကြရလိမ့်မည်ဖြစ်ကြောင်း၊ ဒါကြောင့် အလယ်တန်းကိစ္စ အဆောတလျင် မလုပ်သင့် ကြောင်း၊ ပညာရေးကော်မတီ၏ ဆုံးဖြတ်ချက် အမိန့်တစ်စုံ

တစ်ရာမရသေးလျှင် ဆိုင်းငံ့ထားကြရန်သင့်ကြောင်း၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွေမှာလည်း မိမိတို့တိုင်းနှင့်ပြည်နယ်အလိုက် မွမ်းမံသင်တန်းတွေပေးပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေကို အထောက်အကူပေးဖို့လိုကြောင်းနှင့် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ၌လည်း နာယကအဖွဲ့ကို အခြေအနေနှင့်ကိုက်ညီအောင် ပြင်ဆင်ဖွဲ့စည်းသင့်က ဖွဲ့စည်းသွားကြရန်လိုကြောင်း၊ ဗုဒ္ဓဘာသာတရားတော်(အခြေခံအဆင့်)ကို ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပြင် မြို့နယ်များမှာ သင်ကြားပေးလျှင် သင့်တော်မည်ဖြစ်ကြောင်း" ၂၅-၈-၁၉၉၅ နေ့တွင် ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပ သောနိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် ပြည်နယ်/တိုင်းဂိုဏ်းပေါင်းစုံသံဃနာယကအဖွဲ့များ လုပ်ငန်းလမ်းညွှန်ရှင်းလင်းပွဲ အဖွင့်ဩဝါဒ ပေးတော်မူခဲ့လေသည်။

ဩဂုတ်လ ၂၅ ရက်နေ့တွင် တိုင်းနှင့် ပြည်နယ်အသီးသီးမှ သံဃနာယကဆရာတော်များက အသီးသီးတင်ပြဆွေးနွေး လျှောက်ထားချက်များအပေါ် ဩဂုတ်လ ၂၆ ရက်နေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး

များက အသေးစိတ် ရှင်းလင်းလမ်းညွှန်မှု ပေးတော်မူကြသည်။ တိုင်းနှင့်ပြည်နယ် သံဃနာယက ဆရာတော်များက ဘုန်းတော်ကြီးကျောင်းပညာရေးနှင့် ပတ်သက်၍ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း လမ်းညွှန်မှု ပြုကြရာတွင်-

(က) အချို့မြို့နယ်ပညာရေးမှူးများက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို အသိအမှတ်မပြုကြခြင်းမှာ စတုတ္ထတန်းအထိ သင်ကြားသော မူလတန်းအဆင့်သာမဟုတ်ဘဲ အလယ်တန်းအဆင့်ကိုသင်နေသော ကျောင်းများဖြစ်နိုင်ပါကြောင်း၊ မြို့နယ်ပညာရေးမှူးများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ပြေလည်မည်ဖြစ်ကြောင်း၊ သံဃာတော်များဘက်ကလည်း ဆန္ဒမစောကြရန်လိုပါကြောင်း၊

(ခ) ကျောင်းထွက်လက်မှတ်၊ ကျောင်းပြောင်းလက်မှတ်များကို အသိအမှတ်ပြုရေးကိစ္စတွင်လည်း မြို့နယ်ပညာရေးမှူး၏ ထောက်ခံချက်သည် အဓိကမဟုတ်သော်လည်း ဘုန်းတော်ကြီးကျောင်းပညာရေး မြို့နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ ထောက်ခံချက်ဖြင့် လုံလောက်ပါကြောင်း၊

(ဂ) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကိစ္စမှာ အဆော တလျင်ဆောင်ရွက်ရန် မသင့်ကြောင်း၊ နိုင်ငံတော် ပညာရေးကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ဖွင့်ရန် မဖြစ် နိုင်ပါကြောင်း၊ ယခုသင်လက်စ ပညာသင်နှစ် အတွက်မူ ပြီးဆုံးတိုင် သင်ကြားပေးနိုင်ကြောင်း၊ ထပ်မံ၍ အသစ်တိုးချဲ့မဖွင့်သင့်ပါကြောင်း၊

(ဃ) အစိုးရအလယ်တန်းကျောင်း၊ မူလတန်းကျောင်းများ မိမိတို့ရပ်ကွက်အတွင်း ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း အနေဖြင့် မူလတန်းအဆင့် ပညာသင်ကြားပေးခွင့် ရှိပါကြောင်း၊

(င) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း များ၌ အလယ် တန်းအဆင့် ပညာရပ်များကို ဆရာ၊ ဆရာမများငှား၍ ကျူရှင် (Tution)ဝိုင်းအသွင် ငွေကြေးကိစ္စနှင့် ဆက်နွယ်လျက် ကျောင်းပညာရေး ရပ်ပုံငွေအလို့ငှာ သင်ကြားရန်မသင့်ပါကြောင်း၊ ဤကိစ္စကို မြို့နယ် ကြီးကြပ်ရေးအဖွဲ့များအနေဖြင့် အသေးစိတ် အောက်ခြေထိဆင်းကာ ကြီးကြပ်ပေးရန် လိုအပ် ပါကြောင်း၊

(စ) ကြီးကြပ်ရေးအဖွဲ့အဆင့်ဆင့်သည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် မကင်းမကွာ ထိတွေ့နေကြရန် လိုပါကြောင်းတို့ ပါဝင်လေသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မြင်းခြံ ကိုးဆောင်တိုက်ဆရာတော် ဘဒ္ဒန္တသောဘိတမထေရ်ကြီး၏ လမ်းညွှန်ဩဝါဒစကားများသည် ထိုနေ့ထိုအခါ ထိုသမယ တွင် ဘုန်းတော်ကြီးကျောင်းပညာရေး တိုးတက်အောင်မြင် ရေးအတွက် မဖြစ်မနေဆောင်ရွက်ဖွယ်ကိစ္စအဝဝ ဖြစ်သည် သာမက နောင်ဘုန်းတော်ကြီးကျောင်းပညာရေးလုပ်ငန်း အစွန့်ရှည်စွာ ဖြစ်ထွန်းနေပြီး အမျိုးဘာသာ သာသနာနှင့် မြန်မာ့ယဉ်ကျေးမှု တိမ်ကောပျောက်ပျက်မသွားစေရန် ဆက်လက် ဆောင်ရွက်နေကြရမည့် လုပ်ငန်းလမ်းညွှန် ချက်များပင်ဖြစ်သည်။ တစ်ခါတစ်ရံတွင် ဆန္ဒစော၍ အချိန်မကျသေးမိ ရှေးဦးကျွန်မိသော် လိုရာပန်းတိုင် မရောက်မိ ပျက်စီးသွားနိုင်ပေရာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း များတွင် မူလရည်ရွယ်ချက်ဖြစ်သော မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို သိရှိနားလည်ကြ၍ မြတ်နိုးစွာ လိုက်နာခံယူ တတ်ကြစေရန်အတွက် သင်ကြားပေးရမည့်အစား၊

အတန်းပညာကိုသာ ဦးစားပေး၊ ဗုဒ္ဓအဆုံးအမနှင့် ဝေးသွားခြင်းဖြင့် အမျိုးဘာသာ သာသနာကို စောင့်ရှောက်နိုင်မည့်ပုဂ္ဂိုလ်များ တဖြည်းဖြည်း လျော့နည်း သွားနိုင်သည်ကိုမူ သတိမူကြရမည် ဖြစ်ပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌနှင့် ဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဘုန်းတော်ကြီးကျောင်းပညာရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေစဉ်မှာပင် အခြားဘာသာဝင်အချို့ကလည်း ယင်းတို့၏ ဘုရားကျောင်းများတွင် မိမိတို့ကျောင်းများနည်းတူ စာပေသင်ကြားခွင့်ရရှိရေး ကြိုးပမ်းလာကြပြန်သည်။ ဥပမာအားဖြင့် ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့၊ နံနက် ၀၉း၃၀ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မြင်းခြံကိုးဆောင်တိုက် ဆရာတော်ကြီး ဘဒ္ဒန္တသောဘိတနှင့် အဖွဲ့ဝင်များကို အီတလီနိုင်ငံ၊ ဘာတီကင်စီးတီးမှ ဒုတိယ သာသနာပိုင်က "မြန်မာနိုင်ငံတွင် ဘုန်းတော်ကြီးကျောင်းပညာရေးမှာ တိုးတက်အောင်မြင်လျက်ရှိသဖြင့် များစွာဝမ်းမြောက် ပါကြောင်း၊ ဗုဒ္ဓဘာသာဝင် ကလေးသူငယ်များစွာ စာပေ တတ်မြောက်

လာကြလိမ့်မည် ဖြစ်ပါကြောင်း၊ ထို့နည်းတူစွာ မြန်မာနိုင်ငံရှိ ကက်သလစ်ကျောင်းများ၌လည်း မြန်မာ ဘုန်းကြီးကျောင်းများ နည်းတူ ပညာသင်ကြားခွင့်ပေးပါရန်နှင့် အားပေးမြှောက်စားမှု ပြုစေလိုပါကြောင်း" ဖြင့် လျှောက်တင်ခဲ့ပါသည်။ ထိုအခါ "မိမိတို့အနေဖြင့် ကက်သလစ်ဘာသာဆိုင်ရာ ကမ္ဘာ့ အစည်းအဝေးများသို့ မြန်မာနိုင်ငံမှ ကက်သလစ်ဘုန်းကြီးများ တက်ရောက်နိုင် အောင် ဆောင်ရွက်ပေးနေပါကြောင်း၊ မြန်မာ ပြည်တွင်း၌လည်း လိုအပ်ချက်များကို ညီရင်းအစ်ကိုပမာ ညှိနှိုင်းဆောင်ရွက် အားပေးလျက်ရှိပါကြောင်း၊ အစီရင်ခံ စာများ၊ ကျမ်းစာများကိုလည်း နမူနာရယူစိစစ်ပြီးသည်နှင့် ကြိုက်သလောက် တင်သွင်းပေးပို့နိုင်အောင် စီစဉ်ပေးလျက် ရှိပါကြောင်း၊ ဘုန်းတော်ကြီးကျောင်းပညာရေးကိစ္စသည် နိုင်ငံတော်၏ ပညာရေးမူဝါဒအလျောက် ပေါ်ပေါက် လာခြင်းမဟုတ်၊ ရှေးမြန်မာမင်းများလက်ထက် အနော်ရထာ မင်းလက်ထက်တော်ကာလကပင် စတင်ခဲ့သော မြန်မာ့ ရိုးရာယဉ်ကျေးမှုအမွေ အနှစ် ဓလေ့ထုံးစံနှင့်အညီ လုပ်ကိုင် ဆောင်ရွက်မှုသာဖြစ်ပါကြောင်း၊ မြန်မာ့ဓလေ့၊ မြန်မာ့ ယဉ်ကျေးမှု မတိမ်ကော မပျောက်ပျက်ရန်အတွက် ဘုန်းတော်ကြီးကျောင်းပညာရေးကို ဆက်လက် အကောင်

အထည်ဖော်ပေးနေခြင်းသာဖြစ်ကြောင်း၊ နိုင်ငံတကာပညာရေးနှင့်ပတ်သက်၍ ဆက်နွယ်သင်ကြားမှုများမှာ ပညာရေးဝန်ကြီးဌာနက နိုင်ငံတော်ပညာရေးမူဝါဒများနှင့်အညီ ဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့များ မပျက်မယွင်း မပျောက်မပျက်စေရန် ဆောင်ရွက်နေသည့် ဘုန်းတော်ကြီးကျောင်းပညာရေးကဲ့သို့ ကက်သလစ်ကျောင်းများမှ စာပေသင်ကြားပေးရေးကိစ္စသည် ရည်ရွယ်ချက်ခြင်းမတူ၊ မဖြစ်နိုင်ပါကြောင်း” ပြန်လည် ရှင်းလင်းမိန့်ကြားခဲ့ရလေသည်။

ဆရာတော်ကြီး၏ ပြန်လည်ရှင်းလင်း မိန့်ကြားချက်သည် ဘာတီကင်စီးတီးမှ ဒုတိယ သာသနာပိုင်အနေဖြင့် ကျေနပ်သွားသည် သို့မဟုတ် မကျေနပ်သွားသည်ကိုမူ သတိမပြုနိုင်ပေ။ သို့ရာတွင် ဆရာတော်ကြီး အကြိမ်ကြိမ် သတိပေးခဲ့သော “သံဃာတွေ လောကဝတ်ပျက်ရင် ပျက်ပါစေ၊ ဓမ္မဝတ်ကိုတော့ ဘယ်တော့မျှ မပျက်စေနှင့်၊ ဘုန်းတော်ကြီးသင်ကျောင်းက ဆရာတော်တွေ ဓမ္မဝတ်ထက် လောကဝတ်ကို ရှေ့တန်းတင်မလာဖို့လိုတယ်” ဟူသော စကားကိုသာ ကြားယောင်နေပါတော့သည်။

* * * * *

## ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်း သုံးသပ်ပြင်ဆင်ဖြည့်စွက်ခြင်း(၂)

မူလပထမ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု စည်းမျဉ်းအရ လုပ်ငန်းများ အကောင်အထည်ဖော်ကြ ရာတွင် အခက်အခဲများ၊ မတင်မကျဖြစ်နေသောကိစ္စများ စသည်ဖြင့် နဖူးတွေ့ ဒူးတွေ့ကြုံကြရသည့် အခြေအနေ ကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မြင်းခြံ ကိုးဆောင်တိုက်ဆရာတော်ကြီးကိုယ်တိုင် ဦးစီးလျက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးအမှူးရှိသော တာဝန်ရှိ

ဒါယကာ ဒါယိကာမများ ပါဝင်သည့် ဗဟိုအဆင့် အစည်း အဝေးကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန စည်းဝေးခန်းမ၌ ၁၉၉၅ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ကျင်းပ နိုင်ခဲ့ကြသည်။ ထိုပထမအကြိမ် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေး က ချမှတ်လိုက်သော မဟာဗျူဟာရည်မှန်းချက်မှာ မြန်မာ နိုင်ငံတွင် ဗုဒ္ဓသာသနာထွန်းကားနေသမျှ ကာလပတ်လုံး ဘုန်းတော်ကြီးကျောင်းပညာရေးသည်လည်း ပျက်ပြယ် သွားခြင်းမရှိ ဆက်လက်ရှင်သန်နေစေရမည်ဖြစ်ပါသည်။ ထိုသို့ သာသနာတည်သမျှကာလပတ်လုံး ဘုန်းတော်ကြီး ကျောင်းပညာရေး ရှင်သန်နေစေရန်အတွက် အခြေခံထားရှိ ရမည့် မူဝါဒနှစ်ရပ်ကို သုံးသပ်ဖော်ထုတ်ကြည့်မည်ဆိုပါလျှင်-

(၁) အတန်းပညာကိုသာ ဦးစားမပေးဘဲ ဗုဒ္ဓဘာသာ သင်ခန်းစာများကို အလေးအနက်ထားသင်ကြားကာ အခြေခံ ပညာမူလတန်းနှင့် ဗုဒ္ဓဘာသာအခြေခံသော ယဉ်ကျေးမှုများ ဟန်ချက်ညီတတ်မြောက်ကြရန်နှင့်

(၂) သံဃာတော်များ ဦးဆောင် အကောင်အထည်ဖော် ရာတွင် လောကဝတ် ကျေပွန်မှုကို ရှေ့တန်းတင်

အကောင်အထည်ဖော်ခြင်းထက် ဓမ္မဝတ်မပျက် ယဉ်ကျေးမှုအမွေအနှစ်များကို ကလေးသူငယ် များမှအစ လူကြီးလူရွယ်များထိ ရရှိခံစား လိုက်နာ နိုင်ကြရန်

ဖြစ်သည်ဟု ဆိုရပါမည်။

အထက်က ဖော်ပြခဲ့ပြီးသော ပထမအကြိမ် ဘုန်းတော်ကြီးကျောင်းပညာသင်ကြား မှုဗဟိုကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးက ဆုံးဖြတ်လိုက်သည့် လတ်တလော ဆောင်ရွက်ရမည့်ကိစ္စ ၂-ရပ်မှာ ဘုန်းတော်ကြီးကျောင်းပညာသင် ကြားမှု ပြည်နယ်/တိုင်း ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းပေးနိုင်ရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ လျှောက်တင်ရန်နှင့် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်းကို ပြည်နယ်/တိုင်းများသို့ သွားရောက်ရှင်းလင်းရေးအတွက် စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ရန်တို့ ဖြစ်ရာ ချက်ခြင်းပင် တိုင်းနှင့်ပြည်နယ်အလိုက် တာဝန်များ ခွဲဝေလျက် ကွင်းဆင်း ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည့်အခါ တွေ့ကြုံလာရသော အောက်ခြေတွင် ဖြစ်ပေါ်နေသည့် အခက်အခဲများကို ညှိနှိုင်း

ဖြေရှင်းခဲ့ကြသကဲ့သို့ ပြုပြင်သုံးသပ်ရမည့် ကိစ္စရပ်များလည်း ဒုနှင့်ဒေး မြင်တွေ့ရလေတော့သည်။ ၁၉၉၅ ခုနှစ်အတွင်း အနယ်နယ်အရပ်ရပ်မှ ရရှိသော အစီရင်ခံစာများနှင့် လက်တွေ့လေ့လာသိမြင်ကြသည်တို့ကို အခြေခံ၍ ပြန်လည်သုံးသပ် ဆုံးဖြတ်နိုင်ကြစေရန်အတွက် ဒုတိယအကြိမ် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့အစည်းအဝေးကို ၁၉၉၅ ခုနှစ် မကုန်မီ၌ပင် ကျင်းပရန် စီစဉ်ကြရသည်။ ဆွေးနွေးညှိနှိုင်းရာ၌ ပေါင်းစပ်ပါဝင် ကြရမည့် ဝန်ကြီးဌာနများမှ အဖွဲ့ဝင်ပုဂ္ဂိုလ်များလည်း တက်ရောက်နိုင်ရန် စီစဉ်ကြသည်။

**အမျိုးသားနေ့မမေ့အပ်**

လက်တွေ့ ကွင်းဆင်းဆောင်ရွက်ကြရာ၌ တွေ့ရှိရသော အခြေအနေနှင့် အခက်အခဲများကို ပြန်လည်ဆွေးနွေး သုံးသပ်ပြုပြင်နိုင်ရန်အလို့ငှာ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့ အစည်းအဝေး (ဒုတိယအကြိမ်)ကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့ တွင် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန အစည်း

အဝေးခန်းမ၌ ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မြင်းခြံဆရာတော်ကြီးက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအနေဖြင့် လက်ရှိ ဖွင့်လှစ်ပြီးကျောင်းများ တည်မြဲအောင် ကြိုးစားဆောင်ရွက်ကြရန်နှင့် ပညာရေးဝန်ကြီးဌာနက တာဝန်ယူကျင်းပသည့် စာမေးပွဲများတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသားငယ်များ ဝင်ရောက်ဖြေဆိုရာတွင် အခက်အခဲမရှိ ရှင်းလင်းလွယ်ကူအောင် ဆောင်ရွက်ပေးသွားကြရန် ဩဝါဒပေးတော်မူခဲ့သည်။ ဝန်ကြီးအနေဖြင့်လည်း အမျိုးသားပညာရေးအတွက် အလေးထားဆောင်ရွက်ကာ ကလေးသူငယ်တိုင်း လိမ္မာယဉ်ကျေးအောင် သင်ကြားပေးနေကြသည်ကို တွေ့လိုပါကြောင်း၊ အမျိုးသားကျောင်းများနှင့် အမျိုးသားနေ့ဆိုသည်မှာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် သန္ဓေတည်ခဲ့ခြင်းဖြစ်ကြောင်း အကျယ်တဝင့် လျှောက်တင်သွားခဲ့သည်။

ထိုဒုတိယအကြိမ် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့အစည်းအဝေး၌ အထူး

အလေးအနက်ထား ဆွေးနွေးခဲ့ကြသည်မှာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် အဌမတန်းအထိ ပညာသင်ကြားပေးရန် သင့်မသင့် ကိစ္စရပ်ပင် ဖြစ်သည်။ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဌ၊ မိတ္ထီလာဆရာတော်က စတုတ္ထတန်းအရွယ်ကလေးသူငယ်များမှာ ဗုဒ္ဓဘာသာသာသနာ၏ အကျိုးများပုံကိုသိရန် အရွယ်အားဖြင့် ငယ်ပါသေးကြောင်း၊ အခြေခံမျိုးစေ့မျှသာ ရရှိသွားနိုင်ကြောင်း၊ အလယ်တန်းအဆင့်ရောက်ရှိမှသာ အရွယ်နှင့် အသိဉာဏ်ဖွံ့ဖြိုးလာသည့်အားလျော်စွာ ဗုဒ္ဓသာသနာ၏ အကျိုးများပုံကို သိနိုင်မည်ဖြစ်၍ အလယ်တန်းကျောင်းသားများကို လက်ခံသင်ကြားပေးရန် စဉ်းစားသင့်ပါကြောင်း မိန့်ကြားခဲ့သည်။ အလားတူပင် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ကလေးဝတောရကျောင်းတိုက် ဒွိပိဋကဓရဘဒ္ဒန္တဇောဂရာဘိဝံသ နာဂလိုဏ်ဂူဆရာတော် (ယခုနိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဘက်အကျိုးတော်ဆောင်)ကလည်း လက်တွေ့ကြုံတွေ့ရသည့် အခြေအနေဖြစ်သော စတုတ္ထတန်းအောင်မြင်ပြီး တိုင်းရင်းသား ကိုရင်ကလေး

များအနေဖြင့် အလယ်တန်းပညာ ဆက်လက်သင်ကြား နိုင်မှသာ သာမဏေဘောင်၌ မြဲနိုင်မည်ဖြစ်ကြောင်း အစိုးရ အခြေခံပညာအလယ်တန်းကျောင်းများသို့ ပို့လွှတ်ရန်ကိစ္စမှာ ငွေကြေးပြဿနာနှင့် လူဝတ်လဲပေးရမည့် ပြဿနာများ ကြောင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအချို့တွင် အလယ်တန်းပညာကို သင်ကြားခွင့်ပြုရန် စဉ်းစားသင့်လှ ပါကြောင်း လျှောက်ထားဆွေးနွေးအကြံပေးခဲ့သည်။ ဗဟို ကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြင်ဦးလွင်ဆရာတော် ဘဒ္ဒန္တ ပညာသီဟကလည်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း များတွင် အလယ်တန်းပြ ဆရာဖြစ်သင်တန်းဆင်းပြီးသူများ ဖြင့် သင်ကြားပေးသင့်ကြောင်း၊ မရနိုင်ပါမှသာ ကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်းများမှ ၂-နှစ်သင်တန်းဆင်းပြီး သံဃာတော်များဖြင့် သင်ကြားပေးသင့်ကြောင်း၊ မူလတန်း ကျောင်းများတွင် စတုတ္ထတန်းဖြေရသကဲ့သို့ အလယ်တန်း ပညာသင်ကျောင်းအုပ်ဆရာတော်နှင့် မြို့နယ်ပညာရေး မှူးများ ညှိနှိုင်းစီစဉ်ပါလျှင် စာမေးပွဲကိစ္စလည်း အဆင်ပြေ နိုင်ပါကြောင်း မိန့်ကြားတော်မူခဲ့သည်။ ထို့အပြင် ဆရာ တော်က ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဆိုင်းဘုတ်

တပ်ဆင်ရာ၌ တပြေးညီဖြစ်စေရန်အတွက် "ဘုန်းတော်ကြီးသင် ပညာရေး မူလတန်းကျောင်း" ဟု ဆိုင်းဘုတ်တွင် ဖော်ပြပါက လိုအပ်ချက်အရ မူလတန်းလွန် ကလေးများ ပညာသင်ကြားရာ၌ အကန့်အသတ်ဖြစ်သွားပြီး သင်ကြားခွင့်ဝယ် အဟန့်အတားဖြစ်စေနိုင်ကြောင်း "ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း" ဟု ဆိုင်းဘုတ်တွင် ဖော်ပြပါကလည်း မြန်မာနိုင်ငံပညာရေးကော်မတီ၊ ပညာရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်တစ်စုံတစ်ရာ မရှိခြင်းကြောင့် မှားယွင်းဖော်ပြသည်ဟု ယူဆနိုင်သည့်အပြင် ရေရှည်တွင် ကန့်သတ်ချက်တစ်ခု ဖြစ်သွားနိုင်ကြောင်း၊ ထို့ကြောင့် သင်ကြားသောအတန်းကို ဦးစားပေးမနေတော့ဘဲ သင်ကြားနေသည့် ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်ကိုသာ ဖော်ပြသည့် "ဘုန်းတော်ကြီးသင် ပညာရေးကျောင်း" ဟုသာ ဆိုင်းဘုတ်တွင် ဖော်ပြခြင်းဖြင့် အတန်းကန့်သတ်ချက်ကို ကျော်လွှားနိုင်ပါကြောင်း ဆွေးနွေးမိန့်ကြားတော်မူခဲ့သည်။

ပညာရေးဝန်ကြီးဌာနမှ ဆရာဦးသန်းမြင့်က ဘုန်းတော်ကြီးများနှင့် လုပ်အားပေးနေသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဆရာများအတွက် ဆရာဖြစ် မွမ်းမံသင်တန်းပေးရေးကိစ္စကို ရေရှည်အကောင်အထည်

ဖော်သွားရန် ဆွေးနွေးလျှောက်ထားခဲ့သည်။ ကုန်သွယ်ရေး ဝန်ကြီးဌာနမှ ဆရာဦးဘညာဏ်ကမူ ပြဌာန်းကျောင်းသုံး စာအုပ်များ၊ ဗလာစာအုပ်များ၊ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများသို့ စရိတ်စက သက်သာစွာဖြင့် ရောက်ရှိကာ ကလေးသူငယ်များ လွယ်လင့်တကူ ပညာသင်ကြားနိုင်ရေး အထောက်အကူပြု ဆွေးနွေးခဲ့လေသည်။ အစည်းအဝေး တွင် ဥက္ကဋ္ဌဆရာတော်က "အတန်းပညာကိုသာ အလေးပေး မနေနှင့်၊ ဗုဒ္ဓဘာသာသင်ခန်းစာကိုလည်း အလေးထားပါ။ အတန်းပညာရော ဗုဒ္ဓစာပေပါ သင်ပေးပါ။ ဘုန်းတော်ကြီး ကျောင်းပညာရေး ခိုင်မြဲအောင်လုပ်ပါ။ အလယ်တန်းအဆင့် သင်ကြားခွင့်ရရှိရေးကိစ္စ ပညာရေးကော်မတီသို့ မေတ္တာရပ်ခံ ရန်အတွက် ပညာရေးဝန်ကြီးဌာနနှင့် သာသနာရေး ဝန်ကြီးဌာန တို့ ညှိနှိုင်းဆောင်ရွက်ပေးရန်" ဩဝါဒပေးတော်မူခဲ့လေသည်။

ဤသို့ အထက်ဌာနကြီးများက နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၏ ဩဝါဒကို တစ်စိုက်မတ်မတ် အကောင် အထည်ဖော် နေစဉ်ကာလအတွင်း အောက်ခြေအချို့ မြို့နယ်တို့၌ မြို့နယ်ကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ် ထည့်သွင်း ဖွဲ့စည်းသည့်အခါ ယင်းတို့၏ အထက်ဌာနက ညွှန်ကြား

ထားခြင်းမရှိ၍ လက်မခံကြသည်ကိုလည်း တွေ့ရသည်။ စင်စစ် မြို့နယ်ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းရေးကိစ္စ ဆွေးနွေးဆုံးဖြတ်ကြစဉ်က ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူအဆင့်ဆင့်တို့ ပါဝင်ဆွေးနွေး အတည်ပြုပြီးခဲ့ကြသည်ကို မြို့နယ်များက မသိခဲ့ကြခြင်းပင်ဖြစ်သည်။ အထက်လူကြီးများ၏ မူဝါဒလိုလားချက်ကို အောက်ခြေက သိရှိလိုက်နာကြရန် လိုအပ်သကဲ့သို့ အောက်ခြေတွင် ဖြစ်ပေါ်နေသည့် အခြေအနေအမှန်တို့ကိုလည်း အထက်လူကြီးများကို အမှန်အတိုင်းသိအောင် တင်ပြကြရမည်ဖြစ်သည်။ သို့မှသာ မှန်ကန်သော သုံးသပ်ချက်ဖြင့် မှန်ကန်သောနည်းလမ်းကို တွေ့နိုင်ပေမည်။ ထို့ကြောင့်ပင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များ၊ ဝန်ကြီးအမှူးရှိသော သာသနာရေးဆိုင်ရာကိစ္စတို့၌ တာဝန်ရှိသူများသည် မြန်မာ့ယဉ်ကျေးမှု မတိမ်ကောမပျောက်ပျက်စေရန် မြန်မာတို့၏ ယဉ်ကျေးမှုကို ဖော်ထုတ်ရှင်သန်စေသည့် ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်ကို အာရုံမပျက်ထား၍ ကွင်းဆင်းလေ့လာ စုပေါင်းသုံးသပ်အဖြေရှာလျက် ရှေ့ခရီးအတွက် ပြင်ဆင်ခဲ့ကြပေသည်။

* * * * *

## သူ့အလုပ်သူလုပ်၊ ကိုယ့်အလုပ်ကိုယ်လုပ်

၁၉၉၆ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ဘုန်းတော်ကြီး ကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့၏ တတိယ အကြိမ် အစည်းအဝေးကို ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းနှင့်ပြည်နယ်အသီးသီးတွင် သီတင်းသုံးနေကြ သော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ ကျောင်းအုပ်ဆရာတော်များ၊ ပြည်နယ်နှင့် တိုင်းအဆင့် ကြီးကြပ်ရေးဆရာတော်များ စုံညီစွာ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မိတ္ထီလာ ဆရာတော်ဘဒ္ဒန္တစန္ဒိမာက ယခင် အစည်းအဝေးများတွင် ပညာရေးဝန်ကြီး တင်လျှောက်ခဲ့သော “လူတိုင်းအတွက် ပညာရေး” ဆိုသည်မှာ အားလုံးနှင့်ပတ်သက် ဆက်စပ် နေခြင်းကြောင့် ခရစ်နှစ် ၂၀၀၀ ပြည့်တွင် လူတိုင်း စာတတ် မြောက်ရေးကိစ္စကို သံဃာတော်ပိုင်းကလည်း ဖြည့်ဆည်း ပေးရန် မိန့်ကြားတော်မူခဲ့သည်။ ထို့ပြင် ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများ၌ အခကြေးငွေယူ၍ စာသင်ခြင်း၊ ကျူရှင်ကျောင်းများကဲ့သို့ ပြင်ပကျောင်းသားများကို စာပြခြင်း၊ ဆရာ, ဆရာမငှား၍ အတန်းစုံ ဘာသာစုံ စာသင်ပေးခြင်း

များ ရှောင်ရှားရန်၊ လိမ္မာယဉ်ကျေးကလေးများ ဖြစ်ထွန်းလာရန်အတွက် ဦးတည်ချက် ပျောက်ပျက်မသွားစေရေး မှာကြားတော်မူလေသည်။ ထိုကာလအတွင်းဝယ် အစိုးရမူလတန်းကျောင်းသားအချို့မှာ ထိုကျောင်းများမှ နုတ်ထွက်၍ နီးရာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ လာရောက်အပ်နှံကြသဖြင့် အစိုးရမူလတန်းကျောင်းများ၌ စာသင်ကျောင်းသားအရေအတွက် ကျဆင်းသွားမှုများ တွေ့ရသဖြင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အနေဖြင့် အမှန်တကယ်ဆင်းရဲပြီး အစိုးရမူလတန်းသို့ သွားရောက် စာသင်ခြင်းမပြုနိုင်သည့် ကလေးများကိုသာ လက်ခံသင်ကြားပေးရန် ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဒုတိယဝန်ကြီးကလည်း အဆိုပါ တတိယအကြိမ် ဗဟိုကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးတွင် မူလတန်းလွန် ကလေးများ ပညာရေးလမ်းစပျောက်သွားမည့်အရေးကို ရှေးရှုလျက် အလယ်တန်းပညာ ဆက်လက်သင်ကြားနိုင်ရေးအတွက် ဆွေးနွေးခဲ့သည်။ အလယ်တန်းပညာ သင်ကြားနိုင်မည့်နေရာ၊ လိုအပ်သည့် ကျောင်းစာအုပ်များ ထောက်ပံ့ရေး လိုအပ်ချက်တို့ကို ဝိုင်းဝန်းဆွေးနွေးကြသည်။ အထူး

သတိပြုရသည့် အကြောင်းအချက်မှာ ပညာရေးကော်မတီ၏ သဘောထားခွင့်ပြုချက်ကို အလေးအနက်ထား၍ မိမိ ဆန္ဒကိုသာ ရှေ့တန်းထား ဆောင်ရွက်မှုမပြုကြရန်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဟု စတင်ဖွင့်လှစ်လိုက်သည်နှင့် တပြိုင်နက် ကျောင်းသားငယ်များ၏ နေထိုင်စားသောက်ရေးတို့ကို နိုင်ငံတော်အစိုးရက တာဝန်ယူရမည်ဟု လွဲမှားစွာသဘောပေါက်နေကြရာ ကျောင်းအုပ်ဆရာတော်များက သတိပြု၍ ကိုယ်နိုင်သလောက်သာ လက်ခံသင်ကြားပြီး မနိုင်ဝန်မထမ်းမိကြရန် လျှောက်ထားခဲ့သည်။ ပညာရေးဝန်ကြီးဌာနကလည်း အစိုးရမူလတန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်မှုအခြေအနေကို လျှောက်ထားလျက် လူတိုင်းစာတတ်မြောက်ရေး အလေးထားဆောင်ရွက်နေမှုတို့ကို ဆွေးနွေး လျှောက်ထားခဲ့သဖြင့် အလယ်တန်းပညာသင်ကြားမှုကိစ္စမှာ အရည်အချင်းသတ်မှတ်ချက် ကိုက်ညီသည့်ဆရာများဖြင့် သင်ကြားရန်ဖြစ်နိုင်သော်လည်း ဘုန်းတော်ကြီးသင်အလယ်တန်းကျောင်းအဖြစ် ဖွင့်လှစ်ရန်ကိစ္စမှာမူ မဖြစ်နိုင်သေးကြောင်း၊ တစ်နိုင်ငံလုံး နိုင်ငံတကာစံနှုန်းများနှင့် တွက်ဆဆောင်ရွက်နေသည့်အချိန်ဖြစ်၍

ပညာရေးကော်မတီ၏ ဆုံးဖြတ်ချက်သဘောထားအတိုင်း ဆောင်ရွက်သွားကြရန် သုံးသပ်တော်မူခဲ့ကြသည်။

အချို့သော ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းအုပ်ဆရာတော်တို့က ယင်းတို့၏ တပည့်များကို CAPS (Continuous Assessment Progressive System) စနစ်ဖြင့် သင်ကြားပေးနေကြောင်း တင်ပြခဲ့သည်လည်းရှိခဲ့ရာ၊ စင်စစ် ပညာရေးဝန်ကြီး ဌာနကသည်ပင်လျှင် CAPS စနစ်ကို ကျောင်းတိုင်းတွင် ကျင့်သုံးနေခြင်းမဟုတ်သေးပေ။ အချို့ဒေသများတွင်သာ စမ်းသပ်ကျင့်သုံးနေခြင်း ဖြစ်ပေသည်။ အောင်မြင်မှု ရှိ, မရှိ CAPS စနစ်ကို ဆက်လက်ကျင့်သုံးရန် သင့်, မသင့် မဆုံးဖြတ်သေးကြောင်း ဆွေးနွေးလျှောက်ထားရသည်။ လူမှုဝန်ထမ်းဝန်ကြီးဌာနမှ အဖွဲ့ဝင်ပုဂ္ဂိုလ်ကလည်း လမ်းစပျောက် ကလေးများတွင် လမ်းပျောက်ကလေးများနှင့် လမ်းပေါ်အလုပ်သမားလေးများကို မည်ကဲ့သို့လမ်းမှန်ပြန်ရောက်၍ နိုင်ငံ့ရတနာများ ဖြစ်လာ အောင်ပြုပြင်ထိန်းကျောင်းပုံများ၊ ကိုယ့်ဘဝ လမ်းကြောင်းကိုယ်မလျှောက်နိုင်မီအတွင်း နားခိုရန်နေရာ (Half-way house) ရှာပေးလျက် စောင့်ရှောက်ထားသည့် အစီအစဉ်

များကို အကျယ်တဝင့်လျှောက်ထား ဆွေးနွေးကြသည်။ အခြေအနေကို ရိပ်စားမိတော်မူသည့် ဘုန်းတော်ကြီး ကျောင်းပညာသင်ကြားရေး ဗဟိုကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ မိတ္ထီလာဆရာတော်က ဆရာတော်များ ဆန္ဒမစောကြရန်၊ "လူကြီးတွေက အဖြစ်နိုင်ဆုံး ဆောင်ရွက်ပေးမည်" ဆိုသည် ကို "ဖြစ်အောင်ဆောင်ရွက်မည်ဟု လွဲမှားပြီး မမှတ်ယူကြရန် မေတ္တာရပ်ခံတော်မူခဲ့လေသည်။ ထို့အပြင် ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများအနေဖြင့်လည်း အလယ်တန်း ကျောင်းဖွင့်ခွင့် တောင်းနေခြင်းမဟုတ်၊ အလယ်တန်းအဆင့် စာမေးပွဲများကို ဝင်ရောက်ဖြေဆိုခွင့်သာ တောင်းဆိုနေခြင်း ဖြစ်ပါကြောင်း၊ ဆရာတော်များဘက်ကလည်း "ဒီလောက်နှင့် ကျေနပ်တော်မူကြပါ" ဟု နှစ်သိမ့်ပေးတော်မူခဲ့လေသည်။ အလေးအနက်ထား မိန့်ကြားသွားသည်မှာ မနိုင်ဝန် မထမ်းကြရန်နှင့် သင်ကြားသူများအနေဖြင့် ငွေကြေးရှုပ်ထွေး နိုင်သည့် စီးပွားရေးဆန်သော ပညာသင်ကြားပေးခြင်းကို လုံးဝရှောင်တော်မူကြရန်ပင် ဖြစ်ပေသည်။ ထို့အပြင် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ အဆင့်ဆင့်တို့ ဆက်သွယ်ဆောင်ရွက်ကြရာတွင် လွယ်ကူ

လျှင်မြန်၍ စနစ်တကျရှိစေရန် လုပ်ထုံး လုပ်နည်းများကို လည်း တပြေးညီဖြစ်စေရေးအတွက် ဆွေးနွေးကာ ကိုယ့်ကျောင်း နှင့်ကိုယ် သုံးစွဲနေသော တံဆိပ်တုံးများအစား ကြီးကြပ်ရေး အဖွဲ့အဆင့်ဆင့်အတွက် တံဆိပ်တုံးများလည်း သတ်မှတ် အတည်ပြုနိုင်ခဲ့လေသည်။

၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် ကျင်းပသော ဘုန်းတော်ကြီးကျောင်းပညာရေး ဗဟိုကြီးကြပ်ရေးအဖွဲ့၏ စတုတ္ထအကြိမ် အစည်းအဝေးတွင်မူ ဆရာတော်ကြီးများက ယဉ်ကျေးမှုသင်ခန်းစာများ၊ ဗုဒ္ဓစာပေများကို အခြေခံမှုစ၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများက မဖြစ်မနေ သင်ကြားပေးရန် တိုက်တွန်းတော်မူကြသည်။ မြို့နယ် ကြီးကြပ်ရေးအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့် တိုင်း/ပြည်နယ် ကြီးကြပ်ရေးအဖွဲ့တို့၏ အထက်နှင့်အောက် ဆက်သွယ် ဆောင်ရွက်ပုံတို့ကို အသေးစိတ် ဆွေးနွေးညှိနှိုင်းတော် မူခဲ့ကြသဖြင့် လုပ်ငန်းအရှိန်မြှင့်နိုင်ခဲ့ကြောင်း တွေ့ရပါသည်။

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ် ရေးအဖွဲ့၏ ပဉ္စမအကြိမ်မြောက် အစည်းအဝေးကို ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် သာသနာရေးဝန်ကြီးဌာန

စည်းဝေးခန်းမ၌ကျင်းပရာ အခြေခံပညာအလယ်တန်း အဆင့်စာမေးပွဲများ ဝင်ရောက်ဖြေဆိုခွင့်၊ ကျောင်းပြောင်း လက်မှတ်ထုတ်ပေးခွင့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ အထူးအရေးပါသောကိစ္စရပ်မှာ အလယ်တန်းအဆင့် ပညာရပ်များ ဆည်းပူးနေကြသည့် အသက် ၁၃ နှစ်အထက် အမျိုးသမီးကျောင်းသူလေးများ ကိစ္စပင်ဖြစ်သည်။ အရွယ် ရောက်လာပြီဖြစ်သော အလယ်တန်းကျောင်းသူလေးများမှာ ဘုန်းတော်ကြီးများသင်ကြားပေးရာ စာသင်ဌာနနှင့် မသင့်မလျော်ဖြစ်လာ ကြလေသည်။ ဤကိစ္စနှင့်ပတ်သက်၍ ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများ လေ့လာရေးအစီရင်ခံစာ၌လည်း အရွယ် ရောက်ပြီးမိန်းကလေးများ ဘုန်းတော်ကြီးကျောင်းများ၌ စာပေသင်ကြားနေခြင်းမှာ မသင့်ကြောင်း ရဟန်းတော် များ၏ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို ထိပါး ဟန့်တားလာနိုင်ကြောင်း သုံးသပ်အစီရင်ခံခဲ့ကြသည် ကိုလည်း ဆွေးနွေးခဲ့ကြသည်။ ယခုအခါ၌ မူလတန်းအရွယ် ကလေးများအတွက် မခက်ခဲသော်လည်း အလယ်တန်း အရွယ် မိန်းမငယ်လေးများအတွက်မူ စဉ်းစားကြရမည့်

ပြဿနာဖြစ်သည်။ ထိုအခက်အခဲကို ကျော်လွှားနိုင်ရန် အလို့ငှာ အရွယ်ရောက်ပြီးမိန်းကလေးများ ပညာဆက်လက် သင်ကြားနိုင်စေရန် သီလရှင်သင်(အမျိုးသမီး)ပညာရေး ကျောင်းများ ဖွင့်လှစ်ပေးရန် စီမံပေးတော်မူခဲ့ကြသည်။ ထိုနှစ်မှစ၍ သီလရှင်သင် (အမျိုးသမီး)ပညာရေးကျောင်းများ ပေါ်ထွန်းခဲ့တော့သည်။ (အမျိုးသမီး)ဟူသော အထူးပြုမှု သည် သီလရှင်ကျောင်းများရှိ သီလရှင်ငယ်များနှင့် အရွယ် ရောက်ပြီး အမျိုးသားကလေးများ ရောထွေးယှက်တင် ပညာ သင်ကြားနေခြင်းမှာ ရဟန်းတော်များ၊ ကိုရင်များအကြား အရွယ်ရောက်ပြီး အမျိုးသမီးငယ်များ ပညာသင်ကြား နေခြင်းကဲ့သို့ပင် မသင့်မလျော် အမြင်မတော်ခြင်းကြောင့် သတ်မှတ်ပေးရခြင်းဖြစ်ပေသည်။

တစ်ဖန် ပညာရေးဝန်ကြီးဌာနမှ ကျွမ်းကျင်သူ ဆရာကြီး များကလည်း ကျောင်းပြင်ပပညာရေး (Non-formal Education) နှင့် ကျောင်းတွင်းပညာရေး (Formal Education) ကိစ္စများ ရှင်းလင်း လျှောက်ထားကာ ကျောင်းပြောင်းလက်မှတ် (T.C)နှင့် ပတ်သက်၍ မူလတန်း ကျောင်းများက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏

(T.C)ကို လက်ခံပါကြောင်းနှင့် အလယ်တန်းအဆင့် (T.C) များကိုမူ ကျောင်းသားများ ဝင်ရောက်ဖြေဆိုကြသည့် အစိုးရ အလယ်တန်းကျောင်းများက ထုတ်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်း လျှောက်ထားခဲ့ကြသည်။

ရဟန်းများအတွက် ကြီးမားသောအန္တရာယ်

ဤသို့ဖြင့် ဘုန်းတော်ကြီးသင်ကျောင်းများတွင် မသင့်လျော်တော့သော အရွယ်ရောက်ပြီး အမျိုးသမီးငယ်များ ပညာရေးရပ်တန့်မှု မဖြစ်စေရန်အတွက် သီလရှင်သင် (အမျိုးသမီး)ပညာရေးကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရန် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေး အဖွဲ့၏ ပဥ္စမအကြိမ် အစည်းအဝေးက ဆွေးနွေးဆုံးဖြတ် အကောင်အထည်ဖော်ရာတွင် ဘုန်းတော်ကြီးကျောင်းပညာ သင်ကြားမှုစည်းမျဉ်းနှင့် ကိုက်ညီမှုရှိရန် လိုအပ်ပါသည်။ ထို့ကြောင့် သီလရှင်သင်(အမျိုးသမီး)ပညာရေးကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရန်အတွက် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုစည်းမျဉ်းတွင် "ဘုန်းတော်ကြီးသင်ပညာ ရေးကျောင်းဆိုသည်မှာ ရဟန်းတော်များ ဦးစီးဖွင့်လှစ်သည့်

ပညာရေးကျောင်းနှင့် သီလရှင်သင်(အမျိုးသမီး)ပညာရေး ကျောင်းတို့ကို ဆိုလိုကြောင်း "အတိအကျ အဓိပ္ပာယ်ဖွင့်ဆို ဖော်ပြပေးခဲ့သည်။ ထိုအဓိပ္ပာယ်ဖွင့်ဆိုချက်များ ပါဝင်သည့် ပြင်ဆင်ဖြည့်စွက်ချက်များဖြင့် ၁၃၅၉ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၉ ရက်နှင့် ၁၀ ရက် (၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နှင့် ၂၁ ရက်)နေ့များ၌ ဝိဇယမင်္ဂလာဓမ္မသဘင် အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထ အကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါး စုံညီ နဝမအစည်းအဝေးတွင်တင်ပြရာ စည်းမျဉ်းပြင်ဆင်ဖြည့်စွက် ချက်များကို ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးခဲ့တော်မူကြ သည်။ ထို့ပြင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါး စုံညီအစည်းအဝေးတွင် "ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများကို လိုက်လံစစ်ဆေးအားပေးကြရန်၊ ဆန္ဒမစော နှင့်၊ ဖြစ်ချင်တာကိုချည်းမလုပ်နှင့်၊ ဖြစ်သင့်တာကိုသာ ဦးစားပေးလုပ်ကြရန်၊ ကိုယ်လိုရာ ကိုယ်ဆွဲပြီး အရာရာကို မဆုံးဖြတ်မိစေနှင့်၊ အများသံဃာထု ယုံကြည်လေးစား အားထားလောက်အောင် နှိုင်းနှိုင်းချိန်ချိန်၊ အချိန်ယူ လေ့လာ စဉ်းစားပြီးမှ အဆုံးအဖြတ်ပေးကြပါရန်" ဥက္ကဋ္ဌ ဆရာတော် ကြီးက အချုပ်အားဖြင့် ဩဝါဒပေးတော်မူခဲ့သည်။

စင်စစ် ယခုတင်ပြခဲ့ပြီးသော ပဥ္စမအကြိမ်ကျင်းပသည့် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ)အုပ်ချုပ်သော ကာလအတွင်း ကျင်းပသည့် နောက်ဆုံး အစည်းအဝေးပင်ဖြစ်ပေသည်။ အကြောင်းမှာ ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ တတိယပတ်မှစ၍ အခြေအနေ၊ အချိန်အခါနှင့် မကိုက်ညီတော့သော "နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့" ဟူသော အမည်ကို ပယ်ဖျက်ပြီး "နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ" (နယက)ဟု ခေတ် အခြေအနေနှင့် လျော်ညီစွာ ပြောင်းလဲခေါ်ဝေါ် သုံးစွဲခဲ့ခြင်းကြောင့် ဖြစ်ပေတော့သည်။

* * * * *

# ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်း သုံးသပ်ပြင်ဆင်ပြည့်စွက်ခြင်း(၃)

အတတ်နိုင်ဆုံးဆိုသည်မှာ အလုံးစုံလိုက်လျောခြင်းမဟုတ်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရလက်ထက်အတွင်း ကျင်းပပြီးစီးခဲ့သော ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးများတွင် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းအုပ်အချို့က အလေးထား တိုက်တွန်း ဆွေးနွေးခဲ့သည့် ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်းများတိုးချဲ့ရေးကိစ္စမှာ ယနေ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်အထိ သာသနာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့၏ ဝန်ကြီးများကအစ လက်အောက် တာဝန်ရှိပုဂ္ဂိုလ်တိုင်း အစဉ်အမြဲ အလေးအနက်ထား၍ တိုင်ပင်ဆွေးနွေးအကောင်အထည်ဖော်ပေးနေကြရာတွင် အခက်ခဲဆုံးဟု ဆိုနိုင်သော ပြဿနာတစ်ရပ်

ပင်ဖြစ်တော့သည်။ သာသနာရေးဝန်ကြီးနှင့် ပညာရေးဝန်ကြီးတို့သည် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ၏ဩဝါဒများကို အခြေခံ၍ အကြိမ်ကြိမ်ဆွေးနွေးကြ၏။ လူကိုယ်တိုင် တွေ့ဆုံဆွေးနွေးခြင်း၊ တယ်လီဖုန်းဖြင့် ပြောဆိုဆွေးနွေးတိုင်ပင်ခြင်း၊ ရုံးဌာနများ၌ ဆွေးနွေးခြင်း၊ ခရီးစဉ်အတွင်း သွားရင်းလာရင်း ဆွေးနွေးခြင်း၊ စားရင်းသောက်ရင်း ဆွေးနွေးခြင်း၊ ပြဿနာကို ပြေလည်စွာရှင်းလင်းနိုင်ရန် သက်ဆိုင်ရာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ သွားရောက် ဆွေးနွေးလျှောက်ထားခြင်းများဖြင့် "အတတ်နိုင်ဆုံး" အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့ကြသည်ကိုလည်း တွေ့ရပါသည်။ ဗဟိုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် ဝန်ကြီးဌာနများ၏ တာဝန်ရှိပုဂ္ဂိုလ်များဖြစ်သည့် ဗဟိုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်ပုဂ္ဂိုလ်များတို့လည်း မရေမတွက်နိုင်သော အကြိမ်ရေပေါင်း မြောက်မြားစွာ တွေ့ဆုံဆွေးနွေးခြင်း၊ ကျောင်းအုပ်ဆရာတော်တို့နှင့် တွေ့ဆုံလျှောက်ထားရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်လည်း တွေ့ရပါ၏။ စင်စစ် "လူတိုင်းအတွက် ပညာရေး" (Education for All) စီမံကိန်းသည် လူတိုင်း အလယ်တန်း

ပညာ တတ်မြောက်ရမည်ဟု ဆိုလိုခြင်းမဟုတ်။ လူတိုင်း အရေးအဖတ်အတွက် မူလတန်းအဆင့်တတ်မြောက်ရန်သာ ရည်ရွယ်ပေသည်။ ထို့အတူ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၏ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်း အခန်း(၂)ပါ ရည်ရွယ်ချက်များကို ပြန်လည်လေ့လာပါလျှင် ၃(က) ဆင်းရဲချမ်းသာမရွေး လူတိုင်း အရေးအဖတ်အတွက် အခြေခံပညာနှင့် ခေတ်ပညာ တတ်မြောက်စေရန်ဆိုသည် မှာလည်း လူတိုင်းအတွက်ပညာရေးစီမံကိန်း၏ ရည်ရွယ် ချက်နှင့် ကွဲလွဲသည်ဟုမဆိုနိုင်ပါချေ။ ထို့အပြင် ရဟန်း သံဃာတော်များ၏ မူလအလုပ်တာဝန်နှစ်ဖြာဖြစ်သည့် ဂန္ထဓုရနှင့် ဝိပဿနာဓုရတို့နှင့် လိုက်လျောညီထွေ ဖြစ်သည့် စည်းမျဉ်း ၃(ဃ) မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို သိရှိနားလည်၍ မြတ်နိုးစွာ လိုက်နာခံယူတတ် ကြစေရန်၊ (င)ဗုဒ္ဓဘာသာ သာသနာတော်ဆိုင်ရာ အဆုံးအမများကို ကြားနာမှတ်သား သိရှိလိုက်နာပြီး အနာဂတ်သာသနာကို တာဝန်ယူကြမည့် ဗုဒ္ဓဘာသာဝင်ကောင်းများဖြစ်ကြစေရန်နှင့် (စ) အမျိုးဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်နိုင် စေရန်ဟူသော စည်းမျဉ်းပါရည်ရွယ်ချက်များကို အလေးထား

အကောင်အထည်ဖော်မှုများ အားနည်းလျော့ပါးဟန်ရှိလေသည်။

ထိုနှစ်များအတွင်းဝယ် ပညာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံပညာရေးကော်မတီ၏ မူဝါဒများအတွင်းမှ မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်း မြင့်မားလာစေရန် အဘက်ဘက်မှ ပြုပြင်ပြောင်းလဲလျက် စနစ်သစ်များဖြင့် အကောင်အထည်ဖော်နေသော ကာလဖြစ်ပေသည်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှာလည်း အခက်အခဲများကြားမှ အကောင်အထည်ဖော်နေကြရသည်ဖြစ်ပေရာ ရိုးစင်းလွယ်ကူနေသေးသော အခြေခံပညာမူလတန်းအဆင့်ကို ရဟန်းတော်များ လွယ်လင့်တကူ သင်ကြားပြသပေးနိုင်လိမ့်မည်။ ထို့ကြောင့်လည်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအနေဖြင့် စတုတ္ထတန်းအထိသာ သင်ကြားပေးစေလိုဟန်ရှိပါသည်။ CAPS စနစ်ဆိုသည်မှာလည်း စာသင်နေချိန်၌သာ အကဲဖြတ်နေရသည်မဟုတ်။ ပတ်ဝန်းကျင်နှင့် ဆက်ဆံမှု၊ တုန့်ပြန်မှု၊ မိဘနှင့် ဆက်ဆံမှု တုန့်ပြန်မှု၊ တစ်ကိုယ်ရေနေထိုင်မှု တုန့်ပြန်ခံစားမှု စသည်ဖြင့် ပဉ္စမတန်းတက်သည်နှင့် တက္ကသိုလ်ကောလိပ်များသို့

ရောက်ရှိသွားသည့်တိုင် ထိုကျောင်းသားအား စဉ်ဆက် မပြတ် အကဲခတ်နေရန် လိုအပ်ပေလိမ့်မည်။ သာသနာရေးရာ ပတ်ဝန်းကျင်မှ ပုဂ္ဂိုလ်များ မည်ကဲ့သို့ စဉ်ဆက်မပြတ် အကဲဖြတ်ကြမည်ကို စိုးရိမ်ပူပန်ကြပေလိမ့်မည်။ ကိုယ်နိုင်သည့်ဝန် ကိုယ်ထမ်းရသည်မှာ အန္တရာယ်မများ၊ လွယ်ကူထိရောက်သည်ဖြစ်ရာ ပညာရေးဝန်ကြီးဌာနက မူလတန်းအဆင့် အောင်လက်မှတ်၊ ကျောင်းပြောင်းလက်မှတ်တို့နှင့် ပတ်သက်၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအုပ်က လက်မှတ်ရေးထိုးပေးခြင်းကို အတည်ပြုလက်ခံလေသည်။ အသိအမှတ်ပြုလေသည်။ ပညာရေးဝန်ကြီးဌာန၏ အတွင်းရေးများကိုမူ မသိနိုင်ကြသော်လည်း အခြေခံပညာ မူလတန်းကိစ္စ၌ အဆင်ပြေချောမွေ့ကာ အထောက်အကူများစွာရသည့်တိုင် အခြေခံပညာအလယ်တန်းကျောင်း ဖွင့်ရေးအတွက် ဘုန်းတော်ကြီးများ တောင်းဆိုတိုင်း ယင်းတို့အတွက် အခက်တွေ့ကြရသည်ကိုမူ အကဲခတ်၍ရနိုင်ပါသည်။ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကလည်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း များမှ မူလတန်းလွန် ကျောင်းသားများအား အစိုးရအလယ်တန်းကျောင်းများက

အချိန်မရွေး လက်ခံပါကြောင်း၊ ထိုကျောင်းသားများအတွက် ခရီးဝေးလွန်းခြင်း၊ ငွေကြေးချို့တဲ့ခြင်းတို့ကြောင့် အစိုးရ အလယ်တန်းကျောင်းများသို့ မပြောင်းရွှေ့နိုင်ကြသော ကျောင်းသားများအတွက်ကိုမူ ကျောင်းသားအများစု အဆင် ပြေမည့်ကျောင်း၌ စုစည်းပေးထားပါလျှင် အစိုးရအလယ် တန်းကျောင်းအဖြစ် သတ်မှတ်နိုင်အောင် ဆောင်ရွက်ပေးနိုင် ပါကြောင်း သိရလေသည်။

ဤအခြေအနေများကို လေ့လာ အကဲခတ်လျက် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေး အဖွဲ့ဝင် ဆရာတော်များသည် အထူးအစည်းအဝေးတစ်ရပ် ခေါ်ယူရန် ဆန္ဒပြုခဲ့ကြသဖြင့် ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး စည်းဝေး ခန်းမ၌ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟို ကြီးကြပ်ရေးအဖွဲ့ အထူးအစည်းအဝေးကို ကျင်းပခဲ့ကြသည်။

အထူးအစည်းအဝေး၌ သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးက အဖွင့်လျှောက်ထားရာတွင်-

(၁) မြန်မာနိုင်ငံပညာရေးကော်မတီ၏ မူဝါဒနှင့်အညီ ဝန်ကြီးအဆင့်က ဆုံးဖြတ်ပေးနိုင်တာကို အဆုံး အဖြတ်ပေးစေလိုကြောင်း။

(၂) ကျောင်းသားများ၏ပညာရေးကို ငဲ့သောအားဖြင့် ပညာသင်နှစ် တစ်နှစ်မျှပင် မနစ်နာစေလိုပါကြောင်း။

(၃) ကျေးရွာများရှိ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများမှ ကျောင်းသားများ စတုတ္ထတန်း အောင်ပြီး မူလတန်းလွန်တက်ရန်မှာ အနီးဆုံးဖြစ်သော အစိုးရအလယ်တန်းကျောင်းများသည်ပင် ကလေးများအတွက် ဝေးကွာလှသဖြင့် အစိုးရအလယ်တန်းကျောင်းသို့ မပြောင်းနိုင်ကြခြင်း ဖြစ်ပါကြောင်း။

(၄) ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းအုပ်ဆရာတော်များ၊ ဆရာများ၊ ဆရာမများတို့နှင့် ကြီးကြပ်ကွပ်ကဲသူ အဆင့်ဆင့်တို့သည် တစ်တိုင်းပြည်လုံး လိုက်နာကြရမည့် စည်းမျဉ်းစည်းကမ်းများ စံပြုထားရသည့် စံချိန်စံညွှန်းများကို မလွဲမသွေ လိုက်နာကြရမည်ဖြစ်ပါကြောင်းတို့ ပါဝင်ပြီး အကျယ်တဝင့် လျှောက်ထားဆွေးနွေး လမ်းညွှန် ဩဝါဒပေးခဲ့လေသည်။

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဆရာတော်က လမ်းညွှန်သြဝါဒ မိန့်ကြားရာတွင် ဖော်ပြပါအကြောင်းအရာများကို အလေးထားစဉ်းစားဆောင်ရွက်ကြရန်နှင့် ညှိညှိနှိုင်းနှိုင်းဖြင့် ပြေလည်မှုရရှိရေးတို့ ပါဝင်လေရာ-

(၁) စတုတ္ထတန်းအောင် ကျောင်းသား ကျောင်းသူများကို အစိုးရအလယ်တန်းကျောင်းများက လက်ခံပေးရန်ကိစ္စ။

(၂) အစိုးရအလယ်တန်းကျောင်းများနှင့် ခရီးကွာဝေးသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိ မူလတန်းလွန်ကျောင်းသားများ အတွက် နီးစပ်ရာ အစိုးရအလယ်တန်းကျောင်း၏ တန်းခွဲအဖြစ်လည်းကောင်း၊ ဖြစ်နိုင်ပါက ယင်းအစိုးရအလယ်တန်းကျောင်း၏ တွဲဘက်အလယ်တန်းကျောင်းအဖြစ်လည်းကောင်း ပညာရေးဝန်ကြီးဌာနက အသိအမှတ်ပြုပေးခြင်း သို့မဟုတ် အလယ်တန်းကျောင်းအဖြစ် အသိအမှတ်ပြုပေးခြင်းများ စဉ်းစားဆုံးဖြတ်ပေးရန်ကိစ္စ။

(၃) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ “အကဲဖြတ်မှု” ကို အစိုးရအလယ်တန်းကျောင်း များက လက်ခံရန်နှင့် ကျောင်းပြောင်းလာခြင်း ကိုလည်း လက်ခံရန်ကိစ္စ။

(၄) မူလစည်းမျဉ်းတွင်ပါရှိသော ကျောင်းပြောင်း လက်မှတ် (TC) ကို လက်ခံရန်နှင့် အစိုးရမူလ တန်း၊ အလယ်တန်းကျောင်းများကမူလ TC ကို လက်မခံပါကလည်း ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော ကျောင်းပြောင်းလက်မှတ် TC ကို ဘုန်းတော်ကြီးသင်ပညာရေးကျောင်း များကို အသုံးပြုခွင့်ပေးပြီး မြို့နယ်ပညာရေးမှူးက စိစစ်အတည်ပြုပေးရန်ကိစ္စ။

(၅) အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒကိုမဆန့်ကျင်ဘဲ ပညာ ရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများသို့ ထောက်ပံ့လှူဒါန်းမှု ကို လက်ခံပေးနိုင်ရေးကိစ္စတို့ ပါဝင်လေသည်။

* * * * *

**စည်းလုံးညီညာအောင်ကြောင်းဖြာ**

ယခုအချိန်ထိ ပြုလုပ်ခဲ့သမျှသော ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးများအနက် ဤအထူးအစည်းအဝေးမှာ အရေးအပါဆုံး၊ အပြန်အလှန် ပွင့်လင်းစွာ လျှောက်ထားရဆုံး နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ၏ ဆုံးမဩဝါဒအရ ကျောင်းအုပ်ဆရာတော်အချို့နှင့် ပညာရေးဝန်ကြီးဌာန၏ တာဝန်ရှိပုဂ္ဂိုလ်တို့က "စိတ်ရှည်ဇွဲသန် သည်းညည်းခံပြုရန်သာသနာ" ဟူသော ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး၏ ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်ခဲ့ကြရပေသည်။ ပညာရေးဝန်ကြီးဌာန တာဝန်ရှိပုဂ္ဂိုလ်တို့က ရှင်းလင်းလျှောက်ထားကြရာတွင်-

(၁) ၁၉၉၈-၉၉ ပညာသင်နှစ်မှစ၍ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာနှင့် အဆင့်မြင့် ပညာတို့တွင် ပုံစံများ၊ စနစ်များပြောင်းလဲသွားရန်ရှိသဖြင့် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများက မူလသတ်မှတ်ပြီး မူလတန်းအဆင့်သာ သင်ကြားကြကာ မလွှဲ

မရှောင်သာ အလယ်တန်းသင်နေကြရသော ကျောင်းများကမူ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူး များနှင့် တိုင်ပင်လျက် ဆက်လက် သင်ကြားပေးရန် ကိစ္စ။

(၂) လက်ရှိ အခြေခံပညာ အလယ်တန်းအဆင့် သင်ကြားပေးနေကြရသည့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၂၆ ကျောင်းနှင့် မူလတန်း အဆင့်သင်နေသော ကျောင်းများအနေဖြင့် ပိုနေမြဲ ကျားနေမြဲ ဆက်လက်သင်ကြားလျက် နောက်ထပ် အလယ်တန်းအဆင့်သင်မည့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအသစ် ထပ်မံမတိုးချဲ့ကြရန် ကိစ္စ။

(၃) ပညာရေးစနစ်ပြောင်းလာသည်နှင့်အမျှ အစိုးရ အလယ်တန်းကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတို့၏ အသွင်မတူမှု၊ ကွာခြားမှု များ ပိုမိုရှိလာနိုင်သဖြင့် လက်ရှိ အလယ်တန်း အဆင့်သင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း များအား ကြီးကြပ်ပေးသွားမည်ဖြစ်ပြီး နောင်အခါ

ကျောင်းသစ်တိုးမလာရေးအတွက် အလေးအနက်ထား ဆောင်ရွက်ရန်ကိစ္စ။

(၄) ခရီးကွာဝေးသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိ မူလတန်းလွန်ကျောင်းသားများ အလယ်တန်းပညာ သင်ကြားခွင့်ရအောင် ဆရာတော်ကြီးများ၏ ဩဝါဒအတိုင်း တန်းခွဲ/ကျောင်းခွဲအနေဖြင့် အဆင်ပြေစေရန်အတွက် မြို့နယ်ပညာရေးမှူးများနှင့် ညှိနှိုင်းပေးရန်ကိစ္စ။

(၅) နိုင်ငံတော်က နိုင်ငံသားတိုင်း မူလတန်းအဆင့်ပြီးဆုံးရမည်ဆိုသော ရည်မှန်းချက်ထားပြီး Education for All လုပ်ငန်းစဉ်ကို စနစ်တကျ ချမှတ်ဆောင်ရွက်နေရာတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကလည်း များစွာ အထောက်အကူပြုခြင်းကိစ္စ။

(၆) သာသနာ့ဝန်ထမ်း ရှင်ရဟန်းများ အနေဖြင့် မြတ်စွာဘုရား ဆုံးမတော်မူထားသည်နှင့်အညီ ဂန္ထဓူရ၊ ဝိပဿနာဓူရတည်းဟူသော ဓူရနှစ်ဖြာကို ကျင့်ဆောင်နေကြသကဲ့သို့ ဌာနဆိုင်ရာ ဝန်ထမ်း

အဆင့်ဆင့်သည်လည်း နိုင်ငံတော်၏မူဝါဒများ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း မြန်မာနိုင်ငံ ပညာရေးကော်မတီ၏ မူဝါဒများကိုလိုက်ရပြီး ထိုမူဝါဒများကို ဆန့်ကျင်၍ သံဃာတော်များ၏ ဆန္ဒကို ချက်ခြင်းလိုက်လျောရန် ခက်ခဲပါကြောင်း၊ မူဝါဒမတိမ်းစောင်းရေးအတွက် တည့်မတ်ပေးရန် လိုအပ်ကြောင်းနှင့် ဘုန်းတော်ကြီးကျောင်း ပညာရေး၏ အဓိကရည်မှန်းချက်ဖြစ်သော "ဗုဒ္ဓဘာသာ သာသနာတော်ဆိုင်ရာ အဆုံးအမများကို ကြားနာမှတ်သား သိရှိလိုက်နာပြီး အနာဂတ် သာသနာကို တာဝန်ယူကြမည့် ဗုဒ္ဓဘာသာဝင် ကောင်းများဖြစ်ကြစေရန်" ဆိုသည့် ရည်မှန်းချက် အတိုင်း ဗုဒ္ဓအဆုံးအမသင်ခန်းစာများ အဆင့်ဆင့် သင်ကြားနေခြင်းအပေါ် မည်သည့်ပုဂ္ဂိုလ်ကမျှ ဟန့်တားပိတ်ပင် စွက်ဖက်ပြုပြင်ကြလိမ့်မည် မဟုတ်ပါကြောင်း၊ ဆရာနှင့် ဒါယကာ အပြန် အလှန် နားလည်မှုရှိကြရန် လိုအပ်ပါကြောင်းတို့ကို ရှင်းလင်း လျှောက်ထားခဲ့ကြသည်။

အထူးအစည်းအဝေးတွင် ကလေးဝတောရ နာဂလိုဏ်ဂူ ဒွိပိဋကဓရဆရာတော်ကလည်း ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုစည်းမျဉ်းတွင် ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ချက်များကို သုံးသပ်ပြင်ဆင်ဖြည့်စွက်လိုပါကလည်း စည်းမျဉ်းနှင့်အညီ ပြင်ဆင်ပေးနိုင်ရန် "စည်းမျဉ်းပြင်ဆင်ခြင်း" တစ်ခန်းနှင့် ပတ်သက်၍ ဩဝါဒပေးတော်မူခဲ့သည်။ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေးသည် ဝန်ကြီးဌာနတစ်ခုတည်းနှင့်သာ သက်ဆိုင်နေခြင်း မဟုတ်။ ပညာရေး၊ လူမှုဝန်ထမ်း၊ လူဝင်မှုနှင့် ပြည်သူ့အင်အားစသည့် ဝန်ကြီးဌာနများနှင့်ပါ ဆက်စပ်နေခြင်းကြောင့် စည်းမျဉ်းပြင်ဆင်ရန် လိုအပ်ပါက ဤကဲ့သို့သော ဗဟိုကြီးကြပ်ရေးအဖွဲ့က ဆွေးနွေးဆုံးဖြတ်ကြလျက် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးက အတည်ပြုပေးမှသာလျှင် စည်းမျဉ်းကို ပြင်ဆင်ကြရမည်ဖြစ်ကြောင်းလည်း ဆွေးနွေးတော်မူကြသည်။ ထို့ကြောင့် ဤအထူးအစည်းအဝေးက အရေးကြီးသော အောက်ပါဆုံးဖြတ်ချက်သုံးရပ်ကို ချမှတ်ခဲ့ ကြသည်။

(၁) ပညာရေးစနစ်အသစ်ဖြင့် ဆောင်ရွက်နေခြင်းကြောင့် လက်ရှိဖွင့်လှစ်သင်ကြားနေသော အလယ်တန်း

အဆင့်ကျောင်းကို လက်ရှိအတိုင်း ထားရှိရန်နှင့် အသစ်တိုးချဲ့ ဖွင့်လှစ်ခြင်းမပြုရန်။

(၂) ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်း ပြင်ဆင်ဖြည့်စွက်ချက်ကို စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယက (၄၇)ပါးစုံညီ အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရန် နှင့်

(၃) ကျောင်းပြောင်းလက်မှတ်များကို ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ပညာရေးဝန်ကြီးဌာနက တိကျသော စည်းကမ်းချက်များကို ဆောလျင်စွာ ပေးပို့ပြီး သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက အလျင်အမြန် ထုတ်ပေးရန်တို့ ဖြစ်သည်။

၃၁-၇-၉၈ နေ့တွင် ကျင်းပသော ဤအထူးအစည်းအဝေး၏ နောက်ပိုင်းပြုလုပ်သော အစည်းအဝေးများမှာ မှုဝါဒသဘောများနည်းပါးပြီး ရုံးလုပ်ငန်းများ အစီရင်ခံစာများ အချင်းချင်း အပြန်အလှန်ဆက်ဆံရာတွင် အဆင်ပြေရေးကိစ္စများသာဖြစ်ပြီး ဤမူဝါဒအပေါ် လွှမ်းမိုးဆုံးဖြတ်ခြင်းများ အလွန်နည်းပါးလေသည်။

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ဆဋ္ဌမအစည်းအဝေးကို ၁၃-၇-၁၉၉၉ နေ့တွင် ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပရာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ကိုယ်တိုင်ဖွင့်လှစ် ကြီးကြပ်ပေးနေကြသည့် သံဃာများက လက်တွေ့သင်ကြားမှု မပြုကြသည့် ဂိုဏ်းပေါင်းစုံ မြို့နယ်သံဃနာယကအဖွဲ့၊ တိုင်းသံဃနာယကအဖွဲ့တို့ချည်း ကြီးကြပ်နေခြင်းထက် ပိုမိုလက်တွေ့ကျသဖြင့် စည်းမျဉ်းပါ ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းမှုကို ပြန်လည်သုံးသပ် ဆွေးနွေးကြသည်။ ထို့အပြင် အခြေအနေအမှန်ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က သိရှိတော်မူနိုင်ရန်အတွက် ပြည်နယ်/ တိုင်း သံဃနာယကအဖွဲ့ ဆရာတော်များနှင့် ပြည်နယ်/တိုင်း ကြီးကြပ်ရေးအဖွဲ့ ဆရာတော်များအနေဖြင့် မိမိတို့ ပြည်နယ်တိုင်းအတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ကွင်းဆင်းလေ့လာပြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ထံသို့ အစီရင်ခံစာတင်ပြရန် ဆုံးဖြတ်တော်မူခဲ့ကြသည်။ လက်တွေ့ကျကျ ကြီးကြပ်နိုင်မည့် ကြီးကြပ်ရေးအဖွဲ့ဖြစ်ရေးအတွက် ဆွေးနွေးကြရာ စည်းမျဉ်းပါ တိုင်း/ ပြည်နယ်အဆင့်နှင့်

မြို့နယ်အဆင့် ကြီးကြပ်ရေးအဖွဲ့ကို ပြင်ဆင်ရန် လိုအပ်လာပြန်သည်။ "မုဆိုး စိုင်သင်" သည့်အလား လက်တွေ့ကွင်းဆင်းလေ့လာ သုံးသပ်ခြင်းဖြင့် မူလဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်းကို ပြင်ဆင်ဖြည့်စွက်ရခြင်း ဖြစ်ပေသည်။ ထို့ကြောင့်ပင် ပြောင်းလဲလာသောပညာရေးမူဝါဒများ၊ ပညာရေးစနစ်များကို အခြေခံလျက်မိမိတို့၏ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအနေဖြင့်လည်း ပြောင်းလဲမှုများ ပြုလုပ်ကြရတော့သည်။ ထိုပြောင်းလဲမှုများအရ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် အခြေခံပညာအလယ်တန်းအဆင့်သင်ကြားခွင့်နှင့် စပ်လျဉ်း၍ စတုတ္ထအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒွါဒသမ အစည်းအဝေးကဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေးလုပ်ငန်းကိုအကောင်အထည်ဖော်ဆောင်ရွက်ရာဝယ် ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်/တိုင်း/မြို့နယ် ကြီးကြပ်ရေး အဖွဲ့တို့ဆက်သွယ်မှုပြုရာတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ အခန်းကဏ္ဍ မြင့်မားလာစေရန်အလို့ငှာပြည်နယ်/တိုင်းနှင့် မြို့နယ်ကြီးကြပ်ရေးအဖွဲ့များ ပြင်ဆင်

ဖွဲ့စည်းရန် ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ (၂၉/၃၀)ရက်နေ့က ကျင်းပခဲ့သော စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ (၄၇)ပါးစုံညီ ပန္နရသမအစည်းအဝေးမှ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်း အခန်း(၃) ပြည်နယ်/တိုင်း ကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်သည့် အပိုဒ်(၁၅) (၁၆) နှင့် မြို့နယ်ကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင် သည့် အပိုဒ်(၂၃)တို့ကို ထပ်မံ၍ ပြင်ဆင် ဖြည့်စွက် အတည်ပြုပေးတော်မူခဲ့ကြသဖြင့် သာသနာနှစ် ၂၅၄၄၊ ကောဇာသက္ကရာဇ် ၁၃၆၂၊ ခရစ်နှစ် ၂၀၀၀ ပြည့်တွင် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်း (ပြင်ဆင် ဖြည့်စွက်ချက်)စာအုပ်ကို သာသနာတော်ထွန်းကားပြန့်ပွား ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ရိုက်နှိပ်ထုတ်ဝေခဲ့ရပေတော့ သည်။

* * * * *

## ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ဆဋ္ဌမအစည်းအဝေးက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ဝိုင်းဝန်းပံ့ပိုးကူညီပေးနေကြသော ပညာရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားများ ဖွံ့ဖြိုးရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ကို နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက ကျေးဇူးတင်ကြပါကြောင်း မှတ်တမ်းတင်ခဲ့ကြပါသည်။ မြို့ပေါ်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအနေဖြင့် အစိုးရအထက်တန်းကျောင်းများရှိ Multi-media Class Room များ၌ သွားရောက်လေ့လာရန် အခွင့်အလမ်းရှိခဲ့ကြသော်လည်း နယ်ရှိ မြို့ငယ်များ၊ ကျေးရွာများရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှာမူ ကျေးရွာများရှိ အစိုးရအလယ်တန်း၊ မူလတန်းကျောင်းများနည်းတူသာ ဖြစ်သည်။ ထိုနှစ်များအတွင်း ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ပြန်ပေးခဲ့သော ဘုန်းတော်ကြီးသင်

ပညာရေးကျောင်းများကို ကူညီပေးရန် ညွှန်ကြားချက်မှာ အထူးအရေးပါလှပေသည်။ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင် ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ လိုက်နာနေကြသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအုပ် ဆရာတော်များ အတွက် စွမ်းအားရှိစေသော ဆေးတစ်မျိုးပင် ဖြစ်တော့သည်။ ဩဝါဒလွန် အကောင်အထည်ဖော်နေကြသော ကျောင်းများ အနေဖြင့်မူ အားရတင်းတိမ်မှုမရှိကြသေးသည်ကိုလည်း တွေ့ရပါ၏။

၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် သတ္တမ အကြိမ် ကျင်းပသော ဘုန်းတော်ကြီးကျောင်းပညာသင်ကြား မှု ဗဟိုကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးတွင် သာသနာရေး ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ စုံစုံညီညီ တက်ရောက်ခဲ့ကြသည်။ ထိုသတ္တမအစည်းအဝေးတွင် ဗဟို ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မိတ္ထီလာဆရာတော် ဦးစန္ဒိမာက "နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မြင်းခြံဆရာ တော်ကြီးက မြန်မာရိုးရာယဉ်ကျေးမှုတွေ ကွယ်ပျောက် သွားမဲ့ အန္တရာယ်ကို မြင်လို့ ကြိုတင်ကာကွယ်တဲ့ အနေနဲ့

ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်ကို ပြန်လည် အကောင် အထည်ဖော်ကြပါလို့ တိုက်တွန်းခဲ့တာ ဖြစ်ပါတယ်။ အခု တွေ့နေရတာက ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာကို သင်ပေးနေတာ အားနည်းနေတယ်။ ကိုယ်တော်များအနေနဲ့ အတန်းပညာကိုသာ ရှေ့တန်းထား ဦးစားပေးသင်နေကြပြီး နှစ်စဉ် မေလ ၂၅/၂၆ မှာ ကျင်းပတဲ့ ယဉ်ကျေးမှုစာမေးပွဲ ကိုတောင် ကျောင်းသားတွေ ဝင်ဖြေနိုင်အောင် မလုပ်ကြတာ တွေ့ရပါတယ်" ဟု အဖွင့်သြဝါဒစကား မိန့်ကြားသွားလေ သည်။ သာသနာရေးဝန်ကြီးဌာနကလည်း ကလေးသူငယ် များ အကျင့်စာရိတ္တ၊ ဉာဏ်ပညာ၊ ကိုယ်ကျင့်တရား ကောင်းသည်ထက်ကောင်းလာပြီး သာသနာတော်အတွက် တိုင်းပြည်အတွက် ကိုယ်ကျိုးဖြစ်ထွန်းလာမည်ဟု ယုံကြည် ပါကြောင်း လျှောက်ထားသွားခဲ့သည်။ ပညာရေးဝန်ကြီးဌာန ဝန်ကြီးကလည်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများက အရေး အဖတ် အတွက်သာမက အသက်မွေးမှု အထောက် အကူပြုပညာရပ်ပါ သင်ပေးနိုင်လျှင် ပညာရေးဝန်ကြီးဌာန၏ ပညာရေးရည်မှန်းချက်များပါ အောင်မြင်လာမည်ဖြစ် ကြောင်း လျှောက်ထားခဲ့ပြန်သည်။ မိတ္ထီလာဆရာတော်က နိဂုံးချုပ်

ဩဝါဒပေးမိန့်ကြားရာတွင် ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ်ကို အကောင်အထည်ဖော်နေရာမှာ ကျောင်းတစ်ကျောင်းရဲ့ ဆန္ဒလိုလားချက်ကို ရှေ့တန်းတင်မနေစေလိုကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးဆိုင်းဘုတ်မှာ မူလတန်း၊ အလယ်တန်းဟု ဖော်ပြခွင့်မပြုခြင်းမှာ ဖွဲ့စည်းပုံပြင်ပကိစ္စဖြစ်ပြီး အချုပ်အကိုင်၊ အကန့်အသတ်ဖြစ်နေမည် ကို မလိုလား၍ ဖြစ်ပါကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆိုသည်မှာ အလယ်တန်းလည်း ဖြစ်နိုင် သင်နိုင်၊ မူလတန်းလည်း ဖြစ်နိုင် သင်နိုင်ပြီး တက်သာ၊ ဆုတ်သာသဘော ရှိပါကြောင်း မူလတန်းပြီးတော့ အလယ်တန်း သင်ခွင့်ပေးပါဆို၍ အကန့်အသတ်ဖြင့် သင်ကြားခွင့် ပေးထားကြောင်း၊ အလယ်တန်းသင်ခွင့်ပေးထားတာ အလယ်တန်းကျောင်း ဆိုင်းဘုတ်တင်မှ သင်ခွင့်ရတာ မဟုတ်ပါကြောင်း၊ ကိုယ့်ကိုကိုယ် သာသနာ့ဝန်ထမ်း ရှင်ရဟန်း ဟူသည်ကို မမေ့အပ်ပါကြောင်း၊ အလယ်တန်းသင်ခွင့် ရပြန်တော့ အထက်တန်းကျောင်းဖြစ်အောင် လျှောက်လာ ကြပါကြောင်း၊ ကိုယ်တော်များအနေဖြင့် ပညာရေးဝန်ကြီး ဌာန၏ ဝန်ထမ်းသဖွယ် မမှတ်ယူကြစေလိုပါကြောင်း၊

အလယ်တန်းအဆင့်ကို ကျေနပ်တော်မူကြပါလို့ ပြောလိုပါကြောင်း၊ အလယ်တန်းကိုပင် အကန့်အသတ်နဲ့ သင်ကြားခွင့်ရနေပါကြောင်း၊ ဒီထက် မပိုသင့်ပါကြောင်း၊ အထက်တန်းအဆင့်ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် ခွင့်မပြုပါကြောင်း မိန့်ကြားတော်မူခဲ့လေသည်။ ထို့အပြင် အချို့မြို့နယ်များ၌ ညှိနှိုင်းဆောင်ရွက်၍ရနိုင်သော ကိစ္စများတွင်မြို့နယ်အဆင့်တွင်ပင် သည်းခံညှိနှိုင်း ပြေလည်သွားစေလိုကြောင်း၊ ကျောင်းအုပ်ဆရာတော်များအနေဖြင့်လည်း ကိုယ့်အားကိုယ်ကိုးကြပါ။ ကိုယ့်ကိုယ်တော်တွေနဲ့ကိုယ် စာသင်ကြပါရန်နှင့် ဆရာမတွေ လခပေးပြီး ခေါ်သင်နေခြင်းများ ကြားသိရကြောင်း၊ ဆရာမတွေကို လခပေးဖို့ ငွေလိုကြောင်း၊ မရှိဆင်းရဲတဲ့ ကလေးမိဘတွေနဲ့ ကလေးတွေကို ငဲ့ညာစဉ်းစားပေးစေလိုကြောင်း၊ မည်သည့်အကြောင်းနှင့်မျှ ငွေကောက်ခံပြီး သင်ကြားခြင်းကို မဖြစ်စေလိုကြောင်း၊ ကျောင်းသားများနှင့် မိဘများမှာ ဝန်မပိစေလိုကြောင်း လမ်းညွှန်ဩဝါဒပေးတော်မူခဲ့သေးသည်။ မည်သို့ပင်ဆိုစေ သက်တော်ဝါတော်ရင့်ကျက်သည့် ကျောင်းအုပ်ဆရာတော်များအတွက် လုပ်အားပေး အငြိမ်းစား ဆရာ၊ ဆရာမများဖြင့်

အဆင်ပြေသည်များ ရှိသကဲ့သို့ ငယ်ရွယ်တက်ကြွနေသူတို့၏ အလယ်တန်း၊ အထက်တန်းတို့ကို အငှား၊ လုပ်အားပေး ဆရာမများဖြင့် တိုးချဲ့လိုသော ဘုန်းတော်ကြီးသင်ကျောင်း များ တိုးလာမည်မှာ စိုးရိမ်ဖွယ်ဖြစ်ပေသည်။

ဤသို့သော အခြေအနေကို ကြိုတင်မှန်းဆလျက် သင်ရိုး ညွှန်းတမ်းနှင့် သင်ကြားရေးဆိုင်ရာ ရက်တိုဆွေးနွေးပွဲ၊ မွမ်းမံ သင်တန်းများ၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ စာပြုရဟန်းတော်များ၊ လူပုဂ္ဂိုလ်များကိုလည်း တက်ရောက် ခွင့် ရရှိရေးအတွက် သာသနာရေးဝန်ကြီးဌာနနှင့် ပညာရေး ဝန်ကြီးဌာနတို့ ညှိနှိုင်းဆောင်ရွက်ပေးရလေတော့သည်။

၂၀၀၁ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် ဘုန်းတော်ကြီး ကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့၏ အဋ္ဌမ အစည်းအဝေးကို ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မ သဘင်၌ ကျင်းပခဲ့သည်။ အစည်းအဝေးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တွဲဘက်အကျိုးတော်ဆောင်၊ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌဆရာတော်က "ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်း စာများ သင်မည့်သူ နည်းပါးလာခြင်းကြောင့် ဘုန်းတော်ကြီး

သင်ပညာရေးကျောင်းတွေဖွင့်ပြီး သင်ကြားနိုင်ကြအောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းတွေမှာ ဆရာ၊ ဆရာမတွေက ဦးစီးသင်ကြားနေခြင်းထက် ဘုန်းတော်ကြီးများကိုယ်တိုင် ဦးဆောင်သင်ကြား ပေးကြဖို့လိုပါကြောင်း။ အထက်တန်းပညာ သင်ကြားနေခြင်း နှင့်ပတ်သက်၍မူ စည်းမျဉ်းကိုလိုက်၍ ပြုပြင်ပြောင်းလဲ ပေးရန် မသင့်ပါကြောင်း၊ မိမိတို့ကျောင်းအနေဖြင့် မိမိတို့ ကိုယ်တိုင် တာဝန်ရှိလူကြီးပိုင်းနှင့် ညှိလုပ်သွားတာကို ဘာမျှ မပြောလိုပါကြောင်း" မိန့်ကြားတော်မူခဲ့သည်။ အထက်တန်း ပညာသင်ကျောင်းသားများအတွက် ပညာရေးရပ်တန့်မှု မရှိရ လေအောင် ပညာရေးဝန်ကြီးဌာနက အသေးစိတ် စီမံ ဆောင်ရွက်နေကြသော်လည်း ယင်းကိစ္စကို စိုးရိမ်ပူပန် နေကြသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအုပ် ဆရာတော်များကမူ အတန်းခွဲအဖြစ် သတ်မှတ်ခြင်းကို သော်လည်းကောင်း၊ တွဲဘက်ကျောင်းအဖြစ် သင်ကြားခွင့် ရခြင်းကိုသော်လည်းကောင်း လက်မခံ၊ ဘုန်းတော်ကြီးသင် ပညာရေးအထက်တန်းကျောင်းအဖြစ် အသိအမှတ်ပြုခွင့် ပေးရန်သာ လိုလားခဲ့ကြလေသည်။ စင်စစ် ကိုရင်ဝတ်ဖြင့်

လည်းကောင်း၊ ရဟန်းဝတ်ဖြင့်လည်းကောင်း အထက်တန်း ပညာသင်ကြားနေကြသူဟူ၍ ရှားပါးလှပါ၏။ ကျောင်းသား ကျောင်းသူများသာ အများအားဖြင့် တွေ့ရမည်ဖြစ်သည်။ ဤကျောင်းများ၏ တိုးတက်မှု၊ လုပ်ဆောင်ချက်မှတ်တမ်း များ၊ မှတ်တမ်းဓါတ်ပုံများကို Camera တစ်လုံးဖြင့် သံဃာ များအကြား အဂါရဝဖြင့်ကြိုးစားရယူနေသူ အမျိုးသမီးပျိုလေး များကိုလည်း စိတ်မချမ်းမြေ့ဖွယ် မြင်ကြရပါ၏။ ယဉ်ကျေးမှု သင်ခန်းစာများ မသင်ကြားခဲ့ရသူများဟုပင် ယုံမှားသံသယ ဖြစ်နိုင်ပေတော့သည်။ အခြေခံပညာဦးစီးဌာန၏ ညွှန်ကြား ရေးမှူးချုပ်က ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အတွက် ပြဋ္ဌာန်းစာအုပ်များ မေလမှစ၍ ဖြန့်ဖြူးလာခဲ့ပါ ကြောင်း၊ လိုလျှင် ထပ်မံဖြည့်ပေးဦးမည်ဖြစ်ပါကြောင်း၊ သတ္တမတန်းနှင့် အဋ္ဌမတန်းစာမေးပွဲများ မိမိတို့ ဘုန်းတော် ကြီးသင်ပညာရေးကျောင်းများပင် ဖြေဆိုခွင့်ရရန် ဒုတိယ ဝန်ကြီးထံ တင်ပြပေးမည်ဖြစ်ပါကြောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ အဋ္ဌမတန်း အောင်မြင်ပြီး ကျောင်းသားများ ပညာရေး အဆက်မပြတ်သွားစေရန် အစိုးရအထက်တန်းကျောင်းများက တာဝန်ယူသွားနိုင်ပါ

ကြောင်း၊ ပညာရေးဝန်ကြီးဌာနက ထိုကလေးများ၏ ပညာရေးကို အထူးအလေးထား စီမံဆောင်ရွက်ပေးနေပါကြောင်း၊ အခက်အခဲရှိပါကလည်း မြို့နယ်ပညာရေးမှူးများမှတဆင့် အစီရင်ခံတင်ပြချက်များ ရယူပြီး ပညာရေးရှုထောင့်မှ မပျက်မယွင်းစေရအောင် ဖြေရှင်းပေးနေပါကြောင်း လျှောက်ထားခဲ့လေသည်။

သူ့စည်းကိုယ့်စည်း၊ သူ့တာ ကိုယ့်တာ

အချို့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ လိုလားချက်နှင့်အညီ စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်နေကြသကဲ့သို့ အနည်းငယ်သော အချို့ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှာ အထက်တန်းကျောင်းဖြစ်ရေး ကြိုးပမ်းနေကြသည်။ ဤအချိန်ဝယ် ပညာရေးနှင့် ပတ်သက်၍ တာဝန်ရှိသူ ပုဂ္ဂိုလ်များအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအပြင် နိုင်ငံတကာစံနှုန်းနှင့်လည်း ချိန်ဆ၍ကာ မကျန်ခဲ့စေရန်အတွက် Education For All (National Plan)ကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာတွင် အပြီးရေးဆွဲနေပြီ

ဖြစ်ပေသည်။ ၂၀၀၂ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် ကျင်းပသော (National EFA Forum) တွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ အခြေအနေ၊ သီလရှင်သင် (အမျိုးသမီး)ပညာရေးကျောင်းများ အခြေအနေကို တင်ပြနိုင်ခဲ့သည့်အပြင် ဘုန်းတော်ကြီးကျောင်းပညာရေး ရေရှည်တည်တံ့ရေးကိစ္စ၊ အရေအတွက်မှ အရည်အချင်းသို့ မြှင့်ပေးရန်ကိစ္စ၊ အထူးအားဖြင့် အမျိုးသမီးများအတွက် သီလရှင်သင်(အမျိုးသမီး)ကျောင်းများ တိုးတက်ဖွံ့ဖြိုးလာရေးကိစ္စတို့ကို သာသနာရေးဝန်ကြီးဌာနအနေဖြင့် ဆွေးနွေးသုံးသပ်တင်ပြ နိုင်ခဲ့လေသည်။ ထို EFA Forum အတွက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးတစ်ဦးကို ဌာနကိုယ်စားလှယ်အဖြစ် ထည့်သွင်း ဖွဲ့စည်းခဲ့သည်ကိုလည်း တွေ့ရပါသည်။ ဆိုလိုရင်းမှာ ပညာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံရှိ ကျောင်းနေအရွယ် လူငယ်အားလုံးတို့၏ ပညာရေးကို တစိုက်မတ်မတ် လျစ်လျူမရှု ဆောင်ရွက်ပေးနေသည်ဖြစ်ရာ သူ့ဟာဝန် သူကျေပွန်၊ ကိုယ့်တာဝန် ကိုယ်ကျေပွန်ကြရန်သာ အရေးကြီးသော လိုအပ်ချက်ဖြစ်ပေသည်။ ၂၀၀၂ ခုနှစ်၊ ဇွန်လ (၁၉)

ရက်နေ့တွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစီးသော National EFA Forum ကို ကျင်းပရာ "ကုန်ကျစရိတ် ကျဉ်းကျဉ်းဖြင့် အောင်အောင်မြင်မြင် သင်ကြားပေးသည့် ပညာရေးစနစ်တစ်ခုဖြစ်သော ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ်အပေါ် နိုင်ငံတကာအဖွဲ့အစည်းအချို့က မယုံကြည်နိုင်လောက်အောင် အံ့သြကြကြောင်းနှင့် ပြည်သူ (ဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်များ)က ဘုန်းတော် ကြီးသင်ပညာရေးကျောင်းများကို ကူညီပံ့ပိုးပေးခြင်းမှာ မြန်မာ့ဓလေ့တစ်ခု ဖြစ်ပါကြောင်း" လက်ခံဆွေးနွေးခဲ့ကြ သည်။

၂၀၀၂ ခုနှစ်၊ ဇူလိုင်လ (၂၃)ရက်နေ့တွင် ကျင်းပသော ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေး အဖွဲ့၏ နဝမအကြိမ် အစည်းအဝေးကို ကမ္ဘာအေးကုန်းမြေ၌ ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် ပြဋ္ဌာန်းစာအုပ်များ ဝယ်ယူရရှိရေးကိစ္စ၊ ရှင်သာမဏေများ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ရရှိရေးကိစ္စ၊ ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်

ဆရာတော်များနှင့် ပြည်နယ်တိုင်းကြီးကြပ်ရေးအဖွဲ့များမှ ဆရာတော်များကိုယ်တိုင် ကွင်းဆင်းလေ့လာကြပ်မတ်နိုင်ရေး ကိစ္စများကို ဆွေးနွေးခဲ့ကြသည့်အပြင် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုစည်းမျဉ်းပါ အခန်း(၃) အပိုဒ်(၅)တွင် ဖော်ပြပါရှိသော ဗဟိုကြီးကြပ်ရေးအဖွဲ့တွင် ပါဝင်သည့် အရန် အဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့မှ ကျောင်းသား/သူ ၅၀၀ အထက်ရှိသော ကျောင်းများ၏ ကျောင်းအုပ်ဆရာတော်များနှင့် ကျန်ပြည်နယ်/တိုင်းတို့မှ ကျောင်းသား/သူ ၃၀၀ အထက်ရှိသော ကျောင်းများ၏ ကျောင်းအုပ်များ(အစား) ပြည်နယ်/တိုင်းကြီးကြပ်ရေးအဖွဲ့ များမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများကို သတ်မှတ်ရန် ဗဟို ကြီးကြပ်ရေးအဖွဲ့ဝင်များက သဘောတူကြသဖြင့် စည်းမျဉ်း ကို ပြင်ဆင်ရန် လိုအပ်လာခဲ့သည်။

၂၀၀၃ ခုနှစ်၊ ဇူလိုင်လ (၈)ရက်နေ့တွင် ကျင်းပသော ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေး အဖွဲ့၏ ဒသမအကြိမ် အစည်းအဝေးကို ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာမွေ့သဘင်၌ ကျင်းပခဲ့သည်။ အစည်းအဝေး တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် သီလရှင်

သင်(အမျိုးသမီး)ပညာရေးကျောင်းတို့မှ ဆရာတော်များ၊ ဆရာကြီး၊ ဆရာလေးများ၊ ဆရာ, ဆရာမများ မွမ်းမံသင်တန်း တက်ခွင့်ရရေးကိစ္စနှင့် ပတ်သက်၍ ရန်ကုန်တိုင်း၊ မင်္ဂလာဒုံတောတိုက် ဆရာတော်ကြီးက ပညာရေးဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့ ညှိနှိုင်းအကောင်အထည်ဖော်ပေးရမည့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ စာပြဆရာတော်များ၊ ဆရာ, ဆရာမများ မွမ်းမံသင်တန်းကို ဒေသအသီးသီး၌ အကောင်အထည်ဖော်ပေးရန် အလေးထား ဆွေးနွေးတော်မူခဲ့ကြောင်း တွေ့ရသည်။ မြို့နယ်အသီးသီးမှ ထောက်ခံတင်ပြသော အသစ်ဖွင့်လှစ်သည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကိစ္စ၊ တိုင်းနယ်ကျော် အလှူခံခြင်းကိစ္စ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း အသိအမှတ်ပြုလွှာကိစ္စ၊ ကြီးကြပ်ရေးအဖွဲ့ဝင် ဆရာတော်များ၊ အရန်ကြီးကြပ်ရေးအဖွဲ့ဝင် ဆရာတော်များထံ အသိအမှတ်ပြုကတ်များ ဆက်ကပ်ရန်ကိစ္စနှင့် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့အစည်းအဝေးကို နှစ်စဉ် ဝါဆိုလဆန်းကာလ နိုင်ငံတော်သံဃမဟာနာယက ၄၇ ပါး စုံညီအစည်းအဝေးမတိုင်မီ

ကျင်းပနိုင်ရန်အတွက် စည်းမျဉ်းပါ အခန်း(၃) အပိုဒ်(၁၁) အား ပြင်ဆင်သတ်မှတ်ရေးပါစ္စတို့ကိုပါ ဆွေးနွေးကြလေ သည်။ ထို့ကြောင့် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ထံ တင်ပြလျှောက်ထားချက် အတည်ပြုချက်ရယူရန် ဆောင်ရွက်ကြရတော့သည်။

၂၀၀၄ ခုနှစ်၊ ဇူလိုင်လ (၈)ရက်နေ့တွင် ကျင်းပသော ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေး အဖွဲ့ ဧကာဒသမ အစည်းအဝေးတွင် စည်းမျဉ်း ပြင်ဆင်ဖြည့်စွက်ရန်ကိစ္စများကို ဆွေးနွေးကြသည်။ အကြောင်းမှာ ပြည်နယ်/တိုင်းအချို့တွင် ပညာရေး၊ သာသနာရေးဝန်ထမ်းများ အပြောင်းအရွှေ့များကြောင့် ယခုထုတ်ပြန်ခဲ့ပြီး ညှိနှိုင်းဆောင်ရွက်နေကြသည့် လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်သွားနိုင်ကြစေရန် အလားတူအမိန့်များ ထပ်မံထုတ်ပြန်ပေးရန် ဆွေးနွေးဩဝါဒပေးတော်မူကြသည်။ ထို့ကြောင့် ၁၁-၈-၁၉၉၈ ရက်စွဲပါ စာအမှတ် ၃၂ ပညာ ၂ (င) ၉၈ ကို ပညာရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးကိုယ်တိုင် လက်မှတ်ရေးထိုးထုတ်ပြန်သကဲ့သို့ ထိုအမှာစာ၏ လိုရင်းအဓိပ္ပာယ်သက်ရောက်မည့် အမှာစာ

မျိုး ထပ်မံထုတ်ပြန်ပေးရန် ဆုံးဖြတ်ကြသည်။ ထိုအမှာစာ၏ လိုရင်းမှာ ပြည်နယ်၊ တိုင်း၊ မြို့နယ်များတွင် လက်ရှိကျင့်သုံးနေသော ပညာရေးစနစ်နှင့်အညီ လိုက်လျောညီထွေဖြစ်စေရန် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ကူညီဆောင်ရွက်ပေးကြရာ၌ မူလတန်းအဆင့်သင်ကြားနေသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို လက်ထောက်မြို့နယ်ပညာရေးမှူးများက ပညာရည်စစ်ဆေး တိုင်းတာမှုစနစ်အတိုင်း ကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် တာဝန်ယူကူညီဆောင်ရွက်ပေးရန်၊ အလယ်တန်းအဆင့် သင်ကြားပေးနေသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို မြို့နယ်ပညာရေးမှူးများက အလားတူစနစ်အတိုင်း ကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် တာဝန်ယူ ကူညီဆောင်ရွက်ပေးရန်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ မူလတန်း၊ အလယ်တန်း ပြီးဆုံးသည့် ကျောင်းသားကျောင်းသူများအား အခြေခံပညာကျောင်းများသို့ လာရောက်အပ်နှံသည့်အခါ "ဘုန်းတော်ကြီးသင်ကျောင်းများမှ ကျောင်းပြောင်း လက်မှတ်" အရ မိမိတို့ကျောင်းများတွင် လက်ခံသင်ကြားရန် ပင်ဖြစ်လေသည်။

ခေတ်စနစ်ကို အခြေခံလျက် ပညာရေးမူဝါဒ လုပ်ထုံးလုပ်နည်းများလည်း ပြောင်းလဲမှုရှိတတ်ပေရာ မူလတန်းကျောင်းများ မူလွန်ကျောင်းဖြစ်လာသကဲ့သို့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင်လည်း မူလတန်းလွန်ကျောင်းသားများအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန် ဆွေးနွေးကြရပြန်သည်။ ထို့ထက် တစ်ဆင့်တက်ကာ အလယ်တန်း၊ ထို့ထက်တစ်ဆင့် အထက်တန်းစဉ်းစားလာကြပေလိမ့်ဦးမည်။ စင်စစ် ဘုန်းတော်ကြီးကျောင်းပညာရေး၏ အဓိကရည်ရွယ်ချက်များဖြစ်ကြသည့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံကို မြတ်နိုးလိုက်နာခံယူကြရေး၊ ဗုဒ္ဓဘာသာသာသနာတော်ဆိုင်ရာ အဆုံးအမများကို ကြားနာမှတ်သား သိရှိလိုက်နာကြမည့် ဗုဒ္ဓဘာသာဝင်ကောင်းများဖြစ်ကြရေးနှင့် အမျိုးဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို သွေဖည်မသွားရန် ရည်သန်လျက် "အလယ်တန်းဆိုသည်မှာ ၁၉၉၈-၉၉ ပညာသင်နှစ်တွင် အလယ်တန်းအဆင့် ပညာသင်ကြားနေသော ကျောင်းများကိုသာ သင်ကြားခွင့်ပြုကြောင်းကို ဆိုလိုပါသည်" ဟု တိကျစွာဖော်ပြထားပေသည်။ ထေရဝါဒမူ မပျက်မယွင်း၊

အကျင့်စရိုက်မှအစ ထေရ်မဟာရှင်တို့ သွန်သင်ဆုံးမသည်ကို တစ်သွေမတိမ်း ထိန်းသိမ်းသည့်အစဉ်အလာကို ထေရဝါဒ ရဟန်းတော်များအနေဖြင့် ဆရာကောင်းတပည့်များ ပီပြင်စွာ ဆက်လက်ထိန်းသိမ်းနေကြခြင်းကိုမူ လေးစားကြည်ညို ကြရမည်ဖြစ်ပါသည်။

ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင် ဆရာတော်ကြီးများသည် အနယ်နယ်အရပ်ရပ်တွင် လက်တွေ့ကြုံနေရသော ကျူးကျော် ကျောင်းများကိစ္စ၊ ဆရာနှင့် ဒါယကာ ပြဿနာရှိ နေသော ကျောင်းများကိစ္စစသည့် ရှုပ်ထွေးမှုများကို ဘုန်းတော်ကြီးသင် ပညာရေးကျောင်း အမည်ခံလိုက်ခြင်းဖြင့် ပြဿနာရှင်းလင်း ပြီဟု မှတ်ယူလုပ်ဆောင်ခြင်းများ ကင်းစင် ရလေအောင် စည်းမျဉ်း၏ အခန်း(၁) အပိုဒ်(၂)တွင် "အပိုဒ်ခွဲ (ဃ) ကျူးကျော်ကျောင်းမဖြစ်ခြင်း၊ ပြဿနာပေါ်နေသောကျောင်း မဖြစ်ခြင်း၊ အဆောက်အအုံနှင့် ပရိဘောဂ ပြည့်စုံသော ကျောင်းဖြစ်ခြင်း၊ အရည်အချင်းပြည့်မီသော ဆရာ၊ ဆရာမများပြည့်စုံခြင်း၊ ရေရှည်တည်တံ့နိုင်မည့် ကျောင်း ဖြစ်နိုင်ခြင်းဟူ၍ ဖြည့်စွက်ဖော်ပြပေးရန် အဆိုပြုခဲ့ကြသဖြင့် စည်းမျဉ်းပြင်ဆင်ဖြည့်စွက်နိုင်ရန် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့သို့ လျှောက်တင်ကြရလေသည်။

ဤနှစ်များအတွင်း၀ယ် ပညာရေး၀န်ကြီးဌာနသည် နိုင်ငံတော်ပညာရေးမူ၀ါဒကို ထိထိရောက်ရောက် အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန်အတွက် အခြေခံပညာဦးစီးဌာန တစ်ခုတည်းဖြင့် မလုံလောက်သဖြင့် အခြေခံပညာဦးစီးဌာနများ တိုးချဲ့ဖွဲ့စည်းလိုက်ပေသည်။ ထို့ကြောင့် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟို ကြီးကြပ်ရေးအဖွဲ့တွင် မူလက ပညာရေး၀န်ကြီးဌာနမှ အခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို အဖွဲ့၀င် အဖြစ် သတ်မှတ်ထားရာမှ လိုအပ်ချက်အရ အမှတ်(၁) (၂) (၃) အခြေခံပညာဦးစီးဌာန (၃)ဌာနမှ ညွှန်ကြားရေးမှူးချုပ် ၃ ဦးတို့ကို ဗဟိုကြီးကြပ်ရေးအဖွဲ့၀င်များအဖြစ် ထည့်သွင်း ဖွဲ့စည်းရန် လိုအပ်လာပေတော့သည်။ သို့ဖြစ်ရာ စည်းမျဉ်း၏ အခန်း(၃) အပိုဒ်(၄)၊ အပိုဒ်ခွဲ (စ)နှင့် (ဆ)ကို ပြင်ဆင် ဖြည့်စွက်ရန် ဆုံးဖြတ်ကြပြီး ပြဋ္ဌာန်းစာအုပ်များကို ကုန်သွယ်ရေး၀န်ကြီးဌာနက မဖြန့်ဝေတော့ရကား အမှန် တကယ် ဖြန့်ဖြူးပေးသည့် ပညာရေး၀န်ကြီးဌာန ရှိနေပြီ ဖြစ်သောကြောင့် ဗဟိုအဖွဲ့၀င်အဖြစ် မူလသတ်မှတ်ခဲ့သည့် ကုန်သွယ်ရေး၀န်ကြီးဌာန စာအုပ်၊ စာရေးကိရိယာပုံနှိပ်နှင့်

ဓါတ်ပုံပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြား ရေးမှူးအား သတ်မှတ်သည့် စည်းမျဉ်း အခန်း(၃)၊ အပိုဒ် (၄)၊ အပိုဒ်ခွဲ (ည)ကို ပယ်ဖျက်ရန် လိုအပ်လာကြောင်း ဆွေးနွေးဆုံးဖြတ်တော်မူကြရပြန်သည်။

ဤကဲ့သို့ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟို ကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးများတွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ဂုဏ်သိက္ခာရှိရှိ တိုးတက်ဖြစ်ထွန်း လာစေရန် ရှေးရှုလျက် ဆွေးနွေးတိုင်ပင်ကာ အခြေအနေနှင့် အချိန်အခါ လိုအပ်ချက်ကို ပုဂ္ဂိုလ်တစ်ဦးချင်း၏ လိုအပ်ချက် ထက် အလေးထား ဦးစားပေးပြီး ချင့်ချိန်နိုင်းဆ ပြင်ဆင် ဖြည့်စွက်မှုများကို ဆွေးနွေးဆုံးဖြတ်နိုင်ခဲ့ကြသည်။ အထက် တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း စည်းဝေးဆုံးဖြတ်ချက်များကို အခြေခံလျက် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေး လုပ်ငန်းကို အကောင်အထည်ဖော်ရာတွင် ပြည်နယ်/တိုင်း များမှ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအနေ ဖြင့် ဗဟိုကြီးကြပ်ရေးအဖွဲ့၌ အရန်အဖွဲ့ဝင်များအဖြစ် ပါဝင် နိုင်ကြစေရန်အတွက် စည်းမျဉ်း၏ အခန်း(၃)၊ အပိုဒ်(၅)အား ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ ၁၇-၁၈ ရက်နေ့များ၌ ကျင်းပပြုလုပ်

ခဲ့သော ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဥ္စမအစည်းအဝေးမှလည်းကောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့ အစည်းအဝေး ကျင်းပသည့်ရက်ကို ပြင်ဆင်သတ်မှတ်ရန်ကိစ္စနှင့် စပ်လျဉ်း၍ စည်းမျဉ်း အခန်း(၃)၊ အပိုဒ်(၁၁)အား ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာ ၁၅-၁၆ ရက်နေ့များ၌ ကျင်းပပြုလုပ်သော ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ နဝမအစည်းအဝေးမှလည်းကောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း အသစ်ဖွင့်လှစ်ပါက အရည်အချင်းသတ်မှတ်ချက်အဖြစ် စည်းမျဉ်း အခန်း(၁) အပိုဒ်(၂)၌ အပိုဒ်ခွဲ (ဃ)အဖြစ် ဖြည့်စွက်ရန်နှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင် ပြင်ဆင်နိုင်ရေးအတွက် စည်းမျဉ်း အခန်း(၃) အပိုဒ်(၄) အပိုဒ်ခွဲ (စ)နှင့် (ဆ)တို့အား ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၃-၄ ရက်နေ့များ၌ ကျင်းပပြုလုပ်သော ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမအစည်းအဝေးမှလည်းကောင်း ထပ်မံပြင်ဆင်ဖြည့်စွက်အတည်ပြုခဲ့သဖြင့် သာသနာရေးဝန်ကြီးဌာနက သာသနာနှစ် ၂၅၄၉ ကောဇာသက္ကရာဇ် ၁၃၆၇၊ ခရစ်နှစ် ၂၀၀၅ ခုနှစ်တွင် ရိုက်နှိပ်ထုတ်ဝေခဲ့ပေသည်။+

ဤသို့လျှင် မူလပထမ ၁၉၉၄ ခုနှစ်က ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်းတွင် ပါဝင်ခြင်းမရှိသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ကြီးကြပ်ပေးရန် ဗဟိုကြီးကြပ်ရေးအဖွဲ့၊ ပြည်နယ်/တိုင်း ကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းပေးခြင်းနှင့် ယင်းတို့၏ တာဝန်များကိုစွ၊ အရွယ်ရောက်ပြီး အမျိုးသမီးငယ်များ၏ ပညာရေး ရပ်တန့်မသွားစေရန်နှင့် လူမှုရေးကိစ္စများကြောင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် အစွန်းအထင်းမရှိစေရန် သီလရှင်သင်(အမျိုးသမီး)ပညာရေးကျောင်းများ ဖွင့်လှစ်ပေးရန်ကိုစွ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များကို မျက်ကွယ်ပြုလျက် ကျူးကျော်ကျောင်းများက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဟု ဖွင့်လှစ်ကာ သာသနာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် ဗဟုသုတနည်းပါးသည့် မြို့နယ်၊ ဌာနဆိုင်ရာ၏ အားဖြင့် ဝါဆိုကျောင်းအဖြစ် အသိအမှတ်ပြုလာခြင်းကို တားဆီးရန်အလို့ငှာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဖွင့်လှစ်ရာတွင် လိုအပ်ချက်များ သတ်မှတ်ခြင်းကိုစွ၊ အခြေခံပညာမူလတန်းအဆင့် အောင်မြင်ပြီး ကျောင်းသားများ

အတွက် အခြေခံပညာအလယ်တန်းသင်ကြားခွင့် ရရှိရေး ကိစ္စနှင့် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်းကို လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်ခွင့်ရှိရန် ပြဋ္ဌာန်းခြင်းကိစ္စတို့ဖြင့် ၂၀၀၀ ပြည့်နှစ် ၂၀၀၅ ခုနှစ်တို့တွင် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုစည်းမျဉ်း၌ ဖြည့်စွက်လိုက်ခြင်းကြောင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ ရှေ့အလား အလာမှာ စမ်းတဝါးဝါးမဖြစ်စေတော့ဘဲ လွယ်ကူလျင်မြန်စွာ ကြီးကြပ်ကွပ်ကဲ အကောင်အထည်ဖော်လာနိုင်ပေတော့ သည်။ အထူးသတိပြုရမည့်ကိစ္စမှာ အခြေခံပညာအထက် တန်းကျောင်းများ ဖွင့်လှစ်သင်ကြားရန် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအုပ်အချို့က တောင်းဆိုနေခြင်းကိစ္စပင် ဖြစ်ပေသည်။ မူလစည်းမျဉ်း၏ အခန်း(၃) အပိုဒ်(၇)၊ အပိုဒ်ခွဲ (ဈ) စတုတ္ထတန်းနှင့် အဋ္ဌမတန်း ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ၏စာရင်းကို သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ ထောက်ခံပေးပို့ခြင်းဟု လည်းကောင်း၊ နောက်ဆုံးစည်းမျဉ်း အခန်း(၃) အပိုဒ် (၂၆)၊ စာပိုဒ်ခွဲ (ဈ) တွင်လည်း အလားတူပင် စတုတ္ထတန်းနှင့် အဋ္ဌမတန်း ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူ များကိစ္စကို

ရှင်းလင်းစွာပင် ပြုပြင်ခြင်းမရှိ ဖော်ပြပါရှိလေရာ အထက်တန်းအဆင့်ကို လုံးဝဖော်ပြပေးထားခြင်း အလျင်းမရှိပါပေ။ ဆရာတော်ကြီးများအနေဖြင့် အလယ်တန်းအဆင့်ကို ပညာရေးမူဝါဒများနှင့်အညီ သင်ကြားနေခြင်းကို တားဆီးပိတ်ပင်ခြင်းမပြုသော်လည်း အထက်တန်းအဆင့်ကို ထောက်ခံအားပေးသည်ဟူ၍ ပီပြင်စွာ မတွေ့ရပါပေ။ ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မိတ္ထီလာဆရာတော်က အလယ်တန်းအဆင့် သင်ကြားခွင့်ရရှိရေးကိစ္စကို ဝန်ကြီးဌာနများက ညှိနှိုင်းပေးပြီးနောက် အထက်တန်းအဆင့်မှာ နိုင်ငံတော်၏ ပညာရေးပြုပြင်ပြောင်းလဲမှု မူဝါဒများကြောင့် တားမြစ်နေပေရာ အဆင့်မြင့်တာဝန်ရှိ ပုဂ္ဂိုလ်ကြီးများကို အကြပ်ကိုင်အဆုံးအဖြတ်တောင်းခြင်းမျိုး မဖြစ်ရလေအောင် ဩဝါဒပေးတော်မူခဲ့သည်။ အထက်တန်းအဆင့် သင်ကြားနေသောကျောင်းများကိစ္စကို ဆိုးသည်ကောင်းသည် မဝေဖန်တော့ပေ။ "ဘုန်းတော်ကြီးတို့က ဘာသာ၊ သာသနာဘက်က ရပ်တည်ပြီးလုပ်နေတာပါ။ လောကီကို ရှေ့တန်းတင်နေတာ မဟုတ်ဘူး။ လောကီပညာရေးကိစ္စက အစိုးရလူကြီးတွေ အကောင်းဆုံးစီစဉ်နေကြတာပဲ။ ဘုန်းတော်ကြီးတို့ ဘာဝင်စွက်စရာမှ

မရှိဘူး။ အခုကလုပ်ရမှာက ကလေးတွေကို ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်ခန်းစာ ထိထိရောက်ရောက် သင်ကြားခွင့်ရသွားကြဖို့ တတ်သွားကြဖို့ပါ ဒကာကြီး” ဟု ဆုံးမတော်မူခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုစည်းမျဉ်းသည် ခေတ်နှင့်လျော်ညီစွာ မူလရည်ရွယ်ချက်မပျက် ဆက်လက်ရပ်တည်နိုင်ကြောင်း တွေ့ရပေသည်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ သီလရှင်သင်(အမျိုးသမီး)ပညာရေးကျောင်းများကလည်း ပင်ပန်းဆင်းရဲစွာ ကြိုးစားအားထုတ်ခဲ့ကြသည့်အလျောက် ဘုန်းတော်ကြီးကျောင်းပညာရေးစနစ် ပြန်လည်အကောင်အထည်ဖော်စ ၁၉၉၃-၉၄ ပညာသင်နှစ်၌ မြို့နယ်ပေါင်း ၁၄၃ တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၁၀၀၅ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသားကျောင်းသူပေါင်း ၃၃၆၆၈ ဦးတို့ မူလတန်းပညာသင်ကြားခွင့် ရရှိခဲ့ရာမှ ၂၀၀၇-၀၈ ပညာသင်နှစ်တွင်မူ မြို့နယ်ပေါင်း ၂၅၀ တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (သီလရှင်သင်အမျိုးသမီးပညာရေးကျောင်းအပါအဝင်) ပေါင်း ၁၃၄၃ ကျောင်းထိ ဖွင့်လှစ်နိုင်ခဲ့

ပြီး ကျောင်းသား၊ ကျောင်းသူပေါင်း ၁၉၆၄၅၈ ဦး ပညာ သင်ကြားလျက်ရှိကြပေသည်။ ထို ၁၉၆၄၅၈ ဦးအနက် မူလတန်းပညာသင် ၁၇၃၁၅၉ ဦး၊ မူလတန်းလွန် ပညာသင် ၆၇၇၁၊ အလယ်တန်းပညာသင် ၁၂၅၁၅ ဦးနှင့် အထက်တန်း ကျောင်း ၂ ကျောင်းတွင် အထက်တန်းပညာ သင် ၄၀၁၃ ဦး (ကျား ၂၂၂၀ + မ ၁၇၉၃)တို့ စာပေ သင်ကြားနေကြပြီ ဖြစ်သည်။

ပညာသင်ကြားနေသော သာမဏေနှင့် သီလရှင်များ အရေအတွက်မှာ မူလတန်းအဆင့်တွင် ၁၀၄၄၂ ပါး (သာမဏေ ၆၁၇ + သီလရှင် ၁၉၇၈)၊ မူလတန်းလွန်အဆင့် တွင် ၉၂၂ ပါး (သာမဏေ ၂၂၇၈ + သီလရှင် ၂၄၉)နှင့် အထက်တန်းအဆင့် (၉ တန်းနှင့် ၁၀ တန်း)တွင် သာမဏေ နှင့် သီလရှင်တစ်ပါးမျှမရှိကြောင်း တွေ့ရပေသည်။ အထက်တန်းအဆင့်တွင် ၉ တန်းနှင့် ၁၀ တန်းဟူ၍ အတန်း ၂ တန်းမျှရှိသော်လည်း ကျောင်း၂ ကျောင်းရှိ ကျောင်းသား ကျောင်းသူအင်အားမှာ ၄၀၁၃ ဦးရှိရာ ထူးခြားချက်တစ်ရပ် ပင် ဖြစ်တော့သည်။

ဤကဲ့သို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီး

များ၏ ဩဝါဒနှင့်အညီ ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ အစပျိုးခဲ့သော ဘုန်းတော်ကြီးကျောင်းပညာရေး စနစ်မှာ ယခုဆိုလျှင် အရှိန်မြင့်လာပြီဖြစ်သည်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း အရေအတွက်နှင့် ကျောင်းသားကျောင်းသူ အင်အားတိုးတက်လာသည့် အလျောက် ဆရာတော်ဘုရားကြီးများ မျှော်လင့်သည့် စာရိတ္တကောင်းမွန်ပြီး ယဉ်ကျေးသိမ်မွေ့သည့် မျိုးဆက်သစ်များ အနေဖြင့် အခြေခံပညာနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု အမွေအနှစ်များ မည်မျှရရှိကာ နိုင်ငံတော်နှင့် သာသနာအတွက် မည်ရွေ့မည်မျှ အကျိုးဖြစ်ထွန်းလာမည်ကို မျှော်လင့်စောင့်စား အားပေးနေရမည်သာဖြစ်ပါကြောင်း တင်ပြလိုက်ရပါသတည်း။

ကပ္ပိယ-စန်းလွင်



# ကပ္ပိယစန်းလွင်

## (ကိုယ်ရေးအကျဉ်း)

ကြံခင်းမြို့ ကံကံလေးတောရကျောင်းအနီး ဒုတိယကမ္ဘာစစ်ကာလ (၁-၂-၁၉၄၄) နေ့တွင် မွေးဖွားခဲ့သည်။ ဘခင် ဦးဘထွန်း၊ မိခင် ဒေါ်အေးတင်တို့၏ အငယ်ဆုံးသားဖြစ်သည်။

ကြံခင်းအစိုးရအထက်တန်းကျောင်း၊ ပုသိမ်အမှတ် (၁) အစိုးရအထက်တန်းကျောင်း (အကြိုဆေးသိပ္ပံ) နှင့် ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ခဲ့သည်။ ၁၉၆၄ ခုနှစ် ဝိဇ္ဇာ (နောက်ဆုံးနှစ်)တွင် တပ်မတော်သို့ဝင်ရောက်ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၃၂) သို့တက်ခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် ပြန်တမ်းဝင်အရာရှိဖြစ်ပြီး အမှတ် (၆) ဗမာသေနတ်ကိုင်တပ်ရင်း၊ ပူးပေါင်းစစ်ဆင်ရေးနှင့် လေထီးသင်တန်းကျောင်း၊ အမှတ် (၈) ခြေလျင်တပ်ရင်း၊ အမှတ် (၄၄) ခြေလျင်တပ်ရင်း၊ အမှတ် (၉၂) ခြေလျင်တပ်ရင်း၊ အမှတ် (၁၆) ခြေလျင်တပ်ရင်း (လေထီးစစ်သည်)၊ အမှတ် (၁) ရှမ်းသေနတ်ကိုင်တပ်ရင်း၊ အမှတ် (၇၇) ခြေမြန်တပ်မ၊ အမှတ် (၈၈) ခြေမြန်တပ်မ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့တွင် ဗိုလ်မှူးကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံတော် စစ်မှုထမ်းကောင်းတံဆိပ် ရခဲ့သည်။

၁၉၉၂ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ သာသနာရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခဲ့ရပြီး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ် တာဝန်ယူခဲ့ရသည်။ မြန်မာနိုင်ငံအတွင်း အစွန်အဖျားဒေသများ၊ မြို့ကြီးပြကြီးများနှင့် မြို့နယ်တောရွ များထိ သွားရောက်ကာ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ကိုရီးယား (တောင်)၊ ဂျပန်၊ လာအို၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူနှ အိန္ဒိယနိုင်ငံတို့သို့ သာသနာရေးရာကိစ္စဖြင့် သွားရောက်ခဲ့ပြီး စီမံထူးချွန် (ပထမအဆင့် ရခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ညွှန်ကြားရေးမှူးချုပ်တာဝန်မှ အငြိမ်းစား ယူခဲ့ပြီးနောက် အမှတ် (၃၄)၊ ပန်းမဉ္ဇူလမ်း၊ ခရေပင်ရိပ်မွန် (၂) မင်္ဂလာဒုံတွင် နေထိုင်လျက်ရှိပါသည်။

၁၉၅၅ခုနှစ် မာလာမဂ္ဂဇင်းတွင် (တန်ပို့မဖုယား)အချစ်ဝတ္ထုတိုနှင့် စတင်ရေးသားသည်။ ၁၉၇၆ ခုနှစ် သွေးသောက်မဂ္ဂဇင်းတွင် (အမွေ) ဝတ္ထုတိုဖြင့် စိတ်ဓါတ်မြင့်မားရေးစာပေများ ရေးသားခဲ့သည်။ ၁၉၉၂ ခုနှစ်မှ ယခုတိုင် ဘာသာရေးဆောင်းပါးများ ရေးသားလျက်ရှိသည်။ စာပေနှင့်စာနယ်ဇင်းအဖွဲ့ (အဖွဲ့ဝင်အမှတ် ၃၈၈၃) အဖွဲ့ဝင်ဖြစ်သည်။